မဟာစည်သြနာယက၊ ကမ္ဘာ့နာစရိယ

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

ရေးသားစီရင်အပ်သော

# ဒုက္ခကင်းဝေး ပေါင်းသင်းရေး

# သဗ္ဘိသုတ္တန်တရားတော်

http://www.dhammadownload.com

http://www.dhammadownload.com

# ဤစာအုပ်မှာ သိဖွယ်ရာ

- လူတိုင်းမှာ ရှိနေသော သူယုတ်-သူမြတ် လက္ခဏာကို သိပြီးပြီလား ?
- အဘယ်တရား ကျင့်သုံးနိုင်သူကို သူတော်ကောင်း ခေါ်နိုင်သည်ကို သိပြီးပြီလား ?
- မြတ်စွာဘုရား ပေးထားသော လူကဲခတ်နည်းကို သိပြီးပြီလား ?
- အမိ-အဖလို ပေါင်းသင်းရမည့်သူကို သိပြီးပြီလား ?
- ဘုန်းကြီးကျောင်း ရောက်သည့်အခါ ဘယ်လိုနေရမှာကို သိပြီးပြီလား ?
- ယောက်မနှင့် တူသူကို သိပြီးပြီလား ?
- နှမ်းနှင့် တူသူကို ပေါင်းသင့်ပါသလား ?
- သဲနှင့် တူသူကို ပေါင်းသင့်ပါသလား ?
- သေသူနှင့် ရှင်သူကို သိပြီးပြီလား ?
- နည်းမှန်-လမ်းမှန် သတိပဋ္ဌာန်တရားကို ရှုပွားတတ်ပါပြီလား ?
- သင်၏ ဝေဒနာကို တရားဖြစ်အောင် ရှုတတ်ပါပြီလား ?
- ဝိပဿနာတရား ရှုမှတ်လို့ ရောဂါပျောက်တယ်ဆိုတာ ယုံပါရဲ့လား ?

http://www.dhammadownload.com

မဟာစည်နာယက ကမ္မဋ္ဌာနာစရိယ

သဒ္ဓမ္မရံသီရိပ်သာဆရာတော်

အရှင်ကုဏ္ဍလာဘိဝံသ

ရေးသားစီရင်အပ်သော

# ဒုက္ခကင်းဝေး ပေါင်းသင်းရေး
# သမ္ဘိသုတ္တန်တရားတော်

သာသနာ-၂၅၃၂ ကောဇာ-၁၃၅၀ ခရစ်-၁၉၈၉

http://www.dhammadownload.com

သာသနာရေးဆိုင်ရာ စာမူပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၂/၇၉)(၁)
မျက်နှာဖုံး ခွင့်ပြုချက်(၆၀/၇၉) (၂)

*

ဒုတိယအကြိမ်

အုပ်ရေ (၂၀၀၀)

၁၉၇၉-ခု

ဧပြီလ

ပန်းချီ....စံတိုး

အဖုံး....သီရိနန္ဒာ

စာအုပ်ချုပ်....ချယ်ရီမိသားစု

တန်ဖိုး....၁၅ ကျပ်

*

ဒု-ဗိုလ်မှူးကြီးတင်အောင်(အငြိမ်းစား)[၀၃၁၆၆]၊ သဒ္ဓမ္မရံသီ စာပေ၊ ဇေယျာခေမာလမ်း၊ မရမ်းကုန်း၊ ရန်ကုန်မြို့မှ ထုတ်ဝေ၍ ဦးနန္ဒ[၀၃၅၉၇]၊ သီရိနန္ဒာပုံနှိပ်တိုက်၊ အမှတ် ၂၁၅၊ ၃၂-လမ်း၊ ရန်ကုန်မြို့မှ ပုံနှိပ်သည်။

http://www.dhammadownload.com

# အရှင်ကုဏ္ဍလာဘိဝံသ၏ ထေရုပ္ပတ္တိ

## အကျဉ်းချုပ်

ဒုက္ခကင်းဝေးပေါင်းသင်းရေး သဗ္ဗိသုတ္တန့်တရားတော်ကို ရေးသားစီရင်သော အရှင်ကုဏ္ဍလာဘိဝံသသည် ပြည်ထောင်စု ဆိုရှယ်လစ်သမ္မတ မြန်မာနိုင်ငံတော် ပဲခူးတိုင်း ဝေါမြို့နယ် ဝင်းကဒတ်ရွာ ဦးသာဖြိုး - ဒေါ်ပုတို့မှ ၁၂၇၃-ခုနှစ်၊ နယုန်လဆန်း ၁-ရက် တနင်္ဂလာနေ့တွင် ဖွားမြင်သော ဒုတိယ မြောက် သားရတနာ ဖြစ်ပါသည်။

အသက် ၁၀-နှစ်အရွယ်တွင် သာသနာတော်သို့ ရှင်သာ မဏေအဖြစ်ဖြင့် ဝင်ရောက်၍ အသက် ၂၀-ပြည့်သောအခါ ဝေါမြို့နယ် ဘိုးစမ္ပာယ်ရွာ ကန်ကြီးကျောင်း ဆရာတော် ဘုရားကြီးကို ဥပဇ္ဈာယ်ပြု၍ ခမည်းတော်-မယ်တော်ကြီးတို့၏ ပစ္စည်းလေးပါး အထောက်အပံ့ဖြင့် ရဟန်းအဖြစ်သို့ ရောက် ခဲ့ပါသည်။

သိက္ခာတော် ၄-ဝါ ရပြီးသောအခါ ညောင်လေးပင်မြို့ တောရကြီးကျောင်းတိုက်၏ ပဓာနဥက္ကဋ္ဌ ဖြစ်တော်မူသော ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတဆရာတော် ဦးအရိယထဉ်၊ ပိဋ္ဋ ကတ်တော်နှင့် ပိဋကတ်တော်၏ အခြေခံကျမ်းဂန်များကို သင် ကြား လေ့လာခဲ့ပါသည်။

http://www.dhammadownload.com



သိက္ခာတော် ၇-ဝါ ရပြီးသောအခါ ရန်ကုန်မြို့ ကန့်ဘဲ့ ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရ မေဓိနီကျောင်းတိုက် ကျေးဇူးရှင်၊ အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးအာဒိစ္စာရထံ၌ ပိဋကတ်တော်နှင့် ပိဋကတ်တော်၏ အခြေခံ ကျမ်းဂန်တို့ကို သင်ကြားလေ့လာ၍ စာမေးပွဲများကို ဝင်ရောက် ဖြေဆိုခဲ့ရာတွင် အစိုးရ ပထမကြီးတန်း၊ ဒွိတီယဂဏ စာသင်တန်း၊ စာချတန်းတို့ကို အောင်မြင်ခဲ့ပါသည်။

သိက္ခာတော် ၁၁-ဝါ ရပြီးသောအခါ ညောင်တုန်းမြို့ ရွှေဟင်္သာတောရကျောင်းတိုက် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ ဆရာတော် ဦးဝိမလ၏ ဩဝါဒကိုခံယူကာ တိုက်အုပ်ဆရာတော် ဦးဉာဏဝံသ၊ တိုက်ကြပ်ဆရာတော် ဦးပညာသာမိတို့ထံ၌ ပါဠိတော်နှင့် အဋ္ဌကထာကျမ်းဂန်တို့ကို သင်ကြားလေ့လာ၍ စာမေးပွဲများကို ဝင်ရောက် ဖြေဆိုခဲ့ရာတွင် ညောင်တုန်းမြို့ ရွှေကျင်နိကာယ သာသနပါလ ဓမ္မာစရိယ စာမေးပွဲနှင့် အစိုးရ သာသနဓဇ သီရိပဝရဓမ္မာစရိယ စာမေးပွဲတို့ကို အောင်မြင်ခဲ့ပါသည်။

သိက္ခာတော် ၁၅-ဝါ ရပြီးသောအခါ ရန်ကုန်မြို့ ကံဘဲ့ ရန်ကင်းမြို့နယ် ကျောက်ကုန်းတောရ မေဓိနီကျောင်းတိုက်၌ စာချဆရာတော်အဖြစ်ဖြင့် သီတင်းသုံးနေထိုင်၍ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မေဓိနီ ဆရာတော်ဘုရားကြီး၏ ဩဝါဒကို ခံယူကာ ပိဋကတ်တော်နှင့် ပိဋကတ်တော်၏ အခြေခံကျမ်းဂန်တို့ကို စာသင်သား ရဟန်းသာမဏေတို့အား သင်ကြားပို့ချ ပေးခဲ့ပါသည်။

http://www.dhammadownload.com



သိက္ခာတော် ၃၆-ဝါ ရပြီးသောအခါ ကျေးဇူးရှင်မဟာစည် ဆရာတော်ဘုရားကြီး သီတင်းသုံးတော်မူရာ ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ၌ ယောဂီဟောင်းအဖြစ်ဖြင့် တစ်နှစ် တရားအားထုတ်ပြီးသောအခါတွင် ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး၏ မိန့်ကြားခွင့်ပြုချက်အရ မဟာစည် ကမ္မဋ္ဌာနာစရိယ နာယကအဖြစ်ဖြင့် နေထိုင်၍ ဆောင်ရွက်ခဲ့ပါသည်။

သိက္ခာတော် ၃၇-ဝါ ရပြီးသောအခါ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော်ဘုရားကြီး ခွင့်ပြုချက်အရ ရန်ကုန်မြို့ ရှစ်မိုင် မရမ်းကုန်းမြို့နယ် ဥာဏာစာရီကျောင်းလမ်း၌ မဟာစည်ဆရာတော်ဘုရားကြီး၏ ဩဝါဒခံအဖြစ်ဖြင့် သဒ္ဓမ္မရံသီရိပ်သာကို တည်ထောင်၍ ဝိပဿနာကမ္မဋ္ဌာန်း တရားတို့ကို ဟောကြားပြသကာ သီတင်းသုံး နေထိုင်လျက် ရှိပါသည်။

http://www.dhammadownload.com

# နိဒါန်း

၁၃၄၀-ပြည့် ကဆုန်လကွယ်နေ့၊ နေ့လယ် ၂-နာရီအချိန် ရန်ကုန်မြို့ မဟာစည်သာသနာ့ရိပ်သာ ဖလ်ယဉ်ဓမ္မာရုံကြီးတွင် တရားနာပရိသတ် ယောဂီသူတော်စင်တို့ ပြည့်လျှံနေကြသည်။ သို့သော် တိတ်ဆိတ်ခြင်း, ငြိမ်သက်ခြင်းတို့ဖြင့် ဖလ်ယဉ်ဓမ္မာရုံကြီး၏ ကျက်သရေတို့ကို အပြည့်အဝဆောင်လျက် ရှိပေသည်။ အလှည့်ကျတရားချီးမြှင့်မည့်ဆရာတော်မှာ နာယကဆရာတော် အသစ်ဖြစ်၍ တရားနာယောဂီ သူတော်စင်တို့ စိတ်ဝင်စား နေကြဟန်တူပါသည်။ နာယကဆရာတော် ဦးကုဏ္ဍလာဘိဝံသ မှာ မေဒိနီကျောင်းတိုက်ကြီး၏ စာချနာယကမှ မဟာစည် သာသနာ့ရိပ်သာ ကမ္မဋ္ဌာနာစရိယဖြစ်လာသည်မှာမကြာသေး သောကြောင့်ပင် ရဟန်း ရှင် လူ ယောဂီသူတော်စင်တို့ တရား ဟောမည့်အချိန်ကို စောင့်နေဟန် တူကြပါသည်။

တရားစ၍ ဟောသည်နှင့်တစ်ပြိုင်နက် ပရိသတ်သည်လည်း တုတ်တုတ်မျှမလှုပ်၊ ဆရာတော်မှာလည်း ဖလ်ယဉ်ဓမ္မာရုံကြီးကို အာရုံပြုပုံပင်မပေါ်၊ တည်ငြိမ်ချိုအေးစွာ ဟောကြားတော်မူ ပါသည်။ ကျေးဇူးရှင် အဂ္ဂမဟာပဏ္ဍိတ မဟာစည်ဆရာတော် ဘုရားကြီး ချီးမြှောက်ထားသဖြင့် အထူး ပြောစရာမလိုပါ။ သန္တိသုတ္တန်တရားတော်ကို ပါဠိတော်အဋ္ဌကထာ အဖွင့်တို့ဖြင့်

http://www.dhammadownload.com



စာချသလို ဟောသွားပါသည်။ အသံတန်ဆာ မပါသော်လည်း စွဲကျန်နေရစ်ခဲ့ပါသည်။

တရားနာရင်း သဒ္ဓါတရားများ တဖွားဖွား တစိမ့်စိမ့်ပင် ဖြစ်ခဲ့ရပါသည်။ ဤသုတ္တန်လာ ဒေသနာအတိုင်း လောကမှာ ပညာရှိသူတော်ကောင်းတို့နှင့် ပေါင်းသင်းရ, ပညာရှိသူတော်ကောင်းတို့၏ တရားကို ကျင့်သုံးရသဖြင့် လောက သံသရာ အကျိုးစီးပွား များကြောင်းနှင့် ပညာရှိ သူတော်ကောင်း တို့၏ အင်္ဂါလက္ခဏာတို့ကို ခွဲခြမ်းစိတ်ဖြာ၍ ရှင်းပြသွားသဖြင့် သဘောကျလာခဲ့ရပါသည်။

လောကဆိုင်ရာ ပညာရှိ အမည်ခံသူတို့သည် ပေါကြပါ၏။ ဆိုင်ရာ ဆိုင်ရာ ပညာလည်း ရှိကြပါ၏။ သာသနာရေးဘက်မှာလည်း တရားဟော, တရားပြ ကောင်းကြပါ၏။ သို့သော် ဗုဒ္ဓမြတ်စွာ ဟောတော်မူအားသည့် ဒေသနာတော်နှင့်ညီသော ပညာရှိ သူတော်ကောင်းတို့ကား တွေ့ရခဲ ကြုံရခဲပါဘိသည်။ တရားဟော ဆရာတော်က ပညာရှိ သူတော်ကောင်း ဟူသည် မည်သို့သော ပုဂ္ဂိုလ်ဖြစ်သည်ကို ရှင်းလင်းပြသွားရာ မျက်မြင်ကိုယ်တွေ့ဖြင့် သိသာ၍ သဘောကျလာရပါသည်။

ဤ တရားတော်လာ "သဗ္ဘိရေဝ သမာသေထ" ဆိုသော ပါဠိ ဂါထာ အနက်တို့ကို ငယ်စဉ် ၁၂-နှစ်သား အရွယ် ကျောင်းသားလေး ဘဝက ကျေးရွာဆရာဘုန်းတော်ကြီးထံမှ လောကနီတိ သင်စဉ်ကပင် နှုတ်တက်ခဲ့ရပါ၏။ အဓိပ္ပာယ်ကိုကား မသိခဲ့။ ဤတရားတော်ကို သဒ္ဓမ္မရံသီရိပ်သာဆရာတော်

http://www.dhammadownload.com



ဦးကုဏ္ဍလာဘိဝံသက ဆိုင်ရာ ပါဠိတော် အဋ္ဌကထာ ဝဏ္ဍု သက်သေသာဓကဝေဝဲဆာဆာတို့ဖြင့် ဟောကြားလိုက်သော အခါ ဘုရား အစရှိသော ပညာရှိ သူတော်ကောင်းတို့၏ ဂုဏ်ကျေးဇူးအထူးတို့ကို ပို၍ နားလည်သဘောကျကြည်ညိုသာပါတော့သည်။

ဤကဲ့သို့ ရှေးကထက် သူတော်ကောင်းတို့၏ ဂုဏ်ကျေးဇူး အထူးတို့ကို ပို၍ နားလည်သဘောကျ ကြည်ညိုလာသည်ဖြစ်၍ ဤနိဒါန်းရေးသူသည် သမ္ဗိသုတ္တန် တရားတော်ကို ကြားနာရစဉ်က နာလို့မဝအားမရနိုင်ခဲ့သဖြင့် ကျေးဇူးရှင် ကမ္မဋ္ဌာနာ-စရိယ သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရားအား ဒုက္ခကင်းဝေး ပေါင်းသင်းရေး ဤ သမ္ဗိသုတ္တန်တရားတော်ကို အကျယ်ချဲ့၍ ရေးသားပြီး စာအုပ်အဖြစ်သို့ ရောက်အောင် ချီးမြှင့်ပါရန် လျှောက်ထား တောင်းပန်ရပါသည်။

လျှောက်ထား တောင်းပန်ရခြင်း အကြောင်းများမှာ....

၁။ သူတော်ကောင်းတရားတို့သည် လောကသဲမှာကြာမြင့်ခိုင်မာစွာ တည်တံ့စေလိုသောကြောင့်လည်းကောင်း။

၂။ သူတော်ကောင်းတရားတို့ကို တစ်နေ့တခြား တိုးတက်ကြီးပွားစေလိုသောကြောင့် လည်းကောင်း။

၃။ သူတော်ကောင်းတရားတို့ကို လိုက်နာ ကျင့်သုံးသူတို့ တစ်နေ့တခြား များ ပြား လာ စေ လို သော ကြောင့် လည်းကောင်း။

http://www.dhammadownload.com



၄။ သူတော်ကောင်းတရားတို့၏ အရသာ တည်းဟူသော သံသရာဝဋ်ဆင်းရဲမှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုသောအားဖြင့် ခံစားရရှိစေလိုသောကြောင့်လည်းကောင်း လျှောက် ထား ရ ခြင်း ဖြစ်ပါသည်။

ဤကဲ့သို့ လျှောက်ထားတောင်းပန်သောအခါ သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရားက "အေး.... ဒီလိုဆိုရင်လည်း ရေးရလျှင် ကောင်းသားပဲ ဦးသီရိ၊ စာရေးတဲ့ အလေ့အကျင့်ကလည်း နည်းတော့ အချိန်ယူပြီး ရေးရလိမ့်မယ်။ ရေးတယ်ဆိုရင်လည်း စုံမှ ကောင်းပေလိမ့်မယ်။ တရားဟောစဉ်ကတော့ အကျဉ်းချုပ်ပဲ ဟောလိုက်ရသည်ဖြစ်၍ မစုံလှဘူး။ ကြိုးစားပြီး ရေးကြည့်ပါဦးမယ်" ဟု အမိန့်တော်မှူပါသည်။

ဆရာတော်သည် တရားဟော၊ တရားပြစသော သာသနာ့ရေး ကိစ္စများ ဆောင်ရွက်နေရင်းပင် ဤဒုက္ခ ကင်းဝေးပေါင်းသင်းရေး သဗ္ဗာသုတ္တန် တရားတော်စာအုပ် ရေးသား၍ ပြီးကြောင်းကို သိရသောကြောင့် သဒ္ဓမ္မရံသီရိပ်သာ ဆရာတော်ဘုရား၏ သီလ၊ သမာဓိ၊ ပညာဂုဏ်တို့ကို ယုံကြည်လေးစား အားထားသော ဤနိဒါန်းရေးသူအဖို့ အထူးပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်ရပါသည်။ ဆရာတော်၏ မေတ္တာကရုဏာတို့ဖြင့် ပြည့်လျှမ်းသော အရင်းခံစေတနာဖြင့် ဤတရားတော်စာအုပ် ဖြစ်မြောက်လာရပေသည်။

# နိဒါန်း

ဤ သဗ္ဘိသုတ္တန် တရားတော်ကို ကြည့်ရှုလေ့လာကြကုန်သော အမျိုးကောင်းသား, အမျိုးကောင်း သမီး တို့သည် သူတော်ကောင်း အစစ်အမှန်ကို ရွေးချယ်၍ ပေါင်းသင်းနိုင်ကြပြီးလျှင် ယခုအချိန်မှစ၍ နိဗ္ဗာန်ချမ်းသာသို့ ရောက်သည့်တိုင်အောင် မိမိတို့ အလိုရှိအပ် တောင့်တအပ်သော ချမ်းသာအမျိုးမျိုးတို့ကို ရရှိကြလိမ့်မည် ဖြစ်သောကြောင့် ဤစာအုပ်ဖြစ်မြောက်အောင် ရေးသား ချီးမြှင့်တော်မူသော သဒ္ဓမ္မရံသီ ရိပ်သာ ဆရာတော်ဘုရားအား ကျေးဇူးတင်၍ မဆုံး ဖြစ်ရပါတော့သည်။

ဦးသိရိ (ဝိဇ္ဇာ-ပါဠိဂုဏ်ထူး)

မဟာစည် သာသနာ့ရိပ်သာ

ရန်ကုန်မြို့။

http://www.dhammadownload.com

ဤဒုက္ခကင်းဝေး ပေါင်းသင်းရေး သဗ္ဗိသုတ္တန် တရားတော်ကြီး အခန်းဆယ်ခန်းတို့ဖြင့် ပိုင်းခြား၍ ဖော်ပြထားပါသည်။

၁။ ပထမနှုတ်သား လျှောက်ထားခန်း
၂။ ဒုတိယနှုတ်သား လျှောက်ထားခန်း
၃။ တတိယနှုတ်သား လျှောက်ထားခန်း
၄။ စတုတ္ထနှုတ်သား လျှောက်ထားခန်း
၅။ ပဉ္စမနှုတ်သား လျှောက်ထားခန်း
၆။ ဆဋ္ဌမနှုတ်သား လျှောက်ထားခန်း
၇။ မြတ်စွာဘုရား မိန့်ကြားခန်း
၈။ ဝိပဿနာ ရှုချင်ဖွယ်ရာ ညွှန်ပြခန်း
၉။ ဝိပဿနာ ရှုခန်း
၁၀။ ဝိပဿနာဉာဏ်ဖြစ်ပုံ ပြခန်း
တို့ဖြင့် ဖော်ပြထားပါသည်။

http://www.dhammadownload.com

# မာတိကာ


| စဉ် | အကြောင်းအရာ | | စာမျက်နှာ |
|---|---|---|---|
| ၁။ | ဒုက္ခကင်းဝေး ပေါင်းသင်းရေး | .... | ၁ |
| | သူတော်ကောင်းနှင့် ပေါင်းသင်းရကျိုး (၇) မျိုး | .... | ၂ |
| | သေတေးကြိုလာ အားကိုးရာ | .... | ၃ |
| ၂။ | ပထမနှတ်သား လျှောက်ထားခန်း | | ၇-မှ ၃၇-အထိ |
| | သူတော်ကောင်းနှင့် ပေါင်းသင်းခြင်း နှစ်မျိုး | .... | ၁၁ |
| | သူယုတ်မာလက္ခဏာ | .... | ၁၃ |
| | သူတော်ကောင်း လက္ခဏာ | .... | ၁၄ |
| | ပေါင်းသင့်သူ မပေါင်းသင့်သူ | .... | ၁၈ |
| | ပညာရှိပေါင်းသင်း မြင့်မြတ်ခြင်း | .... | ၂၂ |
| | ကျောင်းသို့ရောက်ခါ လိုက်နာရာ | .... | ၃၄ |
| ၃။ | ဒုတိယနှတ်သား လျှောက်ထားခန်း | | ၃၈-မှ ၅၆-အထိ |
| | သူတော်ကောင်းထံမှ ပညာရ | .... | ၄၀ |
| | လူမိုက်အတု | .... | ၄၃ |
| | လူမိုက်အစစ် | .... | ၄၅ |
| | ပညာရ-မရ ဥပမာ | .... | ၄၇ |
| | အကျိုးမဲ့သာ ထွက်ပေါ်လာ | .... | ၅၀ |
| | အကျိုးရှိတာ ထွက်ပေါ်လာ | .... | ၅၁ |

http://www.dhammadownload.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ၄။ | တတိယနှတ်သားလျှောက်ထားခန်း | ၅၇-မှ ၇၄-အထိ |
| | လူမိုက်နှင့်နေ စိုးရိမ်ပွေ .... | ၅၉ |
| | သူတော်ကောင်းနှင့် ပေါင်းသင်း စိုးရိမ်ကင်း .... | ၆၁ |
| | သူယုတ်သူမြတ် တစ်နည်းမှတ်ဖွယ် .... | ၆၅ |
| | မမေ့နိုင်ဖွယ်ရာ အရှင်သာရိပုတ္တရာ .... | ၇၂ |
| ၅။ | စတုတ္ထနှတ်သားလျှောက်ထားခန်း | ၇၅-မှ ၈၄-အထိ |
| | သီလ ရှိ,မရှိ ရွေးစစ်ကြည့် .... | ၇၇ |
| | ပြောခွင့်ရောက်လာ ပြောတတ်ပါ .... | ၈၂ |
| | အချည်းအနှီးသုံးဖြာ သိဖွယ်ရာ .... | ၈၂ |
| | ပညာရှိကိုမှီရ ဘေးလွတ်ကြ .... | ၈၄ |
| ၆။ | ပဉ္စမနှတ်သားလျှောက်ထားခန်း | ၈၅-မှ ၁၀၁-အထိ |
| | ပညာရှိစကား စိတ်ဝင်စား .... | ၈၆ |
| | လူမိုက်လက္ခဏာ သိဖွယ်ရာ .... | ၈၉ |
| | တရားဟောကျွမ်းကျင် နှတ်ပြည်တင် .... | ၉၅ |
| | နိဂုံးချုပ်ကာ သိဖွယ်ရာ .... | ၉၈ |
| | သူတော်ကောင်းသားကြောင့် နှတ်ပြည်ရောက် .... | ၉၉ |
| ၇။ | ဆဋ္ဌမနှတ်သားလျှောက်ထားခန်း | ၁၀၂-မှ ၁၀၉-အထိ |
| | လူမိုက်ပေါင်းသင်း ဆုံးရှုံးခြင်း .... | ၁၀၄ |

http://www.dhammadownload.com



| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| | သူယုတ် သူမြတ် တစ်နည်းမှတ်ဖွယ် .... | ၁၈၆ |
| ၈။ | မြတ်စွာဘုရား မိန့်ကြားခန်း | ၁၁၀-မှ ၁၁၅-အထိ |
| | ထက်ဝက်မက လုံးဝသေချာ .... | ၁၁၂ |
| ၉။ | ဝိပဿနာရှုချင်ဖွယ်ရာ ညွှန်ပြခန်း | ၁၁၆-မှ ၁၂၀-အထိ |
| | မြန်မာပြည်မှာ ကောင်းသောလက္ခဏာ .... | ၁၁၇ |
| ၁၀။ | ဝိပဿနာရှုခန်း | ၁၂၁-မှ ၁၇၄-အထိ |
| | (၁) ဝိပဿနာရှုကွက် .... | ၁၂၁ |
| | (၂) ဝိပဿနာရှုခြင်းအကျိုး .... | ၁၂၆ |
| | (၃) ဝိပဿနာရှုရမည့် အချိန်ကာလ .... | ၁၄၉ |
| | (၄) ဝိပဿနာရှုနည်း .... | ၁၅၅ |
| | ဖောင်းပိန်ညွှန်ပြ သင့်မြတ်လှ .... | ၁၅၈ |
| | ဖောင်းပိန်မှတ်ခြင်း အကျိုးလေးမျိုး .... | ၁၆၀ |
| ၁၁။ | ဝိပဿနာဉာဏ်ဖြစ်ပုံပြခန်း | ၁၇၅-မှ ၁၉၂-အထိ |
| ၁၂။ | နိဂုံးချုပ်ကာ ဆုတောင်းပတ္ထနာ | ၁၉၃ |
| ၁၃။ | ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏ သြကာသ ကန်တော့ခန်းနှင့် သီလခံယူပုံများ | ၁၉၅-မှ ၂၀၁ |
| ၁၄။ | ဝိပဿနာ အကျင့်မြတ်ဖြင့် ရတနာသုံးပါးအား ပူဇော်ပုံ | ၂၀၂ |

http://www.dhammadownload.com

# ဒုက္ခကင်းဝေး ပေါင်းသင်းရေး

## သဋ္ဌိသုတ္တန်တရားတော်

လူသားဖြစ်သူ မှန်သမျှတို့သည် မိမိတို့နေထိုင်ရာ အရပ်ဒေသ, မြို့, ကျေးရွာ စသည်တို့အားလျော်စွာ လူနှင့် လူချင်း တစ်ဦးနှင့်တစ်ဦး ပေါင်းသင်းဆက်ဆံခြင်း မရှိဘဲ တစ်ဦးတည်းသက်သက် နေထိုင်လို့ မဖြစ်ကြချေ။ ပေါင်းသင်းဆက်ဆံ၍သာ နေထိုင်ကြရပေသည်။

ပေါင်းသင်းဆက်ဆံရေးသည် သာမန်အားဖြင့်ကြည့်လျှင် အရေးမကြီးလှဟူ၍ ထင်ကြရပေသည်။ ကြုံသလို သင့်သလို ပေါင်းသင်းဆက်ဆံနိုင်ရင် ပြီးတာပါပဲ။ ကိုယ်ကောင်းဖို့ ကိုယ်ပြည့်စုံဖို့သာ အရေးကြီးသည်ဟူ၍ ထင်ကြရပေသည်။

အမှန်အားဖြင့် မိတ်ကောင်းဆွေကောင်း ပညာရှိသူတော်ကောင်းများနဲ့ ပေါင်းသင်းဆက်ဆံရမှသာ ယခုမျက်မှောက်ဘဝမှာလည်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကင်း၍ ချမ်းသာခြင်းနှင့် ပြည့်စုံနိုင်ကြပေမည်။ နောင်ဘဝများမှာလည်း ကိုယ်ဆင်းရဲ စိတ်ဆင်းရဲကင်း၍ ချမ်းသာခြင်းနှင့် ပြည့်စုံနိုင်ကြပေမည်။ ဆင်းရဲဒုက္ခမှန်သမျှ အကုန်ကင်းငြိမ်းတဲ့ နိဗ္ဗာန်ချမ်းသာ

http://www.dhammadownload.com



တိုင်အောင် ရောက်ရှိသွားနိုင်ကြပေမည်။ သို့ဖြစ်ပါ၍ မိတ်ကောင်းဆွေကောင်း ပညာရှိသူတော်ကောင်းများနှင့် ပေါင်းသင်းဆက်ဆံ၍ နေထိုင်ဖို့ရာမှာ အရေးကြီးလှပေသည်။

## သူတော်ကောင်းနှင့် ပေါင်းသင်းရကျိုး (၇) မျိုး

ပညာရှိ သူတော်ကောင်းများနှင့် ပေါင်းသင်း ဆက်ဆံရခြင်းဖြင့်–

(၁) မြင့်မြတ် မယုတ်မာပုံအကျိုး

(၂) အသိအလိမ္မာ ဉာဏ်ပညာကို ရရှိပုံအကျိုး

(၃) စိုးရိမ်သောက ကင်းဝေးပုံအကျိုး

(၄) ဆွေမျိုး ပရိသတ်တို့ အလယ်မှာ တင့်တင့်တယ်တယ် နေရပုံအကျိုး

(၅) နောက်ဘဝများမှာ ချမ်းသာပြည့်ဝတဲ့ လူနတ်ဗြဟ္မာဘဝများသို့ ရောက်ရပုံအကျိုး

(၆) ရရှိပြီးသော စည်းစိမ် ချမ်းသာတို့ ကြာမြင့်စွာ တည်တံ့နိုင်ပုံအကျိုး

(၇) ဆင်းရဲခပ်သိမ်းအကုန်ကင်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ရောက်ရှိသွားနိုင်ပုံ အကျိုးတို့ကို သဗ္ဗိသုတ္တန်၌ နတ်သား ခြောက်ယောက်တို့ လျှောက်ထား၍ မြတ်စွာဘုရား ဟောကြားတော်မူခြင်းကို အထင်အရှား ဖော်ပြထားပါသည်။

http://www.dhammadownload.com



## သဗ္ဗီသုတ္တန် ဖြစ်ပေါ်လာပုံ

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် အနီး အနာထပိဏ်သဌေးကြီး လှူဒါန်း ထားသော ဇေတဝန် ကျောင်းတော်ကြီး၌ သီတင်းသုံးနေထိုင်တော်မူလေ၏။ ထိုသို့ မြတ်စွာဘုရား ဇေတဝန် ကျောင်းတော်ကြီး၌ သီတင်းသုံး နေထိုင်တော်မူတဲ့အချိန်မှာ ရေလမ်း သမုဒ္ဒရာခရီးဖြင့် ကုန်သွယ်ကြကုန်သော ကုန်သည် ခုနစ်ရာတို့သည် သင်္ဘောဖြင့် ပင်လယ်သမုဒ္ဒရာသို့ ထွက်ခွာသွားကြလေသည်။ ကမ်းမှထွက်ခွာ၍ ခုနစ်ရက်မြောက်သောနေ့၌ သင်္ဘောသည် မြားပစ်လွှတ်လိုက်သလို အလွန်လျင်မြန်စွာ ပြေးသွားနေ၏။

ထိုအချိန်မှာ လေမုန်တိုင်ကြီး အကြီးအကျယ် တိုက်ခတ်ကျလာ၍ ရေပြင်ကို တိုက်ခိုက်ခြင်းကြောင့် အလွန်ကြီးမားသော လှိုင်းလုံးကြီးများထကာ သင်္ဘောကို ရိုက်ခတ်သဖြင့် သင်္ဘောကွဲပေါက်၍ ရေများ ဒလဟော အမြန်စီးဝင်ပြည့်လာ၏။

သင်္ဘောကြီး သမုဒ္ဒရာ အလယ်မှာ နစ်မြုပ်တော့မည်ကို သိကြသော ကုန်သည်တို့သည် မိမိတို့ ကိုးကွယ်ထားကြသော နတ်တို့၏အမည်တို့ကို ဖော်ထုတ် ခေါ်ကြားကြကုန်လျက် "နတ်မင်းတို့ ကယ်ကြပါ, မ-စကြပါ" စသည်ဖြင့် ဟစ်အော် မြည်တမ်းကာ ငိုကြွေးနေကြကုန်၏။

## သေဘောကြီးလာ အားကိုးရာ

ထို ကုန်သည်တို့တွင် တစ်ယောက်သော ကုန်သည်,သည် ဤကဲ့သို့ သေရမည့်ဘေးနှင့် တွေ့ကြုံရာ၌ မိမိမှာ အားကိုး ထောက်တည်ရာ ဘာများရှိပါသလဲလို့ ကြံစည်ဆင်ခြင်ကြည့်ရာ

http://www.dhammadownload.com



သဘော်သ ထွက်မည့်နေ့မှာ သံဃာတော်များကို ဆွမ်းကပ်လှူဒါန်း၍ ဆောက်တည်ခံယူခဲ့သော သရဏဂုံနှင့် ငါးပါးသီလတို့ စင်စင်ကြယ်ကြယ် ရှိနေတာကို တွေ့မြင်ရသောကြောင့် တရားယိုင်မှတ်နေသော ယောဂီတစ်ယောက်ကဲ့သို့ ထက်ဝယ်ဖွဲ့နေထိုင်ပြီး ဆောက်တည်ခံယူခဲ့သော သရဏဂုံနှင့် ငါးပါးသီလတို့ကိုသာ အာရုံပြု၍ ငြိမ်သက်စွာ ထိုင်နေလေ၏။

ငြိမ်သက်စွာ ထိုင်နေသော ထိုကုန်သည်ကို စိုးရိမ်ကြောက်လန့်နေကြသောကုန်သည်တို့က 'အဘကြောင့် မကြောက်လန့်ဘဲ နေနိုင်ပါသလဲ' ဟုမေးကြကုန်၏။ "အမောင်တို့အကျွန်ုပ်သည် သဘော်သပေါ်သို့ တက်မည့်နေ့မှာ ရဟန်းသံဃာတော်တို့အား အလှူပေး၍ သရဏဂုံနှင့် ငါးပါးသီလတို့ကို ခံယူဆောက်တည်ခဲ့ပါသည်။ ဒါကြောင့် အကျွန်ုပ်မှာ ကြောက်လန့်ခြင်းမရှိပါ" ဟူ၍ ပြောပြလေ၏။

"သရဏဂုံသီလနှင့် ပြည့်စုံသော အဆွေတော်ကုန်သည်ဆရာ-စိုးရိမ် ကြောက်လန့် နေကြသော အကျွန်ုပ်တို့အား သရဏဂုံနှင့် ငါးပါးသီလတို့ကို ပေးလို့ဖြစ်ပါသလား၊ ပေးလို့ ရပါသလား" ဟု ကြောက်လန့်နေကြသော ကုန်သည်တို့က မေးကြကုန်၏။ "ပေးလို့ဖြစ်ပါသည်" ဟု ဆိုသဖြင့် "ဒီလိုဖြစ်လျှင် အကျွန်ုပ်တို့ကိုလည်း သရဏဂုံနှင့် ငါးပါးသီလကို ပေးပါ" လို့ တောင်းပန်ကြကုန်၏။

သရဏဂုံသီလနှင့် ပြည့်စုံသော ကုန်သည်က ကြောက်လန့်နေကြသော ကုန်သည်တို့ကို တစ်ရာစီ တစ်ရာစီခွဲဝေးစေ၍ ခုနစ်ရာစုပြုလုပ်ပြီး တစ်ရာစု တစ်ရာစုကို တစ်ကြိမ်စီ ငါးပါးသီလ ပေးလေ၏။

http://www.dhammadownload.com



ငါးပါးသီလ ခံယူကြသော ကုန်သည်ခုနစ်ရာတို့တွင် ပထမဆုံးကုန်သည် တစ်ရာစုသည်ခြေဖမျက်မျှသောရေ၌ရပ်တည်၍သီလယူရ၏။ ဒုတိယကုန်သည်တစ်ရာစုသည်ဒူးဒေါင်းမျှသောရေ၌ရပ်တည်၍ သီလယူရ၏။ တတိယကုန်သည် တစ်ရာစုသည် တင်ပါးမျှသောရေ၌ ရပ်တည်၍ သီလယူရ၏။ စတုတ္ထ ကုန်သည်တစ်ရာစုသည် ချက်မျှသောရေ၌ ရပ်တည်၍ သီလယူရ၏။ ပဉ္စမကုန်သည် တစ်ရာစုသည် သားမြတ်(နို့) မျှသော ရေ၌ ရပ်တည်၍ သီလယူရ၏။ ဆဋ္ဌမကုန်သည်တစ်ရာစုသည် လည်မျိုမျှသောရေ၌ ရပ်တည်၍ သီလယူရ၏။ သတ္တမကုန်သည်တစ်ရာစုသည် ပါးစပ်ထဲသို့ အားငန်ရည် ဝင်စပြုလာသောအခါ၌ ရပ်တည်၍ သီလယူရ၏။

ကုန်သည်ခုနစ်ရာလုံး သီလယူပြီးကြသောအခါ သရဏဂုံ သီလနှင့်ပြည့်စုံသောသူတော်ကောင်းကုန်သည်က "သင်တို့မှာ အခြား တစ်ပါးသော ကိုးကွယ်အားထားရာ မရှိပြီ။ သင်တို့ ဆောက်တည်ခံယူထားသော သီလကိုသာ ဆင်ခြင်နှလုံးသွင်းကြကုန်လော့" ဟူ၍ ကြွေးကြော် အမိန့်ပေးလေ၏။ အမိန့်ပေးပြီးသည်နှင့် တပြိုင်နက် သင်္ဘောကြီးလည်း နစ်မြုပ်သွားလေ၏။

ကုန်သည် ခုနစ်ရာတို့သည် သမုဒ္ဒရာထဲ၌ သေကြေပျက်စီးကုန်ပြီးလျှင် တာဝတိံသာ နတ်ပြည်သို့ ရောက်သွားကြလေကုန်၏၊ နေရာဗိမာန်တို့ကလည်း တစ်ပေါင်းတည်း, တစ်စုတည်း ဖြစ်နေကြကုန်၏။ အားလုံးသော ဗိမာန်တို့၏အလယ်၌ သီလပေးခဲ့သော သူတော်ကောင်းဆရာ၏ ယူဇနာ တစ်ရာရှိသော

http://www.dhammadownload.com



ရွှေဗိမာန်သည်ဖြစ်လေ၏။ကြွင်းသောသူတို့၏ဗိမာန်တို့သည် သူတော်ကောင်းဆရာ၏ ဗိမာန်ကိုဝိုင်း၍ ဖြစ်ကြလေကုန်၏။ အငယ်ဆုံးဗိမာန်သည် တစ်ဆယ့်ယူဇနာ ရှိလေ၏။

ကုန်သည်ဘဝမှ ကွယ်လွန်စုတေကြပြီး နတ်ဖြစ်လာကြသောနတ်သားတို့သည် တာဝတိံသာနတ်ပြည်၌ ဖြစ်ဆဲ ခဏမှာပင် မိမိတို့ကွယ်လွန်ခဲ့ရသော လူ့ဘဝကပြုခဲ့သော ကောင်းမှုကံကို နတ်တို့၏ ရှေးဘဝကဖြစ်ခဲ့ပုံကို သိမြင်နိုင်သော အသိဉာဏ်ထူးဖြင့် ဆင်ခြင်ကြည့်ရာ သဘော်ပျက်စဉ်က ငါးပါးသီလပေးခဲ့သော သူတော်ကောင်းဆရာကို အမှီရကြ၍ ဤလို နတ်စည်းစိမ်ချမ်းသာ ရကြတာကို သိကြသောကြောင့် သူတော်ကောင်းဆရာတို့၏ဂုဏ်ကျေးဇူးတို့ကိုမြတ်စွာဘုရားထံ သွားရောက် လျှောက်ထားဖို့ရန် တိုင်ပင်ကြလေကုန်၏။

ဤသို့ တိုင်ပင်ပြီးနောက် ညဉ့်သန်းခေါင်ကျော် အချိန်၌ တာဝတိံသာနတ်ပြည်မှ သက်ဆင်း၍ နတ်တို့၏ ကိုယ်ရောင် အလင်းရောင်တို့ဖြင့် မြတ်စွာဘုရား ရှိတော်မူရာ ဇေတဝန်ဥယျာဉ်နှင့် ဇေတဝန်ကျောင်းတော် တစ်ခုလုံးကို တောက်ပထိန်းလင်းစေလျက် မြတ်စွာဘုရားထံမှောက်သို့ ဝင်ရောက်လာကြပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးဦးချကာ သင့်တော်သောနေရာမှာ နေကြလေကုန်၏။

**မှတ်ချက်**-(ဤနတ်သားတို့၏ အတ္ထုပ္ပတ္တိကို ထောက်ထား၍ ငါးပါးသီလလုံက အပါယ် မကျဟု ဆိုနိုင်ပါသည်။)။

http://www.dhammadownload.com

# ပထမနှုတ်သား ချောက်ထားခန်း

## မြင့်မြတ် မယုတ်မာပုံ

ထို နှုတ်သားတို့တွင် တစ်ယောက်သော နှုတ်သားသည် လက်အုပ်ချီကာ မြတ်စွာဘုရားကို ဤသို့ လျှောက်ထား လိုက်၏။

"သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မမညာယ၊ သေယျော ဟောတိ နပါပိယော" တိ
ဟူ၍လျှောက်ထားလိုက်၏။

ဘန္တေ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ သဗ္ဘိရေဝ၊ သူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ အတူတကွနေရာ၏။ သဗ္ဘိ၊ သူတော်ကောင်း တို့နှင့်။ သန္ထဝံ၊ ပေါင်းသင်းခြင်းကို။ ကုဗ္ဗေထ၊ ပြုရာ၏။ သတံ၊ ဘုရားအစရှိကုန်သော သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ, လေးပါးသော သတိပဋ္ဌာန်စသည် အပြားရှိသော သူတော်ကောင်းတရားကို။ အညာယ၊ သိ၍။ ဝါ၊ သိကြရသောကြောင့်။ သေယျော၊ မြင့်မြတ်သည်။ ဟောတိ၊ ဖြစ်၏။ ပါပိယော၊ ယုတ်မာသည်။ န ဟောတိ၊ မဖြစ်။ ဣတိ၊ ဤသို့။ အဝေါစ၊ ကောင်းစွာ မသွေ လျှောက်ထား လိုက်လေ၏။

http://www.dhammadownload.com



မြတ်စွာဘုရား ပုဂ္ဂိုလ် သတ္တဝါ များတမျှသည် သူတော်ကောင်းတို့နှင့်သာ အတူတကွနေထိုင်ရာ၏။ သူတော်ကောင်းတို့နှင့်သာ ပေါင်းသင်းခြင်းကို ပြုရာ၏။ ဤကဲ့သို့ သူတော်ကောင်းတို့နှင့် အတူတကွ နေထိုင်ရ, သူတော်ကောင်းတို့နှင့် ပေါင်းသင်းရသည်ဖြစ်၍ သူတော်ကောင်းတရားများကိုသိကြရသောကြောင့် မြင့်မြတ်ပါသည်ဘုရား၊ မယုတ်မာပါဘုရားဟု သူ ရရှိထားသော အကျိုးကို သူ့ဉာဏ်အား ထင်ရှားသည်အားလျော်စွာ မြတ်စွာဘုရားကို လျှောက်ထားလိုက်ပါသည်။

ဆောင်ပုဒ်။ ။ သူတော်ကောင်းနှင့်၊ ပေါင်းဖော်လင့်၊ မြတ်မြင့် မယုတ်မာ။

ဤသို့ နှတ်သား လျှောက်ထားရာ၌ -

၁။ သူတော်ကောင်း၊

၂။ သူတော်ကောင်းတရားတို့ သိခြင်း၊

၃။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်း နှစ်မျိုးတို့ကို အထူးသိသင့်ပေသည်။

## သူတော်ကောင်းဖြစ်သူနှင့်မဖြစ်သူ

၁။ သူတော်ကောင်းအရကို မြတ်စွာဘုရားမှစ၍ ငါးပါးသီလ လုံအောင် စောင့်ထိန်းသောသူအထိ ယူရပါသည်။ သို့ဖြစ်၍ အယုတ်ဆုံးငါးပါးသီလ လုံအောင် စောင့်ထိန်းသောသူသည်လည်း သူတော်ကောင်းမည်သည်ဖြစ်၍ ပေါင်းသင်းထိုက်ပေသည်။ထို့ထက်အလွန်ဖြစ်သော သီလ, သမာဓိ,

http://www.dhammadownload.com



ပညာ့ဘိုနှင့် ပြည့်စုံသောသူများ ဖြစ်ပါမူကား ဆိုဖွယ်ရာမရှိ။ သူတော်ကောင်း မည်သည်သာ ဖြစ်သောကြောင့် ပေါင်းသင်းထိုက်သည်သာတည်း။ ငါးပါးသီလကိုမျှ လုံအောင် မစောင့်ထိန်းနိုင်သောသူသည် သူတော်ကောင်း မဟုတ်၍ မပေါင်းသင်းထိုက်သူသာ ဖြစ်၏။

## သူတော်ကောင်းတရား သိခြင်း မသိခြင်း

၂။ သူတော်ကောင်းတရားကို သိခြင်း၌ သူတော်ကောင်း တရားအရ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ, သတိပဋ္ဌာန်, သမ္မပ္ပဓာန်တရား စသော ဗောဓိပက္ခိယတရား အားလုံးကို ယူရပါသည်။ သို့ဖြစ်၍ အယုတ်ဆုံး ငါးပါးသီလ သိက္ခာပုဒ်အသီးသီးတို့၏ အကျိုးအပြစ် အဓိပ္ပာယ်တို့ကိုသိခြင်း သည်လည်း သူတော်ကောင်းတရားကို သိသည်မည်၏။ ထိုထက် အလွန် ရှစ်ပါးသီလ, ဆယ်ပါးသီလ, သတိပဋ္ဌာန်, သမ္မပ္ပဓာန် စသော တရားတို့ကို သိပါမူကား ဆိုဖွယ်ရာမရှိ။ သူတော် ကောင်းတရားကို သိသည် မည်သည်သာတည်း။ ငါးပါးသီလ သိက္ခာပုဒ် အသီးသီးတို့၏ အဓိပ္ပာယ်မျှကိုပင် မသိပါမူကား သူတော်ကောင်းတရားကို မသိသည်သာ မည်၏။

သဒ္ဓမ္မန္တိ ပဉ္စသီလ ဒသသီလ စတုသတိပဋ္ဌာနာဒိဘေဒံ သဒ္ဓမ္မံ။ ဣမ ပန ပဉ္စသီလံ အဓိပ္ပေတံ။

(သံ-ဋ္ဌ၊ ၁၊ ၅၃)

http://www.dhammadownload.com



ဤ အဋ္ဌကထာဖြင့် သဒ္ဓမ္မအရ သူတော်ကောင်းတရားကို ငါးငါးသီလ, ဆယ်ပါးသီလ, လေးပါးသော သတိပဋ္ဌာန် စသည့် အပြားရှိသောတရားတို့ကို ယူရမည်ဟုပြ၏။ အယုတ်ဆုံး ငါးပါးသီလမှစ၍ ယူရမည်ကိုပြသည်။ ဤသဗ္ဗာသုတ်၌ သဒ္ဓမ္မအရ သူတော်ကောင်းတရားကို ငါးပါးသီလကို ယူရမည်ဟူ၍ အထူးပြသည်။ ဤ အဋ္ဌကထာစကားကို ထောက်၍ ငါးပါး သီလကို သိသည်မှစ၍ သူတော်ကောင်းတရားကို သိသည်ဟု ဆိုရပေမည်။ ဤအဋ္ဌကထာစကားကို ထောက်၍ပင် ငါးပါး သီလလုံအောင် စောင့်ထိန်းသူကိုလည်း သူတော်ကောင်းဟု သိရပေသည်။

## သီလအကျိုး ငါးပါး

ငါးပါးသီလမှစ၍ သီလကို လုံအောင် စောင့်ထိန်းသော သူတော်ကောင်းသည်-

၁။ ပစ္စည်းဥစ္စာ ရလွယ် ပေါများခြင်း၊

၂။ ကောင်းသော ဂုဏ်သတင်းတို့ဖြင့် ကျော်စောခြင်း။

၃။ ပရိသတ်အမျိုးမျိုးသို့ ချဉ်းကပ် ဝင်ရောက် ဆက်ဆံ ရသောအခါ မျက်နှာမငယ်ခြင်း၊

၄။ သေခါနီးမှာ ကောင်းသော အာရုံတို့ကို တွေ့ မြင်ရ၍ မတွေမဝေ သေရခြင်း၊

http://www.dhammadownload.com



၅။ သေပြီးသောအခါ နတ်ပြည်သို့ ရောက်ရခြင်း တည်းဟူသော အကျိုးငါးပါးကို ရရှိနိုင်ပေသည်။

**ဆောင်ပုဒ်။** ။ပစ္စည်းရလွယ်၊ ဂုဏ်ကောင်းကြွယ်၍၊ မငယ်မျက်နှာ၊ မတွေကာသေ၊ ရောက်လေနတ်ရွာ၊ ဤငါးဖြာ၊ မှန်စွာသီလ အကျိုးတည်း။

## သူတော်ကောင်းနှင့် ပေါင်းသင်းခြင်း နှစ်မျိုး

သူတော်ကောင်းနှင့် ပေါင်းသင်းရမည် ဟူရာ၌ ပေါင်းရမည့် သူတော်ကောင်း ပုဂ္ဂိုလ်များမှာ ဘုရား, ပစ္စေကဗုဒ္ဓါနှင့် ဘုရား၏တပည့်တို့ ဖြစ်ကြပါသည်။ ယင်းပုဂ္ဂိုလ်တို့နှင့် ပေါင်းသင်းရာမှာလည်း ကောင်းကျိုးဖြစ်ထွန်းရေး တရားထူး တရားမြတ် ရရှိရေးတို့ကို ရည်ရွယ်၍ (ကလျာဏမိတ္တ) မိတ်ဆွေကောင်း အဖြစ်ဖြင့်သာ ပေါင်းသင်းရမည်။ ချစ်ခင်တပ်မက်နှစ်သက်သော တဏှာနှင့် ပေါင်းသင်းခြင်းမျိုးတို့ကို ဘယ်ပုဂ္ဂိုလ်နှင့်မျှ မပြုလုပ်အပ်သည်သာတည်း။

သန္တဝန္တိ မိတ္တသန္ထဝံ၊ တဏှာသန္ထဝေါ ပန နကေနစိ သဒ္ဓိံ ကာတဗ္ဗော၊ မိတ္တသန္ထဝေါ ဗုဒ္ဓ ပစ္စေကဗုဒ္ဓ ဗုဒ္ဓသာဝကေဟိ သဟ ကာတဗ္ဗော။

(သံ-ဋ္ဌ၊ ၁၊ ၅၃)

ဤ အဋ္ဌကထာဖြင့် တရားရရေးအတွက် မိတ်ဆွေအဖြစ်ဖြင့်သာ ပေါင်းသင်းရမည်။ တဏှာဖြင့် ပေါင်းသင်းခြင်းကို

http://www.dhammadownload.com



အဘယ်ပုဂ္ဂိုလ်နှင့်မျှ မပြုလုပ်အပ် မပြုလုပ်ရဟူ၍ ပြသည်။ မိတ်ဆွေအဖြစ်ဖြင့် ပေါင်းသင်းရာမှာလည်း ဘုရားပစ္စေကဗုဒ္ဓါ ဘုရား၏ တပည့်တို့နှင့် ပေါင်းသင်းခြင်းကို ပြုအပ်၏ ဟူ၍ ပြသည်။ ဤ အဋ္ဌကထာစကားကို ထောက်၍ တရား ရရေး အတွက် မိတ်ဆွေဖြစ်သော ပေါင်းသင်းသင့်သည်။ တဏှာ ချစ်ဖြင့် မပေါင်းသင်းသင့်ဟူ၍ သူတော်ကောင်းနှင့် ပေါင်း သင်းမှုကို သိရပေသည်။

## မြင့်မြတ်နှင့် မယုတ်ညံ့

သူတော်ကောင်းနှင့် ပေါင်းသင်းရခြင်းကြောင့် မြင့်မြတ်၏ ဟူသည် လောကနှင့်ဓမ္မ ယခု မျက်မှောက်ဘဝနှင့် နောင် သံသရာဘဝမှာ တိုးတက်ကြီးပွား လာရခြင်းကို ဆိုလိုပါ သည်။ မယုတ်မာ ဟူသည်မှာလည်း လောကနှင့်ဓမ္မ ယခု မျက်မှောက်ဘဝနှင့် နောင်သံသရာဘဝတို့မှာ တစ်စုံတစ်ခု၌မျှ ယုတ်ညံ့ခြင်းမရှိသည်ကို ဆိုလိုပါသည်။ သို့ဖြစ်၍ လောကနှင့် ဓမ္မ၊ ယခုမျက်မှောက်ဘဝနှင့်နောင်သံသရာဘဝတို့မှာမြင့်မြတ် တိုးတက်ကြီးပွားခြင်း၊ အရာရာတို့၌ မနိမ့်ကျခြင်း၊ မယုတ်ညံ့ ခြင်းတို့ကို အလိုရှိကြသော အမျိုးကောင်းသား၊ အမျိုး ကောင်းသမီးတို့သည် ပညာရှိ သူတော်ကောင်းနှင့် ပေါင်း သင်းနေထိုင်ဖို့ရာ အထူးသတိပြုသင့်ကြပေသည်။

ဤနေရာ၌သူတော်ကောင်းနှင့် သူယုတ်မာတို့ကိုခွဲခြားသိဖို့ လိုလာပါသည်။ ဥပရိပဏ္ဏာသပါဠိတော် ဗာလပဏ္ဍိတသုတ် (၂၀၁) (၂၀၈)တို့၌ ဟောကြားဖော်ပြထားသော ပညာရှိ

http://www.dhammadownload.com



သူတော်ကောင်းနှင့် လူမိုက် လူယုတ်မာတို့၏ လက္ခဏာတို့ဖြင့် သူတော်ကောင်းနှင့် သူယုတ်မာတို့ကို ခွဲခြားသိနိုင်ပါသည်။

## သူယုတ်မာ လက္ခဏာ

ဣဓ ဘိက္ခဝေ ဗာလော ဒုစ္စိန္တိတ စိန္တီစ ဟောတိ
ဒုဗ္ဘာသိတဘာသီစ ဒုက္ကဋ ကမ္မကာရီစ။

(ဥပရိပဏ္ဏာသ-၂၀၁)

ရဟန်းတို့ဤလောက၌ လူမိုက်သည်စိတ်ဖြင့်လည်းမကောင်း တာကိုပင် ကြံစည်သည်။ နှုတ်ဖြင့်လည်း မကောင်းတာကိုပင် ပြောသည်။ ကိုယ်ဖြင့်လည်း မကောင်းတာကိုပင် ပြုလုပ်သည်။ ဤလက္ခဏာသုံးပါးသည် လူမိုက်, သူယုတ်မာဟုသိနိုင်ကြောင်း လက္ခဏာသုံးပါး ဖြစ်၏ဟူ၍ ဟောကြားတော်မူ၏။

**ဆောင်ပုဒ်။** ။ကိုယ်ပြုနှုတ်ပြော၊ စိတ်မနော၊ မကောင်း ကြံပြု၊ သူယုတ်ဟု၊ မှတ်ရှုသိဖွယ်ရာ။

စိတ်ဖြင့်မကောင်းတာကြံစည်ခြင်းဟူသည် သူတစ်ပါးစည်း စိမ်ဉစ္စာများကို ကိုယ့်စည်းစိမ်ဉစ္စာများဖြစ်အောင် မတရား သောနည်းဖြင့်ယူဖို့ရာ ကြံစည်ခြင်း၊ သူတစ်ပါးတို့ကို သတ်ဖို့ ညှဉ်းဆဲဖို့ရာ ကြံစည်ခြင်း၊ ကောင်းမှုကံ မကောင်းမှုကံနှင့် ကောင်းကျိုး မကောင်းကျိုးတို့ကို မရှိဟူ၍ မှားယွင်းစွာ ကြံစည်ခြင်းများ ဖြစ်ပေသည်။

http://www.dhammadownload.com



နှုတ်ဖြင့် မကောင်းတာပြောခြင်းဟူသည် လိမ်ပြောခြင်း၊ ကုန်းတိုက်ခြင်း၊ ဆဲဆိုတိုင်းထွာ ကြမ်းတမ်းစွာ ပြောဆိုခြင်း၊ အကျိုးမများ အဖျင်းစကားတို့ကို ပြောခြင်းများဖြစ်သည်။

ကိုယ်ဖြင့် မကောင်းတာ ပြုလုပ်ခြင်းဟူသည် သူတစ်ပါး အသက်ကိုသတ်ခြင်း၊ သူတစ်ပါးပစ္စည်းဥစ္စာကိုခိုးခြင်း၊ သူတစ်ပါးသားမယား သားသမီးတို့ကို လွန်ကျူးဖျက်ဆီးခြင်း များ ဖြစ်သည်။

## သူတော်ကောင်း လက္ခဏာ

ဣဓ ဘိက္ခဝေ ပဏ္ဍိတော သုစိန္တိတ စိန္တီစ ဟောတိ
သုဘာသိတ ဘာသီစ သုကတကမ္မကာရီစ။
(ဥပရိပဏ္ဏာသ-၂၀၇)

ရဟန်းတို့ ဤလောက၌ ပညာရှိ သူတော်ကောင်းသည် စိတ်ဖြင့်လည်း ကောင်းတာကိုပင်ကြံစည်သည်၊ နှုတ်ဖြင့်လည်း ကောင်းတာကိုပင်ပြောဆိုသည်၊ ကိုယ်ဖြင့်လည်း ကောင်းတာကိုပင်ပြုလုပ်သည်။ ဤလက္ခဏာသုံးပါးသည် ပညာရှိသူတော်ကောင်းဟု သိနိုင်ကြောင်း လက္ခဏာသုံးပါး ဖြစ်၏ဟူ၍ ဟောကြားတော်မူ၏။

ဆောင်ပုဒ် ။ကိုယ်ပြုနှုတ်ပြော၊ စိတ်မနှော ါ၊ ကောင်း
တာကြံပြု၊ သူမြတ်ဟု၊ မှတ်ရှုသိဖွယ်ရာ။

စိတ်ဖြင့် ကောင်းတာကို ကြံစည်သည်ဟူသည် သူတစ်ပါး စည်းစိမ်ဥစ္စာကို ကိုယ့်စည်းစိမ်ဥစ္စာဖြစ်အောင် မတရားသော

http://www.dhammadownload.com



နည်းဖြင့် ယူဖို့ရာ ကြံစည်ခြင်းမှ ရှောင်ကြဉ်၍၊ သူတစ်ပါးကို သတ်ဖို့ညှဉ်းဆဲဖို့ ကြံစည်ခြင်းမှ ရှောင်ကြဉ်၍၊ ကောင်းမှုကံ မကောင်းမှုကံနှင့် ကောင်းကျိုးမကောင်းကျိုး မရှိဟူ၍ မှားယွင်းစွာကြံစည်ခြင်းမှ ရှောင်ကြဉ်၍၊ မိမိလည်းအကျိုးရှိ၊ သူတစ်ပါးလည်း အကျိုးရှိ၊ ယခုမျက်မှောက်ဘဝလည်း အကျိုးရှိ၊ နောင်သံသရာဘဝများမှာလည်း အကျိုးရှိတာကို ကြံစည်ခြင်းများ ဖြစ်ပေသည်။

**နှုတ်ဖြင့်ကောင်းတာကိုပြောသည်ဟူသည်** လိမ်ပြောခြင်းမှ ရှောင်ကြဉ်၍၊ ကုန်းတိုက်ခြင်းမှ ရှောင်ကြဉ်၍၊ ကြမ်းတမ်းစွာ ပြောဆိုခြင်းမှ ရှောင်ကြဉ်၍၊ အကျိုးမများ အဖျင်းစကားတို့ကိုပြောဆိုခြင်းမှရှောင်ကြဉ်၍၊ မိမိသူတစ်ပါးတို့ ယခုမျက်မှောက်ဘဝ နောင်သံသရာဘဝများမှာ အကျိုးရှိနိုင်သော စကားတို့ကို ပြောဆိုခြင်းပင်ဖြစ်သည်။

ဤနေရာ၌ ကောင်းသောစကားကို ပြောဆိုခြင်း ဟူသည် အင်္ဂုတ္တိုရ် ဝါစာသုတ် (၂၁၃) ၌ ဟောကြားအပ်သော စကားကောင်း အင်္ဂါငါးပါးနှင့် ပြည့်စုံအောင်ပြောဆိုခြင်း မျိုး ဖြစ်ပေသည်။

### စကားကောင်းအင်္ဂါ ငါးပါး

၁။ အချိန်ကာလ အားလျော်စွာ ပြောဆိုခြင်း။
၂။ မှန်ကန်သော စကားကို ပြောဆိုခြင်း။
၃။ သိမ်မွေ့သော စကားကို ပြောဆိုခြင်း။
၄။ အကျိုးစီးပွားနှင့် စပ်သော စကားကို ပြောဆိုခြင်း။

http://www.dhammadownload.com



၅။ မေတ္တာစိတ်ဖြင့် ပြောဆိုခြင်းဟူသော အင်္ဂါငါးပါး နှင့် ပြည့်စုံအောင် ပြောဆိုသောသူသည် စကား ကောင်းကို ပြောဆိုတတ်သောသူ မည်၏။ စကား အရာ ပညာရှိ သူတော်ကောင်း မည်၏။

ဆောင်ပုဒ်။ ။အခါမှန်ကန်၊ သိမ်မွေ့ပြန်ရာ၊ ကျိုးမေတ္တာ၊ ငါးဖြာ ကောင်းစကား။

## ကိုယ်ဖြင့် ကောင်းစွာကို ပြုလုပ်သည်ဟူသည်

သူတစ်ပါးအသက်ကို သတ်ခြင်းမှ ရှောင်ကြဉ်၍၊ သူတစ်ပါးပစ္စည်းဥစ္စာကိုခိုးယူခြင်းမှရှောင်ကြဉ်၍၊ သူတစ်ပါးသား မယား သားသမီးတို့ကိုလွန်ကျူး ဖျက်ဆီးခြင်းမှရှောင်ကြဉ်၍ မိမိ သူတစ်ပါးတို့ ယခုမျက်မှောက်ဘဝ နောင်သံသရာဘဝ များမှာ အကျိုးရှိနိုင်သော အလုပ်တို့ကို ပြုလုပ်ခြင်းပင် ဖြစ်သည်။

## သူယုတ် သူမြတ် သိခက်တတ်

သူယုတ်မာလက္ခဏာနှင့် သူတော်ကောင်း၏ လက္ခဏာတို့ကို သိထားကြငြားသော်လည်း သူယုတ်မာနှင့် သူတော်ကောင်း တို့ကို အမြန်ခွဲခြား၍ သိနိုင်ဖို့ရာမှာလည်း သိပ်မလွယ်လှပေ။ ခဲယဉ်းပေသည်။ အသွင်အပြင် အမူအရာများက ဖုံးအုပ်နေ တတ်ပါသည်။ သူယုတ်မာသည်သူတော်ကောင်း၏ အသွင်ဖြင့် ဖုံးအုပ် ထားတတ်ပါသည်။

ဤကဲ့သို့ သူတော်ကောင်း၏အသွင်ဖြင့် ဖုံးအုပ်ထားသော ကြောင့် သူယုတ်မာပဲလို့ သိဖို့ရာအလွန်ခက်၏။ အတော်အတန် အသိဉာဏ်ဖြည့်ရတဲ့ စီးပွားရေးနယ်တွင် အထက်တန်းကျ၍ တန်ဖိုးကြီးမားသော ပစ္စည်းများကို အရောင်းအဝယ် ပြုလုပ် နေကြသော ကုန်သည်ကြီး ပွဲစားကြီးများပင် အလိမ်ခံရ၍ နစ်နာဆုံးရှုံးခြင်း ဖြစ်ကြရပေသည်။ သူယုတ်မာ လူလိမ်၏ အဖြစ်ကိုသိနိုင်ဖို့ရာမလွယ်လို့ပင် ဖြစ်ကြရပေသည်၊ အိမ်ထောင် ရေးစသော လူမှုရေးရာတို့၌လဲ သူယုတ်မာနဲ့ သူတော်ကောင်း ကို မခွဲခြားနိုင်ကြ၍ ပျက်စီးနစ်နာ ဆုံးရှုံးရခြင်းများသည် လည်း များစွာရှိကြပေလိမ့်မည်။

သူယုတ်မာကို သူတော်ကောင်းထင်ပြီး ယုံကြည်ပေါင်း သင်းမိ၍ နစ်နာဆုံးရှုံးမှုများ ဖြစ်ကြရသည်မှာလဲ ယခုခေတ် ယခုအခါ၌သာ မဟုတ်၊ ရှေးခေတ် ရှေးအခါကလဲ အများ အပြားပင်ရှိခဲ့ပေသည်။ မြန်မာလူမျိုးတို့၏ အားနာတတ်ခြင်း၊ ယုံကြည်လွယ်တတ်ခြင်းတို့သည် သူယုတ်မာတို့အတွက် အခွင့် ကောင်းတစ်ခုပင် ဖြစ်ပေသည်။

## ဘုရားပေးအပ်-လူကဲခတ်

ထို့ကြောင့် လူတစ်ယောက်ကို လွယ်လွယ်နဲ့ မယုံကြည်မိဖို့၊ သူတော်ကောင်းပဲ သူယုတ်မာပဲလို့ သိနိုင်ဖို့ရာ...

၁။ အတူတကွလဲ နေမှ။
၂။ အချိန်ကြာကြာလဲ နေမှ။

၃။ သူယုတ်မာ လေလော ─ သူတော်ကောင်း လေလော ဟူ၍လဲ နှလုံးသွင်းမှု။

၄။ စုံစမ်းဆုံးဖြတ်တတ်သော ဉာဏ်ပညာလဲ ရှိမှ သိနိုင်သည်ဟု အံယုတ်ပါဠိတော် (အံ-၁၊ ၇၈)၌ မြတ်စွာဘုရား ဟောကြားထားပါသည်။

ဆောင်ပုဒ်။ ။အတူနေကြာ၊ အင်ကြင်ပေါ်၊ ဉာဏ်ပညာဖြင့်ကြည့်။
သူယုတ် သူမြတ်၊ ယင်းနှစ်ရပ်၊ တပ်အပ်သေချာသိ။

## ပေါင်းသင့်သူ မပေါင်းသင့်သူ

၁။ ကိုယ့်ထက် သာလွန်သော သူကို အလေးဂရုပြု၍ ပေါင်းသင်းရမည်။

၂။ ကိုယ်နှင့်တန်းတူသော သူကိုလည်း ပေါင်းသင်းရမည်။

၃။ ကိုယ်နှင့်တန်းတူသောသူကို မရရှိနိုင်လျှင် တစ်ယောက်တည်းသာ နေရမည်။

၄။ ကိုယ့်အောက် ယုတ်နိမ့် ယုတ်ညံ့သောသူကို အဘယ်သောအခါမျှ မပေါင်းသင်းအပ်၊ ရှောင်ကြဉ်ရမည်။

ဆောင်ပုဒ်။ ။မြတ်ကြတူကြ၊ ဤနှစ်ဝ၊ မုချပေါင်းရမည်။
ယုတ်သူကိုကား၊ ဝေးစွာသွား၊ ရှောင်ရှားသင့်ပေသည်။

http://www.dhammadownload.com



၁။ ကိုယ့်ထက်သာလွန်သောသူကို အလေးဂရုပြု၍ ပေါင်းသင်းရမည်ဟူသည် မိမိထက် ကိုယ်နှုတ်ကို စောင့်စည်းခြင်း သီလ၊ စိတ်ကို တည်ငြိမ်အောင် ထိန်းသိမ်းစောင့်စည်းခြင်း သမာဓိ၊ စိတ်ကိုယဉ်ကျေးအောင် ဆုံးမခြင်း ပညာအားဖြင့် ကိုယ့်ထက် သာလွန်သောသူကို အလေးဂရုပြု၍ ပေါင်းသင်းရမည်ဟု ဆိုလိုပါသည်။ ကိုယ့်ထက် ပစ္စည်းဥစ္စာ အားဖြင့် သာလွန်၍ပေါများသောသူကို အလေးဂရုပြု၍ ပေါင်းသင်းရမည်ဟု မဆိုလို။

ကိုယ့်ထက် ပစ္စည်းဥစ္စာကြွယ်ဝချမ်းသာသူတိုင်းလည်း သီလရှိချင်မှ ရှိသည်၊ သမာဓိ ရှိချင်မှရှိသည်၊ ပညာရှိချင်မှ ရှိသည်ကို အတော်မြင်လှပေသည်။ ပစ္စည်းဥစ္စာမင် ရှိငြားသော်လည်း သီလ, သမာဓိ, ပညာမရှိသောသူကို မပေါင်းသင်းအပ်သည်သာတည်း။

၂။ ကိုယ်နှင့်တန်းတူသူကို ပေါင်းသင်းရမည် ဟူသည်မှာလည်း မိမိနှင့် ကိုယ်နှုတ်ကို စောင့်စည်းခြင်းသီလ၊ စိတ်ကို တည်ငြိမ်အောင် ထိန်းသိမ်းစောင့်စည်းခြင်း သမာဓိ၊ စိတ်ကို ဆုံးမခြင်း ပညာအားဖြင့်တူသောသူကို ပေါင်းသင်းရမည်ဟု ဆိုလိုပါသည်။ ပစ္စည်းဥစ္စာအားဖြင့် တန်းတူသူကို ပေါင်းသင်းရမည်ဟု မဆိုလိုပါ။

၃။ ကိုယ်နှင့် တန်းတူသူကိုမရ၍ ကိုယ့်အောက် ယုတ်နိမ့်သောသူကို ပေါင်းသင်းမိသော် သူသည် ယခု မျက်မှောက်ဘဝနှင့် နောင်သံသရာ ဘဝများအတွက်ပါ အကျိုးကျက်မှ

http://www.dhammadownload.com



သူတစ်ယုတ် နိမ့်ကျသွားနိုင်သည့် ဖြစ်သောကြောင့် ကိုယ်နှင့် တန်းတူသူကို မရနိုင်ခဲ့သော် တစ်ယောက်တည်းသာနေရမည်ဟု မြတ်စွာဘုရား ဟောကြားတော်မူခဲ့ခြင်း ဖြစ်ပေသည်။

၄။ ကိုယ့်အောက် ယုတ်နိမ့် ယုတ်ညံ့သောသူကို အတတ်သော အခါမျှ မပေါင်းသင်းအပ်ဟူသည် ကိုယ့်အောက် သီလ၊ သမာဓိ၊ ပညာအားဖြင့် ယုတ်နိမ့်သောသူကို မပေါင်းသင်း အပ်ဟု ဆိုလိုပါသည်၊ မစွည်းဥစ္စာအားဖြင့် နည်းပါးယုတ်နိမ့် သူကို မပေါင်းသင်းအပ်ဟု မဆိုလိုပါ။

ကိုယ့်အောက် ယုတ်နိမ့်သူကို သနားခြင်းကို အကြောင်းပြု၍ သူသည် ငါ့ကိုအမှီပြုရသည်ရှိသော် သီလစသော ကုသိုလ် တရားတွေ တိုးပွားလတ္တံ့ဟု နှလုံးသွင်းလျက် သူ့ထံမှ တစ်စုံ တစ်ခုရရှိမှုကိုမမျှော်လင့်ဘဲ ကယ်တင်ရမေသည်၊ ကယ်တင်ခြင်း ငှာ မစွမ်းနိုင်လျှင် ဝေးဝေးကသာ ရှောင်ကြဉ်ရမည်။

(ဓမ္မပဒ-ဋ္ဌ၊ ၁၊ ၂၉၆) (အံ-၁၁၁၂၂)

## တစ်နည်း ပေါင်းသင့်သူ မပေါင်းသင့်သူ

အကြင်သူတစ်ယောက်သည် မိမိကို ယုံမှားသံသယ မရှိ။ ယုံကြည်စိတ်ချ၍အကျွမ်းတဝင်ရှိ၏။ မိမိကသူ့ အပေါ် အကျွမ်း တဝင် ရှိမှုကိုလည်း နှစ်သက်၏။ မိမိက အကျွမ်းတဝင် ပြော ဆိုသောစကားကိုလည်း နားထောင်လို၏။ မိမိက အပြုမှား၊ အပြောမှားရှိသည်ကိုလည်း သည်းခံတတ်၏။ ကိုယ်ဖြင့်လည်း မကောင်းတာကို မပြုလုပ်တတ်။ နှုတ်ဖြင့်လည်း မကောင်းတဲ့

http://www.dhammadownload.com



စကားကို မပြောတတ်။ စိတ်ဖြင့်လည်း မကောင်းတာကို မကြံစည်တတ်။ ထိုသူကို သားအမိ, သားအဖ အရင်းကဲ့သို့ မှီခိုဆည်းကပ် ပေါင်းသင်းအပ်၏။

(ဇာတက-၅။ ၃။ ၁၃၆)

အဆင်ပုဒ်။ ။ကျွမ်းဝင်နှစ်သက်၊ နှုးဖော်လျက်၊ မှား
ချက် သည်းခံသည်။
ကိုယ်နှုတ်စိတ်ပါ၊ မကောင်းတာ၊ ဘယ်ခါ
မပြုပြီ။
ထိုသူကိုလဲ၊ မှီလို့ပဲ၊ အမြဲပေါင်းသင့်သည်။

အကြင်သူတစ်ယောက်သည် နနွင်းမှုန့်တို့ဖြင့် ဖျော်ထားသော ဆီးရည်ကဲ့သို့ မခိုင်မြဲသောစိတ်ရှိ၏။ မျောက်ကဲ့သို့ အခုတစ်မျိုး အခုတစ်မျိုး လျင်မြန်သောစိတ်ရှိ၏။ ခဏခြင်း ချစ်တတ်၏။ ခဏခြင်းမုန်းတတ်၏။ ထိုသူကို ဇမ္ဗူဒိပ်မြေ တစ်ကျွန်းလုံး၌ ထိုသူမှတစ်ပါး အခြားလူမရှိသော်လည်း မမှီခိုမဆည်းကပ် မပေါင်းသင်းအပ်သည်သာတည်း။

(ဇာတက-၃။ ၁၃၆)

အဆင်ပုဒ်။ ။နနွင်းဆီးရေ၊ မျောက်စိတ်နေ၊ ချစ်လေမုန်း
တတ်သည်။
စိတ်မတည်ငြား၊ ထိုသူအား၊ ရှောင်ရှား
သင့်ပေသည်။

http://www.dhammadownload.com



## ပညာရှိပေါင်းသင်း မြင့်မြတ်ခြင်း

အကြင်ပညာရှိ ပုဂ္ဂိုလ်တစ်ယောက်သည် အပြစ်ကို ထုတ်ဖော်ပြ၍ နှိပ်ကွပ်ဆုံးမလေ့ရှိ၏။ ထို ပညာရှိသူတော်ကောင်းကို တွေ့မြင်ရသောသူသည် ပစ္စည်းဥစ္စာ ရှားပါးနွမ်းပါးနေသူကို သနားသဖြင့် ရွှေအိုးမြှုပ်နှံထားရာအရပ်သို့ ခေါ်ဆောင်၍ ရွှေအိုးကို ညွှန်ပြပေးသောသူကဲ့သို့ မှီဝဲဆည်းကပ် ပေါင်းသင်းအပ်၏။ ထိုသို့အပြစ်ကိုပြ၍ ဆုံးမတတ်သောသူတော်ကောင်းကို မှီဝဲဆည်းကပ် ပေါင်းသင်းရသောသူသည် ယုတ်ညံ့ခြင်းမရှိ၊ မြင့်မြတ်ခြင်းသာ ဖြစ်သည်။

(ဓမ္မပဒ–ဂါထာ ၇၆)

ဆောင်ပုဒ်။ ။အပြစ်ပြလျက်၊ ဆုံးမချက်၊ နှစ်သက်ခံယူသည်။
ရွှေအိုးပေးလာ၊ ပုံမှာ၊ များစွာနှစ်သက်သည်။
ပညာရှိသူ၊ ပေါင်းသင်းမှု၊ ဤလူမြင့်မြတ်သည်။

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အလွန်ဆင်းရဲနွမ်းပါး၍ ခိုကိုးရာမဲ့ဖြစ်နေသော ရာဓပုဏ္ဏားကြီးသည် မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ လာ၍ မြက်သစ်ပင်တို့ကို သုတ်သင်ရှင်းလင်းခြင်း၊ ရေခပ်ခြင်း၊ တံမြက်လှည်းခြင်း စသော သံဃာ့ဝေယျာဝစ္စများကို ပြုလုပ်ဆောင်ရွက်လျက် ကျောင်းအိမ်ကျောင်းစား အဖြစ်ဖြင့် မှီခိုကပ်ရပ်၍ နေထိုင်လေ၏။

ရဟန်းတော်တို့သည် ဆင်းရဲသောရာဇပုဏ္ဏားကြီးကို ထမင်းကျန် ဟင်းကျန် စားသောက်ဖွယ်ရာတို့ကို ပေး၍ ထောက်ပံ့ကြကုန်၏။ ရာဇပုဏ္ဏားကြီးကို တစ်ပါးသော ရဟန်းကမျှ ရဟန်းပြုပေးခြင်းငှာ အလိုမရှိကြကုန်။ ရာဇပုဏ္ဏားကြီးသည် အလွန်ပင် ရဟန်းဝတ်ချင်၏။ ရဟန်း မဝတ်ရသောကြောင့် ပိန်ချုံးလျက် ရှိ၏။

တစ်နေ့သ၌ မြတ်စွာဘုရားသည် နံနက်စောစောလောကကို ကြည့်ရှုတော်မူသည်ရှိသော် ဆင်းရဲသား ရာဇပုဏ္ဏားကြီးသည် လျင်မြန်စွာ ရဟန္တာဖြစ်နိုင်သည်ကို မြင်တော်မူသောကြောင့် ကျောင်းစဉ် လှည့်လည်၍ ကြည့်ရှုတော်မူသကဲ့သို့ ရာဇပုဏ္ဏားကြီးအနီးသို့ ကြွတော်မူလာ၍ 'ရာဇပုဏ္ဏားကြီး ဘာတွေလုပ်နေသနည်း' ဟု မေးတော်မူ၏။

'မြတ်စွာဘုရား ရဟန်းတော်တို့၏ ဝတ်ကြီးဝတ်ငယ်တို့ကို ဆောင်ရွက်နေပါသည်ဘုရား' ဟု 'လျှောက်ထားလေ၏။ ရဟန်းတော်တို့၏ထံမှ ထောက်ပံ့ ချီးမြှင့်ခြင်းကို ရပါသလားဟု မေးတော်မူပြန်၏။ မှန်လှပါဘုရား...အစာ အာဟာရများကို ပေး၍ ထောက်ပံ့ကြပါသည်ဘုရား၊ တပည့်တော်ကို ရဟန်း မပြုပေးလိုကြပါဘုရားဟု လျှောက်ထားလေ၏။

(ဓမ္မပဒ၊ ဋ္ဌ၊ ၁-၃၄၆)

မြတ်စွာဘုရားသည် ရဟန်းတော်တို့ကို စည်းဝေးစေ၍ 'ချစ်သားရဟန်းတို့ ရှေးအခါက ရာဇပုဏ္ဏားကြီးသည် ငါတို့ အပေါ်ပြုခဲ့ဖူးသော ကျေးဇူး ရှိပါ၏လော' ဟု ရာဇပုဏ္ဏား

http://www.dhammadownload.com



ကြီး၏ ကျေးဇူးကို မေးတော်မူရာ အရှင်သာရိပုတ္တရာက မြတ်စွာဘုရား တပည့်တော်အပေါ်၌ ရာဓပုဏ္ဏားကြီး၌ ထား သော ကျေးဇူးရှိပါသည်ဘုရား။ တပည့်တော် ရာဇဂြိုဟ်ပြည်၌ ဆွမ်းခံလှည့်လည်စဉ်က ဆွမ်းတစ်ဇွန်း လောင်းလှူဖူးပါသည် ဘုရား’ဟု လျှောက်ထားလေ၏။

‘ချစ်သား သာရိပုတ္တရာ၊ ရာဓပုဏ္ဏားကြီး၏ ကျေးဇူး သင့်မှာရှိခဲ့ဖူးလျှင် ရာဓပုဏ္ဏားကြီးကို ရဟန်းပြုပေးသင့်သည် မဟုတ်လော’ဟု မိန့်တော်မူပြန်ရာ အရှင်သာရိပုတ္တရာသည် ရာဓပုဏ္ဏားကြီးကို ရဟန်းပြုပေးလိုက်၏။ ရာဓပုဏ္ဏားကြီးသည် သိက္ခာဂါရဝ ရှိသည်ဖြစ်၍ အဆုံးအမခံ နေရာကိုသာ ရှာ ဆင်းရှိ၏။ ထိုသို့ဖြစ်၍ အရှင်သာရိပုတ္တရာသည် ရာဓရဟန်းကြီးကို ခေါ်၍ ခရီးထွက်တော်မူလေ၏။

အရှင်သာရိပုတ္တရာသည် အစဉ်မပြတ် ရာဓရဟန်းကြီးကို ဤအမှုကိုပြု အပ်၏။ ဤအမှုကို မပြုအပ်ဟု အမြဲမပြတ်ကိုပြ၍ ဆုံးမ တော်မူသည်ရှိသော် ရာဓရဟန်းကြီးသည် ဆုံးမရလွယ်ကူပြီး ရိုရိုသေသေ လိုက်နာလျက်ရှိ၏။ ဤကဲ့သို့ ပြောဆိုဆုံးမရ လွယ်ကူပြီး ပြောဆိုဆုံးမသည့်အတိုင်း ကျင့်ကြံ အားထုတ် သောကြောင့် သုံးရက်မြင့်သော ရဟန္တာဖြစ်သွားလေ၏။

အရှင်သာရိပုတ္တရာသည် ရာဓရဟန်းကြီးကိုခေါ်၍ မြတ်စွာ ဘုရားထံ ပြန်ကြွသွားလေ၏။ မြတ်စွာဘုရားက ‘ချစ်သား သာရိပုတ္တရာ သင်၏တပည့် ရာဓရဟန်းကြီးသည် ပြောဆိုဆုံးမ ရလွယ်ပါ၏လား’ဟု မေးတော်မူ၏။ ‘မြတ်စွာဘုရား....ရာဓ

http://www.dhammadownload.com



ရဟန်းကြီးသည် အလွန်ပင် ပြောဆိုဆုံးမ၍ လွယ်ကူပါသည့် ဘုရား၊ တစ်ရံတစ်ခုသော အပြစ်ကြောင့် ဆိုဆုံးမသည်ရှိသော် တစ်ရံတစ်ခါမျှ အမျက်ဒေါသ ခက်ထန်ခြင်းမရှိပါဘုရား" ဟူ၍ လျှောက်ထားလေ၏။

ထိုရာဓရဟန်းကြီးကို အကြောင်းပြု၍ "ချစ်သားရဟန်းတို့ ရဟန်းမည်သည် ရာဓရဟန်းကြီးကဲ့သို့ ပြောဆိုဆုံးမ လွယ်ကူသော စကားရှိသည်ဖြစ်ရာ၏။ အပြစ်ကိုပြ၍ ပြောဆိုဆုံးမအပ်သဖြင့်လည်း အမျက်မထွက်အပ်၊ အဆုံးအမပေးလာသော သူကို ရတနာရွှေအိုးကို ညွှန်ပြပြောကြားလာသော သူကဲ့သို့ မှတ်အပ်၏" ဟု မိန့်ကြားကာ အောက်ပါဂါထာတို့ ဟောကြားတော်မူ၏။

နိဓီနံဝ ပဝတ္တာရံ၊
ယံ ပဿေ ဝဇ္ဇဒဿိနံ။
နိဂ္ဂယှဝါဒိံ မေဓာဝိံ၊
တာဒိသံ ပဏ္ဍိတံ ဘဇေ။
တာဒိသံ ဘဇမာနဿ၊
သေယျော ဟောတိ န ပါပိယော။

(ဓမ္မပဒဂါထာ-၇၆)

ဝဇ္ဇဒဿိနံ၊ အပြစ်ကို ဖော်ပြတတ်သော။ နိဂ္ဂယှဝါဒိံ၊ နှိပ်ကွပ်၍ ဆိုဆုံးမလေ့ရှိသော။ မေဓာဝိံ၊ ထက်မြက်သော ဉာဏ်ပညာရှိသော။ ယံ ပဏ္ဍိတံ၊ အကြင်ပညာရှိကို။ ပဿေ၊ တွေ့မြင်ရငြားအံ့။ တံ တာဒိသံ၊ ထိုသို့ သဘောရှိသော။

http://www.dhammadownload.com



ဟိ ပဏ္ဍိတာ၊ ထိုမည္သာရှိကုန်၊ နိဓိနံ၊ မြှုပ်ထားအပ်သော ဥစ္စာအိုးတို့ကို။ ပဝတ္တာရံ ဣဝ၊ ညွှန်ပြဖော်ပြတတ်သောသူကဲ့သို့။ အဝဇ္ဇဒဿီ၊ အပြစ်ကိုရှုလေ့ရှိသော။ တာဒိသံ၊ ထိုသို့ သဘောရှိသော မည္သာရှိကို။ ပဏ္ဍိတံ၊ ပညာရှိ သည်းကပ်ရာသူအား။ ဘဇေ၊ ဆည်းကပ်ရာ၏။ သေယျော၊ အထူးသဖြင့် မြတ်သည်။ ဟောတိ၊ ဖြစ်၏။ ပါပိယော၊ ယုတ်မာသည်။ န ဟောတိ၊ မဖြစ်။

## နိဂုံးချုပ်ကာ သိမွယ်ရာ

ဤ ရာဓမထေရ်ကြီး ဝတ္ထုဖြင့် မည္သာအရာမှာ အမြတ်ဆုံးဖြစ်သော အရှင်သာရိပုတ္တရာ တည်းဟူသော မည္သာရှိသူတော်ကောင်းကို မှီဝဲဆည်းကပ် ပေါင်းသင်းရသောကြောင့် ရာဓမထေရ်ကြီးသည် ယုတ်နိမ့်သော ဆင်းရဲသားဘဝမှ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်ရှိပြီး သုံးရက်အတွင်းမှာပင် တစ်လောကလုံးတွင် အမြတ်ဆုံးအလှူကို ခံယူတော်မူထိုက်သော ရဟန္တာပုဂ္ဂိုလ်မြတ် အဖြစ်သို့ ရောက်သွားရသည်မှာ အလွန်မှတ်ထင်ရှားပေ၏။

'သေယျော ဟောတိ န ပါပိယော' ဟူသော ဂါထာပါဒ်၌ 'ပညာရှိ သူတော်ကောင်းနှင့် ပေါင်းသင်းခြင်းကို ပြုလျှင် မြင့်မြတ်သည် မယုတ်မာ' ဟူ၍ အလျော်အသင့်ကို ဆိုသဖြင့် သူယုတ်မာနှင့်ပေါင်းသင်းခြင်းကိုပြုလျှင် မမြင့်မြတ် ယုတ်မာသည်ဟူသော ဆန့်ကျင်ဘက် ပြောင်းပြန်အဓိပ္ပာယ်ကို မဆိုဘဲသော်လည်း သိရပေသည်။

http://www.dhammadownload.com



ဤသို့ဖြစ်ပါ၍ ပညာရှိ သူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်းကို ပြုလျှင် သူတော်ကောင်းတို့၏ အကျင့်တရားများ တိုးတက်ကြီးပွားရ၍ မြင့်မြတ် မယုတ်မာဘဲနှင့် သူယုတ်မာတို့နှင့် ပေါင်းသင်းခြင်းကို ပြုလျှင် သူယုတ်မာတို့၏ ညာခဉ်ဆိုး အကျင့်ဆိုးများကို ရရှိ၍ မမြင့်မြတ် ယုတ်မာပုံတို့ကို သတ္တိဂုမ္ဗဇာတ် (ဇာတက-ဋ္ဌ ၄၊ ၄၃၂)ဖြင့် ထင်ရှားစွာ သိရပေသည်။

အခါတစ်ပါးတွင် ဥတ္တရပဉ္စာလမြို့၌ ပဉ္စာလမင်းကြီး အမဲစီးနေ့ခိုက်တွင် တောအုပ်ကြီးအတွင်း တောင်စောင်းရှိ လက်ပံတော၌ ကျေးငှက် (ကြက်တူရွေး) ညီနောင်နှစ်ကောင် ပေါက်ဖွားလျက် ရှိလေ၏။ တစ်နေ့သောအခါ လက်ပံတော၌ လေပြင်းမုန်တိုင်းတိုက်၍ အသိုက်ပေါက်စ ကျေးငှက်ကလေး နှစ်ကောင်တို့သည် လေထဲသို့ လွင့်ပါသွားကြပြီး လျှင် တစ်ကောင်သည် အကောက်လေညာဘက်သို့ ခိုးသားဓားပြတို့၏ ရွာဝယ် လက်နက်ပုံအကြား၌ ကျလေ၏၊ ခိုးသားဓားပြတွေက လက်နက်ပုံအကြား၌ ကျလာသောကြောင့် သတ္တိဂုမ္ဗဟု အမည်ပေးထားကြ၏။ သတ္တိဂုမ္ဗကျေးငှက် (ကြက်တူရွေး) သည် ခိုးသားဓားပြတို့နှင့် အတူတကွနေထိုင်၍ ကြီးပြင်းလာရ၏။

နောက်တစ်ကောင်သည် အောက်လေဘက် ရသေ့တို့၏ ကျောင်းဝယ် ပန်းပင်တို့၏အကြား၌ ကျလေ၏၊ ရသေ့တို့က ပန်းပင်များအကြား၌ ကျလာသောကြောင့် ပုပ္ဖကဟု အမည်ပေးထားကြ၏၊ ပုပ္ဖက ကြက်တူရွေးသည် ရသေ့ကြီးများနှင့် အတူတကွနေထိုင်၍ ကြီးပြင်းလာရ၏။

http://www.dhammadownload.com



## ရှေးသမင် အယ်ကထွက်–မင်းကြီးတာကထွက်

ထိုအခါ တစ်နေ့သ၌ ပဉ္စာလမင်းကြီးသည် ကိုယ်ရံတော် အခြံအရံများ, အမတ်ကြီးများ, စစ်ဗိုလ်ကြီးများနှင့်အတူတကွ သားသမင်ကိုဖမ်းယူရန် တောလည် တောကစားထွက်လေ၏၊ တောအုပ်ထဲသို့ ရောက်သောအခါ တောချုံတစ်ခုအတွင်း၌ သားကောင်ကို ဝိုင်း၍ မင်းကြီးက တစ်ဘက်၊ ကိုယ်ရံတော် အမတ်ကြီး, စစ်ဗိုလ်ကြီးများက တစ်ဘက်စီက ဝိုင်းရံ ခြောက်လှန့်၍ ဖမ်းကြရာ သားကောင်သည် မင်းကြီးဘက်မှ ထွက်ပြေးသွားလေသည်။

သားကောင်သည် မင်းကြီးဘက်မှ ထွက်ပြေးသွားကြောင်း သိကြသော အမတ်ကြီး, စစ်ဗိုလ်ကြီးတို့က "ရှေးသမင် အယ်က ထွက်-မင်းကြီးတာကထွက်" ဟသော စကားတို့ဖြင့် နောက်ပြောင် မြောက်ရယ်မှုကြသောကြောင့် မင်းကြီး ရှက်၍ ရထား မောင်းသမားကို ရထားကို အမြန်မောင်းစေလျက် သား ကောင်နောက်သို့ အမြန်လိုက်လေ၏၊ အမတ်ကြီး, စစ်ဗိုလ်ကြီး တို့သည် မင်းကြီးကို မီအောင် မလိုက်နိုင်ကြ၍ မင်းကြီးနှင့် အဆက်ပြတ်ကာ ကျန်ရစ်ကြလေကုန်၏။

မင်းကြီးနှင့် မြင်းရထား မောင်းသူ နှစ်ယောက်တို့သည် တောထဲသို့ရောက်သွားကြ၏၊ သားကောင်ကိုလည်းမမိ၊ အလွန် လည်း ပင်ပန်း၏၊ အချိန်ကလည်း မွန်းတည့် ခယ်နှစ်နာရီအချိန် သို့ ရောက်နေပြီဖြစ်၍ နောက်သို့ပြန်လှည့်ခဲ့ရာ ခိုးသားခေးမြ

တို့၏ ရွာအနီးမှာ အလွန် စိတ်ကြည်နူးဖွယ်ကောင်းသော တောင်ကျရေမြောင်းတစ်ခုကို တွေ့မြင်ရသဖြင့် ရေသောက် ရေချိုးကာ အနားယူနေကြ၏။

ရထားမောင်းသမားသည် ရထားပေါ်မှ အခင်းများကို ယူ၍ အရိပ်ကောင်းသောသစ်ပင်ရင်းမှာ မင်းကြီး အိပ်လျောင်း အနားယူဖို့ ခင်းပေးလေ၏။ မင်းကြီး အိပ်လျောင်း အနား ယူသောအချိန်မှာ ရထားမောင်းသမားက မင်းကြီး၏ ခြေ ထောက်ကို နှိပ်ပေးနေ၏။ မင်းကြီးသည် အိပ်ပျော်တစ်လှည့် မပျော် တစ်လှည့် ဖြစ်နေ၏။

ရွာ၌နေကြသော ခိုးသားဓားပြတို့သည် တောထဲသို့ ဝင် သွားကြကုန်၏။ သတ္တိဂုမ္ဗနှင့် ထမင်းချက်သမား ပတိကောလမ္ဗ ကျန်နှစ်ယောက်တို့သာ ကျန်ရစ်ခဲ့ကြ၏။ သတ္တိဂုမ္ဗသည် အနား ယူ အိပ်ပျော်နေသော မင်းကြီးကိုမြင်လျှင် မင်းကြီးကိုသတ်၍ မင်းကြီး၏ အဝတ်တန်ဆာတို့ကို ယူဖို့ရာ ကြံစည်လျက် ထမင်း ချက်သမား ပတိကောလမ္ဗထံသို့ သွားကာ မင်းကြီးကို သတ် ၍ အဝတ်တန်ဆာတို့ကိုယူပြီး အလောင်းကောင်ကို သစ် ခက်တို့ဖြင့် ဖုံးအုပ်ထားဖို့ရာ ပြောလိုက်၏၊ တစ်ဖန် မင်းကြီး ရှိ ရာသို့ ထွက်ကြည့်လိုက်နဲ့ လျင်မြန်စွာ ပျံသွားနေ၏။

ထမင်းချက်သမား ပတိကောလမ္ဗက မင်းဆိုတာ အလွန် တန်ခိုးကြီးမားရှိ၍ အလွန် ကြောက်ရွံ့ရပါသည်။ မသတ်ရဲ ကြောင်း ပြန်ပြောရာ သတ္တိဂုမ္ဗက ထမင်းချက်သမားကို အရက်

http://www.dhammadownload.com



ဧတ္တာ မူးနေစဉ်ကတော့ ကျုံးဝါးနေပြီး အခုတော့ မင်း သတ္တိ ကြောင်နေသလား ဟသည်ဖြင့် ကြိမ်းမောင်း ပြောဆိုလေ၏။

မင်းကြီး အိပ်ရာမှနိုးလာပြီး ပတိကောလမှနှင့် ကျေးငှက် သတ္တိဂုမ္ဗ၏ လူတစ်ယောက်ကဲ့သို့ ပြောဆိုကြိမ်းမောင်းနေသော စကားသံများကို ကြားရသောကြောင့် ဤနေရာသည် အန္တရာယ်ရှိသောနေရာ ဖြစ်သည်ဟူ၍ဆိုကာ ရထားမောင်းသမားကို ရထားအားမြန်တပ်ဆင် မောင်းနှင်စေ၍ ထွက်ခဲ့လေ၏။

ခိုးသားဓားပြရွာမှ မင်းကြီး ထွက်သွားရာမှာလည်း သတ္တိဂုမ္ဗသည် သစ်ပင် တစ်ပင်မှတစ်ပင်သို့ ပျံသန်းလိုက်လာ၍ ခိုးသားတွေ ဘယ်သွားနေကြသလဲ၊ မင်းကြီးကိုမလွှတ်သွားစေနဲ့၊ ဖမ်းကြ၊ သတ်ကြ၊ အဝတ်တန်ဆာတို့ကို ချွတ်ယူကြ၊ ဟသည်ဖြင့် သူယုတ်မာတို့၏ အမူအရာ အပြောအဆိုတို့ကို ပြောဆိုလျက် လိုက်လာလေ၏။

သတ္တိဂုမ္ဗ ကျေးငှက်သည် သူယုတ်မာ ခိုးသားဓားပြတို့နှင့် ပေါင်းသင်းရသောကြောင့် စိတ်ဖြင့်လည်း မင်းကြီးကို သတ်ဖို့ရန် ကြံစည်ခြင်းတည်းဟူသော သူယုတ်မာတို့၏ လက္ခဏာကို ပြလျက်ရှိပေသည်။

ကိုယ်ဖြင့်လည်း မင်းကြီးအိပ်နေစဉ် သတ်ဖို့ရာ ခိုးသားဓားပြရွာမှ ထွက်ကြည့်လိုက်၊ ထမင်းချက်သမား ပတိကောလမှထံ ပျံသွားလိုက်နှင့် ပျံသန်းနေသော သူယုတ်မာတို့၏ လက္ခဏာကိုလည်းကောင်း၊ မင်းကြီး၏ ခိုးသားဓားပြရွာမှ ထွက်သွားစဉ်

http://www.dhammadownload.com



သစ်ပင် တစ်ပင်မှ တစ်ပင်သို့ မင်းကြီးကို သတ်လိုသော အမူ အရာဖြင့် ပျံသန်းလိုက်ပါလာခြင်းတည်းဟူသော သူယုတ်မာ တို့၏ လက္ခဏာကိုလည်းကောင်း မြွလျက်ရှိပေသည်။

နတ်ဖြစ်လည်းမင်းကြီးကိုသတ်၍ အဝတ်တန်ဆာတို့ကို ချွတ် ယူမိရာ ထမင်းချက်သမား ပတိတောလမှုကို မြောဆိုခြင်း တည်းဟူသော သူယုတ်မာတို့၏ လက္ခဏာကိုလည်းကောင်း၊ မင်းကြီး၏ ခိုးသားဓားပြတို့ရွာမှ ထွက်သွားစဉ် မင်းကြီးကို မလွှတ်စေကြနှင့်၊ ဖမ်းကြ၊ သတ်ကြ၊ အဝတ်တန်ဆာတို့ကို ချွတ်ယူကြဟု၍ မြောဆိုခြင်း တည်းဟူသော သူယုတ်မာတို့၏ လက္ခဏာကို လည်းကောင်း မြွလျက်ရှိပေသည်။

ဤကဲ့သို့ ကျေးငှက် တိရစ္ဆာန်သည်ပင် သူယုတ်မာ ခိုးသားများနှင့် ပေါင်းသင်းရ၍ သူယုတ်မာတို့၏ လက္ခဏာ ထင်ရှားစွာဖြင့် သူယုတ်မာ ဖြစ်သွား ပေသည်။

မင်းကြီးသည် ခိုးသားဓားပြတို့ရွာမှ ထွက်လာခဲ့ပြီးနောက် မကြာမီ ရသေ့ကျောင်းသို့ ရောက်လေ၏။ ရသေ့ကျောင်းမှ ကျေးငှက် (ကြက်တူရွေး) တစ်ကောင် ထွက်လာပြီးလျှင် မင်းကြီး၏ ရောက်လာခြင်းသည် ကောင်းသောလာခြင်း ဖြစ် ပါပေသည်။ ရသေ့ကြီးတော့ခပ်ထားသော၊ အေးမြသော ရေ တွေလည်း ရှိပါသည်။ အလိုရှိသလိုသောက်သုံးပါ၊ ရသေ့ကြီး တော့ ခူးဆွတ်ထားသော၊ ချိုသောအရသာရှိသော သစ်သီး အမျိုးမျိုးတွေလည်း ရှိပါသည်။ အလိုရှိသလို စားသုံးပါ။

http://www.dhammadownload.com



အကျွန်ုပ်မှာလည်း လက်မရှိတဲ့ ကျေးငှက်ဖြစ်၍ ယူမပေးနိုင်ခြင်း ဖြစ်ပါသည်။ ရသေ့ကြီးတို့လည်း တောသို့ သစ်သီးရှာဖွေသွားနေကြပါသည်ဟူ၍ ဧည့်ဝတ်ကျေပွန်စွာ ပြောဆို နှုတ်ဆက် ဧည့်ခံလေ၏။

မင်းကြီးသည် ရသေ့ကျောင်းသို့ ရောက်လာသောအခါ ရသေ့ကျောင်းအတွင်းမှ ထွက်လာသော ပုပ္ဖက၏ သိမ်မွေ့သော ကိုယ်အမူအရာများနှင့် မင်းကြီး၏ရောက်လာခြင်းသည် ကောင်းသောရောက်လာခြင်းဖြစ်ပါပေသည်ဟူသော ပုပ္ဖက၏ ချိုသာသောစကား နှုတ်အမူအရာတို့သည် ထင်ရှားသော သူတော်ကောင်းတို့၏ လက္ခဏာများပင် ဖြစ်ပါပေသည်။

ပဉ္စာလမင်းကြီးသည် ပုပ္ဖကကျေးငှက်၏ ရသေ့ကျောင်းမှ ထွက်၍ စိတ်ချမ်းသာယာဖွယ်ရာ စကားတို့ဖြင့် နှုတ်ဆက်ပြောဆိုခြင်းနှင့် သစ်သီး၊ ရေချမ်း၊ စားဖွယ်သောက်ဖွယ်တို့ကို သုံးဆောင်စားသောက်ပါရန်၊ လူနှင့်မခြား လိမ္မာယဉ်ကျေးစွာ ပြောဆိုမိတ်ကြားသော စကားတို့ကိုကြားရသဖြင့် ကြည်ညိုလှသည်ဖြစ်၍ ခိုးသားဓားပြတို့ရွာမှာ တွေ့ခဲ့ရသော ကျေးငှက် သတ္တိဂုမ္ဗ၏ ကြမ်းကြုတ်ရိုင်းပျပုံတို့ကို မျိုသိပ်မထားနိုင်တော့ဘဲ ပြောပြလိုက်လေ၏။

ခိုးသားဓားပြတို့ရွာမှာ တွေ့ခဲ့ရသော ကျေးငှက်သည် မင်းကြီးကို မလွတ်သွားစေနဲ့၊ ဖမ်းကြ၊ သတ်ကြ၊ အဝတ်တန်ဆာတို့ကို ချွတ်ယူကြ စသည်ဖြင့်ကြမ်းကြုတ်သော စကားတို့ကို ပြောဆို ကြိမ်းမောင်းလျက် နောက်မှလိုက်လာ၏။ ရသေ့ကျောင်းရောက်မှ ချမ်းသာရာရပါတော့သည်ဟူ၍ ပြောပြလိုက်လေ၏။

http://www.dhammadownload.com



## မုပ္ပက-က ရှင်းချက်

မြတ်သောမင်းကြီး သတ္တိဂုမ္မနှင့် အကျွန်ုပ် မုပ္ပက ဤနှစ်ယောက်တို့သည် တစ်မိဘဝမ်းမှ အတူ သက်ဆင်းမွေးဖွားလာသော ညီအစ်ကိုအရင်းတို့ ဖြစ်ကြပါသည်။ သစ်ပင်တစ်ပင်တည်း၌ အတူတကွ ကြီးပြင်းလာကြပါသည်။ နောက်မှ လေပြင်းမုန်တိုင်း တိုက်၍ တကွဲတပြား အရပ်တစ်ပါးသို့ ရောက်သွားရခြင်းသာ ဖြစ်ပါသည်။

သတ္တိဂုမ္မသည် ခိုးသားဓားပြတို့ ရွာသို့ ရောက်၍ ခိုးသားဓားပြတို့ထံ၌ ကြီးပြင်းလာရပါသည်။ အကျွန်ုပ် မုပ္ပကသည် ရသေ့တို့၏ ကျောင်းသို့ရောက်၍ ကြီးပြင်းလာရပါသည်။ သတ္တိဂုမ္မသည် သူယုတ်မာတို့ထံ ရောက်သွားရ၍ မကောင်းသော အကျင့်စရိုက်နေခြင်း ဖြစ်ပါသည်။ အကျွန်ုပ် မုပ္ပကသည် သူတော်ကောင်းတို့ထံ ရောက်လာရ၍ ကောင်းသော အကျင့်များ ရှိနေရခြင်းဖြစ်ပါသည်။ ဤမျှလောက်သာ ထူးခြားကြပါသည်။

မြတ်သောမင်းကြီး...ခိုးသားဓားပြတို့ရွာ၌ သတ်ဖြတ်ခြင်း၊ ဖွဲ့စည်းတုပ်နှောင်ခြင်း၊ အကောက်အတုပြု၍ လှည့်ပတ်ခြင်း၊ အပြောင်ပြု၍လှည့်ပတ်ခြင်း၊ နေ့အခါ ရွာကိုဖျက်၍ လုယက်ခြင်း၊ အိမ်သို့ဝင်ကပ်၍ အနိုင်အထက် လုယက်ခြင်းစသော မကောင်း အကျင့်တို့ကို သင်ကြားကျင့်ကြရကုန်၏။ ထိုရွာသို့ ရောက်သွားကြသောသူတို့သည်လည်း မကောင်းသောအကျင့်ရှိသော သူယုတ်မာတို့နှင့် ပေါင်းသင်း ရကုန်သည် ဖြစ်၍

http://www.dhammadownload.com



မကောင်းသောအကျင့်ရှိသော သူယုတ်မာတို့သာ ဖြစ်ကြရပေါသည်။

## ကျောင်းသို့ရောက်ခါ လိုက်နာရာ

ရဟန်းတို့၏ကျောင်း၌ မှန်သောသဘောကို လိုက်နာခြင်း၊ ကိုယ်ဖြင့် ကောင်းတာကိုပြုလုပ်ခြင်း၊ နှုတ်ဖြင့် ကောင်းတာကို ပြောဆိုခြင်း၊ သူတစ်ပါးကို မညှဉ်းဆဲခြင်း၊ မေတ္တာရှေ့ထား ခြင်း၊ သီလကိုစောင့်ခြင်း၊ မျက်စိစသောဣန္ဒြေတို့ကို လုံအောင် စောင့်စည်းသုံးမခြင်း စသော ကောင်းသော အကျင့်တို့ကို ဆင်ကြရကုန်၏။ ထိုရဟန်းကျောင်းသို့ ရောက်သွားကြသော သူတို့လည်း ကောင်းသော အကျင့်ရှိသော သူတော်ကောင်း တို့နှင့် ပေါင်းသင်းကြရကုန်သည်ဖြစ်၍ ကောင်းသောအကျင့် ရှိသော သူတော်ကောင်းတို့သာ ဖြစ်ကြရပေါသည်။

[ဘုရားလောင်း ပုပ္ပကမြောကြားအပ်သော အထက်ပါ စကားတို့သည် ကျောင်း, ဘုရား, ရိပ်သာများသို့ ရောက်လာကြ သူ၊ နေထိုင်ကြသူများအတွက် နည်းယူဖွယ်၊ လိုက်နာဖွယ် ကောင်းလှပါပေသည်။ နည်းယူဖွယ်, လိုက်နာဖွယ်များပင် ဖြစ် ပါပေသည်။]

ဘုန်းတော်ကြီး ကျောင်းများ ရိပ်သာများ၌ နေထိုင်၍ တရားအားထုတ်ကြသော ယောဂီပုဂ္ဂိုလ်တို့ ပြောဆိုသင့်သော စကားဆယ်ခွန်းကို ကျမ်းဂန်တို့၌ ပေါ်ပြကြပါသည်။

၁။ အလိုနည်းခြင်းနှင့်စပ်သောစကား၊ ၂။ ရောင့်ရဲလွယ် ခြင်းနှင့်စပ်သော စကား၊ ၃။ အပေါင်းအဖော်များနှင့် ခွဲခွာ၍နေထိုင်ခြင်းနှင့် စပ်သောစကား၊ ၄။ သိတင်းမြိမ်ရာအရပ်သို့

ချုံးကပ်၍ နေထိုင်ခြင်းနှင့်စပ်သော စကား၊ ၅။ တရား အားထုတ်ခြင်း လို့ ဝီရိယနှင့်စပ်သောစကား၊ ၆။ သီလနှင့် စပ်သောစကား၊ ၇။ သမာဓိနှင့်စပ်သောစကား၊ ၈။ ပညာ နှင့်စပ်သောစကား၊ ၉။ ဝိမုတ္တိ-ဖိုလ်နှင့်စပ်သောစကား၊ ၁၀။ ဝိမုတ္တိဉာဏ် = ပစ္စဝေက္ခဏာဉာဏ်နှင့် စပ်သော စကား။ ဤ ဆယ်ခွန်းသောစကားကို ပြောဆိုသင့်သည်ဟု ဖော်ပြထား ပါသည်။ လိုက်နာဖွယ်ကောင်းလှပါပေသည်။ လိုက်နာရန်မင် ဖြစ်ပါသည်။

အောင်ဇမ္ဗူ။ ။လိုနည်းရောင့်ရဲ၊ ပေါင်ကွဲဆိတ်ငြိမ်၊ ကြိမ်ကြိမ်
လုံ့လ၊ သီလသမာ၊ ပညာဝိမုတ်၊ ဝိမုတ္တိဉာဏ်၊
ဤဆယ်တန်၊ ပြောရန်စကားတည်း။

## ပေါင်းသင်းရာမှ ကွဲပြားမှု

မြတ်သောမင်းကြီး...

၁။ မိတ်ဆွေကောင်းနှင့် ပေါင်းသင်းရသော သူသည် သူတော်ကောင်း ဖြစ်ရပါသည်။ ယုတ်မာသော မိတ်ဆွေနှင့် ပေါင်းသင်းရသောသူသည် သူယုတ်မာ ဖြစ် ရပါသည်။

၂။ မိဘကောင်းစသော သူတော်ကောင်းနဲ့ အတူတကွ နေကြရသောသူသည် သူတော်ကောင်းဖြစ်ရပါသည်။ သူယုတ်မာနဲ့ အတူတကွ နေရသောသူသည် သူယုတ် မာ ဖြစ်ရပါသည်။

http://www.dhammadownload.com



၃။ ဆရာကောင်းကို မှီဝဲဆည်းကပ်ရသော တပည့်သည် သူတော်ကောင်း ဖြစ်တတ်ပါသည်။

ဆရာဆိုးဆရာညံ့ကို မှီဝဲဆည်းကပ်ရသောသူသည် တပည့်ဆိုး တပည့်ညံ့ ဖြစ်တတ်ပါသည်။

ဘုရားလောင်း ပုဏ္ဏ ကျေးသား (ကြက်တူရွေး)၏ ဖောကြားသောတရားကိုထောက်၍ မိတ်ဆွေကောင်းမိဘညီအစ်ကို မောင်နှမကောင်း၊ ဆရာကောင်းတို့နှင့် ပေါင်းသင်းနေထိုင် မှီဝဲဆည်းကပ်မှုရာ အထူးသတိပြုသင့်လှပေသည်။

## ဥပမာဖြင့်ဆင့်ကာ တရားပြ

ဥပမာအားဖြင့် အဆိပ်လူးထားသော မြားသည် မြားထည့်ထားရာ ကျည်တောက်ကို အဆိပ်ဖြင့် လိမ်းကျံလူးပေသကဲ့သို့ သူယုတ်မာနှင့်ပေါင်းသင်းသူကို သူယုတ်မာ၏အကျင့်ဆိုးတို့သည် စွဲကပ်ကုန်၏။

ပုပ်ဟောင်နံစော်နေသော ငါးပုပ်တို့ကို သမန်းမြက်တို့ဖြင့် ထုပ်သည်ရှိသော် အပုပ်နံ့တို့သည် သမန်းမြက်တို့ကို ပုပ်စေသကဲ့သို့ သူယုတ်မာနှင့် ပေါင်းသင်းသူကို အကျင့်ဆိုးတို့သည် စွဲကပ်ကုန်၏။

အလွန်မွှေးကြိုင်သော တောင်ဇလပ်ပန်းတို့ကို ပေါက်ဖက်ဖြင့် ထုပ်အပ်သည်ရှိသော် မွှေးကြိုင်သောအနံ့တို့သည် ပေါက်ဖက်ကို မွှေးကြိုင်စေသကဲ့သို့ သူတော်ကောင်းနှင့် ပေါင်းသင်းသောသူကို သူတော်ကောင်း၏ အကျင့်မြတ်တို့သည် စွဲကပ်ကုန်၏။ (ဇာတက ၅၊ ၄၊ ၄၃၈)

http://www.dhammadownload.com



သို့ဖြစ်၍ မွေးကြိုင်သော အနံ့နှင့်တူသော မိမိ၏ပါရမီရှင့် ကျက်နေသည့်၏အဖြစ်ကို သိပြီးလျှင် လှယုတ်မာကို မမှိတ်မဆည်းကပ် မပေါင်းသင်းမူ၍ သူတော်ကောင်းကိုသာ မှီဝဲဆည်းကပ် ပေါင်းသင်းရာ၏။ သူယုတ်မာနှင့် ပေါင်းသင်းကုန်သောသူတို့သည် ချမ်းသာတစ်ခုမျှမရှိ၊ ဆင်းရဲအပြည့်သာ ရှိသော ငရဲသို့ ကျရောက်ထက်ကုန်ရာ၏။ သူတော်ကောင်းနှင့် ပေါင်းသင်းသူတို့သည် ချမ်းသာပြည့်ဝကောင်းမြတ်သော သုံးဘဝသို့ ရောက်ကုန်ရာ၏ ဟူ၍ ပုပ္ဖက် အရှုးအလောင်း (ကြက်တူရွေး) က မင်းကြီးအား တရားဟောကြားလိုက်လေ၏။

**ဆောင်ပုဒ်။** ။သူယုတ်ရှောင်ခွာ၊ သူမြတ်သာ၊ ပေါင်းပါ ချမ်းသာရမေရည်။
လှမိုက်ကိုကြဉ်၊ သူတော်စင်၊ ပေါင်းလျှင် မင်္ဂလာ။

အလှ မျက်မှောက်ဘဝနှင့် နောင်သံသရာဘဝတို့၌ ကိုယ်ဆင်းရဲစိတ်ဆင်းရဲကင်းလျက် ချမ်းသာခြင်းနှင့်ပြည့်စုံ၍ဆင်းရဲ ခပ်သိမ်းကင်းငြိမ်းရာ နိဗ္ဗာန်ချမ်းသာတိုင်အောင် ရောက်လိုကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် ပညာရှိ သူတော်ကောင်းကို ရွေးချယ်ပေါင်းသင်းနိုင်ကြဖို့ရာ အထူး အတိုပြုသင့်ကြပေသည်။

ပထမနှုတ်သား လျှောက်ထားခန်း ပြီးပါပြီ။

http://www.dhammadownload.com

# ဒုတိယနတ်သား လျှောက်ထားခန်း

## ဉာဏ်ပညာကို ရရှိပုံ

ပထမနတ်သား လျှောက်ထားပြီးသောအခါ ဒုတိယမြောက် နတ်သားတစ်ယောက်ကလည်း မြတ်စွာဘုရားကို လက်အုပ်ချီကာ ဤသို့ လျှောက်ထားလိုက်ပြန်ပါသည်။

သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မမညာယ၊ ပညာ လဗ္ဘတိ နာညတော”

ဟူ၍ လျှောက်ထားလိုက်ပါသည်။

ဘန္တေ၊ ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရား။ သဗ္ဘိရေဝ၊ သူတော်ကောင်းတို့နှင့်သာလျှင်။ သမာသေထ၊ အတူတကွနေရာ၏။ သဗ္ဘိ၊ သူတော်ကောင်းတို့နှင့်။ သန္ထဝံ၊ ပေါင်းသင်းခြင်းကို။ ကုဗ္ဗေထ၊ ပြုရာ၏။ သတံ၊ ဘုရား အစရှိကုန်သော သူတော်ကောင်းတို့၏။ သဒ္ဓမ္မံ၊ ငါးပါးသီလ, ရှစ်ပါးသီလ, ဆယ်ပါးသီလ, လေးပါးသော သတိပဋ္ဌာန် စသည် အပြားရှိသော သူတော်ကောင်းတရားကို။ အညာယ၊ သိ၍။ ဝါ၊ သိကြရသောကြောင့်။ ပညာ၊ အသိ အလိမ္မာ, ဉာဏ်ပညာကို။ လဗ္ဘတိ၊ ရအပ်၏။ အညတော၊

http://www.dhammadownload.com



တစ်ပါးသော အန္တရာလ လူမိုက်တို့မှ ပညာ၊ အသိအလိမ္မာ ဉာဏ်ပညာကို။ နုလဗ္ဘတိ၊ ရအပ်သည်မဟုတ်ပါဘုရား။ ဣတိ၊ ဤသို့။ အဝေါစ၊ ကျောင်းသွားမသွေ လျှောက်ထားလိုက်လေ၏။

မြတ်စွာဘုရား ထိုထိုပုဂ္ဂိုလ်သတ္တဝါမှန်သမျှသည် သူတော်ကောင်းတို့နှင့်သာ အတူတကွနေထိုင်ရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်းကို ပြုရာ၏။ သူတော်ကောင်းနှင့် နေထိုင်ပေါင်းသင်းရ၍ သူတော်ကောင်းတရားကို သိကြရသောကြောင့် အသိ, အလိမ္မာ, ဉာဏ်ပညာကို ရအပ်ပါသည် ဘုရား၊ တပါးသော လူမိုက်တို့မှ အသိ, အလိမ္မာဉာဏ်ပညာကို ရအပ်သည် မဟုတ်ပါဘုရားဟု၍ သူ ရှိထားသော အကျိုးကို သူ့ဉာဏ်အား ထင်ရှားသည့် အားလျော်စွာ လျှောက်ထားလိုက်ပါသည်။

ဆောင်ပုဒ်။ ။သူတော်ကောင်းနှင့်၊ ပေါင်းပေါ်လင့်၊ ရသင့် မြတ်ပညာ။

ပညာရှိသောသူသည် ပညာရှိသူတော်ကောင်းကို တစ်ခဏမျှ မှီဝဲဆည်းကပ် ပေါင်းသင်းအပ်သည်ရှိသော် လျင်မြန်စွာ အသိ အလိမ္မာ ဉာဏ်ပညာကိုရ၏။ သိသင့်သိထိုက်သောတရားထူး တရားမြတ်တို့ကိုသိ၏။ ဥပမာ- လျှာသည် ဟင်း၏ အချိုအချဉ် အငံ စသော အရသာကို သိသကဲ့သို့ တရားကိုသိ၏။ တရား၏အရသာကို သိ၏။ အသိဉာဏ် ပညာထူးကို ရ၏။

(ဓမ္မပဒ ဂါထာ—၆၅)

http://www.dhammadownload.com



ပညာမဲ့သူ လူမိုက်သည် ပညာရှိ သူတော်ကောင်းနှင့် တစ်သက်လုံး အတူတကွနေလျက် ဆည်းကပ်ပေါင်းရသော်လည်း ရအပ်ရထိုက်သော အသိအလိမ္မာ ဉာဏ်ပညာကိုမရ။ သိအပ်သိထိုက်သော တရားကို မသိသည်သာတည်း။ ဥပမာ ဟင်းမွှေယောက်မသည် ဟင်း၏ အချို၊ အချဉ်၊ အငံ စသော အရသာကို မသိသကဲ့သို့ တရားကို မသိ၊ တရား၏ အရသာကို မသိသည်သာတည်း။

(ဓမ္မပဒ ၂၀၁-၆၄)

**ဆောင်ပုဒ်။** ။ဟင်းအရသာ၊ ယှဉ်ကသာ၊ မှန်စွာသိပေသည်၊
ဟင်းအရသာ၊ ယောက်မဟာ၊ မှန်စွာမသိပြီ။
တရားအရသာ၊ ပဏ္ဍိတာ၊ မှန်စွာသိပေသည်။
တရားအရသာ၊ လူမိုက်မှာ၊ မှန်စွာမသိပြီ။

## သူတော်ကောင်းထံမှ ပညာရ

အခါတစ်ပါး၌ မြတ်စွာဘုရားသည် ဗာရာဏသီပြည်၌ ဓမ္မစကြာ်တော်မူသနေ နေတော်မူပြီးလျှင် ဉရုဝေလတောသို့ ခရီးထွက် (ဒေသစာရီ) ကြွတော်မူ၏။ ထိုအခါ မြတ်စွာဘုရားသည် လမ်းမှဖယ်ခွာ၍ တောအုပ်တစ်ခုသို့ ဝင်လျက် တစ်ခုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူ၏။

ထိုအခါ ဘဒ္ဒဝဂ္ဂီမည်သော သူငယ်ချင်း မင်းသားသုံးဆယ်တို့သည် မိမိတို့ ဇနီးမယားနှင့်အတူ မြတ်စွာဘုရားရှိတော်မူရာ ဉရုဝေလတောအုပ်ထဲ၌ပင်လျှင် တောလည် တောကစား ပျော်ပါးနေကြကုန်၏။ ဇနီးမရှိသေးသော မင်းသားတစ်ယောက်

http://www.dhammadownload.com



အတွက် အဌေးဇနီး ပြည့်တန်ဆာမကို ခေါ်ဆောင်ခဲ့ရ၏။ ထိုပြည့်တန်ဆာမသည် မင်းသားတွေပျော်ပါးမေ့လျော့နေစဉ် ပစ္စည်း အဝတ်တန်ဆာတို့ကိုယူ၍ ထွက်ပြေးသွားလေ၏။

ထွက်ပြေးသွားသည်ကို သိကြသောအခါ၊ သူငယ်ချင်း မင်းသားတို့သည် ဇနီးမှားခဲ့သော မင်းသား၏ ပစ္စည်းပျောက်ဆုံးခြင်းကိစ္စကို ကူညီဆောင်ရွက်သောအားဖြင့် ထိုပြည့်တန်ဆာမကို တောအုပ်ထဲ၌ ရှာကြသည်ရှိသော် တစ်ခုသော သစ်ပင်ရင်း၌ ထိုင်နေတော်မူသော မြတ်စွာဘုရားကို မြင်၍ အနီးအနားသို့ ချဉ်းကပ်ကြကုန်ပြီးလျှင် 'အရှင်ဘုရား၊ အရှင်ဘုရားသည် အမျိုးသမီးတစ်ယောက်ကို မြင်မိပါသလော' ဟု မေးလျှောက်ကြကုန်၏။

'မင်းသားတို့ သင်တို့သည် အမျိုးသမီးကို အဘယ်ကြောင့် မေးသနည်း' ဟု မေးတော်မူရာ မင်းသား သုံးဆယ်တို့သည် 'အဌေးဇနီး ခေါ်ဆောင်ခဲ့သော မင်းသား၏ အဌေးဇနီးသည် တပည့်တော်တို့ တောလည်ပျော်ပါး ကစားကြကုန်စဉ် ပစ္စည်းတန်ဆာတို့ကိုယူ၍ ထွက်ပြေးသွားပါသည်။ ထိုအမျိုးသမီးကို ရှာနေကြရကုန်သည်ဖြစ်၍ အရှင်ဘုရားကို မေးရခြင်း ဖြစ်ပါသည်ဘုရား” ဟု၍ လျှောက်ထားကြကုန်၏။

'မင်းသားတို့ အမျိုးသမီးကိုရှာခြင်းနှင့် မိမိကိုယ်ကိုရှာခြင်း (မိမိကိုယ်၏ချမ်းသာခြင်းကိုရှာခြင်း) တည်းဟူသော ရှာခြင်း နှစ်မျိုးတို့တွင် အဘယ်ရှာခြင်းသည် သင်တို့အတွက် မြတ်ပါသနည်း' ဟု မေးတော်မူရာ 'မိမိကိုယ်ကို ရှာခြင်းသည်သာလျှင်

http://www.dhammadownload.com



အကျွန်ုပ်တို့အတွက် မြတ်ပါသည်ဘုရား' ဟူ၍ လျှောက်ထား ကြကုန်၏။ 'မိမိကိုယ်ကို ရှာခြင်းသည်သာ မြတ်သည်ဟုသိလျှင် သင်တို့ ထိုင်ကြကုန်လော့။ သင်တို့အား ငါဘုရား တရား ဟောအံ့' ဟု မိန့်ကြားတော်မူရာ 'ကောင်းပါပြီ' ဟု ဝန်ခံပြီး မင်းသားသုံးဆယ်တို့သည် ရှိသေစွာရှိခိုး၍ တစ်ခုသောနေရာ ၌ ထိုင်ကြကုန်၏။

မြတ်စွာဘုရားသည် ထိုင်နေကြသော မင်းသားသုံးဆယ် တို့အား ဒါနနှင့်စပ်သောစကား, သီလနှင့်စပ်သော စကား, နတ်ပြည်နှင့်စပ်သော စကား, ကာမဂုဏ်တို့၏အပြစ်, ယုတ် ညံ့ခြင်း, ညစ်ညူးခြင်း, ကာမဂုဏ်တို့မှ လွတ်မြောက်ခြင်း၌ အကျိုးတို့ကို အစဉ်အတိုင်း တရားပြ၍ ဟောကြားတော်မူ၏။

ထိုသို့ ဟောကြားအပ်သော တရားတို့ကို နာကြားရသော ကြောင့် မင်းသားသုံးဆယ်တို့၏ စိတ်တွေ နူးညံ့သိမ်မွေ့ခြင်း၊ ထက်ကြွယုံကြည်ခြင်း ရှိသောအခါ မြတ်စွာဘုရား ကိုယ်တော် တိုင် တွေ့ဖော်မြင်သိသော ဆင်းရဲခြင်းအမှန် ဒုက္ခသစ္စာကို လည်းကောင်း၊ ဆင်းရဲကြောင်းအမှန် သမုဒယသစ္စာကို လည်း ကောင်း၊ ဆင်းရဲချုပ်ရာအမှန် နိရောဓသစ္စာကို လည်းကောင်း၊ ဆင်းရဲချုပ်ရာသို့ ရောက်ကြောင်းလမ်းစဉ် မဂ္ဂသစ္စာကို လည်း ကောင်း ဟောကြားတော် မူလိုက်ပါသည်။

ဤသစ္စာလေးပါးတရားကို နာကြားလိုက်ရသောမင်းသား သုံးဆယ်တို့အား ဖြူစင်သောအဝတ်သည် မိမိ၌ ဆိုးအပ်သော ဆိုးရည်ကို ကောင်းစွာ ခံယူသကဲ့သို့ ထိုနေရာ၌ပင် ဖြစ်ခြင်း

http://www.dhammadownload.com



သဘောရှိသော တရားအလုံးစုံသည် ချုပ်ငြိမ်းသဘော ရှိ၏ဟူ၍ ကိလေသာ မြူအညစ်အကြေးမှ ကင်းသော သောတာပတ္တိ မဂ်ဉာဏ်တည်းဟူသော အသိဉာဏ်ထူး ဖြစ်ပေါ်ကြလေ၏။

ဤ ဘဒ္ဒဝဂ္ဂီ မင်းသားသုံးဆယ် ဝတ္ထုဖြင့် အလုံးစုံသော တရားတို့ကို သိတော်မူသော သဗ္ဗညုတဉာဏ်ရှင် ဘုရားသခင် တည်းဟူသော သူတော်ကောင်းနှင့် တွေ့ဆုံ၍ တစ်ခဏမျှ ပေါင်းသင်းကြရသော ဘဒ္ဒဝဂ္ဂီ မင်းသား သုံးဆယ်တို့သည် လျှာသည် ဟင်း၏ အရသာကို သိသကဲ့သို့ အပါယ်တံခါးပိတ် သော သောတာပတ္တိ မဂ်ဉာဏ်တည်းဟူသော မြတ်သောပညာ ကို ရရှိသွားသည်မှာ အလွန် ထင်ရှားလှပါပေသည်။

## လူမိုက်အတု

အချို့သော လူမိုက်သည် မိမိပညာမရှိ၊ မိုက်သည့်၏အဖြစ် ကို သိ၏။ ပညာရှိ သူတော်ကောင်းများနှင့် တွေ့သောအခါ မိမိပညာမရှိ၊ မိုက်သည့်အဖြစ်ကို ထုတ်ဖော် ပြောကြားတတ်၏။ ဤလူမိုက်မျိုးသည် တကယ်စင်စစ် မိုက်သည်မမည်။ လူမိုက် အတုသာဖြစ်၏။ အကြောင်းအားလျော်စွာ ပညာရှိသူတော် ကောင်းတို့၏ အဆုံးအမ ဩဝါဒကို နာကြားခွင့်ရရှိပြီး သူတော်ကောင်း ဖြစ်သွားနိုင်၏။

ထိုလူမိုက်မျိုးသည် အမျက်ဒေါသ ထွက်သည့်အလျောက် အပြုမှား အပြောမှားများကို ပြုလုပ်ပြောဆိုမိသောအခါ မိမိမိုက်မိတဲ့အကြောင်း မကောင်းတဲ့အကြောင်းကို ထုတ်ဖော်

ပြောကြား ဝန်ခံတတ်၏။ ဤကဲ့သို့ မိမိအပြစ်ကို ထုတ်ဖော် ပြောကြား ဝန်ခံခြင်းသည် သူတော်ကောင်း၏ လက္ခဏာပင် ဖြစ်သည်။ နောင်အချိန်မှာ သူတော်ကောင်း ဖြစ်လာနိုင်ခြင်းကို ညွှန်ပြနေခြင်းပင် ဖြစ်သည်။

## သူတော်ကောင်းလက္ခဏာ သိဖွယ်ရာ

၁၃၁၃ ခုနှစ်လောက်က အလွန် သဒ္ဓါတရားနှင့် ပြည့်စုံသော ကျောင်းအမကြီးများ ကိုးကွယ်သော ကျောင်းတိုက်တစ်ခုမှာ ဘုန်းကြီး နေထိုင်ခဲ့ရပါသည်။ ကျောင်းအမကြီးများသည် ခုနစ်ရက်တစ်ခေါက်ခန့် ကျောင်းတိုက်သို့ လာရောက်၍ ကျောင်းတိုက်၌ လိုအပ်ချက်နှင့် သံဃာတော်များ၏ ကျန်းမာမှုကို လာရောက် ကြည့်ရှုလေ့ရှိ၏။

တစ်နေ့သောအခါ ကျောင်းအမကြီးများ လာရောက်ချိန်မှာ ဆွမ်းစားကျောင်း၌ မဖွယ်ရာသော ကိစ္စတစ်ခုကို တွေ့မြင်ရသဖြင့် ဒေါသကိုမထိန်းနိုင်ပဲ ကြမ်းကြမ်းတမ်းတမ်း ပြောဆိုခဲ့ပြီးနောက် အလွန်စိတ်ဆိုးနေသော အမူအရာဖြင့် ဘုန်းကြီးထံသို့ ရောက်လာပြီး လျှောက်ထားသည်မှာ 'အရှင်ဘုရား တပည့်တော် မကောင်းဘူးဘုရား။ မိုက်သည်ဘုရား၊ ဆိုးသည်ဘုရား' ဟု လျှောက်ထားပါသည်။

ဘုန်းကြီးက 'အကြောင်းအရာ လျော်စွာ ဆိုးတဲ့၊ မိုက်တဲ့ သူချည်းပါပဲ' လို့ ဖျောင်းဖျနှစ်သိမ့်ပေးလိုက်မှ ကျောင်းအမကြီး အနည်းငယ် စိတ်ဆိုးပြေသွားပါသည်။ အလွန်ပညာရှိသူ

http://www.dhammadownload.com



တော်ကောင်းလက္ခဏာနှင့် ပြည့်စုံသော ကျောင်းအမကြီးဖြစ်ပေသည်။ အခြားသော၊ အဖြစ်ရှိသော၊ ပုဂ္ဂိုလ်တို့ကို ဆိုးတယ်၊ မိုက်တယ်လို့ မလျှောက်ထားပါဘဲ မိမိဆိုးတဲ့ မိုက်တဲ့အဖြစ်ကိုသာ လျှောက်ထားခြင်းသည် ဒေါသအလျှောက် ကြမ်းကြမ်းတမ်းတမ်း မိုက်မှားပြောဆိုခဲ့သော်လည်း မိမိမိုက်သည်ကို ဝန်ခံလျှောက်ထားလိုက်သဖြင့် အလွန်ဖြောင့်မတ် ရိုးသားသော သူတော်ကောင်း၏ လက္ခဏာအစစ်ပင် ဖြစ်ပေသည်။

## လူမိုက်အစစ်

အချို့သောလူမိုက်သည် ပညာမဲ့သူ လူမိုက်ဖြစ်သော်လည်း ငါပညာရှိသည်၊ ငါတတ်သည်၊ ငါလိမ္မာသည်၊ ငါ အရာရာ ကျွမ်းကျင်သည်ဟူ၍ မိမိကိုယ်ကို ပညာရှိဟူ၍ ထင်မှတ်နေတတ်၏။ ထိုလူမိုက်သည် အဘယ်ပညာရှိကိုမျှ ဆည်းကပ်တော့မည် မဟုတ်၍ အဘယ်သောအခါမျှ ပညာရှိသူတော်ကောင်း မဖြစ်နိုင်သောကြောင့် လူမိုက်အစစ် မည်၏။

ယင်းလူမိုက်မျိုးသည် မိမိအကျိုး သူတစ်ပါးအကျိုးကို မျှော်ကိုးခြင်းလည်း ရှိမည်မဟုတ်၊ ယခု မျက်မှောက်အကျိုး၊ နောင်သံသရာအကျိုးကိုလည်း မျှော်ကိုးခြင်း ရှိမည်မဟုတ်၍ ထိုလူမိုက်ထံမှ ကောင်းကျိုးနှင့် ကောင်းသော အသိအလိမ္မာ ဉာဏ်ပညာကို အဘယ်သောအခါမျှ ရနိုင်မည် မဟုတ်သော ကြောင့် အန္ဓဗာလ လူမိုက်ထံမှ အဘယ်မှာလျှင် ပညာရနိုင်ပါအံ့နည်းဟူ၍ နုတ်သားလျှောက်ထားခြင်း ဖြစ်သည်။

http://www.dhammadownload.com



လူမိုက်ထံမှ ပညာကိုမရနိုင်သလို ပညာရှိထံမှ ပညာကိုလည်း လူမိုက်သည် တစ်သက်ပတ်လုံး ပညာရှိသူတော်ကောင်းနှင့် အတူနေရပြားသော်လည်း မရရှိနိုင်သည်သာ ဖြစ်၏။

အခါတစ်ပါး မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဥဒါယီအမည်ရှိသော ရဟန်းဆိုး ရဟန်းမိုက်သည် ဇေတဝန်ကျောင်း ဥယျာဉ်အရပ်အတွင်း၌ မြတ်စွာဘုရားနှင့် အတူတကွနေလေ၏။ ဥဒါယီသည် တရားဟောကြသော မထေရ်ကြီးတို့ တရားဟောပြီး၍ ပြန်သွားသောအခါ မထေရ်ကြီးများ၏ တရားဟောသော နေရာသို့တက်၍ ထိုင်နေလေ့ရှိ၏။

တစ်နေ့သောအခါ ရပ်ဝေးမှ မြတ်စွာဘုရားထံ ကြွလာကြသော အာဂန္တုရဟန်းတို့သည် တရားဟောနေရာသို့ တက်၍ ထိုင်နေသော ဥဒါယီကိုမြင်ကြရာ အကြားအမြင် ဗဟုသုတရှိသော မထေရ်ကြီးဖြစ်လိမ့်မည်ဟု ထင်ကြ၍ ခန္ဓာငါးပါးစသည်တို့နှင့် စပ်သော သိဖွယ်ရာတို့ကို မေးကြလေကုန်၏။ ဥဒါယီသည် မထေရ်ကြီးများ ထင်ကြသောအတိုင်း မဟုတ်မူ၍ ခန္ဓာငါးပါးမျှကိုပင် မသိ၍ မဖြေကြားနိုင်ဘဲ ဖြစ်လေ၏။

ရပ်ဝေးမှကြွလာကြသော အာဂန္တုရဟန်းတို့သည် မြတ်စွာဘုရားနှင့် အတူတကွ တစ်ကျောင်းတည်း နေသူဖြစ်လျက် ခန္ဓာငါးပါးကိုမျှ မသိဟုဆို၍ ကဲ့ရဲ့ရှုတ်ချ အပြစ်တင်ကြလေကုန်၏။ မြတ်စွာဘုရားထံသို့ ရောက်သွားကြသောအခါ ထို ဥဒါယီ

http://www.dhammadownload.com



ရဟန်းသည် ခန္ဓာငါးပါးမျှ မသိမြင်းအကြောင်းကို လျှောက်ထားကြသဖြင့် မြတ်စွာဘုရားက ဤသို့ ဟောကြားတော်မူပါသည်။

ဟင်းမှေ့ယောက်မသည် ဟင်း၏ ချို၊ ချဉ်၊ ငံ စသော အရသာကိုမသိသကဲ့သို့ ပညာမဲ့သူလူမိုက်သည် ပညာရှိသူတော်ကောင်းကို တစ်သက်လုံးမှီဝဲဆည်းကပ်၍နေရငြားသော်လည်း တရားကို မသိသည်သာတည်း။ အသိဉာဏ်ပညာကို မရသည်သာတည်းဟူ၍ ဟောကြားတော်မူလိုက်ပါသည်။

## ပညာရှိ-မရှိ ဥပမာ

ပညာရှိ သူတော်ကောင်းနှင့် ပေါင်းသင်းမှသာ ပညာကို ရသည်။ အန္ဓဗာလ မိုက်ကန်းသောသူထံမှ ပညာကို မရအပ် မရနိုင်သည်ကို ဥပမာအားဖြင့် ထင်ရှားအောင် ဖော်ပြရပါလျှင် နှမ်း၊ မြေပဲ စသည်တို့ကိုကြိတ်မှသာ ဆီကို ရနိုင်သလို ပညာရှိ သူတော်ကောင်းတို့နှင့် ပေါင်းသင်းမှ ပညာကိုရနိုင်ပါသည်။ သဲ၊ ရွှံ့ညွန် စသည်တို့ကိုကြိတ်လျှင် ဆီမထွက်သလို မရနိုင်သလို လူမိုက်လူယုတ်မာတို့နှင့်ပေါင်းသင်းပါက ပညာကို မရနိုင်ဟု သိရပါသည်။

(သံ-၄။ ၁၂၇)

ပညာရှိသူတော်ကောင်းနှင့် ပေါင်းသင်းမှ ပညာကိုရနိုင်သလို ကောင်းကျိုးအမျိုးမျိုးကိုလည်း ရနိုင်ပါသည်။ လူမိုက်နှင့် ပေါင်းသင်းပါက ပညာမရနိုင်သလို အကျိုးမဲ့အမျိုးမျိုးလည်း ဖြစ်လာတတ်ပါသည်။

http://www.dhammadownload.com



## သူယုတ် သူမြတ် တစ်နည်းမှတ်ဖွယ်

ပညာရှိ သူတော်ကောင်းနှင့် လူမိုက် သူယုတ်မာဟူ၍ သိနိုင်ဖို့ရာ မိမိအပေါ် မိမိအတွက် ကျရောက်လာသော တာဝန်ကိစ္စကို မဆောင်ရွက်ပါဘဲ မကျရောက်လာသေးသော တာဝန်ကိစ္စများကို ဆောင်ရွက်တတ်သောသူသည် လူမိုက် သူယုတ်မာပင်ဖြစ်၏။

မိမိအပေါ် မိမိအတွက် ကျရောက်လာသော တာဝန်ကိစ္စများကို မလွဲမရှောင် တည်တည် မတ်မတ် ပြီးမြောက်အောင် ဆောင်ရွက်တတ် သူသည် ပညာရှိ သူတော်ကောင်းပင် ဖြစ်၏။

(အံ-၁၊ ၈၂)

ဆောင်ပုဒ်။ ။ကျရောက် ရှောင်လွှဲ၊ မကျသေး၊ ဆောင်လို့ သူမိုက်မည်။
ကျရောက်မလွဲ၊ ဆောင်ရွက်မြဲ၊ သူပဲမြတ်ပေ သည်။

ဥပမာ ပညာသင်နေသော အသက်ဆယ့်နှစ်နှစ် ဆယ့်သုံး နှစ်အရွယ် သူငယ်တစ်ယောက်သည် ကျောင်း မှန်မှန်တက် ခြင်း၊ စာမှန်မှန်ကျက်ခြင်းစသော ပညာရေးကိစ္စ တာဝန် များကို လွှဲရှောင်ကာ ကျောင်းမတက် စာမသင်ဘဲ အခြား မိမိ မဆောင်ရွက်သင့်သေးသော စီးပွားရေး၊ လူမှု ရေး စသော ကိစ္စတာဝန်များကို အုပ်ထိန်းသူ မိဘ ဆရာ တို့က မခိုင်းစေပါဘဲ ဆောင်ရွက်နေတတ်သူ ဖြစ်က ဘာမျှ တိုးတက်ကြီးပွားအောင်မြင်မှု ရရှိမည်မဟုတ်၍ အကျိုးရှိရာ

http://www.dhammadownload.com



ကို စွန့်လွှတ်ပြီး အကျိုးမရှိ အကျိုးဖွဲ့ကိုပြုလုပ်ရာရောက်သော ကြောင့် လူမိုက်လေးသာ ဖြစ်ပေသည်။

အသက် ၁၂-နှစ်၊ ၁၃-နှစ်အရွယ် အားလျော်စွာ မိမိ အပေါ် မိမိအတွက် ကျရောက်လာသော ကျောင်းတက်ခြင်း စာကျက်ခြင်း၊ ဂဏန်းတွက်ခြင်းစသော ပညာရေးကိစ္စတာဝန် တို့ကို အချိန်ပြည့် အချိန်မှန် ပြုလုပ် ဆောင်ရွက်တတ်၏။ ကိုယ့်တာဝန်ကိစ္စ မဟုတ်သေးသော စီးပွားရေး၊ လူမှုရေး စသည်တို့ကို မစပ်စုမဆောင်ရွက်တတ်ပါဘဲ ပညာရေးကိုသာ အဓိကထား၍ သင်ယူနေတတ်သူ ဖြစ်ပါက အကျိုးမဲ့ကို ရှောင်ရှား၍ အကျိုးရှိရာကိုသာ ပြုလုပ်ရာရောက်သောကြောင့် ပညာရှိ သူတော်ကောင်းလေးပင် ဖြစ်ပေသည်။

**မှတ်ချက်။** ။ပညာရှိနဲ့ သူတော်ကောင်း၊ လူမိုက်နဲ့ လူယုတ်မာ တို့သည် အရာဌာန အားလျော်စွာ တူတာလည်း ရှိကြပေသည်။ ကွဲပြားတာလည်း ရှိကြပေသည်။ ပညာရှိသော်လည်း သူတော်ကောင်း မဖြစ်၊ လူမိုက်ဖြစ်သော်လည်း လူယုတ်မာ မဖြစ်တာများလည်း ရှိကြပေသည်။ ဤသဒ္ဒိသုတ်၏ အဖွင့်အဋ္ဌကထာ (သံ-ဋ္ဌ-၁၊ ၅၂)၌ "သဒ္ဒိရေဝါတိ ပဏ္ဍိတေဟိ သပ္ပုရိသေဟိ ဧဝ" ဟူ၍ဖွင့်ပြထားသည် အားလျော်စွာ ပညာရှိနှင့် သူတော်ကောင်း၊ လူမိုက်နှင့် လူယုတ်မာတို့ကို ထင်ရှားစွာ သိလွယ်ရအောင် (ပရိယာယ်အားဖြင့်) အတူထား၍ ရေးသား လိုက်ရပါသည်။

http://www.dhammadownload.com



ပညာမဲ့သူ လူမိုက်တို့၏ ဆောင်ရွက်ချက် များသည် အကျိုးရှိအောင်ဟု၍ ရည်မှန်း ပြုလုပ်သော်လည်း သဲထဲမှ ဆီမထွက်လာသလို အကျိုးရှိတာများ မထွက်ပေါ်လာဘဲ အကျိုးမဲ့ အကျိုး မရှိတာများသာ ထွက်ပေါ် လာတာ များတတ်ပါသည်။

## အကျိုးမဲ့သာ ထွက်ပေါ်လာ

လွန်လေပြီးသော အခါတစ်ပါး၌ ဗာရာဏသီ ပြည်၌ ဗြဟ္မဒတ်မင်း စိုးစံလျက်ရှိ၏။ ထိုအခါမှာ ဘုရားအလောင်း သည် သဌေးမျိုး၌ ကြွယ်ဝသော သဌေးတစ်ယောက်ဖြစ်လေ ၏။ ဘုရားအလောင်း သဌေး၌ ပညာမဲ့သူ ရောဟိဏီ ခေါ် အိမ်ဖော် ကျွန်မတစ်ယောက် ရှိလေ၏။

ကောက်ရိတ်ပြီးချိန် တစ်နေ့သောအခါ ရောဟိဏီသည် လယ်တောသို့သွား၍ ခကာတ်နယ်တလင်း၌ စပါးနယ်နေ၏။ ရောဟိဏီ၏မိခင် အဘွားအိုသည် သမီးရှိရာ ကောက်နယ် တလင်းအပြင်၌ လှဲလျောင်းကာ အိပ်နေ၏။ ယင်ကောင်တို့ သည် အဘွားအို၏ကိုယ်၌ နားကြ, အုံကြကုန်သည် ဖြစ်၍ သမီးကိုခေါ်ကာ ယင်ကောင် တွေကို မောင်းပေးပါလို့ ပြောလိုက်၏။

ရောဟိဏီသည် ကျည်ပွေ့ကိုယူ၍ မိခင်အို၏ကိုယ်၌ အုံနေ ကြသော ယင်ကောင်တို့ကို ထိမှန်အောင် အားကုန် ရိုက်ချ လေသည်။ ယင်ကောင်တို့ကို မထိမှန်ပါဘဲ မိခင်အိုသည်သာ ပွဲချင်းပြီး သေဆုံးရသောကြောင့် ယူကျုံးမရဖြစ်ကာ ငိုကြွေးပူဆွေးနေရလေ၏။

http://www.dhammadownload.com



ရောဟိဏီ၏မိခင်အို မသေဆုံးသင့်ဘဲ သေဆုံးသွားရတဲ့အကြောင်းကို ကြားရသော ဘုရားအလောင်း သူဌေးသည် ပညာမဲ့သူ လူမိုက်နှင့် ပညာရှိသူတော်ကောင်းတို့ အဃတ်အမြတ်ဖြစ်ပုံကို ထုတ်ဖော်ပြောကြားလိုက်၏။ လောကမှာ အကျိုးစီးပွားလိုလားချစ်ခင်သော အဆွေခင်ပွန်း လူမိုက်ထက် ရန်သူဖြစ်သော ပညာရှိက အဆပေါင်း ရာထောင်မက မြတ်လှပေသည်။ အဆွေခင်ပွန်းဖြစ်သော လူမိုက်သည် မမြတ်သည်သာတည်းဟူ၍ ပြောကြားလိုက်လေ၏။

(ဇာတက ဋ္ဌ-၁၊ ၂၆၆)

ပညာမဲ့သူ လူမိုက်တို့သည် အကျိုးဖြစ်ဖွယ်ကို ဆောင်ရွက်ကြပါသော်လည်း အကျိုးမဲ့များသာ ဖြစ်တတ်ကြသည်မှာ ဤရောဟိဏီဇတ်တွင် ထင်ရှားပေ၏။

**ဆောင်ပုဒ်။** ။အသိဉာဏ်ကင်း၊ ပြုမူခြင်း၊ မိရင်းမာတာ သေရရှာ။

ပညာရှိ သူတော်ကောင်းတို့၏ ဆောင်ရွက်ချက်များသည် နှမ်းမှ ဆီထွက်လာသကဲ့သို့ (အကျိုးမဲ့မဖြစ်ပါဘဲ) အကျိုးရှိတာများသာ ထွက်ပေါ်လာတတ်ပါသည်။

## အကျိုးရှိတာ ထွက်ပေါ်လာ

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံလျက်ရှိ၏။ ထိုအခါ ဘုရားအလောင်းသည်

http://www.dhammadownload.com



လှည်းမှူးမျိုး၌ဖြစ်၏။ ဦးဆောင်နိုင်သော အရှယ်သို့ ရောက်လတ်သော် လှည်းကုန်သည်ငါးရာတို့ကို ဦးဆောင်ပြုလျက် ကုန်ရောင်းကုန်ဝယ် ခရီးထွက်လေ၏။ ယူဇနာ ခြောက်ဆယ် (မိုင်-၄၈၀)ရှိသော သဲကန္တာရခရီးကို ဖြတ်ကျော်ကြရ၏။

ထိုသဲကန္တာရ၌ သဲတို့သည် အလွန်သိမ်မွေ့ကုန်၏။ လက်ဖြင့် ဆုပ်ကိုင်သော် သဲတို့သည် လက်ထဲ၌ မတည်ကုန်။ လျှောကျကုန်၏။ နေအရှိန်ကလည်း အလွန်ပြင်းထန်သည်ဖြစ်၍ နေထွက်တာနှင့်တစ်ပြိုင်နက် သဲတို့သည် မီးကဲ့သို့ ပူကုန်၏။ မနင်းနိုင်ကြ၍ နေ့အခါ ခရီးမထွက်နိုင်ကြ, ညအခါမှ ခရီးထွက်နိုင်ကြ၏။

လှည်းကုန်သည်တို့သည် ယူဇနာ ခြောက်ဆယ်ရှိသော သဲကန္တာရခရီးကို ကျော်ဖြတ်သွားဖို့ရာ ထင်း, ရေ, ဆီ, ဆန် စသော ရိက္ခာတို့ကို အပြည့်အစုံ ဆောင်ယူလာကြကုန်၏။ ညဉ့်အခါ ခရီးထွက်ကြ၍ အရုဏ်တက်သောအခါ ရပ်နားပြီး လှည်းဝိုင်းချကာ မဏ္ဍပ်အမိုးပြုလုပ်၍ တစ်နေ့လုံး မဏ္ဍပ်အမိုး အောက်တွင် နေကြရကုန်၏။

သဲကန္တာရသည် အလွန်ကျယ်ပြန့်၍ သမုဒ္ဒရာထဲမှာ သွားနေရသလို အရပ်မျက်နှာတို့ကို မမှတ်သားနိုင်ဘဲ ရှိကြ၏။ ကောင်းကင် နက္ခတ်ကြယ်တို့ကိုကြည့်၍ ခရီးလမ်းညွှန်တတ်သူကို ခေါ်ဆောင်၍ သွားကြရကုန်၏။ သဲကန္တာရတို့ လွန်မြောက်တော့မည့် နောက်ဆုံးညနေချမ်း၌ ညစာ ထမင်းစားကြပြီးလျှင် ထင်း, ရေတို့ကို အကုန်သုံး၍ ညခရီးထွက်ကြ၏။

http://www.dhammadownload.com



ထိုကန္တာရခရီးညွှန်သော သူသည် အရှေ့ဆုံးမှ သွားမည့် လှည်းမှနေရာကို ခင်း၍ ကောင်းကင် နက္ခတ် ကြယ်တို့ကို ကြည့်ကာ ဤလမ်းမှ ဤသို့ မောင်းလော့ဟူ၍ လမ်းညွှန် ပြုပြီးလျှင် လှည်းပေါ်၌အိပ်၍ လိုက်ပါသွားလေ၏။ လမ်းညွှန်သူသည် ရက်ရှည်အိပ်ပျက်ခဲ့သည် ဖြစ်၍ ပင်ပန်းပြီး လှည်းပေါ်၌ တစ်ညလုံး အိပ်ပျော်နေလေ၏။

လှည်းဝန်ကို ဆောင်ကြသော နွားတို့သည် တစ်ညလုံး ရှေ့သို့ မသွားကြဘဲ နောက်သို့ ပြန်လှည့်လာကြကုန်၏။ ထိုလမ်းခရီးညွှန်သူသည် အရုဏ်တက်မှ နိုးလာ၍ နက္ခတ်တို့ကို ကြည့်လိုက်ရာ ရှေ့သို့မရောက်ဘဲ နောက်သို့ ပြန်ရောက်လာကြသည်ကို သိ၍ ရှေ့သို့ ပြန်မောင်းဖို့ရာ အစီအစဉ် လုပ်နေဆဲမှာပင် နေထွက်လာ၏။

လှည်းကုန်သည်တို့သည် ယမန်နေ့က တည်းခိုခဲ့သော သစ်ခက်တဲရှိရာသို့ ပြန်ရောက်နေကြသည်ကို သိကြ၍ ငါတို့၏ ရေ,ထင်းတို့လည်း ကုန်နေပြီ၊ ငါတို့ ပျက်စီးကြရတော့မည် ဟူ၍ စိတ်နှလုံး မသာမယာ ဖြစ်ကြကုန်၏။ လှည်းတို့ကို ဖြုတ်၍ လှည်းဝိုင်းချကာ အထက်၌ အမိုးပြုလုပ်ပြီး မိမိတို့၏ လှည်းအောက်သို့ဝင်၍ အဖန်ဖန်စိုးရိမ်လျက် အိပ်နေကြကုန်၏။

ဘုရားအလောင်းပညာရှိသည် ငါ လုံ့လဝီရိယ လျှော့လိုက်လျှင် အားလုံး လှည်းကုန်သည်တွေ ပျက်စီးကြရတော့မှာ အမှန်ပင် ဖြစ်ပေသည်ဟု ပညာဖြင့်ဆင်ခြင်၍ အနီးပတ်ဝန်းကျင်ကို လှည့်လည်ကြည့်ရှုလေ၏။ နေ စာမြက်

http://www.dhammadownload.com



ပေါက်နေသော နေရာတစ်ခုကို မြင်သောကြောင့် ဤနေရာ၌ ရေထွက်နိုင်သည်ဟု ပညာဖြင့် ဆင်ခြင်ကြံစည်၍ လှည်းကုန်သည်တို့ကို တူးစေ၏။ တစ်ခဏအတွင်းမှာပင် အတောင် (၆၀) နက်အောင် တူးလိုက်ကြ၏။ အတောင် (၆၀) အောက်မှ ကျောက်ဖျာခံနေသည်ကို တွေ့ကြရသော လှည်းကုန်သည် ဝီရိယကို လျှော့ကုန်ကြပြီးလျှင် တွင်းထဲမှ အပေါ်သို့ ပြန်၍ တက်လာကြကုန်၏။

ဘုရားအလောင်း လှည်းမှူးပညာရှိသည် တွင်းထဲသို့ ဆင်း၍ကျောက်ဖျာသို့ကပ်ကာ နားထောင်ကြည့်ရာ အောက်မှ ရေစီးသွားနေသောအသံကို ကြားရလေ၏။ ဘုရားအလောင်း ပညာရှိသည် တွင်းအထက်သို့ ပြန်တက်ခဲ့ပြီးလျှင် အလုပ်အကျွေး တပည့်ငယ်ကို သင် လုံ့လဝီရိယ လျှော့လိုက်လျှင် လှည်းကုန်သည်တွေ အားလုံး ပျက်စီးကြရတော့မည်။ ဒါကြောင့် သင် ဝီရိယ မလျှော့ပါနှင့်။ ဤသံတူကိုယူ၍ တွင်းထဲသို့ဆင်းပြီး ကျောက်ဖျာကို တအားကုန်၊ အစွမ်းကုန် ရိုက်ထုပါဟူ၍ အမိန့်ပေး ပြောဆိုလေ၏။

အလုပ်အကျွေးတပည့်ငယ်သည် သံတူကိုယူကာ တွင်းထဲသို့ ဆင်း၍ ဆရာဘုရားအလောင်း ပြောသည့်အတိုင်း ကျောက်ဖျာကို သံတူဖြင့် ထုရိုက်လေ၏။ ကျောက်ဖျာသည် အလယ်၌ ကျိုးကျပြီး တွင်းပေါက်ခတစ်ဘက်၌ ကန့်လန့်ခံ၍ တည်နေလေ၏။ အောက်မှ စီးသွားနေသော ရေတို့သည် ကန့်လန့်ခံနေသော ကျောက်ဖျာကို တိုက်ခတ်၍ အထက်သို့ ရေလုံးကြီးများ ထန်းပင်လုံးခန့် တက်လာလေ၏။

http://www.dhammadownload.com



အားလုံးသော လှည်းကုန်သည်တို့သည် ရေတို့ကို သောက်ကြ, ချိုးကြကုန်သည်ဖြစ်၍ ချမ်းသာကို ရကြကုန်၏။ အပိုပါလာကြသော လှည်းဝင်ရိုး, လှည်းထမ်းပိုးတို့ကို ခွဲစိတ်ကာ ထင်းပြုလုပ်၍ ယာဂုထမင်းတို့ကို ကျိုချက် စားသောက်ကြကုန်၏။ နွားတို့ကိုလည်း ရေတိုက်ကြ, အစာကျွေးကြကုန်၏။ ရေတွင်း အနီး၌လည်း ကျွတ်တွင်း၌ ရေရှိကြောင်း သိနိုင်ဖို့ရာ စာတမ်းများ ချိတ်ဆွဲခြင်း, အလံများ ထူထားခြင်းတို့ကို ပြုလုပ်ကြကုန်၏။ ထိုသို့ပြုလုပ်ပြီးမှ အလိုရှိရာအရပ်သို့ ထွက်ခွာသွားကြကုန်၏။

လှည်းကုန်သည်တို့သည် ဘုရားအလောင်း ပညာရှိ လှည်းမှူး၏ ဦးဆောင်ညွှန်ကြားချက်ဖြင့် ကုန်ပစ္စည်းတို့ကို ရောင်းချ၍ နှစ်ဆ, သုံးဆ, လေးဆတက်သော အကျိုးအမြတ်တို့ကို ရကြသဖြင့် မိမိတို့နေထိုင်ရာ အရပ်သို့ ပြန်သွားကြလေကုန်၏။

(ဇာတက၊ ဠ-၁၊ ၁၂၄)

လုံ့လဝီရိယကို မလျှော့သော ဘုရားအလောင်း ပညာရှိ၏ ဆောင်ရွက်ချက်သည် နှမ်းမှ ဆီထွက်သကဲ့သို့ လှည်းကုန်သည်ငါးရာတို့ ရေတော်မှုတ်ခြင်းတေးမှ လွတ်ကင်း ချမ်းသာခြင်း အကျိုးနှင့် မိမိတို့ ကုန်ပစ္စည်းများမှ နှစ်ဆ, သုံးဆ, လေးဆတက်သော အမြတ်ရခြင်း အကျိုးတို့ ထွက်ပေါ် လာခဲ့ရပေသည်။

**မှတ်ချက်** - (ဤ ဝဏ္ဏုပထဇာတ်တော်ကို ဝီရိယလျှော့သော ရဟန်းတစ်ပါးကို အကြောင်းပြု၍ ဟောကြားတော်မူသည့် အားလျော်စွာ အဋ္ဌကထာဆရာသည် ဝီရိယကိုသာ ပဓာန အားဖြင့် ဖွင့်ပြ

http://www.dhammadownload.com



လေသည်။ ထို့ပါသော်လည်း ဘုရားအလောင်း လှည်းမှူး၏ ဆောင်ရွက်ချက်များသည် ပညာသား ပါလှပေ၏။ သဲကန္တာရဝယ် ရေကုန်ကြရာ၌ ပညာဖြင့် သုံးသပ်ဆင်ခြင်၍ ရေရနိုင်မည့် နေရာကို ရွေးချယ်နိုင်ခြင်းနှင့် ရေတွင်းတူးကြရာဝယ် အောက်မှာ ကျောက်ဖျာ ခံနေရာ၌ ပညာဖြင့် သုံးသပ်ဆင်ခြင်၍ ကျောက်ဖျာအောက်မှာ ရေကြော ရှိနေသည်ကို ဆုံးဖြတ်နိုင်ခြင်းတို့သည် ပညာသား ပါလှပါပေ၏။ ပညာရှိ ပီသလှပါပေ၏။

ယခုဘဝမှစ၍ နိဗ္ဗာန်ရောက်သည့်ဘဝတိုင်အောင် ဉာဏ်ပညာနှင့်လည်း ပြည့်စုံ၊ ကောင်းကျိုးချမ်းသာ အဖြာဖြာတို့နှင့်လည်း ပြည့်စုံ လိုကြသော အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် ပညာရှိ သူတော်ကောင်းကို ရွေးချယ်ပေါင်းသင်းနိုင်ကြဖို့ရာ အထူးသတိပြုသင့်ကြပေသည်။

ဒုတိယနတ်သား ဈောက်ထားခန်း ပြီးပါပြီ။

http://www.dhammadownload.com

# တတိယနတ်သား လျှောက်ထားခန်း

## စိုးရိမ်သောက ကင်းဝေးပုံ

ဒုတိယနတ်သား လျှောက်ထားပြီးသောအခါ တတိယမြောက် နတ်သားတစ်ယောက်က လက်အုပ်ချီကာ လျှောက်ထား လိုက်ပြန်ပါသည်။

"သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊ သောကမဇ္ဈေ န သောစတိ"တိ-

ဟူ၍ လျှောက်ထားလိုက်ပါသည်။

သဗ္ဘိရေဝ သမာသေထ၊ သူတော်ကောင်းတို့နှင့် အတူတကွ နေထိုင်ရာ၏။ သဗ္ဘိကုဗ္ဗေထ သန္ထဝံ၊ သူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်းကို ပြုရာ၏။ သတံ သဒ္ဓမ္မ မညာယ၊ သူတော်ကောင်း၏ တရားကို သိကြရသောကြောင့်။ သောကမဇ္ဈေ၊ စိုးရိမ်သောက ဖြစ်နေကြရသော ပုဂ္ဂိုလ် သတ္တဝါတို့၏ အလယ်၌။ န သောစတိ၊ မစိုးရိမ်ရ။ ဣတိ၊ ဤသို့။ အဝေါစ၊ ကောင်းစွာမသေ့ လျှောက်ထားလိုက်လေ၏။

မြတ်စွာဘုရား.... ထိုထိုသတ္တဝါ မှန်သမျှသည် သူတော်ကောင်းတို့နှင့်သာ အတူတကွ နေထိုင်ရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းရာ၏။ သူတော်ကောင်းတို့နှင့် အတူတကွ နေထိုင် ပေါင်းသင်းရ၍ သူတော်ကောင်းတရားကို သိကြရ

http://www.dhammadownload.com



သောကြောင့် စိုးရိမ်သောက ဖြစ်နေကြရသော ပုဂ္ဂိုလ်သတ္တဝါများ၏ အလယ်၌ မစိုးရိမ်ဘဲ နေကြရပါသည်ဘုရား ဟူ၍ သုံးသပ်ထားသော အကျိုးကို လူ့ဥာဏ်အားထင်ရှားသည့် အားလျော်စွာ လျှောက်ထားလိုက်ပါသည်။

**ဆောင်ပုဒ်။** ။သူတော်ကောင်း နှင့်၊ ပေါင်း ဖော် လင့်၊ မသင့်စိုးရိမ်ကွာ။

လောကီနယ်ထဲတွင် နေထိုင်ကြသော သူတို့သည် တစ်ခါတရံ ပညာရှိ သူတော်ကောင်းများနှင့် တွေ့ကြုံရ အတူတကွ နေထိုင်ကြရပေသည်။ တစ်ခါတရံ ကျပြန်တော့လည်း ပညာမဲ့သူ လူမိုက်များနှင့် တွေ့ကြုံရ အတူတကွ နေထိုင်ကြရပေသည်။

## ရှေးသူဟောင်းများ စပ်ဆိုထား

ငါးပါးသီလမျှ မလုံကြသော ပညာမဲ့သူ လူမိုက်တို့သည် ယေရှုယ်စဉ်က လက်ထပ်ခဲ့သော လင်ယောကျ်ားဇနီးမယား နှင့် ယေရှုယ်စဉ်ကပင် ကျွေးမွေး သုတ်သင်ခဲ့သော သားသမီးများပင် ဖြစ်ကြသော်လည်း ထိုသူတို့နှင့် အတူတကွ နေထိုင်ကြရသော သူတို့ကို အမျိုးမျိုး ဒုက္ခပေးတတ်ကြကုန်၏။ ထိုသူတို့နှင့်အတူတကွ နေကြရသူတို့သည် အရာရာတွင် စိတ်ချလက်ချ နေလို့ မရကြပေ။ စိုးရိမ်ကြောင့်ကြမှုနှင့်သာ နေကြရပေသည်။ မမျှော်လင့်သော ပြဿနာ အမျိုးမျိုးတို့နှင့်လည်း ရင်ဆိုင်ကြရ၊ ဒုက္ခကို တွေ့ကြုံတတ်ကြရပေသည်။ သို့ဖြစ်သောကြောင့် ရှေးသူတော်ကောင်း ပညာရှိတို့က "လင်ဆိုးမယား တဖားဖား၊ သားဆိုးအမေ တပေပေ" ဟူ၍ စပ်ဆိုခဲ့ကြပေသည်။

http://www.dhammadownload.com



## လူမိုက်နှင့်နေ စိုးရိမ်မှု

လင်ဆိုး, သားဆိုး, မယားဆိုး, မိတ်ဆွေဆိုးတို့နှင့် နေကြရသောသူသည် စိတ်ချမ်းသာမှုကို မရတဲ့အပြင် လောကနှင့်ဓမ္မ ပြုဖွယ်ကိစ္စတို့ကို အချိန်မှီ မပြုလိုက်ရခြင်းကြောင့် လည်းကောင်း၊ အမှားမှားအယွင်းယွင်း ပြုမိကြသောကြောင့် လည်းကောင်း မိမိတို့ လူ့ဘဝကိုပင် အပြစ်တင် ရှုံ့မုန်းလာတတ်ကြပေသည်။ ငါ လူ့ဘဝကို ရခြင်းသည် မကောင်းသဖြင့် ရခြင်းသာ ဖြစ်ပေသည်။ စသည်ဖြင့် အဖန်တလဲလဲ စိုးရိမ်သောကများ ဖြစ်နေတတ်ကြပေသည်။ စိုးရိမ်သောကတို့၏ အလယ်မှာ နေကြရပေသည်။

## လူမိုက်ပေါင်းသင်း စိုးရိမ်ခြင်း

အဇာတသတ်မင်းသားသည် သူယုတ်မာ ဒေဝဒတ်ဆရာနှင့် ပေါင်းသင်းမိသောကြောင့် ဖခင် ဗိမ္ဗိသာရ မင်းကြီးကို အကျဉ်းထောင်ထဲ ချထားပြီး အစာငတ်ထားခဲ့၏။ ခြေဖဝါးကိုဓားဖြင့်ခွဲစေ၍ သတ်ခိုင်းခဲ့၏၊ ဗိမ္ဗိသာရမင်းကြီး ကွယ်လွန်သွားသော နေ့မှာပင် အဇာတသတ်မင်း၏ မိဖုရားမှ သားရတနာလေး ဖွားမြင်လာ၏။

အဇာတသတ် မင်းသည် သား၌ဖြစ်သော အချစ်ဓာတ်ကြောင့် ဖခင်မင်းကြီးကို အကျဉ်းထောင်မှ လွှတ်စေ၍ ချမ်းသာခွင့် ပေးချင်သော စိတ်ဓာတ်များ ဖြစ်ပေါ်လာ၍ ဖခင်မင်းကြီးကို အကျဉ်းထောင်မှ လွှတ်စေဟု ချက်ချင်း အမိန့်ပေးလေ၏။ အမတ်ကြီးတို့သည် ဗိမ္ဗိသာရမင်းကြီး ကွယ်လွန်သွားပြီးသော အကြောင်းကို လျှောက်တင်ကြရာ

http://www.dhammadownload.com



ရပ်တည်၍ မရအောင် တုန်လှုပ်ချောက်ချား စိတ်ထိခိုက်သွားလေ၏။

အဇာတသတ်မင်းသားသည် မိမိအမှားကိုသိကာ ကြီးစွာသော စိုးရိမ်သောကများဖြစ်လျက် မယ်တော်ထံသို့ သွား၍ ဖခင် ဗိမ္ဗိသာရမင်းကြီးက သူ့ကို ငယ်စဉ်က ချစ်-မချစ် စုံစမ်းမေးမြန်းလေ၏။ မယ်တော်က "မင်းငယ်စဉ်က လက်မှာ ချူနာပေါက်၍ ပြည်ကိုက်သဖြင့် ငိုနေဘာကိုချော့မရလို့ တရားစီရင်ရာ ဖခင်မင်းကြီးထံ ပို့ပေးရသည်။ မင်းရဲ့လက်ကို ဖခင်မင်းကြီးက ပါးစပ်ဖြင့်ငုံ၍ သက်သာရာရစေခဲ့၏။ ယင်းကဲ့သို့ ငုံထားစဉ်အခါ၌ပင် အနာ၌ ပြည်ပေါက်ကွဲသွားရာ မင်းထပ်မံ၍ နာကျင်ငိုကြွေးမည်စိုးသဖြင့် ပေါက်ထွက်လာသော ပြည်များကို မျိုချလိုက်၏။

ဤမျှလောက်ပင် ဖခင် ဗိမ္ဗိသာရမင်းကြီးက သားရဲ့အပေါ်မှာ ချစ်မြတ်နိုးပါသည်" ဟူ၍ ပြောကြားလိုက်ရာ အဇာတသတ်မင်းသားသည် ငါလူ့ဘဝရခြင်းသည် ကောင်းသောရခြင်း မဟုတ်ပေ၊ မကောင်းသဖြင့်သာ ရအပ်ပေသည် စသည်ဖြင့် ကြံစည်တွေးတော၍ အိပ်လို့လည်းမပျော်, စားလို့လည်း မစင်တဲ့အထိ ကြီးစွာသော စိုးရိမ်သောက ဖြစ်ရပေသည်။ အဇာတသတ်မင်းသားသည် ယခုအချိန်တိုင်အောင် စိုးရိမ်ကြီးစွာ လောဟကုမ္ဘီ သံပူငရဲမှာ ခံနေရဆဲရှိသေး၏။

ပညာမဲ့သူ လူမိုက်နှင့် ပေါင်းသင်းမိသူတို့သည် စိုးရိမ်သောကကြီးစွာ ဖြစ်ရသည်မှာ ဤအဇာတသတ် စထ္ထုဖြင့် အလွန် ထင်ရှားပေသည်။

http://www.dhammadownload.com



## သူတော်ကောင်းနှင့် ပေါင်းသင်း စိုးရိမ်ကင်း

ပညာရှိ သူတော်ကောင်း မိဘ, ဆရာသမား လင်ယောကျ်ား သားသမီး မိတ်ဆွေများနှင့် အတူတကွနေထိုင်ရ၊ ပေါင်းသင်းဆက်ဆံရ၍ ပညာရှိ သူတော်ကောင်းတို့၏ အဆုံးအမ ဩဝါဒကို ခံယူသောသူတို့သည် အမြဲတမ်း စိတ်အေးချမ်းသာ နေထိုင်ကြရပေသည်။ အကိုတ်ဘဝများက အကြောင်းကံအားလျော်စွာ စိုးရိမ်ဖွယ်ရာ ပြဿနာများနှင့် တွေ့ကြုံရသော်လည်း တရားသဘောအရ ဖြေဖျောက်နိုင်ကြ၍ မစိုးရိမ်ဘဲ နေနိုင်ကြပေသည်။ စိုးရိမ်ခြင်း ကင်းဝေးကြရပေသည်။

## အိမ်မှနှင်ချ ပြန်ခဲ့ရ

တစ်ချိန်သောအခါမှာ မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ဗန္ဓုလစစ်သူကြီး၏ ဇနီး မလ္လိကာသည် သားသမီး မရ၍ ဗန္ဓုလစစ်သူကြီးက မပေါင်းသင်းလိုတော့ကြောင်း၊ မိဘအိမ်သို့သာ ပြန်ဖို့ရာအကြောင်းများကို ပြောကြားကာ အိမ်မှနှင်ထုတ်လေ၏။ မလ္လိကာသည် မြတ်စွာဘုရားကို ဖူးမြော်ပြီးမှ မိဘအိမ်သို့ ပြန်မည်ဟုရည်ရွယ်လျက် မြတ်စွာဘုရား ရှိတော်မူရာ ဇေတဝန်ကျောင်းတော်သို့ ဝင်ပြီးလျှင် မြတ်စွာဘုရားကို ရှိသေစွာ ရှိခိုးကန်တော့လေ၏။

## အရှည်မြော်မြင် ဘုရားရှင်

မြတ်စွာဘုရားက "မလ္လိကာ၊ အယ်ဒေသသို့ သွားမှာလဲ" လို့ မေးတော်မူလိုက်ရာ "တပည့်တော်မကို သွား

http://www.dhammadownload.com



သမီးမရ၍ ဗန္ဓုလစစ်သူကြီးက အိမ်မှနှင်ထုတ်သဖြင့် မိဘအိမ်သို့ ပြန်ရပါမည်ဘုရား”ဟု လျှောက်ထားလေ၏။ “သွားသမီး မရခြင်းကြောင့် နှင်ထုတ်တာဖြစ်လျှင် ။မိဘအိမ်သို့ ပြန်ဖို့မလို၊ ဗန္ဓုလစစ်သူကြီးအိမ်သို့သာ ပြန်သွားပါလေ” ဟူ၍ မိန့်ကြားတော်မူလိုက်၏။

မလ္လိကာသည် မြတ်စွာဘုရား၏ အမိန့်စကားကို နာယူ၍ ဝမ်းမြောက်ဝမ်းသာဖြင့် ဗန္ဓုလစစ်သူကြီးအိမ်သို့ ပြန်လာခဲ့လေ၏။ ဗန္ဓုလစစ်သူကြီးက “ဘာကြောင့် ပြန်လာသလဲ”ဟု မေးရာ “မြတ်စွာဘုရား အမိန့်တော်ကြောင့် ပြန်လာခဲ့ပါသည်”ဟူ၍ ဖြေကြားလိုက်လေသည်။ ဗန္ဓုလစစ်သူကြီးကလည်း မြတ်စွာဘုရားသည် အရှည်ကိုမြော်၍ အကြောင်းမှန်ကို မြင်တော်မူသောကြောင့် မလ္လိကာကို မိဘအိမ်သို့ မပြန်စေဘဲ လင့်အိမ်သို့သာ ပြန်လာစေခြင်း ဖြစ်သည်ဟူ၍ နှလုံးသွင်းဆင်ခြင်လျက် ကောင်းမွန်စွာ သိမ်းပိုက်လက်ခံလိုက်လေ၏။

## သတ္တိပြည့်ဝ သားတွေရ

မလ္လိကာသည် မကြာမီ အချိန်ကာလ အတွင်းမှာပင် ကိုယ်ဝန်ရ၍ အမြွှာပူး သားလေးများ ဆက်ကာဆက်ကာ မွေးဖွားခဲ့ရာ သားသုံးဆယ့်နှစ်ယောက်ကို ရရှိလေ၏။ အရွယ်ရောက်ကြသောအခါ အားလုံး စစ်ဗိုလ်တို့ တတ်အပ်သော အတတ်ပညာတို့ကို တတ်မြောက်ကြပြီး ရဲရင့်သော စိတ်ဓာတ်နှင့်လည်း ပြည့်စုံကြလေကုန်၏။ ဗန္ဓုလ စစ်သူကြီးသည် သား ၃၂-ယောက်တို့၏ စွမ်းရည်သတ္တိတို့ကြောင့် တရားစီရင်ရာမှစ၍ မင်းနန်းတော်တစ်ခုလုံးကို အုပ်စိုးစီရင်ရလေ၏။

http://www.dhammadownload.com



## လင်နှင့် သားများ ကျဆုံးသွား

နန်းတော်၌ တရားစီရင်ကြသော အမတ်ဟောင်းကြီးတို့သည် လာဘ်အရ နည်းခဲသောကြောင့် ဗန္ဓုလ စစ်သူကြီးနှင့် သား ၃၂-ယောက်တို့ကို အဆုံးစီရင် သတ်ပုတ်ဖို့ရာ ကြံစည်၍ ကောသလမင်းကြီးထံ သွားကာ ကုန်းတိုက် ကြလေကုန်၏။ ကောသလမင်းကြီးသည် အမတ်ဟောင်းကြီးတို့၏ စကားကို ယုံကြည်သောကြောင့် တိုင်းပြည် အစွန်အဖျားတို့၌ သူပုန်ထစေ၍ ဗန္ဓုလစစ်သူကြီးနှင့် သား ၃၂-ယောက်တို့ကို သူပုန်နှိမ်နင်းရန် စေလွှတ်၏။

သူပုန်နှိမ်နင်းပြီး၍ နန်းတော်သို့ အပြန်တွင် လုပ်ကြံသတ်ဖြတ်စေလိုက်၏။ မလ္လိကာထံသို့လည်း ဗန္ဓုလစစ်သူကြီးနှင့် သား ၃၂-ယောက်တို့ သူပုန်နှိမ်နင်းရာမှအပြန် အားလုံး လုပ်ကြံ သတ်ဖြတ်ခံရသော အကြောင်းကြားစာကို ပို့စေလိုက်၏။ မလ္လိကာသည် လင်နှင့် သားတို့ အသတ်ခံရသော အကြောင်းကြားစာကို တစ်ဦးတစ်ယောက်ကိုမျှ မပြဘဲ သူ့အိတ်ထဲတွင် ထည့်ထားလိုက်၏။

## မလ္လိကာမှာ စိုးရိမ်ကွာ

မလ္လိကာသည် ထိုနေ့၌ပင် အရှင်သာရိပုတ္တရာ၊ အရှင်မဟာမောဂ္ဂလ္လာန်တို့နှင့်တကွ သံဃာတော် ငါးရာတို့ကို ပင့်ဖိတ်၍ အိမ်တွင် ဆွမ်းကပ်လှူနေ၏။ ဆွမ်းကျွေးပြီးသောအခါ ဆွမ်းပွဲများ၊ စားသောက်ဖွယ် ပစ္စည်းများကို အလုပ်အကျွေး

http://www.dhammadownload.com



အမျိုးသမီးတို့သည် သိမ်းကြုံ သယ်ယူကြရာတွင် အမျိုးသမီး တစ်ဦး၏ လက်မှ ထောပတ်အိုးလွတ်ကျ၍ ကွဲသွားလေ၏။ ထိုအခါ အရှင်သာရိပုတ္တရာမထေရ်က ကွဲတတ်တဲ့ ပစ္စည်းဟာ ကွဲတာပါပဲ၊ ဘာမျှ ကြံစည်တွေးတော၍ မစိုးရိမ်ပါနှင့်ဟု မိန့်ကြားတော်မူလေ၏။

အရှင်သာရိပုတ္တရာ၏ မိန့်ကြားသော စကားကို ကြားရသော မလ္လိကာသည် အိတ်ထဲမှစာကို ထုတ်ပြ၍ ဤသို့ ပြန်လျှောက်ကြားလေ၏။ "အရှင်ဘုရား၊ ဗန္ဓုလစစ်သူကြီးနှင့် သား ၃၂-ယောက်တို့ လုပ်ကြံအသတ်ခံရ၍ ကျဆုံးကြောင်း စာကို တပည့်တော်မ နံနက်စောစောကတည်းက ရခဲ့ပါသည် ဘုရား။ ဤကဲ့သို့ ကျဆုံးတဲ့အကြောင်း တပည့်တော်မ သိရပါသော်လည်း ကြံစည်တွေးတော၍ စိုးရိမ်မှုများ မဖြစ်ပါ ဘုရား။ ထောပတ်အိုးကွဲရာ၌ အဘယ်မှာလျှင် စိုးရိမ်မှုရှိပါအံ့ မည်နည်း ဘုရား" ဟု လျှောက်ထားလိုက်လေ၏။

မလ္လိကာသည် မြတ်စွာဘုရားတည်း ဟူသော သူတော်ကောင်းကို မှီဝဲဆည်းကပ် ပေါင်းသင်းရ၍ မြတ်စွာဘုရား၏ အဆုံးအမ ဩဝါဒကို ခံယူထားရသူ ဖြစ်သောကြောင့် အိမ်ထောင်ဦးစီး ခေါင်းဆောင် လင်ဖြစ်သူ ဗန္ဓုလ စစ်သူကြီးနှင့် သား ၃၂-ယောက်တို့ လုပ်ကြံ အသတ်ခံရ၍ ကျဆုံးခြင်း တည်းဟူသော ဤမျှလောက် ဆုံးရှုံးနစ်နာ စိုးရိမ်ဖွယ်ရာ တို့၌ မစိုးရိမ်ပါဘဲ ချွေးမ ၃၂-ယောက်တို့ စိုးရိမ်ငိုကြွေး နေကြသည်ကိုလည်း အကြောင်းပြကာ ဆုံးမဩဝါဒပေး၍ ပြေပျောက်စေလေ၏။

http://www.dhammadownload.com



မိမိတို့၏ လင်ယောကျ်ားတို့သည် အပြစ်မရှိကြကုန်ပါဘဲလျက် ရှေးဘဝများက ပြုခဲ့မိကြသော အကုသိုလ်ကံများကြောင့် ယခု သေကြေပျက်စီး ဆုံးရှုံးကြခြင်း ဖြစ်ပေသည်။ မငိုကြနဲ့၊ မစိုးရိမ်ကြနဲ့ဟု ဆုံးမဩဝါဒပေးကာ စိုးရိမ်ငိုကြွေးနေသော ချွေးမ သုံးဆယ်နှစ်ယောက်တို့၏ အလယ်တွင် မစိုးရိမ်ပါဘဲ တင့်တင့်တယ်တယ် နေနိုင်လေ၏။

ပညာရှိ သူတော်ကောင်းတို့နှင့် ပေါင်းသင်းဆက်ဆံရသော သူတို့သည် စိုးရိမ်ဖွယ်ရာတို့ကို မစိုးရိမ်ဘဲ နေနိုင်ခြင်း၊ စိုးရိမ်ကြသောသူတို့၏ အလယ်တွင် မစိုးရိမ်ဘဲ တင့်တင့်တယ်တယ် နေနိုင်ခြင်းတို့သည် ဤမလ္လိကာဝတ္ထုဖြင့် အလွန်ပင်ထင်ရှားလေ၏။

## သူယုတ်သူမြတ် တစ်နည်းမှတ်ဖွယ်

သူတော်ကောင်းနှင့် သူယုတ်မာ ခွဲခြားသိဖို့ရာ တစ်နည်းမှာ....

၁။ မိမိအပြစ်ကို အပြစ်အားဖြင့် ရှုခြင်း။

၂။ မိမိအပြစ်ကိုမြင်သော် တရားနှင့်လျော်ညီစွာ ကုစားခြင်း။

၃။ သူတစ်ပါးက အပြစ်ကို ဝန်ခံတောင်းပန်လာသော် တရားနှင့်လျော်ညီစွာ သည်းခံခြင်း ဟူသော ဤတရား (ဤအင်္ဂါ) သုံးပါးနှင့် ပြည့်စုံသောသူသည် ပညာရှိ သူတော်ကောင်း မည်၏။

http://www.dhammadownload.com



၁။ မိမိအပြစ်ကို အပြစ်အားဖြင့် မရှုခြင်း။

၂။ မိမိအပြစ်ကို မြင်ခဲ့သော် တရားနှင့်လျော်ညီစွာ မကုစားခြင်း။

၃။ သူတစ်ပါးက အပြစ်ကို ဝန်ခံ၍ တောင်းပန်ပါလျက် တရားနှင့်လျော်ညီစွာ သည်းမခံတတ်ခြင်း ဟူသော ဤတရား (ဤအင်္ဂါ) သုံးပါးနှင့် ပြည့်စုံသောသူသည် လူမိုက် လူယုတ်မာ မည်၏။

(အံ-၁၊ ၁၀၁)

**ဆောင်ပုဒ်။** ။ကိုယ့်ပြစ်ကိုရှု၊ အပြစ်ကု၊ သူပြုတောင်းပန် သည်းခံသည်။
အင်္ဂါသုံးတန်၊ ပြည့်စုံပြန်၊ အမှန်သူမြတ် ဖြစ်ပေသည်။
ကိုယ့်ပြစ်မရှု၊ ပြစ်မကု၊ သူပြုတောင်းပန် သည်းမခံ။
အင်္ဂါသုံးတန်၊ ပြည့်စုံပြန်၊ အမှန်သူယုတ် ဖြစ်ပေသည်။

## ကွဲ့ရဲ့ဖွယ်သာ မြင်တတ်ပါ

လောကီနယ်ထဲ၌ နေထိုင်ကြသော ပုဂ္ဂိုလ်မှန်သမျှကိုသည် တစ်အိမ်တည်း၊ တစ်ကျောင်းတည်း၊ တစ်ရွာတည်း၊ တစ်မြို့တည်း စသည်ဖြင့် စုပေါင်းပြီး သင့်တော်သလို နေထိုင်ကြရပေသည်။ ဤကဲ့သို့ စုပေါင်းနေထိုင်ကြရာတွင် အချိန်ကာလ ကြာမြင့် လာကြသောအခါ အတူတကွ နေထိုင်ကြ

http://www.dhammadownload.com



သောသူတို့သည် တစ်ဦးအပေါ်တစ်ဦး ကြည်ညိုဖွယ်၊ ချီးမွမ်းဖွယ်တို့ကို မြင်တာထက် အပြစ်တင်ဖွယ် ကဲ့ရဲ့ဖွယ်တို့ကို မြင်တာက ပိုများလာတတ်ကြပေသည်။

ယင်းကဲ့သို့ မြင်တတ်သည့်အားလျော်စွာ သူတစ်ပါး၏ အပြစ်ကိုပင် ကြည့်နေတတ်၏။ စိတ်ထဲကလည်း အမြဲလိုပင် သူတစ်ပါး၏ အပြစ်ကိုရှုနေတတ်၏။ ကိုယ့်အပြစ်ကို မရှုတတ် မမြင်တတ်ကြပါဘဲ သူတစ်ပါး၏ အပြစ်ကိုသာ ရှုတတ် မြင်တတ်ကြသော သူတို့သည် လူမိုက်တို့ မည်ကုန်၏။

ထိုလူမိုက်တို့သည် လောကဘက်မှာလည်း တိုးတက်ကြီးပွားမှုမရှိမူ၍ အောက်တန်း နောက်တန်း ကျနေတတ်ကြပေသည်။ ဓမ္မဘက်မှာလည်း လောဘ, ဒေါသ, မောဟ, ဒိဋ္ဌိတွေ ကြီးထွား လွှမ်းမိုး ပိတ်ပင်ထားသောကြောင့် တရားထူး တရားမြတ်များနှင့် ဝေးကွာနေတတ်ကြပေသည်။ တရားထူး တရားမြတ် မရရှိနိုင်ခြင်း ဖြစ်ကြပေသည်။ ထို့ကြောင့် မြတ်စွာဘုရားက....

"ပရဝဇ္ဇာနုပဿိဿ၊ နိစ္စံ ဥဇ္ဈာနသညိနော။
အာသဝါ တဿ ဝဍ္ဎန္တိ၊ အာရာ သော အာသဝက္ခယာ"

ဟူ၍ ဟောကြားတော်မူထားပါသည်။

ပရဝဇ္ဇာနုပဿိဿ–သူတစ်ပါးတို့၏ အပြစ်ကို ရှုလျက်၊
နိစ္စံ ဥဇ္ဈာနသညိနော–အမြဲ ကဲ့ရဲ့လိုသော အမှတ်သညာ ရှိသော။

http://www.dhammadownload.com



အာသဝါ တသာ ဝုစ္ဆိ - ထိုသူအား အာသဝေါတရားတို့သည် တိုးပွားကုန်၏။

အာရကာ သော အာသဝက္ခယာ - ထိုသူသည် အာသဝေါတရားတို့၏ ကုန်ရာ နိဗ္ဗာန်နှင့် ဝေး၏။

**ဆောင်ပုဒ်။** ။ကဲ့ရဲ့ဖို့ရာ၊ သူ့ပြစ်သာ၊ ရှုပါနိဗ္ဗာန်ဝေး။

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ အရှင်မဟာကဿပသည် ရာဇဂြိုဟ်ပြည်ကိုမှီ၍ ညောင်ကြတ်ပင်ရှိသော လိုဏ်ဂူ၌ အလုပ်အကျွေး တပည့် ရဟန်းနှစ်ပါးနှင့် အတူတကွ သီတင်းသုံးနေတော်မူ၏။

တစ်ယောက်သော တပည့်သည် ကောင်းမွန် ရိုသေခြင်းရှိသော သဒ္ဓါစေတနာတို့ဖြင့် အရှင်မဟာကဿပကို အလုပ်အကျွေးပြုရ ဝတ်ကြီးဝတ်ငယ်သို့ ပြုလေ၏။ တစ်ပါးသော တပည့်သည် သဒ္ဓါစေတနာမပါ။ ဟန်ဆောင်မျှသော ဝတ်ကြီးဝတ်ငယ်ကိုပြု၏။ သဒ္ဓါစေတနာဖြင့် ပြုစုသော တပည့်၏ အချိန်မီ ပြုလုပ်ဆောင်ရွက်တာတွေကို စေတနာမပါ ဟန်ဆောင်မျှသာ ဖြစ်သော တပည့်က သူ ဆောင်ရွက်ထားသကဲ့သို့ သူ ပြုလုပ်ထားသကဲ့သို့ အရှင်မဟာကဿပကို လျှောက်ထားလေ့ရှိ၏။

## ဆုံးမပေးချက် အမျက်ထွက်

တစ်နေ့သောအခါ ရေချိုးအိမ်၌ ရေမရှိပါဘဲ ဆရာတော် အရှင်မဟာကဿပကို ပင့်သွားတာကို အကြောင်းပြု၍ တေစ-

http://www.dhammadownload.com



နာမပေါ ဟန်ဆောင်မျှသာ ဝတ်ပြုသော တပည့် ရဟန်း၏ လှည့်ပတ်နေပုံများကို အရှင်မဟာကဿပ သိသောကြောင့် ရဟန်းဆိုတာ ကိုယ်တိုင်မပြုဘဲ ပြုလုပ်သကဲ့သို့ မလှည့်ပတ်အပ်၊ မလှည့်ပတ်ကောင်းဟူ၍ အဆုံးအမ ဩဝါဒ ပေးလေ၏။ ထိုအခါ ဟန်ဆောင် တပည့်သည် သူ၏ မှားယွင်းချက် အမြစ်ကို ဝန်မခံ မပြုပြင်ပါဘဲ သူ့ကို ဤလို ပြောရမည်လားဟူ၍ စိတ်ဆိုးအမျက်ထွက်၏။

**မှတ်ချက်** – (ကိုယ့်အပြစ်ကို ဝန်ခံခြင်း၊ ပြုပြင်ခြင်း မရှိပါဘဲ အမျက်ထွက် စိတ်ဆိုးခြင်းသည် လူမိုက်လက္ခဏာ ဖြစ်၏။)

ထို့နောက် တစ်နေ့သောအခါ အရှင်မဟာကဿပသည် ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံသော တပည့်နှင့်အတူ အရပ်တစ်ပါးသို့ ဆွမ်းခံကြွသွားတော်မူ၏။ စေတနာမပေါ ဟန်ဆောင်တတ်သော တပည့်ရဟန်းသည် အရှင်မဟာကဿပနှင့် ရင်းနှီးသော ဒါယကာ-ဒါယိကာမတို့ အိမ်များသို့ ကြွ၍ အရှင်မဟာကဿပ မကျန်းမာ၍ ဆွမ်းခံမကြွလာနိုင်၊ ကျောင်းမှာပင် သီတင်းသုံး နေထိုင်သည်ဟု ပြောကာ အရှင်မဟာကဿပ အတွက် ကောင်းနိုးရာရာ စားဖွယ် သောက်ဖွယ်တို့ကို အလှူခံ၍ လမ်းခရီးမှာပင် စားသောက်လေ၏။ အရှင်မဟာကဿပသည် ဆွမ်းခံရွာမှ သိမ်မွေ့နူးညံ့သော အဖိုးတန် သင်္ကန်းချုပ်ဖို့ရာ အဝတ်ကို ရခဲ့၏။ ဆွမ်းခံ အတူတကွ သွားသော ဝတ်ကြီးဝတ်ငယ်နှင့် ပြည့်စုံသော တပည့်ကို ပေးလေ၏၊ ရဟန်းငယ်သည် ချုပ်ဆိုး၍ ဝတ်လေ၏။

http://www.dhammadownload.com



နောက်တစ်နေ့တွင် အရှင်မဟာကဿပသည် ရင်းနှီးသော ဒါယကာ-ဒါယိကာမများ အိမ်သို့ ဆွမ်းခံ ကြွသွားသည် ရှိသော်-အရှင်ဘုရား မကျန်းမာ၍ ဆွမ်းခံမကြွသော အကြောင်း အရှင်ဘုရား၏ တပည့်ထံမှ ကြားရ၍ အရှင်ဘုရားအတွက် သင့်တော်သော စားဖွယ် သောက်ဖွယ်တို့ကို အရှင်ဘုရား၏ တပည့် ရဟန်းမှ တဆင့် ဆက်ကပ်ပေးပါရန် လှူဒါန်းလိုက်ပါသည်ဘုရား။ဘုဉ်းပေးလို့ သင့်မြတ်ပါရဲ့လားဘုရားစသည်ဖြင့် လျှောက်ထားကြလေကုန်၏။

အရှင်မဟာကဿပက ဘာကိုမျှမမိန့်ကြားဘဲနဲ့ ကျောင်းသို့ ပြန်ကြွလာသောအခါ စေတနာမပါ ဟန်ဆောင်မျှသာ ဝတ်ပြုသော တပည့်ရဟန်းသည် အရှင်မဟာကဿပကို ရှိခိုးလျက် ထိုင်နေတာကို မြင်ရ၍ တပည့်....သင်သည် မှန်နေ့က ငါ မကျန်းမာဟု ဆိုကာ စားဖွယ် သောက်ဖွယ်များကို ခံယူပြီး သင် သုံးဆောင်သည် ဖြစ်သတတ်။ ရဟန်းဟူသည် ဤသို့ နှုတ်ဖြင့် လှည့်ပတ်တောင်းခံ၍ မစားအပ်ဟု ပြောဆို ဆုံးမလေ၏။

## ဆုံးမပေခြား ရန်ငြိုးထား

ရဟန်းငယ်သည် အမျက်ထွက် စိတ်ဆိုးပြီး အရှင်မဟာကဿပကို ရန်ငြိုးထားလေ၏။ ဟိုနေ့ကလည်း ငါ့ကို ချိုးရေနဲ့ ပတ်သက်၍ လိမ်သည်ဟု စွပ်စွဲ၏။ ယနေ့လည်း သူ့ဒါယကာ-ဒါယိကာမတို့ အိမ်မှ ဆွမ်းလေး တဆုပ်မျှ ခံယူစားသောက်သည်ကို နှုတ်ဖြင့် တောင်းမစားအပ်ဟု ဝိနည်းသိက္ခာ

http://www.dhammadownload.com



ပုဒ်ဖြင့် နှိမ်၍ ပြောပြမြန်၏။ ရလာသော သက်န်းချုပ်ရန် အဝတ်ကိုလည်း သူ့တပည့်နှ ရဟန်းကို ပေး၏။ ဒီမထေရ်ကြီး မပြောသင့် မလုပ်သင့်တာတွေ လုပ်နေပြီ။ ငါ့အကြောင်း သိအောင်တော့ ပြလိုက်ဦးမယ် ဟူ၍ ကြုံးဝါးကာ အမျက်ထွက် ရန်ငြိုးဖွဲ့လေ၏။

နောက်တစ်နေ့ အရှင်မဟာကဿပ ရွာတွင်းသို့ ဆွမ်းခံဝင်သော အခါ၌ တုတ်တစ်ချောင်းကိုယူကာ ကျောင်း အသုံးအဆောင် အိုးခွက်များကို ရိုက်ခွဲပြီးလျှင် တဲကျောင်းကိုလည်း မီးရှို့လိုက်လေ၏။ မီးမလောင်၍ ကျန်နေသော ပစ္စည်းတို့ကိုလည်း တင်းပုတ်ဖြင့် အားလုံး ရိုက်ခွဲပြီး ထွက်ပြေးလေ၏။ (ဓမ္မပဒ-ဋ္ဌ-၁၊၂၉၄)

## နိဂုံးချုပ်ကြည့် လူမိုက်သိ

ဤ အရှင်မဟာကဿပ၏ တပည့်ဝတ္ထုဖြင့် တပည့်မိုက်သည် ဝတ်ကြီး ဝတ်ငယ်ကို မပြုပါဘဲလျက် ပြုဟန်ဆောင်ခြင်း တည်းဟူသော ကိုယ့်အပြစ်ကိုလည်းကောင်း၊ အရှင်မဟာကဿပ၏ ဒါယကာ - ဒါယိကာမများ အိမ်မှ လိမ်ညာတောင်းခံ၍ စားသောက်ခြင်း တည်းဟူသော ကိုယ့်အပြစ်ကို လည်းကောင်း၊ မှန္တမမြင်ပါဘဲ အရှင်မဟာကဿပက အဆုံးအမ ဩဝါဒ ပေးသော အခါ၌လည်း နောင်အခါ ဤကဲ့သို့ မပြုတော့ပါ စသည်ဖြင့် ဝန်ခံခြင်း, ကုစားခြင်းတို့ကို မပြုသောကြောင့် လူမိုက် (ရဟန်းမိုက်) ဖြစ်သည်မှာ

http://www.dhammadownload.com



အလွန်ပင် ထင်ရှား၏။ ကျောင်းအသုံးအဆောင် ပစ္စည်းများကို ဖျက်ဆီးခြင်း, ကျောင်းကိုမီးရှို့ခြင်းတည်းဟူသော မိမိ သူတစ်ပါး အကျိုးမဲ့များကို ပြုလုပ်ခြင်းကြောင့်လည်း လူမိုက် (ရဟန်းမိုက်) ဖြစ်သည်မှာ အလွန်ပင် ထင်ရှား၏။

အကြင်သူ တစ်ယောက်သည် သူတစ်ပါး၏ အပြစ်ကို ကြည့်ရှုလေ့မရှိ။ ကိုယ့်အပြစ်, ကိုယ့် ချို့ယွင်း ချက် တို့ကိုသာ ကြည့်ရှုလေ့ရှိ၏။ ကိုယ့်အပြစ် ကိုယ့် ချို့ ယွင်း ချက်တို့ကို မြင်ခဲ့သော် အမြန်ပြောင်းလဲ ပြုပြင် ကုစားတတ်၏။ ထိုသူသည် သူတော်ကောင်းမည်၏။ သောကဘက်ကလည်း တိုးတက်ကြီးပွားး၍ အထက်တန်းကျနေ တတ်ပေသည်။ ဓမ္မဘက်ကလည်း လောဘ, ဒေါသ, မောဟ, ဒိဋ္ဌိ တရားဆိုးတို့ နည်းပါး ကင်းဝေးကြသောကြောင့် တရားထူး တရားမြတ် များလည်း ရရှိနေတတ်ပေသည်။

## မမေ့နိုင်ဖွယ်ရာ အရှင်သာရိပုတ္တရာ

တစ်နေ့သောအခါ ပညာအရာဘွင် အတော်ဆုံး အကောင်းဆုံး ဖြစ်သော အရှင်သာရိပုတ္တရာသည် အမှတ်တမဲ့ ဝတ်ထားသော သင်္ကန်း အစွန်းထွက်ကျကာ မညီမညာ ဖြစ်နေ၏။ ထိုအခါ ခုနစ်နှစ်အရွယ် ကိုရင်ငယ် တစ်ပါးက မြင်၍ "အရှင်သာရိပုတ္တရာဘုရား အရှင်ဘုရား သင်္ကန်းဝတ်ထားတာ မညီပါ၊ အစွန်းထွက်ကာ အောက်သို့ လျော့ကျနေပါသည်ဘုရား" ဟူ၍ လျှောက်ထားလေ၏။ အရှင်သာရိပုတ္တရာသည် ကိုရင်ငယ်အား သာတခွန်းမျှ ပြန်မပြောမူ၍ သင့်တော်ရာ အရပ်သို့ သွားကာ သင်္ကန်းကို ညီညီညာညာ ပြင်

http://www.dhammadownload.com



ဝတ်ပြီး ကိုရင်ငယ်ထံ ပြန်လာ၍ လက်အုပ်ချီကာရပ်လျက် "ဆရာ သင်္ကန်းဝတ်ပုံ ဤမျှလောက် ဆိုလျှင် သင့်တော်ပါပြီလား" ဟူ၍ မိန့်ကြားလိုက်လေ၏။

ထို့နောက် ဆက်လက်၍ မိန့်ကြားတော်မူသည်မှာ ယနေ့ သင်္ကန်းဝတ်သော ခုနစ်နှစ်အရွယ်ကိုရင်ငယ်က ပေးအပ်သော အဆုံးအမကို ဦးထိပ်ထား၍ ခံယူပါမည်ဟူသော သူတော်ကောင်းတို့ မမေ့နိုင်ဖွယ်ရာ ဥဒါန်းစကားပင် ဖြစ်ပေသည်။

(သံ-ဋ္ဌ-၁၊ ၁၁၄)

**မှတ်ချက်** - (အရှင်သာရိပုတ္တရာသည် ဝတ်ထားသော သင်္ကန်း မညီမညွတ်ဖြစ်သော အပြစ်ကို ခုနစ်နှစ်အရွယ် ကိုရင်ငယ်က အပြစ်ပြ၍ လျှောက်ထား ပြောပြရာ မညီညွတ်သော အပြစ်ကို ရှုဆင်ခြင်၍ ချက်ချင်းပင် ပြင်ဝတ်ကာ ကုစားလိုက်ခြင်းနှင့် နောင်များ ဤကဲ့သို့ အပြစ်ပြ၍ ပေးအပ်သော အဆုံးအမကို ဦးထိပ်ထား၍ ခံယူပါမည်ဟူ၍ ဝန်ခံခြင်းတို့သည် မဂ်ဖိုလ်နိဗ္ဗာန် ချမ်းသာကို ရဖို့ရန် ရည်မှန်းကြကုန်သော သူတော်ကောင်းတို့အတွက် မမေ့နိုင်ဖွယ်ရာ သူတော်ကောင်း၏ လက္ခဏာပင် ဖြစ်ပါပေသည်။)

မဂ်ဖိုလ် နိဗ္ဗာန် ချမ်းသာကို ရဖို့ရန် တကယ်တမ်း အလိုရှိကြသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည်

http://www.dhammadownload.com



ဤအာရှင်သာရိပုတ္တရာ မထေရ်မြတ်ကဲ့သို့ ကိုယ့်အပြစ်ကို ရှုမြင်တတ်, ကိုယ့်အပြစ်ကို ကုစားတတ်, ကိုယ့်အပြစ်ကို ဝန်ခံတတ်သော ပညာရှိ သူတော်ကောင်းတို့နှင့် အတူတကွ နေ့ထိုင် ပေါင်းသင်း ဆက်ဆံဖို့ရာ အထူးပင် သတိပြုသင့်ကြပေသည်။

တတိယနတ်သား လျှောက်ထားခန်း ပြီးပါပြီ။

http://www.dhammadownload.com

# စတုတ္ထနတ်သား လျှောက်ထားခန်း

ဆွေမျိုးအလယ် တင့်တယ်ပုံ

တတိယနတ်သား လျှောက်ထားပြီးသောအခါ စတုတ္ထမြောက် နတ်သားတစ်ယောက်က လက်အုပ်ချီကာ လျှောက်ထားလိုက်ပြန်ပါသည်။

"သဗ္ဘိရေဝ သမာသေထ။ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊ ဉာတိမဇ္ဈေ ဝိရောစတိ"တိ

ဟူ၍ လျှောက်ထားလိုက်ပါသည်။

သဗ္ဘိရေဝ သမာသေထ....သူတော်ကောင်းတို့နှင့်သာ အတူတကွ နေရာ၏၊

သဗ္ဘိကုဗ္ဗေထ သန္ထဝံ.... သူတော်ကောင်းတို့နှင့်ပေါင်းသင်းခြင်းကို ပြုရာ၏၊

သတံ သဒ္ဓမ္မ မညာယ....သူတော်ကောင်း တရားကို သိရှုသောကြောင့်၊

ဉာတိမဇ္ဈေ ....ဆွေမျိုးအပေါင်းတို့ အလယ်၌။

ဝိရောစတိ ....တင့်တယ်လေ၏။

မြတ်စွာဘုရား....ထိုထိုပုဂ္ဂိုလ်သတ္တဝါမှန်သမျှသည်သူတော်ကောင်းတို့နှင့်သာ အတူတကွ နေရာ၏။ သူတော်ကောင်းတို့

http://www.dhammadownload.com



နှင့်သာ ပေါင်းသင်းခြင်းကို ပြုရာ၏။ ဤကဲ့သို့ သူတော်ကောင်းတို့နှင့် အတူတကွ နေထိုင်ရ၊ သူတော်ကောင်းတို့နှင့် ပေါင်းသင်းရသည် ဖြစ်၍ သူတော်ကောင်းတရားများကို သိကြရသောကြောင့် ဆွေမျိုးတို့၏ အလယ်တွင် တင့်တင့်တယ်တယ် နေရပါသည်ဘုရားဟု သူရရှိထားသောအကျိုးကို သူ့ဥာဏ်အား ထင်ရှားသည်အားလျော်စွာ မြတ်စွာဘုရားကို လျှောက်ထားလိုက်ပါသည်။

**ဆောင်ပုဒ်။** ။သူတော်ကောင်းနှင့်၊ ပေါင်းဖော်လင့်၊ သင့်တင့်မျိုးလယ်မှာ။

## သူယုတ်သူမြတ် တစ်နည်းမှတ်ဖွယ်

သူတော်ကောင်းနှင့် သူယုတ်မာ ခွဲခြားသိဖို့ရာ တစ်နည်းမှာ ဆိတ်ကွယ်ရာကို ရသည်ရှိသော် သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း၊ သူတစ်ပါးသားမယားကို ဖျက်ဆီးခြင်း စသည်တို့ကို ပြုလုပ်တတ်သော သီလမရှိသူသည် လူမိုက် လူယုတ်မာ မည်၏။

သူတစ်ပါးပစ္စည်းကို ခိုးယူခြင်း၊ သူတစ်ပါး သားမယားတို့ကို ဖျက်ဆီးခြင်း စသည်တို့ကို ပြုလုပ်ဖို့ရာ ဆိတ်ကွယ်ရာ အရပ်မရှိဟူ၍ မကောင်းမှုမှန်သမျှကို ရှောင်ကြဉ်သော သီလရှိသူသည် ပညာရှိ သူတော်ကောင်းမည်၏။

(သီလဝီမံသ ဇာတက-၄-၃၊ ၁၇)

**ဆောင်ပုဒ်။** ။ဆိတ်ကွယ်ရာတွင်၊ မကောင်းပင်၊ ပြုလျှင်သူမိုက်မည်။

http://www.dhammadownload.com



သူတော်ကောင်းမှာ၊ ဆိတ်ကွယ်ရာ၊ ဘယ်ခါ

မရှိပြီ။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံလျက်ရှိ၏။ ထိုအခါ ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ဒိသာပါမောက္ခဆရာကြီးအထံ၌ အတတ်ပညာကို သင်ယူ၏။ ဒိသာပါမောက္ခဆရာကြီး၏ တပည့်ငါးရာတို့တွင် အကြီးဆုံးတပည့်ဖြစ်၏။ ဒိသာပါမောက္ခဆရာကြီး၌ အရွယ်ရောက်နေသော သမီးတစ်ယောက် ရှိ၏။ တပည့်ငါးရာတို့တွင် သီလရှိသူ၊ ပညာရှိ သူတော်ကောင်းတပည့်နှင့် သမီးကို ထိမ်းမြားလက်ထပ်ပေးလိုသည်ဖြစ်၍ တပည့်ငါးရာတို့ကို စုဝေးစေ၏။

## သီလ ရှိ-မရှိ စွေးစစ်ကြည့်

တပည့်များအားလုံး စုံညီစွာ ရောက်လာသောအခါ ဒိသာပါမောက္ခဆရာကြီးက "တပည့်တို့- ဆရာ၌ အရွယ်ရောက်နေသော သမီးတစ်ယောက်ရှိ၏။ သမီးကို ထိမ်းမြားခြင်းပြုလို၏။ တပည့်တို့ထံမှ အဖိုးတန် အဝတ်တန်ဆာများကို ရလိုသည်။ တပည့်တို့ထံမှရသော အဝတ်တန်ဆာတို့ကိုကြည့်၍ သင့်တော်သောတပည့်နှင့် ထိမ်းမြားလက်ထပ်ပေးမည်။ တပည့်တို့၏ ဆွေမျိုးမိဘများမမြင်အောင် အဖိုးတန် အဝတ်တန်ဆာများကို ခိုးယူခဲ့ကြရမည်။ တစ်စုံတစ်ယောက်သောသူတို့ မမြင်အောင် ခိုးယူခဲ့သော အဖိုး

http://www.dhammadownload.com



တာန် အဝတ်တန်ဆာတို့ကိုသာယူမည်။ တောင်း၍ ဖြစ်ယူခဲ့သော အဝတ်တန်ဆာတို့ကို ငါမယူ'' ဟူ၍ ပြောဆိုလေ၏။ တပည့်ငါးရာတို့သည် ''ကောင်းပါပြီ'' ဟု ဝန်ခံ၍ မိမိတို့၏ ဆွေမျိုးမိဘများအိမ်သို့ ပြန်သွားကြကုန်၏။ အိမ်သို့ရောက်သောအခါ ဆွေမျိုးမိဘတို့ မသိမမြင်အောင် အဖိုးတန် အဝတ်တန်ဆာ ပန်ဆင်စရာများကို ခိုးယူ၍ ဒိသာပါမောက္ခဆရာကြီးထံသို့ ပေးဆက်ကြကုန်၏။ ဆရာကြီးသည် ပစ္စည်းစာရင်း ပြုလုပ်၍ တပည့်အသီးသီးတို့၏ အမည်များနှင့်တကွ ပူးတွဲသိမ်းဆည်းထား၏။

ဘုရားအလောင်းတပည့်သည် တစ်စုံတစ်ခုသော အဝတ်တန်ဆာကို မယူဆောင်နိုင်ခဲ့ပါဘဲ ဆရာကြီးထံ ရောက်လာလေ၏။ ဆရာကြီးက ဘုရားအလောင်းတပည့်ကို ''ငါ့တပည့် သင်သည် တစ်စုံတစ်ခုမျှသော အဝတ်တန်ဆာကို ဘာကြောင့် မယူဆောင်လာခဲ့သနည်း'' ဟု ဆို၏။ တပည့်က ''အကျွန်ုပ်သည် မကောင်းမှုကို ပြုခြင်း၌ ဆိတ်ကွယ်ရာအရပ်ဟူ၍ မရှိသောကြောင့် တစ်စုံတစ်ခုမျှသော အဝတ်တန်ဆာကို မယူဆောင်လာနိုင်ခြင်း ဖြစ်ပါသည်။'' ဟူ၍ ပြောပြပြီး အောက်ပါဂါထာတို့ဖြင့် သူ့စိတ်ထဲမှာရှိတာကို ထပ်ဆင့်၍ ပြောကြားလိုက်လေ၏။

နတ္ထိ လောကေ ရဟောနာမ၊ ပါပကမ္မံ ပကုဗ္ဗတော။
ပဿန္တိ ဝန ဘူတာနိ၊ တံ ဗာလော မညတီ ရဟော။

နတ္ထိ လောကေ ရဟောနာမ — လောက၌ ဆိတ်ကွယ်ရာ မည်သည်မရှိ၊

http://www.dhammadownload.com



သူတော်ကောင်းမှာ၊ ဆိတ်ကွယ်ရာ၊ ဘယ်ခါ မရှိပြီ။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံလျက်ရှိ၏။ ထိုအခါ ဘုရားအလောင်းသည် ပုဏ္ဏားမျိုး၌ဖြစ်၍ အရွယ်သို့ ရောက်သည်ရှိသော် ဒိသာပါမောက္ခဆရာကြီးအထံ၌ အတတ်ပညာကို သင်ယူ၏။ ဒိသာပါမောက္ခဆရာကြီး၏ တပည့်ငါးရာတို့တွင် အကြီးဆုံးတပည့်ဖြစ်၏။ ဒိသာပါမောက္ခဆရာကြီး၌ အရွယ်ရောက်နေသော သမီးတစ်ယောက် ရှိ၏။ တပည့်ငါးရာတို့တွင် သီလရှိသူ၊ ပညာရှိ သူတော်ကောင်းတပည့်နှင့် သမီးကို ထိမ်းမြားလက်ထပ်ပေးလိုသည်ဖြစ်၍ တပည့်ငါးရာတို့ကို စုဝေးစေ၏။

## သီလ ရှိ-မရှိ စွေးစစ်ကြည့်

တပည့်များအားလုံး စုံညီစွာ ရောက်လာသောအခါ ဒိသာပါမောက္ခဆရာကြီးက "တပည့်တို့- ဆရာ့၌ အရွယ်ရောက်နေသော သမီးတစ်ယောက်ရှိ၏။ သမီးကို ထိမ်းမြားခြင်းပြုလို၏။ တပည့်တို့ထံမှ အဖိုးတန် အဝတ်တန်ဆာများကို ရလိုသည်။ တပည့်တို့ထံမှရသော အဝတ်တန်ဆာတို့ကိုကြည့်၍ သင့်တော်သောတပည့်နှင့် ထိမ်းမြားလက်ထပ်ပေးမည်။ တပည့်တို့၏ ဆွေမျိုးမိဘများမမြင်အောင် အဖိုးတန် အဝတ်တန်ဆာများကို ခိုးယူခဲ့ကြရမည်။ တစ်စုံတစ်ယောက်သောသူတို့ မမြင်အောင် ခိုးယူခဲ့သော အဖိုး

http://www.dhammadownload.com



တန် အဝတ်တန်ဆာတို့ကိုသာယူမည်။ တောင်း၍ ပြ၍ယူခဲ့သော အဝတ်တန်ဆာတို့ကို ငါမယူ" ဟူ၍ ပြောဆိုလေ၏။

တပည့်ငါးရာတို့သည် "ကောင်းပါပြီ"ဟု ဝန်ခံ၍ မိမိတို့၏ ဆွေမျိုးမိဘများအိမ်သို့ ပြန်သွားကြကုန်၏။ အိမ်သို့ရောက်သောအခါ ဆွေမျိုးမိဘတို့ မသိမမြင်အောင် အဖိုးတန် အဝတ်တန်ဆာ ပန်ဆင်စရာများကို ခိုးယူ၍ ဒိသာပါမောက္ခဆရာကြီးထံသို့ ပေးဆက်ကြကုန်၏။ ဆရာကြီးသည် ပစ္စည်းစာရင်း ပြုလုပ်၍ တပည့်အသီးသီးတို့၏ အမည်များနှင့်တကွ ပူးတွဲသိမ်းဆည်းထား၏။

ဘုရားအလောင်းတပည့်သည် တစ်စုံတစ်ခုသော အဝတ်တန်ဆာကို မယူဆောင်နိုင်ခဲ့ပါဘဲ ဆရာကြီးထံ ရောက်လာလေ၏။ ဆရာကြီးက ဘုရားအလောင်းတပည့်ကို "ငါ့တပည့်သင်သည် တစ်စုံတစ်ခုမျှသော အဝတ်တန်ဆာကို အဘယ်ကြောင့် မယူဆောင်လာခဲ့သနည်း"ဟု ဆို၏။ တပည့်က "အကျွန်ုပ်သည် မကောင်းမှုကို ပြုခြင်း၌ ဆိတ်ကွယ်ရာအရပ်ဟူ၍ မရှိသောကြောင့် တစ်စုံတစ်ခုမျှသော အဝတ်တန်ဆာကို မယူဆောင်လာနိုင်ခြင်း ဖြစ်ပါသည်။" ဟူ၍ ပြောပြပြီး အောက်ပါဂါထာတို့ဖြင့် သူ့စိတ်ထဲမှာရှိတာကို ထပ်ဆင့်၍ ပြောကြားလိုက်လေ၏။

နတ္ထိ လောကေ ရဟောနာမ၊ ပါပကမ္မံ ပကုဗ္ဗတော။
ပဿန္တိ ဝန ဘူတာနိ၊ တံ ဗာလော မညတိ ရဟော။

နတ္ထိ လောကေ ရဟောနာမ— လောက၌ ဆိတ်ကွယ်ရာ မည်သည်မရှိ၊

http://www.dhammadownload.com



ပါပကမ္မံ ပကုဗ္ဗတော .... မကောင်းမှုကို ပြုသောသူအား၊
ပဿန္တိ ဝနဘူတာနိ....နတ်တို့သည် မြင်ကြကုန်၏။
တံ ဗာလော မညတိ ရဟော .... လူမိုက်သည် မကောင်းမှု
ကို ဆိတ်ကွယ်ရာ၌ ပြုလုပ်လို့ ရသည်ဟု ထင်မှတ်၏။
အဟံ ရဟော နပဿာမိ၊ သုညံ ဝါပိ နဝိဇ္ဇတိ။
ယတ္ထ အညံ နပဿာမိ၊ အသုညံ ဟောတိ တံ မယာ။

အဟံ ရဟော နပဿာမိ....အကျွန်ုပ်သည် ဆိတ်ကွယ်ရာ
အရပ်ကို မမြင်ပါ။

သုညံ ဝါပိ နဝိဇ္ဇတိ....ပုဂ္ဂိုလ်သတ္တဝါမှ ဆိတ်ကွယ်သော
အရပ်သည်လည်း မရှိပါ၊

ယတ္ထ အညံ နပဿာမိ.... အကြင်အရပ်၌ ပုဂ္ဂိုလ်သတ္တဝါ
မရှိ၊ ထိုသို့သော အရပ်တစ်
ပါးကိုလည်း မမြင်ပါ၊

အသုညံ ဟောတိ တံ မယာ .... ဒါကြောင့် အကျွန်ုပ်မှာ
မကောင်းမှုပြုစရာဆိတ်ကွယ်
ရာ မရှိပါဟူ၍ ပြောလိုက်
လေ၏။

ဒိသာပါမောက္ခဆရာကြီးသည် ဘုရားအလောင်း တပည့်အား ကြည်ညိုသည်ဖြစ်၍ ငါ့တပည့် ဆရာ၏အိမ်၌ ပစ္စည်း မရှိသည်မဟုတ် ပစ္စည်းဥစ္စာတွေ များစွာရှိပါသည်။ ဆရာသည် သီလနှင့် ပြည့်စုံသော ပညာရှိ သူတော်ကောင်းအား

http://www.dhammadownload.com



သမီးကို ထိမ်းမြား ပေးလိုသောကြောင့် တပည့်ငါးရာတို့တွင် ဘယ်တပည့်သည် သီလ ရှိသည်ကို စုံစမ်းလို၍ အဝတ်တန်ဆာတို့ကို ဆွေမျိုး မိဘတို့ မမြင်အောင် ခိုးယူခိုင်းခြင်းသာ ဖြစ်ပေသည်ဟု မိန့်ကြားလေ၏။

## သီလရှိသူ သမီးယူ

ယခုအခါမှာ တပည့်ငါးရာတို့သည် သင်သည်သာလျှင် သီလနှင့် ပြည့်စုံသည်ကို သိရပေ၏။ ဆရာ၏ သမီးသည် သင်နှင့်သာ သင့်လျော်ပေသည်ဟူ၍ ဆိုကာ သမီးကို တန်ဖိုးရှိသော အဝတ်တန်ဆာ ရတနာတို့ကို ဝတ်ဆင်စေ၍ ဘုရားအလောင်းတပည့်နှင့် ထိမ်းမြား လက်ထပ် ပေးလိုက်လေ၏။ သီလ မရှိသော တပည့်တို့ ယူဆောင်လာသော အဝတ်တန်ဆာတို့ကို တပည့်များ၏ ဆွေမျိုးမိဘများ အိမ်တို့ကို ပြန်ပို့ကြလေဟု မိန့်ကြားပြောဆိုလိုက်၏။

## တိုးတက်လာရေး မညာပေး

ယခု မျက်မှောက်ခေတ်တွင် သက်ဆိုင်ရာဌာနအကြီးအကဲနှင့် မိဘဆရာသမားတို့၏ မျက်မှောက်မှာပင် ရိုးသားသော အမူအရာကိုပြ၍ မျက်ကွယ်ဆိတ်ကွယ်ရာ၌ မရိုးမသားနေလေ့ ပြုလေ့ ရှိသူတို့သည် လူမိုက်၏လက္ခဏာနှင့် ပြည့်စုံသူများ ဖြစ်ကြလေ၏။ ထိုသူတို့နှင့် ဆက်ဆံရာတွင် အထူးသတိထားသင့်ပေသည်။ ဤကဲ့သို့ မျက်မှောက်တစ်မျိုး မျက်ကွယ်တစ်မျိုး ပြုမူခြင်းများကို သက်ဆိုင်ရာ အကြီးအကဲများက များများ

http://www.dhammadownload.com



ပညာပေးသင့်ပေသည်။ ဤကဲ့သို့ ပညာပေးနိုင်မှသာ နောင်တစ်ခေတ်တွင် ပညာရှိ သူတော်ကောင်းတွေ များပြားထွက်ပေါ်လာပြီး တိုင်းပြည်နှင့် ဘာသာ သာသနာကို တိုးတက် လာစေနိုင်မည် ဖြစ်ပေသည်။

## နိဂုံးချုပ်ကာ သိဖွယ်ရာ

ဤ သီလဝီမံသနဇာတ်၌ ဘုရားအလောင်းသည် ဒိသာပါမောက္ခဆရာပညာရှိ ဆရာသူတော်ကောင်းကို မှီ၍ ဆည်းကပ် ပေါင်းသင်းရသောကြောင့် ဆရာ၏သမီးနှင့် ထိမ်းမြား လက်ထပ်ရပြီးလျှင် သီလရှိသူ ပညာရှိ သူတော်ကောင်းတစ်ယောက်အဖြစ်ဖြင့် မိတ်ဆွေသူငယ်ချင်း တပည့်ငါးရာတို့၏ အလယ်တွင် တင့်တယ်စွာ နေရခြင်းမှာ အလွန်ပင်ထင်ရှားလေ၏။

အခါတစ်ပါး ကောသလတိုင်း၌ သုံးယောက်ကုန်သောသူတို့သည် တစ်ခုသော တောအုပ်၏အနီး၌ လယ်ထွန်နေကြကုန်၏။ ထိုအခါ တောအုပ်အတွင်း၌ ခိုးသားဓားပြတို့သည် တောအုပ်အတွင်း သွားကြသော လူတို့ထံမှ ပစ္စည်းတို့ကိုလုယူ၍ ထွက်ပြေးသွားကြကုန်၏။ သက်ဆိုင်ရာ အာဏာပိုင်တို့သည် ခိုးသားဓားပြတို့ကို ရှာဖွေကြရာ မတွေ့ကြသည်ရှိသော် လယ်ထွန်ရာ အရပ်သို့ လာ၍ သင်တို့သည် တောအုပ် ထဲ၌ လုယက်ကြပြီး "ယခုမှ လယ်ထွန်သမားဟန်ဆောင်နေကြတာ မဟုတ်လား" ဟု ဆိုကာ သုံးယောက်ကုန်သောသူတို့ကို ဖမ်းယူ တုပ်နှောင်၍ ကောသလမင်းကြီးထံ ပေးအပ်ကြကုန်၏၊

http://www.dhammadownload.com



## ပြောခွင့်ရောက်လာ ပြောတတ်ပါ

ထိုအခါ ဟစ်ယောက်သော မိန်းမသည် လာ၍ 'အရှင်မင်းကြီး အကျွန်ုပ်အား ဖုံးလွှမ်းဖွယ်ရာ အဝတ်တို့ကို ပေးပါကုန်လော့'ဟု ဆိုလာ ငိုကြွေးလျက် မင်းအိမ်တို့ အဖန်ဖန် တလဲလဲ လှည့်လည်နေ၏။ မင်းကြီးသည် ထိုမိန်းမ၏ အသံကို ကြား၍ ထိုမိန်းမအား အဝတ်ကို ပေးကြကုန်လော့ဟု ဆို၏။ မင်း၏ အစေအပါးတို့သည် အဝတ်ကို ယူပေးကြကုန်၏။ ထိုမိန်းမသည် အဝတ်ကိုမြင်၍ အကျွန်ုပ်သည် ဤအဝတ်ကို တောင်းသည်မဟုတ်၊ လင်ဟူသော အဝတ်ကိုသာ တောင်းပါသည်ဟု ဆို၏။

မင်း၏ အစေအပါးတို့သည် မင်းကြီးထံ ပြန်သွားကြပြီး ဤမိန်းမသည် ပကတိသော အဝတ်ကို တောင်းသည် မဟုတ်။ လင် ဟူသော အဝတ်ကိုသာ တောင်းခြင်း ဖြစ်ပါသည်ဟု လျှောက်ထားကြကုန်၏။ ထိုအခါ မင်းကြီးသည် ထိုမိန်းမကို ခေါ်စေ၍ 'သင်သည် လင် ဟူသော အဝတ်ကို တောင်းသလော'ဟု မေး၏။ 'မှန်ပါသည်၊ အရှင်မင်းကြီး အကျွန်ုပ်သည် လင် ဟူသောအဝတ်ကို တောင်းပါသည်'ဟု ဆိုလေ၏။

## အချည်းနှီးသုံးဖြာ သုံးဖွယ်ရာ

လင်သည် မိန်းမ၏ အဝတ်မည်၏။ 'လင်မရှိသော် အဖိုးတစ်ထောင် ထိုက်သော အဝတ်ကို ဝတ်ရငြားသော်လည်း လင်မှကင်းသော မိန်းမသည် အချည်းနှီးသာ ဖြစ်၏။ ဤအနက်ကို သိစေခြင်းငှာ....

http://www.dhammadownload.com



နဂ္ဂါ နဒီ အနူဒကာ၊ နဂ္ဂံ ရဋ္ဌံ အရာဇိကံ။
ဣတ္ထိပိ ဝိဓဝါ နဂ္ဂါ၊ ယဿာပိ ဒသ ဘာတရော။

၁။ နဂ္ဂါ နဒီ အနူဒကာ ...ရေမရှိသော မြစ်သည် အချည်းနှီးသာ ဖြစ်၏။

၂။ နဂ္ဂံ ရဋ္ဌံ အရာဇိကံ ...မင်းမရှိသော တိုင်းနိုင်ငံသည် အချည်းနှီးသာ ဖြစ်၏၊

၃။ ယဿာပိ ဒသ ဘာတရော...အကြင်မိန်းမ၌ မောင်ဆယ်ယောက်ရှိ၏၊

၄။ ဣတ္ထိပိ ဝိဓဝါ နဂ္ဂါ ...လင်မရှိသော မောင်ဆယ်ယောက်ရှိသော ထိုမိန်းမသည် အချည်းနှီးသာ ဖြစ်၏။

ဟူ၍ အဋ္ဌကထာ၌ ထည့်သွင်း ဖွင့်ပြထား၏။

**ဆောင်ပုဒ်။** ။ရေမရှိကြ၊ မြစ်ဟူက၊ မုချအချည်းနှီး။
မင်းမရှိကြ၊ တိုင်းဟူကဲ၊ မုချအချည်းနှီး။
လင်မရှိက၊ ထိုမိန်းမ၊ မုချအချည်းနှီး။

မင်းကြီးသည် ထိုမိန်းမကို ကြည်ညိုသည် ဖြစ်၍ 'ဤသုံးယောက်သောသူတို့သည် သင်နှင့် အဘယ်ကဲ့သို့ တော်ကြကုန်သနည်း'ဟု မေး၏။ 'အရှင်မင်းကြီး တစ်ယောက်သောသူသည် အကျွန်ုပ်၏လင်, တစ်ယောက်သောသူသည် အကျွန်ုပ်၏မောင်, တစ်ယောက်သောသူသည် အကျွန်ုပ်သား ဖြစ်ပါ

http://www.dhammadownload.com



သည်’ဟု လျှောက်ထားလေ၏။ မင်းကြီးက ဤသုံးယောက်-ကုန်သော သူတို့တွင် တစ်ယောက်သောသူကို သင့်အားပေးမည်။ အဘယ်သူကို အလိုရှိသနည်းဟု မေး၏။

## ပညာရှိကိုမှီရ ဘေးလွတ်ကြ

အရှင်မင်းကြီး.... အကျွန်ုပ် အသက် ရှင်နေသည် ရှိသော် လင်ကိုလည်း ရနိုင်ပါသည်။ သားကိုလည်း ရနိုင်ပါသည်။ အကျွန်ုပ်၏ မိဘတို့သည် သေကုန်ကြပြီ ဖြစ်သောကြောင့် မောင်ကို မရနိုင်တော့ပါ။ သို့ဖြစ်သောကြောင့် အကျွန်ုပ်အား မောင်ကိုပေးပါဟု လျှောက်ထားလေ၏။ မင်းကြီးသည် ပညာရှိမိန်းမ၏စကားကို နှစ်သက်၍ လင်နှင့် သား, မောင် သုံးယောက်လုံးတို့ကို အပြစ်ဘေးဒဏ်မှ လွတ်ပေးလိုက်လေ၏။

(ဇာတက–ဋ္ဌ-၁-၃၂၅)

## နိဂုံးချုပ်ကာ သိဖွယ်ရာ

အခွင့်အရေးရောက်သည့် အားလျော်စွာ ပြောဆိုတတ်-သော သူတော်ကောင်းမိန်းမနှင့် ပေါင်းသင်းရသောကြောင့် လင်နှင့် သား, မောင် သုံးယောက်လုံးတို့သည် မင်းအပြစ်ဘေးဒဏ်မှ လွတ်ကြ၍ ဆွေမျိုးတို့၏အလယ်တွင် တင့်တင့်တယ်တယ် နေကြရသည်မှာ ဤဥစ္ဆင်္ဂဇာတ်ဖြင့် အလွန်ပေါ်ထင်ရှားလေ၏။

စတုတ္ထနတ်သား လျှောက်ထားခန်း ပြီးပါပြီ။

http://www.dhammadownload.com

# ပဉ္စမနတ်သား လျှောက်ထားခန်း

## သုဂတိဘုံဘဝသို့ ရောက်ရပုံ

စတုတ္ထနတ်သားလျှောက်ထားပြီးသောအခါ ပဉ္စမမြောက်နတ်သားတစ်ယောက်က လက်အုပ်ချီကာ လျှောက်ထားလိုက်ပြန်ပါသည်။

"သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊ သတ္တာ ဂစ္ဆန္တိ သုဂတိ"န္တိ
ဟူ၍ လျှောက်ထားလိုက်ပါသည်။

သဗ္ဘိရေဝ သမာသေထ....သူတော်ကောင်းတို့နှင့်သာ အတူ ထက္ခ နေရာ၏၊

သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ....သူတော်ကောင်း တို့နှင့် ပေါင်းသင်းခြင်းကို ပြုရာ၏၊

သတံ သဒ္ဓမ္မ မညာယ....သူတော်ကောင်းတရားကို သိကြရသောကြောင့်၊

သတ္တာ၊ သတ္တဝါတို့သည်။ သုဂတိံ၊ သုဂတိဘုံဘဝသို့။ ဂစ္ဆန္တိ၊ ရောက်ကြရကုန်၏။ ဣတိ၊ ဤသို့။ အဝေါစ၊ ကောင်းစွာမသေ့ လျှောက်ထားလေ၏။

http://www.dhammadownload.com



မြတ်စွာဘုရား ထိုထိုပုဂ္ဂိုလ်သတ္တဝါ မှန်သမျှသည် သူတော်ကောင်းတို့နှင့် အတူတကွ နေရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်းကိုသာ ပြုရာ၏။ ဤကဲ့သို့ သူတော်ကောင်းတို့နှင့် အတူတကွ နေထိုင်ရ၊ သူတော်ကောင်းတို့နှင့် ပေါင်းသင်းရကုန်သည်ဖြစ်၍ သူတော်ကောင်း တရားကို သိကြရသောကြောင့် မြင့်မြတ်သောအဘိဘဝသို့ ရောက်ကြရပါသည်။ ဘုရားဟူ သူ ရရှိထားသော အကျိုးကို သူ့ဉာဏ်အား ထင်ရှားသည် အားလျော်စွာ မြတ်စွာဘုရားကို လျှောက်ထား လိုက်ပါသည်။

**ဆောင်ပုဒ်။** ။သူတော်ကောင်းနှင့် ပေါင်းဖော်လင့်၊
ရောက်သင့် မြတ်ဘုံသာ။

**ပညာရှိစကား စိတ်ဝင်စား**

ပညာရှိ သူတော်ကောင်းတို့သည် လူမိုက်ကို မျက်စိဖြင့် မြင်ခြင်းကိုမျှ အလိုမရှိကြ။ လူမိုက်ကို ဝေးဝေး ကသာ ရှောင်လိုကြသည်။ ပညာရှိ သူတော်ကောင်းကိုသာ မြင်လိုကြ၊ ပေါင်းသင်းဆက်ဆံလိုကြသည်။ ဘုရားအလောင်း ပညာရှိ အကိတ္တိရသေ့ မိန့်ကြားပုံမှာ အထူးပင် စိတ်ဝင်စားဖွယ် ကောင်းလှပေသည်။

လွန်လေပြီးသောအခါ ဗာရာဏသီပြည်၌ ဗြဟ္မဒတ်မင်း စိုးစံလျက်ရှိ၏။ ထိုအခါ ဘုရားအလောင်းသည် ကုဋေရှစ်ဆယ် ကြွယ်ဝသော ပုဏ္ဏားမျိုး၌ ဖြစ်၏။ အကိတ္တိဟူ အမည်ပေး ထား၏။ ဘုရားအလောင်း ပညာတတ်မြောက်၍ အရွယ် ရောက်လာသောအခါ မိခင် ဖခင်တို့ ကွယ်လွန်သွားကြသည်။

http://www.dhammadownload.com



ကူယ်လွန်သွားကြသော မိဘ ဘိုးဘွား အစဉ်အဆက်မှ ကျန်ရစ်ခဲ့သော ပစ္စည်းဥစ္စာတို့ကို ကြည့်ရှုစစ်ဆေးရာတွင် ဤမည်သောသူသည် ဤမျှသော ပစ္စည်းဥစ္စာကို စုဆောင်းထား ခဲ့၍ ကွယ်လွန်သွားကြ၏။ စသည်ဖြင့် ပစ္စည်းဥစ္စာတို့ကို စာရင်းနှင့်တကွ တွေ့မြင်ရ၍ ပစ္စည်းဥစ္စာတို့ကို စုဆောင်းရှာဖွေခဲ့သော ပစ္စည်းပိုင်ရှင်တို့ကို မတွေ့ရသဖြင့် ထိတ်လန့်သောစိတ် ရှိသောကြောင့် ပစ္စည်းဥစ္စာတို့ကို စွန့်လွှတ်၍ တောထွက်ကာ ရသေ့ဝတ်ပြီး ခြိုးခြံသောအကျင့်ကို ကျင့်၍နေလေ၏။

သိကြားမင်းသည် ဘုရားအလောင်း၏ အကျင့်သီလတန်ခိုးကြောင့် ဘုရားအလောင်းရှိရာသို့ သက်ဆင်း လာပြီးလျှင် ဘုရားအလောင်းကို ကြည်ညိုနှစ်သက်လှသည် ဖြစ်၍ အလိုရှိသော ဆုကို ပြောပါ၊ ကျွန်ုပ်ပေးပါမည်ဟု ပြောလေ၏။

ဘုရားအလောင်း အကိတ္တိပညာရှိရသေ့က အကျွန်ုပ် အလိုရှိသောဆုမှာ လူမိုက်ကိုမမြင်လို၊ လူမိုက်၏အသံကို မကြားလို၊ လူမိုက်နှင့် မပေါင်းသင်းလို၊ လူမိုက်နှင့် စကားမပြောလို၊ လူမိုက်ကို ဘာအကြောင်းကြောင့်မျှ မခင်မင် မနှစ်သက်လိုဟူ၍ သူအလိုရှိသောဆုကို မိန့်ကြားလိုက်လေ၏။

သိကြားမင်းက အဘယ်ကဲ့သို့သော အကြောင်းကြောင့် အရှင်ရသေ့သည် လူမိုက်ကို မြင်ခြင်းကိုမျှ အလိုမရှိပါသနည်း ဟု မေးရာ လူမိုက်သည်....

(၁) အကြောင်းမဟုတ်သည်ကို အကြောင်း ဟုတ်သည် ဟု ယူထားတတ်၏။

http://www.dhammadownload.com



(၂) မယှဉ်သင့် မပွားများသင့်ရာ၌ ယှဉ်နေပွားများ နေသတတ်၏၊

(၃) ယုတ်ညံ့သည်ကို မြင့်မြတ်သည်ဟု ယူထားတတ်၏၊

(၄) မှန်ရာကို အကြောင်းပြု၍ ပြောဆိုသည် ရှိသော် စိတ်ဆိုး အမျက်ထွက်တတ်၏၊

(၅) ကျင့်ရမည့် အကျင့်လမ်းမှန် ဝိနည်းကို မသိတတ်။

ဤအကြောင်းများကြောင့် လူမိုက်ကို မြင်ခြင်းကိုမျှ အလို မရှိခြင်းဖြစ်သည်ဟု မိန့်ကြားလိုက်လေသည်။

(ဇာတက-ဋ္ဌ-၄၊ ၂၄၂)

ဘုရားအလောင်း အကိတ္တိပညာရှိရသေ့နည်းတူ လောကီ လောကုတ္တရာ နှစ်ဖြာသောအကျိုးစီးပွားကို လိုလားတောင့်တ ကြသော အမျိုးကောင်းသား အမျိုးကောင်း သမီးတို့သည် လူမိုက်ကို ဝေးစွာရှောင်ကြဉ်ကြဖို့ရာ အထူး သတိပြုသင့်ကြ ပေသည်။

သိကြားမင်းက ဘုရားအလောင်း၏ စကားကို နှစ်သက်၍ နောက်ထပ် အရှင်ရသေ့ တောင်းသော ဆုကို ပေးလိုပါ သေးသည်။ အလိုရှိသော ဆုကိုပြောပါဦးဟု လျှောက်ထားရာ ဘုရားအလောင်း အကိတ္တိပညာရှိ ရသေ့က အကျဉ်းချုပ် နောက် ထပ် အလိုရှိသောဆုမှာ....

(၁) ပညာရှိသူတော်ကောင်းကို မြင်ခြင်းငှာ အလိုရှိ၏၊

(၂) ပညာရှိသူတော်ကောင်း၏ အသံကို ကြားခြင်းငှာ အလိုရှိ၏၊

http://www.dhammadownload.com



(၃) ပညာရှိသူတော်ကောင်းနှင့် ပေါင်းသင်းခြင်းငှာ အလိုရှိ၏၊

(၄) ပညာရှိ သူတော်ကောင်းနှင့် စကားပြောခြင်းငှာ အလိုရှိ၏၊

(၅) ပညာရှိ သူတော်ကောင်းကို ခင်မင်နှစ်သက်လို၏ ဟု မိန့်ကြားလိုက်လေ၏။

## လူမိုက်လက္ခဏာ သိဖွယ်ရာ

ယခုခေတ်အခါ၌ အချို့အချို့သောသူတို့သည်မရှက်ရမည်ကို ရှက်နေကြကုန်၏။ ရှက်ရမည်ကိုမရှက်ဘဲ ပြုလုပ်ကြကုန်၏။ မကြောက်ရမည်ကို ကြောက်နေတတ်ကြကုန်၏။ ကြောက်ရမည်ကို မကြောက်ဘဲ ပြုလုပ်တတ်ကြကုန်၏။ ထိုသူတို့သည်လည်း အကြောင်း မဟုတ်သည်ကို အကြောင်း ဟုတ်သည်ဟု မှတ်ယူသော လူမိုက်၏ လက္ခဏာနှင့် သဘောအားဖြင့် တူသော လက္ခဏာရှိသောကြောင့် လူမိုက်တို့ပင် ဖြစ်ကြပေသည်။

မြတ်စွာဘုရား လက်ထက်တော် အခါက အချို့သော တက္ကတွန်းတို့သည် ဆွမ်းခံသွားသောအခါ ကိုယ်မှာ အဝတ်မပါ ဆွပ်းခွက်ကိုသာ အဝတ်ဖြင့် ဖုံးလွှမ်း၍ သွားကြကုန်၏။ သူတို့၏ယူဆချက်မှာ မြူမှုန်များတွင် အသက်ပါရှိ၍ ဆွမ်းခွက်ထဲသို့ကျလျှင် ရှက်စရာ ကြောက်စရာ ကောင်းသည်ဟု ယူဆကြသည်။ ရှက်စရာ ကြောက်စရာ မဟုတ်သည့် ဆွမ်းခွက်ထဲ၌ မြူမှုန်ကျသည်ကို ရှက်စရာ ကြောက်စရာ ဟူ၍

http://www.dhammadownload.com



မှတ်ထင်ကြကုန်၏။ ခန္ဓာကိုယ်တွင် အဝတ်မပါသဖြင့်ရှက်စရာကြောင်းစရာကို ရှက်စရာကြောက်စရာ မဟုတ်ဟူ၍ မှတ်ထင်ယူဆကြကုန်၏။ ထို့ကြောင့် ဓမ္မပဒပါဠိတော် (ဂါထာ-၁၁၆-၇)၌....

အလဇ္ဇိတာ ယေ လဇ္ဇန္တိ၊ လဇ္ဇိတာ ယေ န လဇ္ဇရေ။
မိစ္ဆာဒိဋ္ဌိ သမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ ။
(ဓမ္မပဒ-ဋ္ဌ-၂၊၃၀၅)

အလဇ္ဇိတာ ယေ လဇ္ဇန္တိ - အကြင်သတ္တဝါတို့သည် မရှက်အပ်သော ဆွမ်းခွက်၌ ရှက်ကြကုန်၏။

လဇ္ဇိတာ ယေ နလဇ္ဇရေ - ရှက်အပ်သော အင်္ဂါကြီးငယ်၌ မရှက်ကြကုန်။

မိစ္ဆာဒိဋ္ဌိ သမာဒါနာ - မိစ္ဆာဒိဋ္ဌိအယူကိုဆောက်တည်ကြကုန်သော သူတို့သည်၊

သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ - ထိုသတ္တဝါတို့သည် မကောင်းသော ဘုံဘဝသို့ ရောက်သွားကြကုန်၏။

အဘယေ ဘယဒဿိနော၊ ဘယေ စ ဘယဒဿိနော။
မိစ္ဆာဒိဋ္ဌိ သမာဒါနာ၊ သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ ။

အဘယေ ဘယဒဿိနော - အကြင် သတ္တဝါ တို့သည် ကြောက်ဖွယ် မဟုတ်သော ထမင်းခွက်၌ ကြောက်ဖွယ်ဟု ရှုလေ့ရှိကုန်၏။

http://www.dhammadownload.com



ဘယေဝါ ဘယဿိနော .... ကြောက်ဖွယ်ရှိသော အင်္ဂါကြီး ငယ်၌ ကြောက်ဖွယ် မဟုတ်ဟု ရှုလေ့ရှိကုန်၏။

မိစ္ဆာဒိဋ္ဌိ သမာဒါနာ .... မိစ္ဆာဒိဋ္ဌိ အယူကို ဆောက်တည် ကြကုန်သော သူတို့သည်။

သတ္တာ ဂစ္ဆန္တိ ဒုဂ္ဂတိံ .... ထိုသတ္တဝါတို့သည် မကောင်း သော ဘုံဘဝသို့ ရောက်သွား ကြကုန်၏-

ဟူ၍ ဟောကြားတော်မူ၏။

ဆောင်ပုဒ်။ ။မချက်ရမှာ၊ ရှက်နေတာ၊ မှန်စွာလူမိုက်မည်။
ရှက်ရမည်မှာ၊ မရှက်တာ၊ မှန်စွာလူမိုက်မည်။
မကြောက်ရမှာ၊ ကြောက်နေဘာ၊ မှန်စွာ လူမိုက်မည်။
ကြောက်ရမည်မှာ၊ မကြောက်ပါ၊ မှန်စွာ လူမိုက်မည်။

ဤသို့ ဟောကြားရာ၌ ပြောင်းပြန်(ဗျတိရေက) အားဖြင့် အကြင်သူတို့သည် ရှက်ရမည့်အရာကို ရှက်တတ်ကြကုန်၏။ ကြောက်ရမည့်အရာကိုလဲ ကြောက်တတ်ကြကုန်၏။ ထိုသူတို့ သည် မှန်သောအယူရှိသောကြောင့် သူတော်ကောင်းတို့ မည် ကုန်၏။ ထိုသူတော်ကောင်းတို့သည် လည်းကောင်း၊ ထို သူတော်ကောင်းနှင့် ပေါင်းသင်းရသော သူတို့သည် လည်း ကောင်း မြင့်မြတ်သော ဘုံဘဝသို့ ရောက်ကြရကုန်၏။

http://www.dhammadownload.com



## သူတော်ကောင်းနှင့်ပေါင်းသင်း မြင့်မြတ်ရာသို့ရောက်ခြင်း

အခါတစ်ပါး မြတ်စွာဘုရားသည် ရာဇဂြိုဟ် ဝေဠုဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ တမ္ဗဒါဌိက အမည်ရှိသော သူသည် ခိုးသူသတ်အလုပ်ဖြင့် အမှုထမ်းခဲ့သည်မှာ ငါးဆယ့်ငါးနှစ် ရှိပြီးဖြစ်၏။ ရှေးခေတ် ရှေးအခါက သေဒဏ်အပြစ်ခံရသောလူဆိုးတို့ကို ယခုခေတ် အခါလို ခေတ်မီကြိုးစင်များနှင့် သတ်ဖြတ်စီရင်ခြင်း မရှိကြသေး၍ အသွားထက်သော ပုဆိန်ဖြင့် ခေါင်းကို တချက်တည်းဖြတ်၍ အသေသတ်နိုင်သူကို ခိုးသူသတ်ရာထူးကို ပေးအပ်၍ သတ်စေကြကုန်၏။

တမ္ဗဒါဌိကသည် လုပ်သက်ငါးဆယ့်ငါးနှစ်ပြည့်၍ အရွယ်အိုမင်းလာသောအခါ တစ်ချက် တည်းဖြင့် လူဆိုး တစ်ယောက်၏ ခေါင်းကို ပြတ်အောင် ဖြတ်၍မသတ်နိုင်။ နှစ်ချက် သုံးချက်စသည် ခုတ်ဖြတ်မှ လူဆိုးများ အလူးလူးအလိမ့်လိမ့်ဆင်းရဲစွာ သေရသည်ကို မြင်ကြရသော မြို့သူမြို့သားတို့သည် မင်းကြီးထံ လျှောက်တင်၍ တမ္ဗဒါဌိကကို ခိုးသူသတ်ရာထူးမှ ထုတ်ပယ်ကြကုန်၏။

တမ္ဗဒါဌိကသည် ခိုးသူသတ် အလုပ်ကို လုပ်နေရစဉ်က အစားကောင်းလဲ မစားရ၊ အဝတ်ကောင်းလဲမဝတ်ရ၊ ဆင်မြန်းစရာ အမျိုးမျိုးကိုလဲ မဆင်မြန်းရ၊ အမွှေးနံ့သာတို့ကိုလဲ မလိမ်းကျံ ရသည်ဖြစ်၍ ယခုမှ လူသတ်ရာထူးမှ လွတ်ရပြီဟု ဆင်ခြင်ကာ စားကောင်း သောက်ဖွယ် အဝတ်

http://www.dhammadownload.com



တန်ဆာ ဆင်မြန်းစရာနှင့် လိမ်းကျံစရာ အမွှေးနံ့သာတို့ကို စီမံစေပြီးလျှင် မြစ်ဆိပ်သို့သွား၍ ရေချိုးပြီး အဖိုးတန် အဝတ်တန်ဆာများကို ဝတ်ဆင်ကာ စားသောက်ဖွယ်ရာ နို့ထမင်း ယာဂုများ ပြင်ထားသော စားပွဲရှေ့၌ ထိုင်နေ လေ၏။

ထို တမ္ဗဒါဌိကာ ထမင်းစားပွဲရှေ့၌ ထိုင်နေသော အချိန် တွင် အရှင်သာရိပုတ္တရာသည် သမာပတ်မှထ၍ အဘယ်အရပ် သို့ ဆွမ်းခံသွားရပါမည်နည်းဟု ကြည့်ရှုတော်မူသည်ရှိသော် တမ္ဗဒါဌိကာ အိမ်၌ စားသောက်ဖွယ် နို့ထမင်း ယာဂုများ အဆင်သင့် ပြင်ထားသည်ကို မြင်တော်မူ၏၊ တမ္ဗဒါဌိကာသည် လှူနိုင် မလှူနိုင်ကို တဖန် ဆင်ခြင်ကြည့်ပြန်သည်ရှိသော် လှူလိမ့် မည်၊ လှူခြင်းကြောင့်လည်း ကြီးစွာသော စည်းစိမ်ချမ်း သာကို ရပေလိမ့်မည်ဟု သိတော်မူခြင်းကြောင့် သင်္ကန်းကို သပ္ပါယ်စွာရုံ၍ သပိတ်ကိုပိုက်လျှယ် ကြွသွားပြီးလျှင် တမ္ဗ ဒါဌိကာ၏ အိမ်တံခါးဝ၌ ရပ်နေတော်မူလေ၏။

တမ္ဗဒါဌိကာသည် အိမ်တံခါးဝမှာ ရပ်နေသော အရှင် သာရိပုတ္တရာမထေရ်ကို မြင်ရသောကြောင့် ကြည်ညိုသော စိတ် ရှိသည်ဖြစ်၍ ဤသို့ကြံစည် နှလုံးသွင်းမိ၏။ မိမိသည် အချိန်ကြာမြင့်စွာ အလွန်ကြမ်းကြုတ်သော ခိုးသူသတ်အလုပ် ကို လုပ်ခဲ့ရ၏။ များစွာသော သူတို့ကို သတ်ခဲ့ရ၏။ ယခု အခါ မိမိ၌ ကောင်းမြတ်သော စားသောက်ဖွယ်ရာ နို့ထမင်း ယာဂုတို့ကို အသင့် စီမံထားပြီး ရှိနေ၏။ အရှင် သာရိပုတ္တရာမထေရ် ကြွလာ၍ မိမိ အိမ်တံခါးဝ၌ ရပ်နေ

http://www.dhammadownload.com



တော်မူ၏။ ယခုအခါ အရှင်ကောင်း အရှင်မြတ်အား ပေးလှူသင့်သော လှူဖွယ်ဝတ္ထုကို ပေးလှူခြင်းငှာ သင့်၏ဟူ၍ ဟုတ်တိုင်းမှန်စွာ အသင့်အတင့် နှလုံးသွင်းကာ စားသောက်ဖွယ် နို့ထမင်း ယာဂုများကို အသာဖယ်ထား၍ အရှင်သာရိပုတ္တရာထံ ချဉ်းကပ်ကာ ရှိခိုး၍ အိမ်တွင်းသို့ ပင့်လာပြီးလျှင် ကောင်းမွန်စွာ ခင်းထားအပ်သော နေရာ၌ ထိုင်နေတော်မူစေပြီး သပိတ်ထဲသို့ စားသောက်ဖွယ် နို့ထမင်း ယာဂုတို့ကို လောင်းထည့်၍ ပေးလှူလေ၏။

အရှင်သာရိပုတ္တရာမထေရ် ဘုဉ်းပေးနေသောအခါ အနီး၌ ယပ်ခတ်နေလေ၏။ တမ္ဗဒါဌိကသည် ကြာမြင့်စွာသော ကာလပတ်လုံး စားကောင်း သောက်ဖွယ်များကို မစား သောက်ရခဲ့သောကြောင့် စားကောင်းသောက်ဖွယ် နို့ထမင်း ယာဂုကို အလွန် စားသောက်လိုသော အလိုဆန္ဒသည် ဖြစ်လေ၏။

အရှင်သာရိပုတ္တရာသည် တမ္ဗဒါဌိက၏ စားသောက်ချင် နေသော အလိုဆန္ဒကို သိတော်မူ၍ 'ဒါယကာ၊ သင်လဲ နို့ထမင်းယာဂုကို စားသောက်လော့'ဟု မိန့်တော်မူလေ၏။ တမ္ဗဒါဌိကသည် တစ်ယောက်သော သူကို ယပ်ခတ်စေ၍ နို့ထမင်း ယာဂုကို စားသောက်လေ၏။ နို့ထမင်းယာဂု စား သောက်ပြီးသည်ရှိသော် မထေရ်ထံလာ၍ ယပ်ခတ် ပေးနေ လေ၏။ အရှင်သာရိပုတ္တရာ ဘုဉ်းပေးခြင်း အာဟာရကိစ္စ ပြီးသောအခါ သပိတ်ကိုယူကာ စင်ကြယ်စွာ ဆေးထားပြီး လျှင် အရှင်သာရိပုတ္တရာ၏ အနီးမှာပင် ထိုင်နေလေ၏။

http://www.dhammadownload.com



## တရားဟောကျွမ်းကျင် နတ်ပြည်တင်

အရှင်သာရိပုတ္တရာသည် ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာ တရားကို ဟောလေ၏။ တမ္ဗဒါဠိကသည် အရှင်သာရိပုတ္တရာ ဟောသောတရားကို စိတ်ထဲ၌ မှတ်မိအောင်မနာနိုင်, စိတ်တွေတုန်လှုပ် ပျံ့လွင့်နေ၏။ အရှင်သာရိ ပုတ္တရာသည် တမ္ဗဒါဠိကကို အကဲခတ်မိသည်ဖြစ်၍ 'ဒါယကာ အဘယ်ကြောင့် စိတ်တည်ငြိမ်စွာ တရားမနာနိုင်တာလဲ' ဟု မေးတော်မူ၏။ 'အရှင်ဘုရား တပည့်တော်သည် နေ့ရက်ပေါင်းများစွာ အလွန်ကြမ်းကြုတ်သော လူသတ်သမား အလုပ်ကို လုပ်ခဲ့ပါသည်။ တပည့်တော်သည် မိမိ၏ မကောင်းမှုတို့ကို အဖန်တလဲလဲ သတိရနေသောကြောင့် အရှင်ဘုရား၏ တရားကို ကောင်းစွာမှတ်မိ စိတ်ထဲရောက်အောင် မနာနိုင်ခြင်းဖြစ်ပါသည်ဘုရား' ဟူ၍ လျှောက်ထားလေ၏။

(ဓမ္မပဒ-ဋ္ဌ-၁-၄၀၇)

အရှင်သာရိပုတ္တရာသည် ဤ ဒါယကာ စိတ်တည်ငြိမ်မှုရအောင် သွယ်ဝိုက်လှည့်ပတ်၍ တရားဟောမှ ဖြစ်မည်ဟု စိတ်ကူးကြံစည်၍ 'အယ်လိုလဲ တမ္ဗဒါဠိက ဤမကောင်းတဲ့ လူသတ်မှုတွေကို သင်ကိုယ်တိုင် ပြုချင်လို့ ပြုလုပ်ရတာလား၊ သို့မဟုတ် သူတပါးက ပြုစေ စေခိုင်းလို့ ပြုလုပ်ရ တာလား' ဟု မေးတော်မူ၏။ 'တပည့်တော်ကို မင်းကြီးက စေခိုင်းလို့ ပြုလုပ်ရခြင်း ဖြစ်ပါသည်ဘုရား' ဟု လျှောက်ထားလေ၏။

'ဤသို့ဆိုလျှင် သင် ဒါယကာ၏ မကောင်းမှု အကုသိုလ်ဖြစ်နိုင်သလားဟု' ဟု မိန့်ဆိုတော်မူသည်ရှိသော် တမ္ဗဒါဠိက

http://www.dhammadownload.com



သည် 'ငါ့အား မကောင်းမှု အကုသိုလ်မရှိ။ မင်းကြီး၏ အကုသိုလ်သာ ဖြစ်သည်' ဟု အမှတ်သညာ ရှိသည် ဖြစ်၍ 'ဤလိုဖြစ်လျှင် အရှင်ဘုရား တရားဟောပါ ဘုရား' ဟူ၍ လျှောက်ထားလေ၏။

အရှင်သာရိပုတ္တရာက ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာ တရားကို ဆက်လက်၍ ဟောကြားတော်မူသောအခါ၊ တမ္ဗဒါဌိကသည် စူးစိုက်စွာ တရားနာနိုင်သောကြောင့် စိတ်တည်ငြိမ်မှုရပြီး အနုလောမခန္တီ ခေါ်သော သင်္ခါရုပေက္ခာ ဉာဏ်တိုင်အောင် ဝိပဿနာ ကုသိုလ်များ ဖြစ်သွားလေ၏။ ဝမ်းမြောက်ဖွယ်ရာ အနုမောဒနာတရား ဟောပြီးသောအခါ၊ အရှင်သာရိပုတ္တရာ ပြန်ကြွသွားတော်မူသည်ရှိသော်တမ္ဗဒါဌိက သည် အတန်ငယ်သင့်တော်ရာအရပ်တိုင်အောင် လိုက်ပို့လေ၏။

အရှင်သာရိပုတ္တရာကို အတန်ငယ် လိုက်ပို့၍ ပြန်လာသော် တမ္ဗဒါဌိကကို ဘီလူးမတစ်ယောက်သည် နွားမအသွင်ဖန်ဆင်း လျက် ပြေးလာပြီး တမ္ဗဒါဌိကကို ရင်ဝ၌ ပုတ်ခတ်ဝှေ့သတ် လေ၏။ တမ္ဗဒါဌိကသည် သေဆုံး၍ လေးခုမြောက် နတ်ပြည် တုသိတာဘုံ၌ ဖြစ်လေ၏။

ရဟန်းတော်တို့သည် ခိုးသူသတ် တမ္ဗဒါဌိက သတင်းကို ကြားကြ၍ ခိုးသူသတ်သမား တမ္ဗဒါဌိကသည် ငါးဆယ့် ငါးနှစ်ကာလပတ်လုံး အလွန်ကြမ်းကြုတ်သော အကုသိုလ် အလုပ်ကိုလုပ်ခဲ့ပြီး ယနေ့ပင် ထိုကြမ်းကြုတ်သော အလုပ်မှ လွတ်မြောက်ရ၊ ယနေ့ပင် အရှင်သာရိပုတ္တရာကို ဆွမ်းလှူရ

http://www.dhammadownload.com



ယနေ့ပင် သေဆုံးသွားရ၏။ အဘယ်ဘုံဘဝမှာ သွားဖြစ်မည် မသိဟူ၍ တရားသဘင်-တရားဟောရာ ဌာန၌ စုဝေးပြောဆို နေကြကုန်၏။

ထိုသို့ ပြောဆိုနေသောအချိန်မှာ မြတ်စွာဘုရားကြွလာ၍ ချစ်သားရဟန်းတို့-ယခုအခါ ဘယ်စကားဖြင့် စုဝေးပြောဆို နေကြကုန်သနည်းဟု မေးတော်မူ၏။ ခိုးသူသတ် တမ္ဗဒါဌိက သေဆုံးသွားပြီးနောက် ဘယ်ဘုံဘဝသို့ ရောက်သွားမည် မသိ ဟူသော စကားဖြင့် စုဝေး ပြောဆိုနေကြပါသည် ဘုရားဟု လျှောက်ထားလိုက်လေ၏။

ထိုအခါ မြတ်စွာဘုရားက ချစ်သားရဟန်းတို့ တမ္ဗဒါဌိက သည် တုသိတာ နတ်ပြည်၌ ဖြစ်၏ဟု မိန့်ကြားတော်မူလေ၏။ မြတ်ဘုရား - ဘယ်လို မိန့်ကြားတော်မူတာပါလဲ ဘုရား။ တပည့်တော်တို့ နားမလည်ကြပါဘုရား။ ငါးဆယ့်ငါးနှစ်တို့ ကာလပတ်လုံး ဤမျှလောက် ကြမ်းကြုတ် ရက်စက်သော လူသတ်မှုကို ပြုလုပ်သော တမ္ဗဒါဌိကသည် တုသိတာနတ်ပြည်၌ ဖြစ်သည်ဟု မိန့်ကြားတော်မူသော စကားသည် ယုံဖို့မလွယ် အံ့ဩဖွယ်ဖြစ်သော စကားဖြစ်ပါသည်ဘုရားဟုလျှောက်ထား ကြကုန်၏။

ချစ်သား ရဟန်းတို့-မယုံမရှိကြနဲ့။ တုသိတာ နတ်ပြည်၌ ဖြစ်ဘယ်ဆိုတာ အမှန်ပင်ဖြစ်ပေသည်။ ခိုးသူသတ်တမ္ဗဒါဌိက သည် ပညာဂုဏ်အားဖြင့် အလွန် ကြီးမြက်သော အရှင် သာရိပုတ္တရာ ဟူသော သူတော်ကောင်း(ကလျာဏမိတ္တ)

http://www.dhammadownload.com



မိတ်ဆွေကောင်းကို ပေါင်းသင်းကိုးကွယ်ဆည်းကပ် လှူဒါန်းခြင်းကို ရရှိ၍ သူတော်ကောင်း တရားကို နာရသောကြောင့် အနုလောမခန္တိသခါရုပေက္ခာဉာဏ်တိုင်အောင် ရရှိ၍တုသိတာနတ်ပြည်၌ ဖြစ်နိုင်ခြင်း ဖြစ်ပေသည်ဟု မိန့်ကြားတော်မူလိုက်လေ၏။

## နိဂုံးချုပ်ကာ သိဖွယ်ရာ

ဤ တမ္ဗဒါဠိက ဝတ္ထု၌ အရှင်သာရိပုတ္တရာ တည်းဟူသော ပညာရှိ သူတော်ကောင်းကို မှီဝဲဆည်းကပ် ပေါင်းသင်းရ၍ သူတော်ကောင်းတရားကို နာကြားရသောကြောင့် ငါးဆယ့်ငါးနှစ်တို့ကာလပတ်လုံး အလွန်ကြမ်းကြုတ် အပြစ်ကြီးလေးသော လူသတ်သမားအလုပ်ကို ပြုလုပ်ခဲ့ရသော တမ္ဗဒါဠိကသည် ချမ်းသာပြည့်ဝမြင့်မြတ်လှသော တုသိတာနတ်ဘုံဘဝသို့ ရောက်သွားရသည်မှာ အလွန်ပင် ထင်ရှားလှပေသည်။

ဘဝ အခြေခံအားလျော်စွာ ငယ်ရွယ်စဉ်အခါက အသက်မွေး ဝမ်းကျောင်းအတွက် သူတပါးအသက်ကို သတ်ရခြင်းစသော ကြမ်းကြုတ်ရက်စက်သော အကုသိုလ် အလုပ်တို့ကို လုပ်ခဲ့ရသော အမျိုးကောင်းသား အမျိုးကောင်းသမီးတို့သည် သီလ, သမာဓိ, ပညာနှင့် ပြည့်စုံကြသော အရှင်ကောင်း အရှင်မြတ် သူတော်ကောင်း ဆရာမြတ်တို့ကို ကိုးကွယ် မှီဝဲ ဆည်းကပ် ပေါင်းသင်းရလျှင် မြင့်မြတ်ရာဘုံဘဝသို့ ရောက်သွားနိုင်ကြမည်ကို အထူးပင် သတိပြုသင့်ကြပေသည်။

http://www.dhammadownload.com



## သူတော်ကောင်းသားကြောင့် နတ်ပြည်ရောက်

ရှေးသရောအခါ၌ သောဏ တောင်ခြေရှိ အစေလ ကျောင်း၌ သောဏအမည်ရှိသော ဓမ္မကထိက မထေရ်တစ်ပါး သီတင်းသုံး နေတော်မူ၏။ ထိုသောဏမထေရ်၏ ဖခင်သည် ခွေးမုဆိုး အလုပ်ဖြင့် အသက်မွေး၏။ သောဏမထေရ်သည် ဖခင်ကို ခွေးမုဆိုးအလုပ်ဖြင့် အသက်မမွေးဖို့ရာတားမြစ်သော်လည်း ဖခင်သည် စောင့်စည်းခြင်းငှာ မတတ်နိုင်ဘဲ ရှိလေ၏။ အသက်အရွယ်ကြီး၍ အိုမင်းမစွမ်းဖြစ်လာသောအခါ ရဟန်း မပြုချင်ပါဘဲလျက် သောဏမထေရ်က ရဟန်း ပြုပေးလိုက်လေ၏။

အသက်ကြီးအို ရဟန်းကြီးသည် သေရမည့်ရောဂါ စွဲကပ်လာပြီး အိပ်ရာထဲ၌ လဲလျောင်း အိပ်နေစဉ်မှာပင် ငရဲနိမိတ်ထင်လာ၏။ သောဏတောင်ခြေမှ အလွန်ကြီးသော ခွေးကြီးတွေလာ၍ ကိုက်စားကြမည့်ကဲ့သို့ ဝိုင်းရံ လာကြကုန်၏။ ထိုအသက်ကြီးအို ရဟန်းသည် အလွန့် ကြောက်လန့်သည်ဖြစ်၍ သားဖြစ်သူ သောဏမထေရ်ကို 'အမောင်သောဏ-ခွေးကြီးတွေကို တားမြစ်ပါလော့'ဟူ၍ အလွန်ကြောက်လန့်သောအမူအရာဖြင့် ပြောကြားလေ၏။ အရှင်သောဏက 'သက်ကြီးအိုရဟန်းကြီး-ဘာကို တားမြစ်ရမလဲ'ဟု မေးသောအခါ 'ခွေးကြီးတွေကိုက်စားကြမည့်ဟန်နှင့်ဝိုင်းရံနေတာကို သင်သောဏ မမြင်ဘူးလား'ဟူ၍ ပြောကြားလေ၏။

http://www.dhammadownload.com



သောဏမထေရ်သည် ငါကဲ့သော ဓမ္မကထိက တစ်ပါး၏ မခင်ဖြစ်လျက် ငရဲ၌ ဖြစ်သတတ်။ ငါသည် ထိုဖခင်သက်ကြီး ရဟန်းအိုကြီး၏ ထောက်တည်ရာ ဖြစ်ရမည်ဟု ကြံစည်၍လိုး သွင်းကာ သာမဏေတို့အား အထူးထူးသော ပန်းတို့ကို ဆွတ်ခူးယူဆောင်စေ၍ စေတီရင်ပြင်နှင့် ဗောဓိရင်ပြင်တို့၌ ပန်းအခင်းပူဇော်ခြင်းကို လည်းကောင်း၊ နေရာ ပူဇော်ခြင်းတို့ကို လည်းကောင်း ပြုလုပ်စေ၍ရောဂါနှိပ်စက်သဖြင့် မထနိုင်သော ဖခင်ရဟန်းအိုကြီးကို ညောင်စောင်းခုတင်ဖြင့် စေတီရင်ပြင်သို့ ဆောင်ယူစေခဲ့၏။

စေတီရင်ပြင်သို့ရောက်လာသောအခါ ညောင်စောင်းခုတင်ပေါ်၌နေစေ၍ 'ရဟန်းအိုကြီး....ဤပန်းအခင်း၊ နေရာအခင်း ပူဇော်ထားခြင်းသည် သင်ဖခင် ရဟန်းကြီးအတွက် ပူဇော်ထားခြင်းဖြစ်ပေသည်။ ဤမြတ်စွာဘုရားသည် ငါ၏ ပူနိုင်ခဲ ရနိုင်ခဲသော လက်ဆောင်ကောင်းဖြစ်သည်ဟူ၍ဆိုကာ မြတ်စွာဘုရားကို ရှိခိုး၍ စိတ်ကို ကြည်ညိုစေလော့' ဟု ဆို၏။

ထိုရဟန်းအိုကြီးသည် ပူဇော်ထားခြင်းတို့ကိုမြင်၍သောဏမထေရ် ညွှန်ကြားသည့်အတိုင်း ရှိခိုးခြင်းကိုပြုလျက် စိတ်ကို ကြည်ညိုစေ၏။ ထိုခဏ၌ပင် ရဟန်းအိုကြီးအား နတ်မြည် နိမိတ်သည် ထင်လာ၏။ ဥယျာဉ်, နတ်နိဗ္ဗာန်, နတ်ကချေသည် တို့သည် စိုင်းရံ၍ တည်ကုန်သကဲ့သို့ ထင်လာကုန်၏။ ရဟန်းအိုကြီးသည် 'သောဏ....သင်တို့ ဖယ်ပေးကြ, သင်၏ မိခင်များ

http://www.dhammadownload.com



လာကြသည်’ဟု ပြောဆိုပြီးနောက် မကြာမီအချိန် အတွင်းမှာ ပျံလွန်တော်မူပြီး နတ်ပြည်သို့ ရောက်သွားရလေ၏။

ဥပရိပဏ္ဏာသ-ဌ-၇၇)

## နိဂုံးချုပ်ကာ သိဖွယ်ရာ

ခွေးမုဆိုးဘဝမှ ရဟန်းဖြစ်လာသော သက်ကြီးအို ရဟန်းကြီးသည် သားဖြစ်သူ သောဏထေရ်တည်းဟူသော သူတော်ကောင်းကို မှီဝဲဆည်းကပ် ပေါင်းသင်းရသောကြောင့် ငရဲသို့ မကျရောက်ရပါပဲ ကောင်းမြတ်သော နတ်ဘုံဘဝသို့ ရောက်သွားရသော ဤဝတ္ထုဖြင့်လည်း သူတော်ကောင်းနှင့် ပေါင်းသင်းရသော သူတို့သည် မြင့်မြတ်သော ဘုံဘဝသို့ ရောက်ကြရသည်မှာ အလွန်ပင် ထင်ရှား၏။

ပဥ္စမနတ်သား ဈေးကျောက်ထားခန်း ပြီးပါပြီ။

http://www.dhammadownload.com

# ဆဋ္ဌနတ်သား လျှောက်ထားခြင်း

## စည်းစိမ်ချမ်းသာ၌ တည်နိုင်ပုံ

ပဉ္စမနတ်သား လျှောက်ထားပြီးသောအခါ ဆဋ္ဌမမြောက်နတ်သားတစ်ယောက်က လက်အုပ်ချီကာ လျှောက်ထားလိုက်ပြန်ပါသည်။

"သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊ သတ္တာ တိဋ္ဌန္တိ သာတတံ"

ဟူ၍ လျှောက်ထားလိုက်ပါသည်။

သဗ္ဘိရေဝ သမာသေထ - သူတော်ကောင်းတို့နှင့်သာ အတူနေထိုင်ရာ၏၊

သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ - သူတော်ကောင်းတို့နှင့်သာ ပေါင်းသင်းခြင်းကို ပြုရာ၏၊

သတံ သဒ္ဓမ္မ မညာယ - သူတော်ကောင်း တရားကို သိကြရသောကြောင့်၊

သတ္တာ - သတ္တဝါ တို့သည်၊

သာတတံ - စည်းစိမ် ချမ်း သာ တို့၌ ကြာမြင့်စွာ၊

တိဋ္ဌန္တိ - တည်ကြကုန်၏။

http://www.dhammadownload.com



မြတ်စွာဘုရား....ထိုထိုပုဂ္ဂိုလ် သတ္တဝါမှန်သမျှသည် သူတော်ကောင်းတို့နှင့်အတူတကွ နေထိုင်ရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်းကို ပြုရာ၏။ ဤသို့ သူတော်ကောင်းတို့နှင့် အတူတကွ နေထိုင်ရ, သူတော်ကောင်းတို့နှင့် ပေါင်းသင်းရသည်ဖြစ်၍ သူတော်ကောင်းတရားကို သိကြရသောကြောင့်, စည်းစိမ်ချမ်းသာ၌ ကြာမြင့်စွာ တည်ကြရပါကုန်သည်သုရား ဟူ၍ သူ ရရှိထားသော အကျိုးကို သူ့ဉာဏ်အား ထင်ရှားသည့် အားလျော်စွာ မြတ်စွာဘုရားကို လျှောက်ထားလိုက်ပါသည်။

ဆောင်ပုဒ်။ ။သူတော်ကောင်းနှင့်၊ ပေါင်းဖော်လင့်၊
ကြာမြင့်တည်ပါ မြတ်ချမ်းသာ။

ဤ သမ္ဘိသုတ် ဖြစ်ပေါ်လာရခြင်း၏ အကြောင်းရင်းဖြစ်သော ရေကြောင်းကုန်သည် ခုနစ်ရာတို့သည် ပင်လယ်သမုဒ္ဒရာအလယ်တွင် သင်္ဘော ပျက်စီးနစ်မြုပ်မည့် အချိန်ကာလ အနည်းငယ်အတွင်းမှာပင် သရဏဂုံနှင့် ငါးပါးသီလ လုံခြုံသော သူတော်ကောင်းကို မှီ၍ ပေါင်းသင်း ရသောကြောင့် တာဝတိံသာ နတ်ပြည်မှာ လူတို့၏ အရေအတွက်အားဖြင့် အလွန်ကြာမြင့်စွာသော နှစ်ပေါင်း သုံးကုဋေခြောက်သန်း အချိန်ကာလပတ်လုံး နတ်တို့၏ စည်းစိမ် ချမ်းသာ၌ တည်ရှိကြကုန်၏။ နတ်တို့၏ စည်းစိမ်ချမ်းသာကို ခံစားကြရကုန်၏။

ဤ သမ္ဘိသုတ် ဖြစ်ပေါ်လာခြင်းအကြောင်း ဝတ္ထုဖြင့်ပင် သူတော်ကောင်းနှင့် ပေါင်းသင်း ရသူတို့သည် စည်းစိမ်

http://www.dhammadownload.com



ချမ်းသာ၌ ကြာမြင့်စွာတည်ရပုံ, စည်းစိမ်ချမ်းသာကို ကြာမြင့်စွာ ခံစားရပုံတို့သည် အလွန်ပင် ထင်ရှားလှပေသည်။

သူတော်ကောင်းနှင့် ပေါင်းသင်းရသောသူတို့သည် ကြာမြင့်စွာသော ကာလပတ်လုံး စည်းစိမ်ချမ်းသာ၌ တည်ရှိကြကုန်သည်။ စည်းစိမ်ချမ်းသာကို ခံစားကြရသည်ဟု အလျော် (အန္ဝယ)ကို ဆိုသဖြင့် ပြောင်းပြန် (ဗျတိရေက) အားဖြင့် သူယုတ်မာနှင့် ပေါင်းသင်းရသော သူတို့သည် ရရှိထားသော စည်းစိမ်ချမ်းသာ၌ ကြာမြင့်စွာ မတည်နိုင်ကြ၊ ခဏမကြာ စည်းစိမ်ချမ်းသာ ပျက်စီး၍ ဆင်းရဲဒုက္ခ ရောက်ကြရမည် ဟူသော အဓိပ္ပာယ်ကို မဆိုသော်လည်း သိရပေသည်။

## လူမိုက်ပေါင်းသင်း ဆုံးရှုံးခြင်း

အခါတစ်ပါး မြတ်စွာဘုရားသည် ဗာရာဏသီပြည် အနီး မိဂဒါဝုန်တော၌ သီတင်းသုံးတော်မူ၏။ ထိုအခါ ဗာရာဏသီ ပြည်၌ မဟာဓန သဌေးကြီး၏။ သားသည် ကုဋေရှစ်ဆယ် ကြွယ်ဝချမ်းသာ၏။ သူ၏ ဇနီးသည်လည်း ကုဋေရှစ်ဆယ်ပင် ကြွယ်ဝချမ်းသာ၏။

သဌေးသားသည် တစ်နေ့သုံးကြိမ် ဗာရာဏသီမင်းကို ခစား ရန် နန်းတော်သို့ သွားရလေ၏ အရက်သမားတို့သည် သဌေး သားကို နန်းတော်သို့အသွား နန်းတော်မှအပြန် လမ်းခရီးမှာ တွေ့ကြရသောအခါ အရက်သောက်ပြကြသည်။သဌေးသားကို အရက်သောက်ဖို့ရန် အရက်သမားတို့၏ပရိယာယ်အမျိုးမျိုးတို့

http://www.dhammadownload.com



ဖြင့် မြူဆွယ်ကြကုန်၏။ ငယ်ရွယ်စဉ်မှစ၍ အရက်ဘယ်ခါမျှ မသောက်ခဲ့ဖူးသော သဒ္ဓေးသားသည် အရက်သမားများနှင့် ပေါင်းသင်းမိသောအခါ အရက် မသောက်ရလျှင် မနေနိုင်သော အရက်သမားကြီးဖြစ်သွားလေ၏။

ငွေကြေး ပေါများသော သဒ္ဓေးသား၏ အရက်သမား အပေါင်းအဖော် အခြွေအရံပရိသတ်တို့သည် တစ်နေ့တစ်ခြား တိုးတက် များပြားလာကုန်၏။ သဒ္ဓေးသားသည် တစ်ခါ အရက်သောက်လျှင် တစ်ရာပိုးကုန်အောင် အပေါင်းအဖော် များနှင့်သောက်သေ၏။ ထိုနောက် အရက်သမား ပရိသတ် သိပ်များလာသောအခါ ငွေကြေးကုန်ကျမှုကို ပမာနမထား ပဲ အပေါင်းအဖော်များနှင့် ပျော်ပျော်ပါးပါး နေရမှုကသာ ပဓာနဖြစ်လာပြီး အဆိုကောင်းသူ, အကကောင်းသူ, အတီးကောင်းသူတို့ကို တစ်ထောင်, နှစ်ထောင် စသည်ဖြင့် ပေးကာ ပွဲလမ်းသဘင်တို့ဖြင့်ပျော်ပျော်ပါးပါးအရက်သမား များနှင့်ပေါင်းဆင်းနေထိုင်ခဲ့ရာ သဒ္ဓေးသားပိုင် ပစ္စည်းကုဋေ ရှစ်ဆယ်တို့ ကုန်သွားပြီးနောက် ဇနီးထံမှ ကုဋေရှစ်ဆယ်သော ပစ္စည်းဥစ္စာတို့ကို တောင်းယူ၍ သောက်စား ပျော်ပါးပြန်ရာ ဇနီး၏ ကုဋေရှစ်ဆယ်တို့လဲ ကုန်သွားပြန်၏။

သုံးစွဲစရာ ပစ္စည်းဥစ္စာတို့ ကုန်သွားကြသောအခါ အိမ်ကို ရောင်းလိုက်ကြပြီး သူတစ်ပါး၏တိုက်ဘေးမှာခိုကပ်၍ နေထိုင်ကာ ခွက်လက်ဆွဲ၍ တောင်းစားကြရသောအလှန်ဆင်းရဲသော ဘဝသို့ ရောက်သွားကြကုန်၏။

http://www.dhammadownload.com



## နိဂုံးချုပ်ကာ သိဖွယ်ရာ

ဤမဟာနေ သဒ္ဒေးသား စတ္တုဋ္ဌ သဒ္ဒေးသားသည် မိမိဘက်မှ ကုဋေရှစ်ဆယ်၊ ဇနီးဘက်မှ ကုဋေရှစ်ဆယ် ပစ္စည်းဥစ္စာတို့ဖြင့် တစ်သက်ပတ်လုံးကြာမြင့်စွာ ချမ်းချမ်းသာသာ နေနိုင်ပါလျက် အရက်သမား လူမိုက်များနှင့် ပေါင်းသင်းမိသောကြောင့် စည်းစိမ်ချမ်းသာများ၌ကြာမြင့်စွာမတည်နိုင်ကြပါပဲ သဒ္ဒေးသားနှင့် ဇနီးတို့ ဆင်းရဲဒုက္ခ ရောက်ကြသည်မှာ အလွန်ပင် ထင်ရှားလှပေသည်။

## သူယုတ်သူမြတ် တစ်နည်းမှတ်ဖွယ်

အကြင်သူ တစ်ယောက်သည် မျက်မှောက် မျက်ကွယ် အကုသိုလ်ဖြစ်ဖွယ် အကျိုးမဲ့ဖြစ်ဖွယ် အကြောင်းများကို တွေ့မြင်ကြားသိရ၍ အဆုံးအမ ပေးလာသူကို လည်းကောင်း၊ အကုသိုလ်ဖြစ်ဖွယ် အကျိုးမဲ့ဖြစ်ဖွယ်အကြောင်းအရာတို့ မဖြစ်ပေါ်မီ ကြိုတင်၍ အဆုံးအမ ပေးလာသူကို လည်းကောင်း ချစ်မြတ်နိုး၏။ ထိုသူသည် သူမြတ်မည်၏။

အကြင်သူ တစ်ယောက်သည် မျက်မှောက် မျက်ကွယ် အကုသိုလ်ဖြစ်ဖွယ် အကျိုးမဲ့ဖြစ်ဖွယ် အကြောင်းအရာ တို့ကို တွေ့မြင်ကြားသိရ၍ အဆုံးအမ ပေးလာသူကိုလည်းကောင်း၊ အကုသိုလ်ဖြစ်ဖွယ် အကျိုးမဲ့ဖြစ်ဖွယ်အကြောင်းအရာကို မဖြစ်ပေါ်သေးမီ ကြိုတင်၍ အဆုံးအမ ပေးလာသူကို လည်းကောင်း၊ "မချစ်မြတ်နိုးတတ်၊ မုန်းတတ်၏။ ထိုသူသည် သူယုတ်မာမည်၏။

http://www.dhammadownload.com



**ဆောင်ပုဒ်။** ။ဆိုးမသင့်ရာ၊ ဆိုးမလာ၊ ချစ်ပါသူမြတ်မည်။
ဆိုးမသင့်ရာ၊ ဆိုးမလာ၊ မုန်းပါသူယုတ်မည်။

အခါတစ်ပါး မြတ်စွာဘုရားသည် သာဝတ္ထိပြည် ဇေတဝန်ကျောင်းတော်၌ သီတင်းသုံးနေတော်မူ၏။ ထိုအခါ ကိဋ္ဌာဂိရိအမည်ရှိသော ဇနပုဒ် အရပ်ဒေသ၌ အရှက်မရှိ ကုန်သော အဿဇိပုနဗ္ဗသုတ ရဟန်းတို့သည် ငါးရာသော အခြွေအရံရဟန်းတို့နှင့် အတူတကွ နေထိုင်ကြကုန်၏။ အရှက်မရှိသော ထိုရဟန်းတို့သည် မိမိတို့လည်း ရဟန်းတော်တို့အား မအပ်စပ်သော သစ်ပင်ငယ် ပန်းပင်ငယ်တို့ကို စိုက်ပျိုးကြကုန်၏။ တစ်ပါးသော ရဟန်းတို့ကိုလည်း စိုက်စေ ပျိုးစေကြကုန်၍ သစ်သီးပေးခြင်း၊ ပန်းပေးခြင်း စသည်တို့ဖြစ် ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးခြင်း ကုလဒူသနအမှုကိုပြုကြကုန်၏။ ထို ဒါယကာတို့၏ သဒ္ဓါတရားကို ဖျက်ဆီးတတ်သော ကုလဒူသနအလုပ်ဖြင့် ရအပ်သော ပစ္စည်းလေးပါးတို့ဖြင့် အသက်မွေး၍ နေကြကုန်၏။ သီလကို ချစ်သော ရဟန်းကောင်းတို့ မနေနိုင်အောင်လည်း ပြုလုပ်ကြကုန်၏။

(ဓမ္မပဒ-ဌ၊ ၁-၃၄၉)

ထိုအရှက်မရှိသော အဿဇိပုနဗ္ဗသုတရဟန်းတို့၏ ဆိုးသွမ်းနေကြသော အကြောင်းကို မြတ်စွာဘုရား ကြားသိတော်မူ၍ ထို ကိဋ္ဌာဂိရိ ရဟန်းဆိုးတို့တွင် သင်တို့၏ စကားကို မလိုက်နာကြသော ရဟန်းတို့ကို ကိဋ္ဌာဂိရိ ဇနပုဒ်မှ (ပဗ္ဗာဇနီယကံပြု၍) နှင်ထုတ်ဖို့ရန်နှင့် လိုက်နာသော ရဟန်းတို့ကို

http://www.dhammadownload.com



အဆုံးအမပေးဖို့ရန် အခြံအရံနှင့်တကွ အရှင်သာရိပုတ္တရာနှင့် အရှင်မဟာမောဂ္ဂလာန်တို့ကို ကိဋ္ဌာဂိရိ ဇနပုဒ်သို့ စေလွှတ်တော်မူ၏။ အဆုံးအမပေးသော သင်တို့ကို ပညာမရှိသော သူတို့သည်သာ မုန်းကြလိမ့်မည်။ ပညာရှိသော သူတို့သည်ကား ချစ်မြတ်နိုးကြလိမ့်မည်ဟု ဆို၍ အောက်ပါဂါထာကို ဟောကြားတော်မူ၏။

ဩဝဒေယျ အနုသာသေယျ၊

အသဗ္ဘာ စ နိဝါရယေ။

သတံ ဟိ သော ပိယော ဟောတိ၊

အသတံ ဟောတိ အပ္ပိယော။

(ဓမ္မပဒ-၇၇)

ဩဝဒေယျ အနုသာသေယျ-အဆုံးအမပေးရာ၏၊ ကံမြစ်ရာ၏၊

အသဗ္ဘာ စ နိဝါရယေ-အကုသိုလ်တရားမှတားမြစ်ရာ၏၊

သတံ ဟိ သော ပိယော ဟောတိ – ဆုံးမ တတ်သူကို သူတော်ကောင်းတို့ချစ်အပ်၏၊

အသတံ ဟောတိ အပ္ပိယော-ဆုံးမတတ်သူကိုသူယုတ်မာတို့ မချစ်အပ်၊ မုန်း၏။

ဟူ၍ဟောကြားတော်မူ၏။

http://www.dhammadownload.com



## နိဂုံးချုပ်ကာ သိဖွယ်ရာ

ဤ အဿဇိပုနဗ္ဗသုတရဟန်းတို့ဝတ္ထုဖြင့် အကျိုးလိုလား၍ အဆုံးအမ စကားပြောကြားရာ၌ ဆုံးမသူကို ချစ်မြတ်နိုးတတ်သောသူသည် သူတော်ကောင်းမည်၏။ ဆုံးမသူကို မုန်းတတ်သောသူသည် သူယုတ်မာမည်၏ဟူ၍ ခွဲခြားသိနိုင်ကြပေသည်။

ဆင္ဒနတ်သား လျှောက်ထားခန်း ပြီးပါပြီ။

http://www.dhammadownload.com

# မြတ်စွာဘုရား မိန့်ကြားခန်း

ဆဋ္ဌနတ်သား လျှောက်ထား ပြီးသောအခါ သတ္တမမြောက် နတ်သားတစ်ယောက်က လက်အုပ်ချီကာ မြတ်စွာဘုရားကို လျှောက်ထားသည်မှာ 'မြတ်စွာဘုရား ....နတ်သားခြောက်ယောက် တို့သည် အသီးသီး သူတော်ကောင်းတို့နှင့် ပေါင်းသင်းရခြင်း အကျိုးတို့ကို လျှောက်ထားကြရာတွင် အဘယ်နတ်သား၏ လျှောက်ထားသော စကားသည်မှန်ကန်၍ ကောင်းစွာ လျှောက်ထားသည် မည်ပါသနည်းဘုရား' ဟူ၍ လျှောက်ထားလေ၏။

မြတ်စွာဘုရားက 'နတ်သားခြောက်ယောက်တို့ လျှောက်ထားကြတဲ့ သူတော်ကောင်းနှင့် ပေါင်းသင်းရခြင်း အကျိုးပြစကားတို့သည် သူ့အကြောင်းပြချက်နဲ့ သူ မှန်ကန်ကြ၍ အားလုံး (သုဘာသိတာ) ကောင်းစွာ လျှောက်ထားသော စကားများပင် ဖြစ်ပေသည်' ဟူ၍ မိန့်ကြားတော် မူပြီးနောက် အမှန်စင်စစ်အားဖြင့် သူတော်ကောင်းတို့နှင့် ပေါင်းသင်း ရခြင်းသည် နတ်သားခြောက်ယောက်တို့ လျှောက်ထားကြသော အကျိုးခြောက်ပါးမျှ ရနိုင်ကြသည် မဟုတ်ပါ။ ငါ

http://www.dhammadownload.com



ဘုရား ဟောကြားသော အကျိုးတရားကိုလဲ နာကြကုန်လော့ဟူ၍ မိန့်ကြားကာ–

သဗ္ဘိရေဝ သမာသေထ၊ သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ။
သတံ သဒ္ဓမ္မ မညာယ၊ သဗ္ဗာ ဒုက္ခာ ပမုစ္စတိ”

ဟူ၍ ဟောကြားတော်မူလိုက်၏။

သဗ္ဘိရေဝ သမာသေထ .... သူတော်ကောင်းတို့နှင့် အတူတကွ နေထိုင်ရာ၏၊
သဗ္ဘိ ကုဗ္ဗေထ သန္ထဝံ .... သူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်းကို ပြုရာ၏၊
သတံ သဒ္ဓမ္မ မညာယ .... သူတော်ကောင်းတို့၏ တရားကို သိကြရသောကြောင့်၊

သဗ္ဗာ၊ အလုံးစုံသော။ ဒုက္ခာ၊ ဆင်းရဲအပေါင်းမှ။ ပမုစ္စတိ၊ လွတ်နိုင်၏ ဟူ၍ ဟောကြားတော် မူလိုက်၏။

မှတ်ချက်–(ဤနတ်သားခြောက်ယောက်တို့လျှောက်ထားသော စကားတို့သည် သူ့အကြောင်းနှင့် သူ မှန်ကန်၍ သုဘာသိတာ=ကောင်းစွာလျှောက်ထားကြသော စကားများပင် ဖြစ်ကြလေသည် ဟူ၍ မြတ်စွာဘုရားက ထောက်ခံ မိန့်ကြားတော် မူ လိုက် သော ကြောင့် မြတ်စွာဘုရားကိုယ်တော်တိုင် ဟောကြားသကဲ့သို့ ဖြစ်သွားလေ၏။)

http://www.dhammadownload.com



သူတော်ကောင်းနှင့် ပေါင်းသင်းရ၍ ရေကြောင်း ကုန်းကြောင်း အဝမှ နတ်သားဖြစ်ကြသော တာဝတိံသာ နတ်သားတို့သည် မြတ်စွာဘုရား ဟောကြားတော်မူအပ်သော သူတော်ကောင်းတို့နှင့်သာ အတူတကွ နေထိုင်ရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းခြင်းကို ပြုရာ၏။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းရ၍ သူတော်ကောင်းတရားကို နာကြား သိကြရသောကြောင့် ဆင်းရဲဒုက္ခဟူသမျှမှ လွတ်သွားနိုင်ကြသည် ဟူသော တရားစကားကို ကြားရသောအခါ အလွန် ဝမ်းမြောက်ဝမ်းသာ ဖြစ်ကြသည်ဖြစ်၍ မြတ်စွာဘုရားကို လကျ်ာရစ် လှည့်ပတ် ပူဇော် ရှိခိုး ကန်တော့ကြပြီး ထိုနေရာ၌ပင် ကွယ်ပျောက် သွားလေ၏။ နတ်တို့၏ တန်ခိုးဖြင့် တာဝတိံသာ နတ်ပြည်သို့ ပြန်ရောက်သွားကြလေ၏။

## ထက်ဝက်မက လုံးဝသေချာ

အခါတစ်ပါး မြတ်စွာဘုရားသည် သက္ကတိုင်း နဂရက အမည်ရှိသော သာကီဝင်မင်းသားတို့၏ နေထိုင်ရာ နိဂုံး၌ သီတင်းသုံး နေတော်မူ၏။ ထိုအခါ အရှင်အာနန္ဒာသည် မြတ်စွာဘုရား ရှိတော်မူရာအရပ်သို့ ချဉ်းကပ်၍ မြတ်စွာဘုရားကို ရှိခိုးဦးချပြီးလျှင် သင့်တော်ရာ တစ်ခုသော နေရာ၌ထိုင်၍ မြတ်စွာဘုရားကို ဤသို့ လျှောက်ထားလိုက် လေ၏။ 'မြတ်စွာဘုရား...မိတ်ဆွေကောင်း (ကလျာဏမိတ္တ) ကို ရရှိသောသူသည် ဝါ- မိတ်ဆွေကောင်း တည်း ဟူသော သူတော်ကောင်းနှင့် ပေါင်းသင်းရသော သူသည် အရိယာ

http://www.dhammadownload.com



မဂ်ကို ရဖို့ရာ ထက်ဝက်တော့ သေချာပါပြီ ဘုရား'ဟူ၍ လျှောက်ထားလေ၏။

မြတ်စွာဘုရားကအာနန္ဒာ– 'သင်ဒီလိုမပြောပါနဲ့'ဟု တားမြစ်တော်မူပြီးလျှင် မိတ်ဆွေကောင်း (ကလျာဏမိတ္တ) ရှိသောသူသည်၊ ဝါ- မိတ်ဆွေကောင်းတည်းဟူသော သူတော်ကောင်းနှင့် ပေါင်းသင်းရသောသူသည် မဂ်လေးပါး, ဖိုလ်လေးပါး, ဝိဇ္ဇာသုံးပါး, အဘိညာခြောက်ပါးတည်းဟူသော တရားထူးတရားမြတ်တို့ကိုရဖို့ရာ ထက်ဝက်သာ သေချာသည်မဟုတ်။ အလုံးစုံ အပြည့်အဝ သေချာသည်ဟု'မိန့်ကြားတော်မူလေ၏။

(သံ-၁၊ ၈၈) (ဋ္ဌ-၁၊ ၁၄၄)

ဆောင်ပုဒ်။ ။သူတော်ကောင်းအား၊ ပေါင်းသင်းငြား၊ တရားရပေမည်။

ရှင်အာနန္ဒာ၊ တွက်ချက်မှာ၊ ထက်ဝက်ရရာ သေချာသည်။

မြတ်ဘုရားက၊ တွက်ချက်ပြ၊ လုံးဝရမှာ သေချာသည်။

ဤကဲ့သို့ မိန့်ကြားတော်မူသော မြတ်စွာဘုရား၏ စကားတော်ကို ထောက်ရှုသောအားဖြင့် မဂ်ဖိုလ်နိဗ္ဗာန်ကို တကယ်ရလိုသော ပုဂ္ဂိုလ်တို့သည် သူတော်ကောင်းတို့နှင့် ပေါင်းသင်းနေထိုင်ဖို့ရာမှာ အထူးပင် အရေးကြီးလှပေသည်။

သူတော်ကောင်းတို့နှင့် ပေါင်းသင်းမှသာ တရားထူးတရားမြတ် ရနိုင်ကြပေမည်။ တရားထူး တရားမြတ် ရမှသာ

http://www.dhammadownload.com



အလုံးစုံသော ဆင်းရဲဒုက္ခဟူသမျှမှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်ကြရပါမည်။ သူတော်ကောင်းတို့နှင့် ပေါင်းသင်းကာမျှ မတ္တဖြင့်လည်း အလုံးစုံသော ဆင်းရဲဒုက္ခဟူသမျှ လွတ်မြောက်ရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်ကြရမည် မဟုတ်။ သူတော်ကောင်းတို့ ဟောကြားအပ်သော တရားတို့ကို လိုက်နာကျင့်ကြံ အားထုတ်မှသာ ဆင်းရဲငြိမ်းအေးငြိမ်းရာ နိဗ္ဗာန်ချမ်းသာသို့ ရောက်ကြရမည် ဖြစ်ပေသည်။

သို့ဖြစ်သောကြောင့် လူဖြစ်နေခိုက်၊ အသက်ရှင်နေခိုက်၊ သူတော်ကောင်းတရားကို နာကြားရခိုက်၊ သာသနာတော်နှင့် တွေ့ကြုံရခိုက် မဂ်လေးတန် ဖိုလ်လေးတန်, နိဗ္ဗာန်အားလျော်သော သတိပဋ္ဌာန် ဝိပဿနာတည်းဟူသော သူတော်ကောင်းတရားကို နည်းမှန်လမ်းမှန် အားထုတ်ဖို့ရာ မှာလည်း အထူးပင် အရေးကြီးလှပေသည်။

ယခုအချိန်အခါ မြန်မာပြည်မှာ နည်းမှန်လမ်းမှန် သတိပဋ္ဌာန် ဝိပဿနာတရားတို့ကို ဟောကြား ပြသနေကြသော ဆရာတော်ဘုရားကြီးများသည် နေလိုလလို အလွန်ပင် ထင်ရှားလျက် ရှိကြပေသည်။ မြန်မာပြည်တွင်သာမက ကမ္ဘာမှာပင် ထင်ရှား၍ နိုင်ငံအသီးသီးက ပင့်ကြသဖြင့် ကြွရောက်ကာ နည်းမှန် လမ်းမှန် သတိပဋ္ဌာန် ဝိပဿနာ တရားတို့ကို လှည့်လည်၍ ဟောကြားပြသလျက် ရှိကြပါသည်။

http://www.dhammadownload.com



ဓဆောင်ပုဒ်။ ။ကမ္ဘာ့နှံ့ပြား၊ကြွ၍သွား၊ ထင်ရှားမဟာစည်။
ကမ္ဘာသားတွေ၊ တရားမွေ၊ ရစေမဟာစည်။
ကမ္ဘာသူတွေ၊ တရားမွေ၊ ရစေမဟာစည်။

မြန်မာပြည်သူပြည်သားတို့သည် ယခုအချိန်အခါမှာ မြတ်စွာဘုရားလက်ထက်တော် အခါမှ မဟာသတိပဋ္ဌာန သုတ္တန်ကို ဟောကြားတော်မူရာ ကုရုတိုင်းသူတိုင်းသားတို့နှင့် တူနေကြပေသည်။ မြတ်စွာဘုရားသည် ကုရုတိုင်း၌ အအေးအပူ ဥတုရာသီကလည်း မျှတ ပစ္စည်းဥစ္စာများလည်း ရလွယ်ကြ၍ ကုရုတိုင်းသူတိုင်းသားတို့သည် ကိုယ်ကျန်းမာ စိတ်ချမ်းသာမှု ရရှိသောကြောင့် ဉာဏ်ပညာနှင့် ပြည့်စုံနေကြသဖြင့် နက်နဲသော အနက်အဓိပ္ပာယ်ရှိသော မဟာသတိပဋ္ဌာန သုတ္တန်တရားဒေသနာတော်ကို နာကြားခံယူခြင်းငှာ စွမ်းနိုင်သည်ကို မြင်တော်မူသောကြောင့် မဟာသတိပဋ္ဌာန သုတ္တန်ကို နှစ်ဆယ့်တစ်ဌာနတို့၌ လှည့်လည် ဟောကြားတော် မူခဲ့ပါသည်။

မြတ်စွာဘုရား မိန့်ကြားခန်း ပြီးပါပြီ။

*

http://www.dhammadownload.com

# ဝိပဿနာရှုချင်ဖွယ်ရာ ညွှန်ပြခန်း

မြန်မာပြည်၌လည်း ယခုအချိန် အခါသည် အအေးအပူ ဥတုကလည်း မျှတ၊ ပစ္စည်းဥစ္စာ စားဖွယ်သောက်ဖွယ် များကလည်း အရပ်ဒေသအလိုက် အသင့်အတင့် ရလွယ်ကြ၍ မြန်မာပြည်သူ ပြည်သားတို့သည် ထိုက်သည့် အားလျော်စွာ ကိုယ်ကျန်းမာ စိတ်ချမ်းသာမှုကို ရရှိသောကြောင့် ဉာဏ်ပညာ နှင့်ပြည့်စုံသင့်သလောက် ပြည့်စုံနေကြသဖြင့် ရုပ်တရား, နာမ်တရားတို့ကို ပိုင်းခြားထိုးထွင်း၍ သိနိုင်ကြောင်း ဖြစ်သော သတိပဋ္ဌာန် ဝိပဿနာတရားတို့ကို နာကြားကျင့်ကြံ အားထုတ်နိုင်ကြသော အချိန်အခါပင်ဖြစ်၍ မြန်မာပြည်တွင်သာမက ကမ္ဘာမှာပင် ထင်ရှားနေကြသော ဆရာတော်ဘုရားကြီးများ သည် နည်းမှန် လမ်းမှန် သတိပဋ္ဌာန် ဝိပဿနာတရားတို့ကို ဟောကြားပြသလျက်ပင် ရှိကြပါသည်။

အဋ္ဌကထာ၌ သတိပဋ္ဌာန်တရားလေးပါးသည် ရတနာ ခုနစ်ပါးနှင့်တူ၏။ သတိပဋ္ဌာန်တရားကို သင်ယူနာကြားကျင့် ကြံအားထုတ်သော သူတို့သည် ရွှေသတ္တာနှင့် တူကြကုန်၏ ဟူ၍ နှိုင်းယှဉ်ပြထားပါသည်။

http://www.dhammadownload.com



## မြန်မာပြည်မှာ ကောင်းသောလက္ခဏာ

ယခုအချိန်အခါ မြန်မာပြည်၌ ဝိပဿနာတရား ကျင့်ကြံအားထုတ်မှုကို အထူးပင် စိတ်ဝင်စားနေကြပါသည်။ အသိဉာဏ်ပြည့်စုံသော ပုဂ္ဂိုလ်တိုင်း စာပေကျမ်းဂန် ဖတ်ရှုရှုလည်း ကောင်း၊ ဆရာတော် သံဃာတော်များ ဟောကြားအပ်သော တရားတော်တို့ကို နာကြားရှုလည်းကောင်း လေ့လာနေကြပါသည်။ ကိုယ်တွေ့လက်တွေ့ ဝင်ရောက်၍လည်း အားထုတ်ရှုမှတ်လျက် ရှိကြပါသည်။ တစ်ဦးနှင့်တစ်ဦး အကျွမ်းတဝင် ရင်းရင်းနှီးနှီး ရှိကြသော ပုဂ္ဂိုလ်တို့သည် အချင်းချင်း တွေ့ဆုံကြသော အခါများ၌ အကျိုးရှိစေလိုသော စေတနာ မေတ္တာဖြင့် အဘယ် ဝိပဿနာတရား အားထုတ်ပါသလဲ၊ အဘယ်ဆရာတော်ထံမှာ အားထုတ်ကြပါသလဲ၊ အဘယ် ကမ္မဋ္ဌာန်းရိပ်သာမှာ အားထုတ်ပါသလဲ၊ ဘယ်လိုဉာဏ်အဆင့်မျိုး တွေ့ကြုံဘူးပါသလဲ စသည်ဖြင့် နှုတ်ဆက်မေးမြန်းလေ့ ရှိလာကြပေသည်။ ယခု မျက်မှောက် ဘဝအတွက်သာမက နောင်တမလွန်ဘဝများအတွက်ပါ အလွန်ကောင်းမြတ်သော အလေ့အထတစ်ရပ်, လက္ခဏာတစ်ရပ် ဖြစ်ပါပေသည်။

မြန်မာပြည်သူပြည်သားတို့သည် မြတ်စွာဘုရား လက်ထက်တော်အခါက ကုရုတိုင်းသူတိုင်းသားများနှင့် တူနေကြပေသည်။ မြတ်စွာဘုရား လက်ထက်တော်အခါက ကုရုတိုင်းသူတိုင်းသားတို့သည် တစ်ဦးနှင့်တစ်ဦး တွေ့ဆုံကြသောအခါ- ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတည်းဟူသော သတိပဋ္ဌာန်

http://www.dhammadownload.com



တရားလေးပါးတို့တွင် ဘယ်သတိပဋ္ဌာန်တရားကို လေ့လာ ပွားများ အားထုတ်နေပါသနည်းဟု မေး၍ နှုတ်ဆက်လေ့ ရှိကြပါသည်။ အထက်တန်းကျသော လူကြီးလူကောင်းတို့ကို မဆိုထားနှင့် သူတစ်ပါးအိမ်မှာ အိမ်ဖော် အစေခံအဖြစ်ဖြင့် နေထိုင်ကြသူတို့သည်ပင် သတိပဋ္ဌာန်တရား လေးပါးထဲက ဘယ်သတိပဋ္ဌာန်တရား အားထုတ်နေပါသလဲဟူသော စကားဖြင့် ပြောဆိုနှုတ်ဆက်လေ့ ရှိကြပါသည်။

## မေးကြရာဝယ် နည်းယူဖွယ်

ရေခပ်ရာ ရေဆိပ်, ယက်ကန်းရုံ, အလုပ်ရုံစသည်တို့၌ အမျိုးသမီး ကြီးငယ်တို့ တွေ့ဆုံကြရာဝယ် ကာယ၊ ဝေဒနာ၊ စိတ္တ၊ ဓမ္မတည်းဟူသော သတိပဋ္ဌာန်တရား လေးပါးတို့တွင် ဘယ်သတိပဋ္ဌာန်တရားကို ပွားများအားထုတ်နေပါသနည်း ဟူ၍ မေးကြရာ၌ တစ်ဦးတစ်ယောက်က အလုပ်တွေများလို့ ဘယ်သတိပဋ္ဌာန်တရားကိုမျှ အားမထုတ်သေးပါဟူ၍ ပြောကြားသောသူကို အားလုံးသော အမျိုးသမီးများက ကဲ့ရဲ့အပြစ်တင်ကြသည်။ သင်ရဲ့ အသက်ရှင်နေခြင်းသည် ကောင်းသော အသက်ရှင်နေခြင်းမဟုတ်။ ယုတ်ညံ့သော အသက်ရှင်နေခြင်း ဖြစ်ပေသည်။ စက်ဆုပ်စရာကောင်းသော အသက်ရှင်နေခြင်း ဖြစ်ပေသည်။ သင်သည် အသက်ရှင်နေငြားသော်လည်း သေသောသူနှင့်သာ တူပေသည် ဟူ၍ ကဲ့ရဲ့ အပြစ်တင်ကြပြီး သတိပဋ္ဌာန်တရား ရှုမှတ်ပွားများပုံ တစ်ခုခုကို သင်ပေးကြကုန်၏။

http://www.dhammadownload.com



အမေးခံရသော သူတစ်ဦးတစ်ယောက် ကိုယ်အမူအရာကို အဖန်ဖန်သတိကပ်၍ ရှုမှတ်မှုတည်းဟူသော ကာယာနုပဿနာ သတိပဋ္ဌာန်ကို ရှုမှတ်ပွားများနေပါသည် စသည်ဖြင့် ဖြေကြားခဲ့ပါလျှင် အားလုံးသော အမျိုးသမီးများက ဝိုင်း၍ ချီးမွမ်းအားပေးကြပါသည်။ သာဓု-သာဓု ကောင်းပါပေသည်။ ကောင်းပါပေသည်။ သင်၏ အသက်ရှင်နေခြင်းသည် ကောင်းသော အသက်ရှင်ခြင်း ဖြစ်ပါပေသည်၊ သင်သည် လူ့ဘဝသို့ ကောင်းစွာ ရောက်လာခြင်း ဖြစ်ပါပေသည်။ မြတ်စွာဘုရား ပွင့်တော်မူခြင်းသည်လည်း သင့်အတွက်ပင် ပွင့်လာခြင်း ဖြစ်ပါပေသည်, စသည်ဖြင့် ဝိုင်း၍ ချီးမွမ်း အားပေးစကား ပြောကြားကြကုန်၏။

(ဒီ-ဋ္ဌ=၂၊ ၃၃၄)

၂

မြတ်စွာဘုရား လက်ထက်တော်အခါက ကုရုတိုင်းမှာကဲ့သို့ မြန်မာပြည်မှာ သတိပဋ္ဌာန် ဝိပဿနာတရားများ, ထွန်းကားလာသော အချိန်၌ အယုတ်ဆုံး အပါယ်ဆင်းရဲဒုက္ခမှ လွတ်မြောက်သော ဉာဏ်အဆင့်သို့ ရောက်အောင် သတိပဋ္ဌာန် ဝိပဿနာတရားကို အားထုတ်သင့်ကြပေသည်။ အားထုတ်တဲ့ အခါမှာလည်း နည်းမှန်လမ်းမှန်ဖြင့် အားထုတ်ရမှသာ မိမိတို့ ရည်မှန်းသော ဉာဏ်အဆင့်သို့ ရောက်နိုင်ကြမည် ဖြစ်ပါ၍ မြတ်စွာဘုရား ဟောကြားသည်အတိုင်း နည်းမှန် လမ်းမှန် ကျအောင် ရှုမှတ်ပုံ ရှုမှတ်နည်းတို့ကို ရဖို့ရာ အထူးပင် အရေးကြီးလှပေသည်။

http://www.dhammadownload.com



သို့ဖြစ်ပါ၍ ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီးသည် မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း သတိပဋ္ဌာန် ဝိပဿနာ ရှုနည်းများကို ကိုယ်တော်တိုင်လည်း ဟောကြား၊ ရှုနည်းမှတ်နည်း စာအုပ်များကိုလည်း ထုတ်ဝေလျက် ရှိပါသည်။

နိဂုံး။ ။တရားဟောကာ၊ သာသနာ၊ ပြုတာမဟာစည်၊
ကျန်းဂန် ထုတ်ကာ၊ သာသနာ၊ ပြုတာ
မဟာစည်။

ဝိပဿနာ ရှုချင်ဖွယ်ရာ ညွှန်ပြခန်းပြီးပါပြီ။

http://www.dhammadownload.com

# ဝိပဿနာရှုခန်း

ဤသဗ္ဗာသဝသုတ္တန် တရားတော်၌လဲ ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ညွှန်ကြားပြသသော ဝိပဿနာ ရှုနည်း မှတ်နည်းများကို သိလွယ် ထင်ရှားနိုင်သမျှ သိလွယ် ထင်ရှား အောင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏ အမေးအဖြေ ဆောင်ပုဒ်များဖြင့် (၄)ချက် အစဉ်ထား၍ ဖော်ပြပါမည်။

(၁) ဝိပဿနာ ရှုကွက်၊
(၂) ဝိပဿနာ ရှုရခြင်းအကျိုး၊
(၃) ဝိပဿနာ ရှုရမည့်အချိန်ကာလ၊
(၄) ဝိပဿနာ ရှုနည်း —

ဤလေးချက်ဖြင့် ဖော်ပြပါမည်။

## (၁) ဝိပဿနာ ရှုကွက်

(မေး) ဝိပဿနာ၊ ဉာဏ်ဆိုတာ၊ ဘယ်ဟာရှု၍ ဖြစ်သနည်း။

ဝိပဿနာဉာဏ် ဖြစ်အောင် ဘယ်ဟာကို ဘယ်တရားကို ရှုမှတ်ရမည်နည်းဟု ဝိပဿနာ ရှုဖို့ရာ၌ ဝိပဿနာ ရှုကွက်ကို

http://www.dhammadownload.com



ထင်ထင်ရှားရှား သိရလေအောင် အဖြေကို ဖော်ပြလို၍ အမေးထုတ်ရခြင်း ဖြစ်ပေသည်။

(ဖြေ) စွဲလမ်းနိုင်ရာ၊ ငါးခန္ဓာ၊ မှန်စွာရှုအပ်ပါသတည်း။

တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းရာ ဥပါဒါနက္ခန္ဓာ ငါးပါးကို ရှုရမည်ဟု ဖြေကြားခြင်း ဖြစ်ပါသည်။ တဏှာဒိဋ္ဌိတို့ အာရုံပြု၍ စွဲလမ်းနိုင်သော လောကီခန္ဓာ ငါးပါးကိုသာ ဝိပဿနာ ရှုရမည်။ တဏှာဒိဋ္ဌိတို့ အာရုံမပြုနိုင်၍ မစွဲလမ်းနိုင်သော မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟူသော လောကုတ္တရာ တရား ကိုးပါးတို့ကို ဝိပဿနာ မရှုရဟူ၍ ညွှန်ပြသိစေပါသည်။

လောကီ ဥပါဒါနက္ခန္ဓာ ငါးပါးတို့ကို ဝိပဿနာရှုရမည်ဟု ဆိုရာ၌ မိမိသန္တာန်, သူတစ်ပါးသန္တာန် ဤနှစ်ပါးတို့တွင် အဘယ် ပုဂ္ဂိုလ်သန္တာန်၌ ရှိသော လောကီ ဥပါဒါနက္ခန္ဓာငါးပါးကို ဝိပဿနာစ၍ ရှုရပါမည်နည်းဟု မေးဖွယ်ရာ ရှိနေပြန်၏။ မိမိသန္တာန်၌ ရှိသော လောကီ ဥပါဒါနက္ခန္ဓာ ငါးပါးတို့သာ ရှေးဦးစွာ ရှုရမည်။ ဆိုလိုရင်းမှာ- မိမိ၏ ခန္ဓာကိုယ်သည် မိမိ၏ ဝိပဿနာရှုကွက် ဖြစ်၏။

ဝိပဿနာရှုခါစ ပုဂ္ဂိုလ်တို့သည် မိမိသန္တာန်၌ ဖြစ်ခိုက် ရုပ်နာမ်တို့ကိုသာ မလစ်မလပ်ရအောင် စူးစူးစိုက်စိုက် ရှုမှတ်အပ်ကုန်၏။ သူတစ်ပါးသန္တာန်နှင့် အပြင်ပအာရုံတို့ကို ရှာကြံ၍လည်းကောင်း၊ စဉ်းစား ဆင်ခြင်၍လည်းကောင်း မရှုမှတ်အပ်ကုန်။ အပြင်ပ အဆင်း-အသံ စသည်တို့ကို တမင်ရှာကြံ၍

http://www.dhammadownload.com



'မြင်တယ်-မြင်တယ်'၊ 'ကြားတယ်-ကြားတယ်' စသည်ဖြင့် ရှုမှတ်နေသောသူသည် စိတ်တည်ငြိမ်မှုမရပါဘဲ စိတ်ပျံ့လွင့်မှုများသာ ဖြစ်နေတတ်ပါသည်။ ထို့ကြောင့် သမာဓိဉာဏ်တို့ လျင်မြန်စွာ မဖြစ်၊ မရင့်ကျက်သည်ဖြစ်၍ (၁၅)ရက် တစ်လ ကြာသော်လည်း ဘာမျှ ထူးခြားမှုမရှိဘဲ ဖြစ်နေတတ်၏။

ကျမ်းညွှန်း- [အကျယ်ကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ရေးသားအပ်သော ဝိပဿနာ ရှုနည်းကျမ်း ပထမတွဲ-နှာ(၂၂၁)၌ကြည့် ရှုပါလေ။]

သို့ဖြစ်သောကြောင့် ဝိပဿနာရှုကာစပုဂ္ဂိုလ်တို့သည် မျက်စိအမြင်ကောင်းသောသူ ဖြစ်စေကာမူ ကန်းနေသူကဲ့သို့ ကျင့်ရမည်။ နားအကြားကောင်းသောသူ ဖြစ်စေကာမူ နားပင်းနားမကြားသူကဲ့သို့ ကျင့်ရမည်။ စကားပြော ကောင်းသော ဉာဏ်ပညာနှင့် ပြည့်စုံသောသူဖြစ်စေကာမူ ဆွံ့အ နေသောသူကဲ့သို့ ကျင့်ရမည်။ အားအင် သန်စွမ်း ပြည့်ဝသောသူဖြစ်စေကာမူ အားအင် နည်းပါးသော လူမမာကဲ့သို့ ကျင့်ရမည်။ လှုပ်လှုပ်ရှားရှားနေတတ်သောသူ ဖြစ်စေကာမူ လူသေအလားမလှုပ်မရှား နေသင့်သောအခါနေရမည်ဟု ထေရဂါထာနှင့် မိလိန္ဒပဉှာတို့၌-

စက္ခုမာဿ ယထာ အန္ဓော၊ သောတဝါ ဗဓိရောယထာ။
ပညာဝဿ ယထာ မူဂေါ၊ ဗလဝါ ဒုဗ္ဗလော ရိဝ။
အထ အတ္ထေ သမုပ္ပန္နေ၊ သယေထ မတသာယိကံ။

ဟူ၍ ပြဆိုဟောကြားထားပါသည်။

http://www.dhammadownload.com



စက္ခုမဿ ယထာ အန္ဓော....မျက်စိ အမြင် ကောင်း သော်လည်း ကန်းနေသော သူလို ကျင့်ရမည်၊

သောတဝါ ဗဓိရော ယထာ.... နား အကြား ကောင်းသော်လည်း နားပင်းနေသူလို ကျင့်ရမည်။

ပညာဝဿ ယထာ မူဂေါ.... စကား ပြော ကောင်း သော ပညာနှင့် ပြည့်စုံ သော် လည်း ဆွံ့အနေသူလို ကျင့်ရမည်၊

ဗလဝါ ဒုဗ္ဗလောရိဝ .... အားအင် ပြည့်ဝ သော်လည်း အားအင် နည်းသော လူမမာလို ကျင့်ရမည်၊

အထ အတ္ထေ သမုပ္ပန္နေ.... ထို့ အပြင် မလှုပ်မရှားနေခြင်း ဖြင့် အကျိုးကိစ္စ ပြီး စေ လ တ် သော်၊

သယေထ မတသာယိကံ .... မလှုပ်မရှား သေ သူ အ လား လျောင်းစက် ငြိမ် သက် စွာနေ အပ်ရာ၏။

ဆောင်ပုဒ်။ ။မျက်စိအမြင်၊ ကောင်းသူပင်၊ မမြင်ကန်းပမာ။ နားအကြားတွင်၊ ကောင်းသူပင်၊ နားလျှင် ပင်းပမာ။

http://www.dhammadownload.com



စကားပြောတွင်၊ ကောင်းသူပင်၊ အနှသွင်ဆွဲပမာ။
ပြည့်ဝအားအင်၊ ရှိသူပင်၊ အားအင်နည်းပမာ၊
အကျိုးဖြစ်ပွား၊ သေသူလား၊ အိပ်ငြား ငြိမ်သက်စွာ။

ဝိပဿနာရှုသော ပုဂ္ဂိုလ်တို့သည် ဉာဏ်စဉ် အဆင့်ဆင့် တက်၍ ဘင်္ဂဉာဏ်သို့ ရောက်လာသောအခါ ပြင်ပမှ အဆင်း အသံစသည်တို့ကို ရှုမှတ်လို့ ရလာမည်သာ ဖြစ်ပေသည်။ ရှုမှတ်ကာစ ပုဂ္ဂိုလ်တို့သည် မိမိတို့သမာဓိဉာဏ် မရင့်ကျက်သေးမီ အပြင်မှ ရှုဖွယ်အာရုံများကို မရှုမှတ်သေးပါဘဲ မိမိ သန္တာန်၌ ထင်ရှားရာ လောကီ ခန္ဓာငါးပါး ရုပ်တရား နာမ်တရား တို့ကိုသာ မလစ်မလပ် စေ့စေ့ စပ်စပ် ရှုမှတ် ရာ၏။

ဥပမာ–မရင့်ကြွနုံကြသေးသော ငှက်ပျောပင်မှ ငှက်ပျော သီး၊ ဒူးရင်းပင်မှ ဒူးရင်းသီးတို့ကို အလျင်စလို ဆွတ်ခူး၍ စားကြသော သူတို့သည် ငှက်ပျောသီး, ဒူးရင်းသီးတို့၏ အရသာကို ကောင်းစွာ မခံစားရဘဲအပြင် စိုက်ပျိုးခဲ့ရသော လုပ်အားတန်ဖိုးနှင့် ပစ္စည်းတန်ဖိုးများလည်း ဆုံးရှုံးသွားရ ခြင်းဖြစ်ကြရသကဲ့သို့ ဝိပဿနာ ရှုကာစဖြစ်၍ ဝိပဿနာဉာဏ် မရင့်ကျက်ကြသေးမီ အဆင်း အသံ စသော အပြင်ပ အာရုံ များကို ရှာကြံ၍ ရှုမှတ်နေသော ပုဂ္ဂိုလ်တို့သည် အချိန်ကုန် လူပန်းကာ ဝိပဿနာ၏ အရသာကို မခံစားရ ခြင်းများ ဖြစ်သွားနိုင်ကြပေသည်။

http://www.dhammadownload.com



## (၂) ဝိပဿနာရှုရခြင်းအကျိုး

(မေး) ဘယ်အကျိုးငှာ၊ ထိုခန္ဓာ၊ ဘယ်ခါရှုအပ်ပါ သနည်း။

ထိုလောက် ဥပါဒါနက္ခန္ဓာ ငါးပါးကို ဝိပဿနာရှုရတာ ဘယ်အကျိုးကို လို၍ ရှုရပါသနည်း၊ ဘယ်အချိန် အခါမှာ ရှုရပါမည်နည်းဟု အမေးထုတ်ခြင်းသည် အဖြေကို ရှင်းလင်းစွာ သိဖို့ရာ အမေးထုတ်ခြင်းပင် ဖြစ်ပါသည်။

(ဖြေ) မစွဲဖို့ရာ၊ ဖြစ်ဆဲမှာ၊ မှန်စွာရှုအပ်ပါသတည်း။

ထိုဥပါဒါနက္ခန္ဓာငါးပါးကိုဝိပဿနာရှုရခြင်းသည် တဏှာဒိဋ္ဌိတို့ဖြင့် မစွဲလမ်းဖို့ရာ တဏှာဒိဋ္ဌိတို့ ကင်းသွားဖို့ရာအကျိုးကို လိုလား၍ ရှုရခြင်းပင်ဖြစ်ပေသည်။ ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ပုဂ္ဂိုလ်သတ္တဝါအနေနှင့် တင့်တယ်သည်၊ ကောင်းသည်၊ ချမ်းသာသည်ဟူ၍ တဏှာဖြင့် စွဲလမ်းကြသည်။ ငါ့ကိုယ် မြဲသည်ဟူ၍ ဒိဋ္ဌိဖြင့် စွဲလမ်းကြသည်၊ ဤကဲ့သို့ တဏှာဒိဋ္ဌိတို့ဖြင့် စွဲလမ်းနေကြသော သူတို့သည် ယင်းတဏှာဒိဋ္ဌိတို့ အစွဲအလမ်းနှင့်ပင် ကျွယ်လွန် သွားကြသည်ရှိသော် အပါယ်ဘုံဘဝသို့ ရောက်သွားကြဖို့သာ များကြပေသည်။

ဝိပဿနာရှုမှတ်သူတို့သည် ဝိပဿနာဉာဏ် အဆင့်ဆင့်ဖြင့် တဏှာဒိဋ္ဌိတို့ကို တဒင်္ဂအားဖြင့် ပယ်ခြင်း၊ ဝေးကွာအောင် ဝိက္ခမ္ဘနအားဖြင့် ပယ်ခြင်း၊ ဝိပဿနာဉာဏ် အပြည့်အစုံ ရင့်ကျက်ပြီးသောအခါ မဂ်ဉာဏ်ဖြင့်အကြွင်းမဲ့ သမုစ္ဆေဒအားဖြင့်

http://www.dhammadownload.com



ပယ်ခြင်းတို့ဖြင့် နိဗ္ဗာန်ချမ်းသာကို မျက်မှောက်ပြုသော အားဖြင့် ရောက်သွားကြရပါသည်။ ဤကဲ့သို့ တဏှာဒိဋ္ဌိတို့ ကင်းပျောက်၍ နိဗ္ဗာန် ချမ်းသာသို့ ရောက်ရခြင်းသည် ဝိပဿနာရှုခြင်း၏အကျိုးပင် ဖြစ်ပေသည်။

သူ့တိပဋ္ဌာန်တရား ရှုမှတ်ပွားများသောအားဖြင့် ဝိပဿနာတရား အားထုတ်ရခြင်း အကျိုးကို တရားကြွေးကြော်ချက်အနေနဲ့ မြတ်စွာဘုရား ဟောကြားတော်မူခဲ့ပါသည်။

ဆေးစွမ်းကောင်း ရထားသော ဆရာသည် မိမိ၏ ဆေးအစွမ်းထက်ကြောင်း ရောဂါဝေဒနာများကို ပျောက်ကင်းစေနိုင်ကြောင်း အစရှိသော မိမိဆေးကို မှီဝဲ သုံးဆောင်ကြသော ဝေဒနာရှင်တို့ ချမ်းသာရ ရရှိကြမည့် အကျိုးတို့ကို ကြွေးကြော်သကဲ့သို့ မြတ်စွာဘုရားသည်လည်း မိမိ၏ သတိပဋ္ဌာန်တရားကို လိုက်နာကျင့်ကြံ အားထုတ်ကြကုန်သော ပုဂ္ဂိုလ်တို့ ရရှိနိုင်သော အကျိုးတရားတို့ကို မဟာသတိပဋ္ဌာန သုတ္တန်ကို မဟောကြားမီ ရှေးဦးစွာ ကြွေးကြော်ခဲ့ပါသည်။

ကြွေးကြော်ခဲ့သော အကျိုးများမှာ....

၁။ သတိပဋ္ဌာန်တရားပွားများ အားထုတ်ကြသော ထိုထိုပုဂ္ဂိုလ် သတ္တဝါတို့သည် စိတ် အညစ်အကြေးတို့မှ ကင်းပေးစင်ကြယ်၍ စိတ်ကြည်လင်စေခြင်း အကျိုးကိုလည်း ရရှိနိုင်ကြမေသည်။

http://www.dhammadownload.com



၂။ အကြောင်း အမျိုးမျိုးတို့ကြောင့် စိုးရိမ်ပူဆွေးခြင်း သောက ရောက်နေကြသော ပုဂ္ဂိုလ်တို့၏ စိုးရိမ်ပူဆွေးမှု သောကတို့ကို လွန်မြောက်စေခြင်း အကျိုးကိုလည်း ရရှိနိုင်ကြပေသည်။

၃။ အကြောင်း အမျိုးမျိုးတို့ကြောင့် စိုးရိမ်ရုံထွင်မက ငိုကြွေးခြင်းသို့ ရောက်နေကြကုန်သော ပုဂ္ဂိုလ်တို့၏ ငိုကြွေးမှုတို့ကို လွန်မြောက်စေခြင်း အကျိုးကိုလည်း ရရှိနိုင်ကြပေသည်။

၄။ အကြောင်းအမျိုးမျိုးတို့ကြောင့် ကိုယ်ဆင်းရဲခြင်းသို့ ရောက်နေကြကုန်သော ပုဂ္ဂိုလ်တို့၏ ကိုယ်ဆင်းရဲခြင်းတို့ကို ချုပ်ငြိမ်းလွန်မြောက် သွားစေခြင်း အကျိုးကိုလည်း ရရှိနိုင်ကြပေသည်။

၅။ အကြောင်းအမျိုးမျိုးတို့ကြောင့် စိတ်ဆင်းရဲခြင်းသို့ ရောက်နေကြကုန်သော ပုဂ္ဂိုလ်တို့၏ စိတ်ဆင်းရဲခြင်းတို့ကို ချုပ်ငြိမ်း လွန်မြောက်သွားစေခြင်း အကျိုးကိုလည်း ရရှိနိုင်ကြပေသည်။

၆။ အပါယ်သို့ ကျရောက်စေတတ်သော ကိလေသာမှစ၍ အလုံးစုံသော ကိလေသာ မှန်သမျှတို့ကို ပယ်သတ်နိုင်သော အရိယာမဂ်ကို ရစေခြင်းအကျိုးကိုလည်း ရရှိနိုင်ကြပေသည်။

၇။ ဆင်းရဲ ခပ်သိမ်း ကင်းငြိမ်းရာ နိဗ္ဗာန် ချမ်းသာကို မျက်မှောက်ပြုသော်အားဖြင့် ရောက်ရှိရခြင်း အကျိုး

http://www.dhammadownload.com



ကိုလည်း ရရှိနိုင်ကြပေသည် ဟူ၍ ဟောကြား ကြေငြာခဲ့ပါသည်။

## စိုးရိမ်ခြင်း သောကကို လွန်မြောက်ခြင်းအကျိုး

သန္တတိအမတ်ကြီးသည် မြတ်စွာဘုရားထံမှ သတိပဋ္ဌာန်နှင့်စပ်သော ဂါထာတစ်ပုဒ်ကို နာကြားရသည် ဖြစ်၍ စိုးရိမ်ပူဆွေးနေသော သောကမှ အပြီးတိုင် လွန်မြောက်သော အကျိုးကို ရရှိသွားပါသည်။

တစ်ရံသောအခါ မြတ်စွာဘုရားသည် သာဝတ္ထိမြို့ အနီး ဇေတဝန် ကျောင်းတော်မှာ သီတင်းသုံး နေတော်မူ၏။ ထိုအချိန်၌ ကောသလ မင်းကြီး၏ တိုင်းပြည် အစွန်အဖျား ပစ္စန္တရစ် ဇနပုဒ်တို့၌ သူပုန်ထ၍ သန္တတိ အမတ်ကြီးအား သွားရောက် နှိမ်နင်းစေရာ အောင်မြင်ခဲ့၏။

ထိုသို့ အောင်မြင်ခဲ့သောကြောင့် (၇) ရက်တို့ ပတ်လုံး မင်း စည်းစိမ်ကို ခံစားခွင့်နှင့် အဆို၊ အက ကောင်းသူ အမျိုး သမီးငယ် တစ်ယောက်ကို ပေးအပ်လိုက်လေ၏။

သန္တတိအမတ်ကြီးသည် (၇) ရက်တို့ပတ်လုံး သောက်စား မူးယစ်ပျော်ပါး နေခဲ့၏။ (၇) ရက် ပြည့်မြောက်သော နေ့တွင် အဆောင်းဆိုး အဝတ်တန်ဆာများကို ဝတ်ဆင်လျက် ဆင်စီး၍ ရေချိုးဆိပ်သို့ ရေကစား ပျော်ပါးဖို့ရာ နန်း တော်မှ ထွက်လာခဲ့လေ၏။

http://www.dhammadownload.com



မြတ်စွာဘုရားကလည်း အရှင်အာနန္ဒာ စသော နောက်ပါ သံဃာတော်များနှင့်တကွ သာဝတ္ထိမြို့သို့ ဆွမ်းခံကြွဝင်တော်မူလာသည်ဖြစ်၍ မြို့တံခါးဝ၌ ဆုံမိကြသဖြင့် သန္တတိအမတ်ကြီးက ဆင်ပေါ်မှ ခေါင်းညိတ်ကာ ရှိခိုးသော အမူအရာကို ပြုလေ၏။

ထိုအခါ မြတ်စွာဘုရားက ပြုံးတော်မူလိုက်သောကြောင့် သွားတော်မှ ရောင်ခြည်တော်များ ထွက်သွားသည်ကို အရှင်အာနန္ဒာမြင်၍ ပြုံးတော်မူရခြင်း အကြောင်းကို လျှောက်ထားရာ 'သန္တတိအမတ်ကြီးကို သင်မြင်သည် မဟုတ်လား၊ အဲဒီသန္တတိ အမတ်ကြီးသည် ယနေ့ပင် ငါဘုရားထံမှ ဂါထာတစ်ပုဒ်ကို ကြားနာသည်၏ အဆုံး၌ ရဟန္တာ ဖြစ်လိမ့်မည်။ ယနေ့ပင် ပရိနိဗ္ဗာန်ပြုလိမ့်မည်'ဟု မိန့်ကြားတော် မူလိုက်လေ၏။

သန္တတိ အမတ်ကြီး ယနေ့ပင် ရဟန္တာဖြစ်၍ ယနေ့ပင် ပရိနိဗ္ဗာန်ပြုလိမ့်မည် ဟူသော အကြောင်းကို အရှင်အာနန္ဒာမှ တစ်ဆင့် အားလုံးသော လူ, ရဟန်း ပရိသတ်တို့ ကြားသိသွားကြရာတွင် မှားသော အယူရှိသော မိစ္ဆာဒိဋ္ဌိတို့က 'အရှင်ဂေါတမကြီးဟာ ဦးတည်ရာ ပြောနေတာပဲ။ ဤမျှလောက် မူးရူးနေသော အမတ်ကြီးကို ယနေ့ပဲ သူ့တရားကို နာရမြီး ယနေ့ပဲ ပရိနိဗ္ဗာန်ပြုလိမ့်မည်'ဟု ပြောနေ၏။ ဂေါတမကို မဟုတ်မမှန်တာတွေ ပြောတဲ့ မုသာဝါဒဖြင့် နှိပ်ကွက်ရတော့မည်'ဟု အကြံအစည်များ ဖြစ်ကြလေ၏။

http://www.dhammadownload.com



မှန်သော အယူရှိကြသော သမ္မာဒိဋ္ဌိ ပုဂ္ဂိုလ်တို့ကလည်း မြတ်စွာဘုရား၏ တန်ခိုး အာနုဘော်ကြောင့် မြတ်စွာဘုရား၏ တင့်တယ်ပုံနှင့် သန္တတိအမတ်ကြီး၏ တင့်တယ်ပုံတို့ကို ယနေ့ တွေ့ရတော့မှာပဲဟု အကြံအစည် ဖြစ်ကြလေကုန်၏။

သန္တတိအမတ်ကြီးသည် တနေ့ပတ်လုံး ရေချိုးဆိပ်၌ ရေကစား ပျော်ပါးပြီးသောအခါ ညနေအချိန်မှာ ပျော်ပါးရာ ဥယျာဉ်သို့ သွား၍ အခြံအရံ ပရိတ်သတ်နှင့်တကွ ထိုင်နေလေ၏။ ကချေသည်မလေးသည်လည်း ပရိသတ် အလယ်သို့ ဆို–က ဖို့ ထွက်လာခဲ့ရာ ခုနစ်ရက်တို့ ပတ်လုံး ဆက်တိုက် ဆို–က ခဲ့ရ၍ ပင်ပန်းနေသောကြောင့် ကမြလိုက်သည်နှင့် တပြိုင်နက် လေဖြတ်ကာ လဲကျသေဆုံးသွားလေ၏။

သန္တတိ အမတ်ကြီးသည် ဖြေဆည်လို့ မရနိုင်အောင် စိုးရိမ်ပူဆွေးခြင်း သောကဖြစ်၍ မြတ်စွာဘုရားမှ တစ်ပါး မိမိသောကကို ငြိမ်းစေနိုင်သောသူ မရှိဟုဆိုကာ မြတ်စွာ ဘုရားထံ ထွက်လာခဲ့လေ၏။

မြတ်စွာဘုရားထံသို့ ရောက်လာသော အခါ မြတ်စွာ ဘုရား....တပည့်တော်၏ အလွန်နှစ်သက်လှသော ကချေသည် မလေးသည် ပရိသတ်အလယ် ဆို–က နေစဉ်မှာ ရုတ်တရက် အမြန်လဲကျ သေဆုံးသွားပါသောကြောင့် တပည့်တော်မှာ ဖြေဆည်လို့ မရနိုင်အောင် စိုးရိမ်ပူဆွေးခြင်း သောကဖြစ်၍ မြတ်စွာဘုရားမှတပါး တပည့်တော်၏ စိုးရိမ်ပူဆွေးခြင်း

http://www.dhammadownload.com



သောကကို ငြိမ်းအေးစေနိုင်မှုသောသူ မရှိပါဘုရား။ မြတ်စွာဘုရားသည် တပည့်တော်၏ ကိုးကွယ် အားထားရာ ဖြစ်တော်မူပါဘုရားဟု လျှောက်ထားလေ၏။

မြတ်စွာဘုရားက ဤ ကချေသည်မလေး သေဆုံးလို့ ငိုကြွေးခဲ့ရသော သင့်ရဲ့မျက်ရည်တို့သည် အမှုဒ္ဒရာ လေးစင်း၌ ရှိသော ရေထက်ပင် များသေး၏ဟု မိန့်ကြားတော်မူပြီးလျှင် ဂါထာတစ်ပုဒ်ကို ဟောကြားတော်မူသည်မှာ—

"ယံ ပုဗ္ဗေ တံ ဝိသောသေဟိ၊ ပစ္ဆာ တေ မာဟု ကိဉ္စနံ။
မဇ္ဈေ စေ နော ဂဟေဿသိ၊ ဥပသန္တော စရိဿသိ"

ဟူ၍ ဖြစ်ပါသည်။

ယံ ပုဗ္ဗေ တံ ဝိသောသေဟိ...လွန်ခဲ့သော ရုပ်နာမ် သင်္ခါရတို့ကို စွဲမြဲဖြစ်သော ကိလေသာတို့ကို ခြောက်သွေ့စေလော့၊

ပစ္ဆာ တေ မာဟု ကိဉ္စနံ...နောင် ဖြစ်လတ္တံ့ ရုပ်နာမ် သင်္ခါရတို့၌ စိုးရိမ်မှု သောကကိုလည်း မဖြစ်စေလင့်၊

မဇ္ဈေ စေ နော ဂဟေဿသိ...အလယ်ပိုင်း ပစ္စုပ္ပန်၌ ရုပ်နာမ် သင်္ခါရတို့ကိုလည်း အကယ်၍ မယူငြားအံ့၊

http://www.dhammadownload.com



ဥပသန္တော စရိယာတိ – သင်သည် စိုးရိမ်ပူဆွေးခြင်း တည်းဟူသော ကိလေသာ အပူမီး ငြိမ်းလတ္တံ့။

မြတ်စွာဘုရား မိန့်ကြားသိစေတော်မူလိုသည်မှာ သန္တတိ အမတ်ကြီး...လွန်ခဲ့ပြီးသော ခုနစ်ရက်တို့ပတ်လုံး ချစ်လှစွာ သော ကချေသည် အမျိုးသမီးလေးနှင့် နေထိုင်ခဲ့ရပုံကို စဉ်း စားမိတိုင်းလည်း "စဉ်းစားတယ်" "စဉ်းစားတယ်" ဟုမှတ်ရ မည်။ ကချေသည် အမျိုးသမီးလေး ကွယ်လွန်သွားသော ကြောင့် နောင် ဘယ်တော့မှ တွေ့ရတော့မှာ မဟုတ်ပါဘူး ဟသည်ဖြင့် မျှော်မှန်း လွမ်းဆွတ်တွေးတော ကြံစည်မိတိုင်း လည်း "တွေးတောတယ်, တွေးတောတယ်" "ကြံစည်တယ်, ကြံစည်တယ်" "စိတ်ကူးတယ်, စိတ်ကူးတယ်" ဟူ၍ မှတ်ရမည်။ မကြံစည် မစဉ်းစားမိအောင်လည်း ဖြစ်ခိုက် ဖြစ်ခိုက် ရုပ် နာမ်တို့ကို ပစ္စုပ္ပန်တဲ့တဲ့ ရှုမှတ်လေဟု မြတ်စွာဘုရား မိန့် ကြား သိစေတော်မူလိုရင်း ဖြစ်ပါသည်။

မြတ်စွာဘုရား မိန့်ကြားသိစေတော်မူလိုက်သော အတိုင်း သန္တတိ အမတ်ကြီးသည် သတိပဋ္ဌာန် တရားတို့ကို ပွားများ လိုက်ရာ ဉာဏ်စဉ်များ အဆင့်ဆင့်တက်၍ စိုးရိမ်ပူဆွေးမှု သောကတွေ အပြီးတိုင် အကုန်ငြိမ်းသော ရဟန္တာအဖြစ်သို့ ရောက်ရှိသွားလေ၏။ သန္တတိ အမတ်ကြီးသည် ထန်း ခုနစ် ဆင့်ခန့် မြင့်သော ကောင်းကင်သို့ တက်၍ ရှေးကောင်းမှု များကို ဟောကြားပြီးနောက် ပရိနိဗ္ဗာန် စံဝင်သွားလေ၏။

http://www.dhammadownload.com



## ငိုကြွေးရခြင်း ပရိဒေဝကို လွန်မြောက်ရခြင်းအကျိုး

သာဝတ္ထိပြည်၌ ကုဋ္ဌေလေးဆယ် ဥစ္စာ ကြွယ်ဝသော သူဌေးသမီးတစ်ယောက်သည် အလွန် အဆင်းလှသည် ဖြစ်၍ တစ်ဆယ့်ခြောက်နှစ် အရွယ်သို့ ရောက်သောအခါ ဘုံခုနစ်ဆင့်ရှိသော ပြာသာဒ်အိမ်ဖြင့် သီးခြားနေစေလျက် အစောင့်အရှောက်ဖြင့် ထားခဲ့သော်လည်း အလုပ်အကျွေး ကျွန်တစ်ယောက်နှင့် မှားယွင်းမိ၍ တောအရပ်သို့ ထွက်ပြေးတိမ်းရှောင်၍ နေထိုင်ခဲ့ရလေ၏။

ပထမ သားတစ်ယောက် မွေးဖွားဖို့ရာ ကိုယ်ဝန်ရင့်မာလာသောအခါ သာဝတ္ထိမြို့ မိဘအိမ်သို့ပြန်လာခဲ့ရာတွင် လမ်းခရီးမှာပင် မွေးမြင်ခဲ့ရလေ၏။ ဒုတိယမြောက် သား တစ်ယောက် ကိုယ်ဝန်ရင့်မာလာပြန်သောအခါ ရှေးနည်းတူစွာ မိဘအိမ်သို့ပြန်လာခဲ့ရာတွင် လမ်းခရီးမှာပင် မွေးဖွားဖို့ရာ ဖြစ်လာပြန်သောကြောင့် တောတွင်းမှာ မွေးဖွားဖို့ရာ နေရာကို လင်ယောကျာ်းအား ရှာဖွေ စေခိုင်းလေ၏။ လင်ယောကျာ်းသည် တောထဲသို့ မွေးဖွားဖို့ရာနေရာ ရှာဖွေရာ၌ မြွေကိုက်၍ သေဆုံးသွားလေ၏။

ဒုတိယသားငယ်ကိုလည်း လမ်းခရီးမှာပင် မင်ပန်းစွာ မွေးဖွားလိုက်ရလေ၏။ ထိုည၌ မိုးလေကလည်းသည်းထန် ပြင်းထန်စွာ ရွာသည်ဖြစ်၍ သားအမိ သုံးယောက်တို့သည် အအေးဒဏ်ကို ပြင်းထန်စွာ ခံစားကြရလေကုန်၏။ မိုးလင်းလာသော

http://www.dhammadownload.com



အခါ လင်ကို ခြေရာခံပြီး လိုက်ရှာဖွေရာ မြေကိုက်ခံရ၍ တောင်ပို့တစ်ခုမှာ လဲကျ သေဆုံးနေတာကို တွေ့မြင်ရ၍ ငိုကြွေးမြည်တမ်းကာ တောထဲမှ ပြန်ထွက်ခဲ့လေ၏။ သားငယ်ကို ရင်ဝယ်ပိုက် သားကြီးကို လက်ဆွဲ၍ မိဘတို့ရှိရာ သာဝတ္ထိမြို့ဘက်သို့ ထွက်လာခဲ့ရာတွင် ရေလျှံနေသော အစိရဝတီ မြစ်ကမ်းနားသို့ ရောက်လာလေ၏။

ရေပြည့်နေသော မြစ်ကို သားနှစ်ယောက်နှင့်တကွ မကူးရဲသဖြင့် သားကြီးကို ဤမှာဘက်ကမ်းမှာ ထားခဲ့၍ သားငယ်ကို ရင်မှာပိုက်လျက် ကူးသွားပြီးလျှင် ထိုမှာဘက်ကမ်းမှာ သားငယ်ကို သစ်ခက် သစ်ရွက်များခင်း၍ ထားခဲ့ပြီးလျှင် သားကြီးရှိရာ ဤမှာဘက်ကမ်းသို့ ပြန်ကူးလာစဉ် သိမ်းစွန်တစ်ကောင်သည် သားငယ်ကို သားတစ်တုံး ထင်မှတ်၍ သုတ်ချီဖို့ရာ သက်ဆင်းလာတာကို မြင်သဖြင့် လက်နှစ်ဘက်ကို မြှောက်၍ ရှူးရှူးဟု-အော်၍ ခြောက်ရာတွင် ဤမှာဘက်ကမ်း၌ရှိသော သားကြီးသည် သူ့ကို လာခဲ့တော့ဟု ခေါ်သည်လို့ ထင်မှတ်ပြီး ရေအလျှံစီးနေသော မြစ်ထဲသို့ ပြေးဆင်းလာခဲ့ရာ ရေစီးထဲ မျောပါသွားလေ၏။

သားငယ်ကိုစွန်ချီပြီး သားကြီး ရေမျော၍ လမ်းခရီး၌ လင်လည်း သေဆုံးခဲ့ရသဖြင့် ငိုကြွေးကာ သာဝတ္ထိမြို့ဘက်သို့ ဦးတည်လျက် ခရီးထွက်ခဲ့သော ပဋာစာရီ သတို့သမီးသည် မိဘမောင်များရှိရာ သာဝတ္ထိမြို့မှ လာသော အမျိုးသားတစ်ယောက်နှင့် လမ်းခရီး၌ ဆုံမိ၍ မိဘ-မောင်တို့၏ သတင်း

http://www.dhammadownload.com



ကို မေးရာ ယခုနေ့ညှ တပ်ညာလုံး သည်းထန်စွာ ရွာသွန်းချသော မိုးဒဏ်ကြောင့် အိမ်မြို့ကျကာ မိဘ-မောင် သုံးယောက်လုံး သေဆုံးကြတဲ့ အကြောင်းကို ကြားရပြန်သောကြောင့် အဝတ်ထဘီ ကျွတ်ကျသည်ကို မသိနိုင်အောင် ယောင်ယမ်းငိုကြွေးလျက် ရှူးသွားလေ၏။

ပဋာစာရီသည် ချာချာလည်အောင် ရူးသွပ်လျက် ပြောချင်ရာတွေ ပြောကာ မြတ်စွာဘုရား သီတင်းသုံးတော်မူရာ ဇေတဝန်ကျောင်းတော်သို့ ရောက်လာလေ၏။ မြတ်စွာဘုရားသည် ဇေတဝန်ကျောင်းတော်၌ များစွာသော ပရိသတ်တို့ အလယ်မှာ တရားဟော နေတော်မူ၏။

တရားနာပရိသတ်တို့သည် အဝတ်ထဘီမပါသော ပဋာစာရီ အရူးမကို မြတ်စွာဘုရားထံ မဝင်လာရအောင် တားမြစ်ကြ၊ နှင်ထုတ်ကြ၏။ မြတ်စွာဘုရားက အရူးမကို မတားမြစ်မနှင်ထုတ်ပါနှင့်ဟုဆိုကာ လာခွင့်ပေးတော်မူလိုက်ရာ သဌေးသမီး အရူးမသည် မြတ်စွာဘုရား အနီးနားသို့ ပရိသတ်ထဲမှ ဝင်လာခဲ့လေ၏။

မနီးမဝေးအရပ်သို့ ရောက်လာသောအခါ မြတ်စွာဘုရားက နှမလို့ ခေါ်ကာ သတိထားဖို့ရာ မိန့်ကြားတော်မူလိုက်သောအခါ မြတ်စွာဘုရား၏ တန်ခိုးအာနုဘော်ကြောင့် သဌေးသမီး အရူးမသည် ချက်ချင်းသတိရကာ လူကောင်းပကတိ ဖြစ်သွားလေ၏။ အဝတ်ထဘီမပါသည်ကို ရှက်ကြောက်လှသည် ဖြစ်၍ ကျုံ့ကျုံ့ဒူးတုပ်ကာ ထိုင်နေလေ၏။

http://www.dhammadownload.com



သခင်္ဂျေးသမီး အဝတ်မပါဘဲ အလှန်ရှက်နေသော အမှု အရာကို မြင်သော အမျိုးသား တစ်ယောက်သည် သူ၏ အပေါ်ရုံ အဝတ်တစ်ထည်ကို ပစ်ပေးလိုက်လေ၏။ သခင်္ဂျေး သမီးသည် ကောက်ယူကာ ဝတ်ဆင်ပြီးလျှင် 'မြတ်စွာဘုရား မြတ်စွာဘုရားသည် တပည့်တော်မ၏ မှီခိုအားထားရာ ဖြစ် တော်မူပါဘုရား၊ တပည့်တော်မ၏ ထောက်တည်ရာ ဖြစ် တော်မူပါဘုရားဟု' လျှောက်ထားပြီး သားငယ်နှစ်ဦး သား ကြီး ရေမျော လမ်း၌ လင် သေဆုံးခဲ့ရခြင်းနှင့် အမိ-အဘ- မောင်သုံးယောက်တို့အိမ်ပြိုကျကာ သေဆုံးကြရတဲ့အကြောင်း တို့ကို လျှောက်ထားလိုက်လေ၏။

မြတ်စွာဘုရားက သစ္စာလေးပါးနှင့်စပ်သော ဂါထာနှစ်ပုဒ် ကို ဟောကြားတော်မူလိုက်ရာ ငိုကြွေးခြင်း (ပရိဒေဝ) ကင်း ပျောက်၍ သောတာပန်အဖြစ်သို့ ရောက်သွားလေ၏။

န သန္တိ ပုတ္တာ တာဏာယ၊ န ပိတာ နာပိ ဗန္ဓဝါ။
အန္တကေနာဓိပန္နဿ၊ နတ္ထိ ဉာတီသု တာဏတာ။

ဧတမတ္ထံ ဝသံ ဉတွာ၊ ပဏ္ဍိတော သီလသံဝုတော။
နိဗ္ဗာနဂမနံ မဂ္ဂံ၊ ခိပ္ပမေဝ ဝိသောဓယေ။

အန္တကေနာဓိပန္နဿ ... သေခြင်းဘေး နှိပ်စက်သောသူအား၊
န သန္တိ ပုတ္တာ တာဏာယ ... သားသမီး တို့သည်လည်း သေ
ခြင်းဘေးကို မစောင့် ရှောက်
မကာကွယ်နိုင်ကြကုန်၊

http://www.dhammadownload.com



န ပိတာ နာပိဗန္ဓဝါ ... မိဘ ချစ်ကျွမ်းဝင်သော ဆွေမျိုးတို့သည်လည်း သေခြင်း ဘေးကို မစောင့်ရှောက် မကာကွယ် နိုင်ကြကုန်။

နတ္ထိ ဉာတိသု တာဏတာ....ဆွေမျိုးသားချင်းတို့၌ သေခြင်းဘေးကို စောင့်ရှောက် ကာကွယ်နိုင်သူ မရှိ၊

ဧတမတ္ထံ ဝသံ ဥတွာ .... မစောင့်ရှောက် မကာကွယ် နိုင်သော ဤအကြောင်း၊ ဤအလိုကို သိ၍၊

ပဏ္ဍိတော သီလသံဝုတော....ပညာရှိသည် သီလကို စောင့်ထိန်းလျက်၊

နိဗ္ဗာန ဂမနံ မဂ္ဂံ ....နိဗ္ဗာန်သို့ သွားရာလမ်းခရီးကို၊

ခိပ္ပမေဝ ဝိသောဓယေ ...မြန်စွာသာလျှင် သုတ်သင်ကျင့်ကြံပွားများရာ၏။

ဤနှစ်ဂါထာ၏ ဆိုလိုရင်းမှာ သေဘေးရောက်လာသော အခါသားသမီး, မိဘဆွေမျိုးတို့တွင် ဘယ်ပုဂ္ဂိုလ်တစ်ယောက်ကမျှ သေခြင်းဘေးကို မစောင့်ရှောက် မတားမြစ်ပေးနိုင်ကြကုန်။ ဒါ့ကြောင့် ပညာရှိသည် သီလကို လုံခြုံအောင်စောင့်ရှိုင့်ကြွေးခြင်း(ပရိဒေဝ)စသည်တို့ချုပ်ငြိမ်းရာနိဗ္ဗာန်သို့ ရောက်ကြောင်း လမ်းကောင်းဖြစ်သော သတိပဋ္ဌာန် ဝိပဿနာ

http://www.dhammadownload.com



နာတရားကို ပွားများရာ၏ဟု မိန့်ကြားတော်မူလိုက်ရာ ပဋ္ဌာစာရီသည် ပါရမီရင့်ကျက်လေပြီးသော အမျိုးသမီးဖြစ်သည့်အားလျော်စွာ မြတ်စွာဘုရား ဟောကြားနေသည့် တစ်ခဏအတွင်းမှာပင် သတိပဋ္ဌာန်တရားကို ရှုမှတ် ပွားများလေ၏ဟု ဆိုလိုရင်းဖြစ်ပါသည်။ ရှုမှတ်ပွားများ လိုက်သဖြင့် ငိုကြွေးရခြင်း (ပရိဒေဝ) ကို လွန်မြောက်ပြီး သောတာပန်အဖြစ်သို့ရောက်ခြင်းအကျိုးကို ရရှိသွား၏။

ပဋ္ဌာစာရီသည် သောတာပန်ဖြစ်ပြီးသောအခါ မြတ်စွာဘုရားထံ၌ (ဘိက္ခုနီ) ရဟန်းမိန်းမပြုလိုကြောင်း လျှောက်ထားတောင်းပန်လေ၏။ မြတ်စွာဘုရားသည် (ဘိက္ခုနီ)ရဟန်းမိန်းမထံသို့ စေလွှတ်၍ (ဘိက္ခုနီ) ရဟန်းမိန်းမ ပြုစေ၏။ ထင်ရှားသော အကျင့်ရှိသောကြောင့် ပဋ္ဌာစာရီ ဟူ၍ ခေါ်တွင်ထင်ရှားလေ၏။

ပဋ္ဌာစာရီ ရဟန်းမိန်းမသည် တစ်နေ့သောအခါ ရေဖြင့်ခြေကို ဆေးသည်ရှိသော် ပထမ လောင်း၍ ဆေးအပ်သော ရေသည် အနည်းငယ်သောအရပ်သို့ စီးသွား၍ ရပ်သွား၏။ ဒုတိယအကြိမ်လောင်း၍ ဆေးအပ်သော ရေသည် ပထမအကြိမ်လောင်း၍ ဆေးအပ်သောရေထက်ဝေးသော အရပ်သို့ရောက်၍ ရပ်သွား၏။ တတိယအကြိမ် ခြေကိုလောင်း၍ဆေးအပ်သော ရေသည် ဒုတိယအကြိမ်လောင်း၍ ဆေးအပ်သောရေထက် ဝေးသောအရပ်သို့ ရောက်၍ ရပ်သွား၏။

ဤသို့ ခြေကို လောင်း၍ ဆေးအပ်သော ရေတို့သည် တစ်ကြိမ်ထက် တစ်ကြိမ် ဝေးရာဝေးရာ အရပ်သို့ ရောက်ကာ

ရောက်ကာ ကုန်ပျောက်သွားတာကို အာရုံယူ၍ မိမိ ပထမ လောင်းဆေးအပ်သော ရေကဲ့သို့ သတ္တဝါတို့သည် ပထမ အရွယ်၌လည်း ကွယ်လွန် သေဆုံးကြကုန်၏။ နှစ်ကြိမ်မြောက် လောင်းဆေးအပ်သော ရေကဲ့သို့ အလယ် အလတ် (မဇ္ဈိမ) အရွယ်၌လည်း သတ္တဝါတို့သည် ကွယ်လွန်သေဆုံးကြကုန်၏။ သုံးကြိမ်မြောက် လောင်းဆေးအပ်သော ရေကဲ့သို့ နောက်ဆုံး(ပစ္ဆိမ) အရွယ်၌လည်း သတ္တဝါတို့သည် ကွယ်လွန် သေဆုံးကြကုန်၏ဟူ၍ ဆင်ခြင်နှလုံးသွင်းမိလေ၏။

မြတ်စွာဘုရားသည် ပဋာစာရီရဟန်းမိန်းမ၏ အကြံအစည်တို့ကို အဘိညာဉ်ဉာဏ်ထူးဖြင့် သိတော်မူ၍ 'ချစ်သမီး ပဋာစာရီ သင်-ကြံစည်တဲ့အတိုင်း မှန်ပေ၏' ဟူ၍ မိန့်ကြားတော်မူပြီးလျှင် အဖြစ်အပျက်ကိုသိသော ဥဒယဗ္ဗယဉာဏ်နှင့် သက်ဆိုင်သော ဂါထာတစ်ပုဒ်ကို ဟောကြားတော်မူလိုက်သည်မှာ–

"ယော စ ဝဿသတံ ဇီဝေ၊ အပဿံ ဥဒယဗ္ဗယံ။
ဧကာဟံ ဇီဝိတံ သေယျော၊ ပဿတော ဥဒယဗ္ဗယံ။"

ဟူ၍ ဖြစ်ပါသည်။

ယော စ၊ အကြင်သူသည်ကား။ ဥဒယဗ္ဗယံ၊ ခန္ဓာငါးပါးတို့၏ ဖြစ်ခြင်းပျက်ခြင်းကို။ အပဿံ- အပဿန္တော၊ မမြင်ဘဲ။ ဝဿသတံ၊ အနှစ်တစ်ရာကာလပတ်လုံး။ ဇီဝေ၊ အသက်ရှည်ငြားအံ့။ တဿ၊ ထိုအဖြစ်အပျက်မသိသောသူ အနှစ်တရာ အသက်ရှည်ခြင်းထက်။ ဥဒယဗ္ဗယံ၊ ခန္ဓာငါးပါးတို့၏ဖြစ်ခြင်း

http://www.dhammadownload.com



ပျက်ခြင်းကို။ ပဿတော၊ မြင်သောသူ၏။ ဧကာဟံ၊ တစ်ရက်မျှ။ ဝါ-တခဏမျှပင်။ ဇီဝိတံ၊ အသက်ရှည်ခြင်းသည်။ သေယျော၊ မြတ်၏။

အပဿံ ဥဒယဗ္ဗယံ...ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏
အဖြစ်အပျက်ကို မမြင်ပါဘဲ၊

ယော စ ဝဿသတံ ဇီဝေ...အကြင် သူသည် အနှစ်တရာ
အသက် ရှည် နေ ခြင်း အံ့ မ မြတ်
သည်သာတည်း၊

ပဿတော ဥဒယဗ္ဗယံ...ထိုသူထက် ခန္ဓာငါးပါး ရုပ်နာမ်
တရားတို့၏ အဖြစ်အပျက်ကို မြင်သိ
သောသူ၏၊

ဧကာဟံ ဇီဝိတံ သေယျော...တစ်ရက်မျှ အသက် ရှည်
ခြင်းသည် မြတ်လှပေ၏။

ဟု ဟောကြားတော်မူ၏ အဆုံး၌ ပဋာစာရီ(ဘိက္ခုနီ) ရဟန်း မိန်းမသည် ငိုကြွေးခြင်း (ပရိဒေဝ)ကို အပြီးတိုင် လွန်မြောက်သော ရဟန္တာမအဖြစ်သို့ရောက်ခြင်း အကျိုးကို ရရှိသွားလေ၏။

ဟောကြားတော်မူရင်း အဓိပ္ပာယ်မှာ အကြင်သူ တစ်ယောက်သည် ခန္ဓာငါးပါး ရုပ်နာမ် တရားတို့၏ အဖြစ်အပျက်ကို မမြင်ပါဘဲ အနှစ်တစ်ရာပတ်လုံး အသက်ရှင်နေရာ၏။ ထိုသူ၏ အသက်ရှင်နေ ခြင်းသည် မမြတ် သည်သာတည်း။

http://www.dhammadownload.com



အကြွင်းသူတစ်ယောက်သည် ခန္ဓာငါးပါး ရုပ်နာမ်တရားတို့၏ အဖြစ်အပျက်ကို မြင်၏။ ထိုသူ၏ တစ်ရက် တခဏမျှပင် အသက် ရှင်နေခြင်းသည် မြတ်ပေ၏ဟု ဆိုလိုပါသည်။

ဆောင်ပုဒ်။ ။ဖြစ်ပျက်မမြင်၊ သက်ရာပင်၊ ရှည်လျှင်မမြတ်ပြီ။ ဖြစ်ပျက်မြင်က၊ တစ်ရက်မျှ၊ မြတ်လှလေတော့သည်။

## ကိုယ်ဆင်းရဲချုပ်ငြိမ်း လွန်မြောက်ခြင်းအကျိုး

အခါတစ်ပါး၌ ရဟန်းတော်(၃၀)တို့သည် မြတ်စွာဘုရားထံမှ ကမ္မဋ္ဌာန်းတရားတောင်းယူ၍ တောကျောင်း၌ ဝါဆိုကာ အချင်းချင်း တိုင်ပင်ပြောဆို ထားကြကုန်၏။ ငါတို့ ညဉ့်သုံးယံပတ်လုံး တရားအားထုတ်ကြရမည်။ တစ်ပါးသည် တစ်ပါးထံ သွားလာကူးသန်းခြင်း မလုပ်ရ ဟု အချင်းချင်း တိုင်ပင်ပြောဆိုထားကြ၍ တရားအားထုတ်နေကြကုန်၏။

သန်းခေါင်ကျော် မိုးလင်းခါက်အချိန်၌ ရဟန်းတော်တို့ ငိုက်မျဉ်း ငြိမ်သက်ကုန်စဉ် ကျားတစ်ကောင်သည် နေ့စဉ် ရဟန်းတော် တစ်ပါးပါးကို ဖမ်းယူ ကိုက်ချီသွားလေ၏။ ရဟန်းတော် တစ်ပါးပါးကမျှ 'တပည့်တော်ကို ကျားလာဆွဲနေသည်, ကိုက်နေသည်'ဟူ၍ မအော်ခဲ့ကြသဖြင့် မထေရ်ကြီး ရဟန်းတော်များ မသိကြရခြင်း ဖြစ်ပေသည်။

ဤကဲ့သို့ ရဟန်း (၁၀)ပါးခန့် ကျားစားခဲ့ပြီးသည် ရှိသော် ဥပုသ်နေ့ တစ်နေ့၌ ဥပုသ်ပြုရာ ရဟန်း အစည်း

http://www.dhammadownload.com



အဝေးတွင် မထေရ်ကြီးများက ‘ငါ့ရှင်တို့ ရဟန်းတော်များ နည်းပါးသွားပါသည်။ အဘယ်သို့ ကြွသွားကြပါသနည်း’ ဟု မေးတော်မူ၍ ကျားဆွဲ ကျားစားတဲ့ အကြောင်း လျှောက်ထားကြသဖြင့် သိတော်မူကြသော အခါမှာ ဤ ညဉ့်ကစ၍ ကျားလာဆွဲ, ကျားလာကိုက်လျှင် ကျားဆွဲခံရသော ရဟန်းတော်က ‘ကျားလာကိုက်ပါပြီ ကျားလာဆွဲပါပြီ’ဟု အော်မည်ရမည် ဟူ၍ ပြောဆို တိုင်ပင်ထားကြကုန်၏။

ထိုသို့ ပြောဆို တိုင်ပင်ထားကြပြီးသည့်နောက် ညဉ့်အခါ တရား အားထုတ်နေကြရာ သန်းခေါင်ကျော် မိုးလင်းဘက် အချိန်၌ ရဟန်းငယ်တစ်ပါးကို ကျားသည် ရှေ့ညများက နည်းအတိုင်း လာကိုက်ဆွဲလေ၏။ ထိုရဟန်းငယ်က ‘အရှင်ဘုရားတို့ ကျားပါဘုရား, ကျားလာကိုက်ပါပြီဘုရား’ ဟု ဆို၍ အော်လေ၏။

တရားအားထုတ်နေကြသော အခြားရဟန်းတော်တို့သည် တုတ်, တောင်ဝှေးတို့ကို လည်းကောင်း၊ မီးရှူး မီးတုတ်တို့ကို လည်းကောင်း ဆွဲကိုင်၍ လွှတ်စေရအောင် အစဉ်နောက်က လိုက်ကြကုန်၏၊ ကျားသည် ရဟန်းတော်တို့ မလိုက်နိုင်သော ချောက်ကမ်းပါးပြတ်သို့ သက်ဆင်း၍ တစ်ဘက်သော တောင်ကုန်းပေါ်သို့ ချီတက်ပြီးလျှင် ထိုရဟန်းငယ်ကို ခြေမကစ၍ ကိုက်စားလေ၏။

ကျားနောက်မှလိုက်ကြသောရဟန်းတော်တို့က ကျားကိုက်ခံရသော ရဟန်းငယ်ကို ‘အို-တရား အားထုတ်ဘက်ဖြစ်သော

http://www.dhammadownload.com



သူတော်ကောင်း၊ အကျွန်ုပ်တို့၏ ဖြူဖွယ်ကိစ္စ မရှိတော့ပြီ။ အကျွန်ုပ်တို့ ကယ်တင်နိုင်သော အစွမ်းသတ္တိ မရှိတော့ပါ။ အစွမ်းသတ္တိ ကုန်ပါပြီ။ ဤလိုအခါမျိုးမှာ 'ရဟန်းတော်တို့၏ သတ္တိထူး ဂုဏ်ထူးကို ဖော်ပြရမည့် အခါမျိုးပင် ဖြစ်ပေသည်' ဟု သတိပဋ္ဌာန် ဝိပဿနာတရားကို အစွမ်းကုန် ရှုမှတ်ဖို့ရာ သတိပေးစကား မှာကြား ပြောဆိုလိုက်ကြလေကုန်၏။

ထိုရဟန်းငယ်သည် ကျားစားခံနေရကို လဲလျောင်းနေရင်းပင် ကျားကိုက်စားသော ဝေဒနာကို ရှုမှတ်သောအား ဖြင့် ခွာ၍ ဝိပဿနာဉာဏ်စဉ်တွေ အဆင့်ဆင့် တိုးပွားအောင် အစွမ်းကုန်ကြိုးစား အားထုတ်လေ၏။ ခြေ မျက် စိ တိုင် အောင် ကျားစား၍ ရောက်လာသောအခါ သောတာပန် ဖြစ်သွားလေ၏။ ဒူးဆစ် တိုင်အောင် ကျားစား၍ ရောက် လာသောအခါ သကဒါဂါမ် ဖြစ်သွားလေ၏။ ချက်တိုင် အောင် ကျားစား၍ ရောက်လာသောအခါ အနာဂါမ် ဖြစ်သွား လေ၏၊ ရင်ဝ (ဟဒယရုပ်) တိုင်အောင် ကျားမစားသေး မီ (ပဋိသမ္ဘိဒါ) နှင့်တကွ ရဟန္တာအဖြစ်သို့ ရောက်၍ ကိုယ် ဆင်းရဲတို့ လုံးဝချုပ်ငြိမ်းခြင်း အကျိုးကို ရရှိတော်မူသွား လေ၏။

ဤဝတ္ထုကြောင့် နည်းယူဖွယ်, သတိထားဖွယ် ကောင်းသည်မှာ ဤလို ကျားကိုက်တဲ့ ဝေဒနာမျိုး မခံရကြ ငြားသော်လည်း ဘယ်ပုဂ္ဂိုလ်မဆို သေခါနီး၌ သေလောက်တဲ့ ရောဂါဝေဒနာ နဲ့တော့ ... တွေ့ရမှာချည်း ဖြစ်ကြပေသည်။ ထိုဝေဒနာတို့ကို

http://www.dhammadownload.com



ခွာနိုင်ဖို့ရာ, ဉာဏ်စဉ်တွေ အဆင့်ဆင့် တက်အောင် ရှုမှတ်နိုင်ဖို့ရာမှာ ယခုကျန်းမာနေစဉ်ကပင် ကြိုတင်၍ သမာဓိ ဉာဏ်တွေ ရင့်ကျက် အားကောင်းနေအောင် ကြိုးစား၍ သတိပဋ္ဌာန် ဝိပဿနာတရားရှုမှတ်ပွားများထားဖို့ အထူးပင်လိုအပ်နေကြပါသည်။

လူတို့သည် သေရမည့် ရောဂါဝေဒနာများ ကျရောက်စွဲကပ်လာသောအခါ မိမိသည် 'ဤ ရောဂါဝေဒနာမှ မလွန်မြောက်နိုင်တော့'ဟု သိလာတတ်ကြပေသည်။ ဤလိုအခါမျိုးမှာ သမာဓိဉာဏ် ရင့်ကျက်အားရှိသော ပုဂ္ဂိုလ်တို့သည် အစွမ်းကုန် ကြိုးစားအားထုတ်လိုက်ပါလျှင် တရားထူးတရားမြတ်များကို သေခါနီးအခါ၌ပင် ရသွားတတ်ကြပေသည်။ ကျန်းဂန်များ၌လည်း သေခါနီးအခါမှာပင် တရားထူးတရားမြတ်များ ရသွားကြပုံကို အများအပြား ဖော်ပြထားလျက်ရှိကြပါသည်။

## ရောဂါဝေဒနာ ပျောက်ကင်းရခြင်း အကျိုး

သတိပဋ္ဌာန် ဝိပဿနာတရား အားထုတ်သော ပုဂ္ဂိုလ်တို့သည် ရောဂါဝေဒနာ ပျောက်ကင်းခြင်း အကျိုးကိုလည်း ရရှိနိုင်ကြပါသည်။ သတိပဋ္ဌာန် ဝိပဿနာတရား အားထုတ်ခြင်းကြောင့် ရောဂါဝေဒနာ ပျောက်ကင်းကြတာကို ထင်ရှားစွာ တွေ့သိရသော ယောဂီများမှာ ဒေါ်နုနုရွှေ၊ ဒေါ်မမလေး၊ ဒေါ်တင်မေတို့ ဖြစ်ကြပါသည်။

http://www.dhammadownload.com



## ဒေါ်နုနုရွှေ ရောဂါပျောက်ကင်းပုံ

ဒေါ်နုနုရွှေသည် လေဖြတ်သလိုဖြစ်ပြီး လက်တစ်ဘက် ကပ်သွား၍ အင်္ဂလိပ်ဆေးဆရာ၊ မြန်မာဆေးဆရာတို့ဖြင့်ကုသ ခဲ့ရာ အတော်အတန် သက်သာရာရခဲ့သော်လည်း အပြည့်အစုံ ကောင်းမွန်ခြင်း မရှိသော လက်မောင်းရောဂါ ရှိသူတစ်ဦး ဖြစ်ပါသည်။

ဒေါ်နုနုရွှေသည် ၁၃၄၂-ခုနှစ်ကဆုန်လဆန်း ၁၃-ရက်၊ (၆-၄-၈၀) နေ့မှစ၍ ရွှစ်မိုင်သဒ္ဓမ္မရံသီရိပ်သာ၌ ဝိပဿနာ တရားလာ၍ အားထုတ်ပါသည်။ တရားအားထုတ်၍ (၁၀) ရက်ခန့် ရသောအခါ တရားထိုင်မှတ်နေရာတွင် လက်မောင်း အောင့်လည်း အောင့်ပါသည်၊ လက်မောင်းက အကြော များကို ဆွဲလည်း ဆွဲပါသည်ဘုရားဟု တရားအစစ်ခံရာတွင် လျှောက်ထားပါသည်။

ဒေါ်နုနုရွှေမှာ ပင်ကိုယ်က ရောဂါရှိတာကို ဘုန်းကြီး မသိပါသော်လည်း လက်မောင်း အောင့်တာ ဆွဲတာကိုပင် စူးစူးစိုက်စိုက် ရှုမှတ်ပါ။ တရားသဘောအရ ရောဂါဝေဒနာ အရင်က ရှိခဲ့ဖူးတာတောင် ပျောက်ကင်း သွားတတ်ပါသည် ဟု ညွှန်ကြားပြောပြရာ ဒေါ်နုနုရွှေက သူ့မှာ လက် မောင်း လေဖြတ်တဲ့ရောဂါ ရှိခဲ့ဖူး၍ မြန်မာ ဆေးဆရာ၊ အင်္ဂလိပ်ဆေးဆရာတို့ဖြင့် ကုသခဲ့ပါသော်လည်း ရှင်းရှင်း တော့ မပျောက်ကင်းတဲ့အကြောင်း လျှောက်ထားပါသည်။

http://www.dhammadownload.com



ဒေါ်နုနုရွှေသည် လက်မောင်း အောင့်တာ, ဆွဲတာတို့ကို စူးစူးစိုက်စိုက် ရှုမှတ်သောအခါ လက်မောင်းကို ခွာတ်ရောင်ခြည်အားဖြင့် နှိပ်ပေးသလို လက်မောင်း အကြောများကို တစ်ခုခုဖြင့် ဆွဲပေးနေသလို ရှုမှတ်ရာတွင် တွေ့သိရပါသည်ဟု လျှောက်ထားပါသည်။

ဒေါ်နုနုရွှေသည် ကျန်းမာရေး အပြည့်အစုံပင် မကောင်းပါသော်လည်း ဥာဏ်စဉ်တရားနာရသည်အထိ ကြိုးစား အားထုတ်ခဲ့ပေသည်။ ဥာဏ်စဉ်တရား နာရတော့မည့် ရက်အနည်းငယ် အတွင်းမှာပင် ဒေါ်နုနုရွှေ၏ လက်ကပ်နေသောရောဂါ လုံး၀ ပျောက်ကင်းသွားတဲ့အကြောင်း လျှောက်ထားသဖြင့် (ဝိပဿနာတရား အားထုတ်ခြင်းကြောင့်) ရောဂါ ပျောက်ကင်းသောအကျိုးကိုသိရပါသည်။

## ဒေါ်မမလေး ရောဂါ ပျောက်ကင်းပုံ

ဒေါ်မမလေးသည် ကျောရိုး အဆစ်ရောဂါရှိသူ တစ်ဦးဖြစ်ပါသည်။ ဒေါ်မမလေးသည် ကျောရိုးအဆစ် နာကျင်သော ရောဂါကြောင့် (၁၅)မိနစ်ခန့်သာ ငြိမ်သက်စွာထိုင်၍ နေနိုင်ပေသည်။ (၁၅)မိနစ်က ကျော်လွန်သွားသောအခါ စားလုံးလှဲအိပ်ကာ အနားယူရပါသည်။ ထို့နောက်မှ တစ်ဖန် ပြန်ထိုင်နိုင်ပါသည်။

ဒေါ်မမလေးသည် ၁၃၄၂-ခုစ်၊ နယုန်လဆန်း ၁၀-ရက် (၂၃-၅-၈၀)နေ့မှစ၍ ရှစ်မိုင် သဒ္ဓမ္မရံသီရိပ်သာ၌ ဝိပဿနာ

http://www.dhammadownload.com



တရားလာ၍ အားထုတ်ပါသည်။ (၁၅)ရက်ခန့် ဝိပဿနာ တရား အားထုတ်ပြီးသောအခါ ကျောရိုး အဆစ် ရောဂါ သက်သာပြီး ၁-နာရီမှ ၂-နာရီ အထိ တရားထိုင် မှတ်နိုင် ကြောင်း လျှောက်ထားသဖြင့် (ဝိပဿနာ တရားအားထုတ် ခြင်းကြောင့်) ရောဂါ ပျောက်ကင်းသော အကျိုးကို သိရ ပါသည်။

## ဒေါ်တင်မေ ရောဂါ ပျောက်ကင်းပုံ

ဒေါ်တင်မေသည် ကြမ်းပြင်ပေါ်မှာ ထိုင်ချပြီး၍ ပြန်ထ သောအခါ တစ်ခုခုကိုဆွဲကိုင်၍ ထ ရသော ဒူးနာရောဂါရှိသူ တစ်ဦး ဖြစ်ပါသည်။ ဒေါ်တင်မေသည် ဒူးနာရောဂါကို အင်္ဂလိပ်ဆေး၊မြန်မာဆေးတို့ဖြင့် ကုသပါသော်လည်းပျောက် ကင်းခြင်းမရှိ။ သက်သာချိမ့်သာရှိခဲ့ပေသည်။

ဒေါ်တင်မေသည် ၁၃၃၅-ခုနှစ်၌ ကျေးဇူးရှင် မဟာ စည် ဆရာတော် ဘုရားကြီး သီတင်းသုံးတော်မူရာ ရန်ကုန်မြို့ မဟာစည် သာသနာ့ရိပ်သာ၌ ကမ္မဋ္ဌာနာစရိယ ဆရာတော် ဦးသံဝရထံ၌ ဝိပဿနာတရားလာ၍အားထုတ်ပါသည်။ ဒေါ် တင်မေ တရားလာအားထုတ်စဉ် အခါက ဘုန်းကြီးလည်း ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး သီတင်းသုံး တော်မူရာ မဟာစည် သာသနာ့ရိပ်သာမှာပင် နေထိုင်လျက် ရှိပါသည်။

ဒေါ်တင်မေသည် ဝိပဿနာတရားအားထုတ်၍ တစ်လခန့် ရက်ရပြီးသောအခါ ဘုန်းကြီးနေသော ကျောင်းသို့ လာ၍ ဝိပဿနာတရားအားထုတ်ခိုက်မှာ တွေ့ကြုံရတဲ့ တရားသဘော

http://www.dhammadownload.com



များနှင့် အားထုတ်ရတာ စိတ်ချမ်းသာတဲ့အကြောင်း အကျိုးများတဲ့ အကြောင်းတို့ကို လျှောက်ထားပါသည်။

လျှောက်ထားပြီး၍ အမျိုးသမီးယောဂီဆောင်သို့ ပြန်ဖို့ မတ်တပ်ရပ်လိုက်သောအခါ ဒူးနာရောဂါမရှိသူ လူကောင်းပကတိလို ထရပ်နိုင်တာကို မြင်ရ၍ 'ဒါယိကာမကြီး ဒူးမနာတော့ဘူးလား' ဟု မေးလိုက်ရာ တရားအားထုတ်၍ အရက် (၃၀)လောက်မှစပြီး ဒူးနာရောဂါ ပျောက်ကင်း သွားပါသည်ဟူ၍ လျှောက်ထားပါသည်။

တရားအားထုတ်၍ အရက် (၃၀)လောက် ရသောအခါ၌ တရားတိုင်မှတ်နေစဉ် အခါတွင် ဒူးက အလွန်ပြင်းပြင်း ထန်ထန် နာလာပါသည်။ အသက်ပင်သေချင်သေပါစေတော့ ဒူးနာတဲ့အတွက်ကြောင့် တရားအမှတ်အပျက်မခံတော့ဖူး။ ထိုင်တာကို မပြင်တော့ဘူးဟူ၍ နှလုံးသွင်း၍ စိတ်ကိုတင်းကာ ဒူး တာကို မပြင်တော့ဘူးဟူ၍ နှလုံးသွင်း၍ စိတ်ကိုတင်းကာ ဒူးနာတာကို စူးစူးစိုက်စိုက် ဆက်ကာဆက်ကာ ရှုမှတ်လိုက်ရာ တရားထိုင်တဲ့ အချိန်ပြည့်၍ ထလိုက်သောအခါ ဒူးနာရောဂါ မရှိတော့ပါဘဲ ပျောက်ကင်း သွားပါသည်ဟု လျှောက်ထားပါဖြင့် (ဝိပဿနာတရားအားထုတ်ခြင်းကြောင့်) ရောဂါ ပျောက်ကင်းသော အကျိုးကို သိရပါသည်။

## (၃) ဝိပဿနာရှုရမည့် အချိန်ကာလ

အချိန်ကာလသည် လွန်ခဲ့ပြီးသော အတိတ်အချိန်ကာလ၊ လာလတ္တံ့သော အနာဂတ်အချိန်ကာလ၊ ယခုဖြစ်ဆဲ ပစ္စုပ္ပန်

http://www.dhammadownload.com



အချိန်ကာလ ဟူ၍ သုံးမျိုး ရှိပေသည်။ ထို သုံးမျိုးတွင် လွန်ခဲ့ပြီးသော, ကုန်ခဲ့ပြီးသော အတိတ်အချိန်ကာလ၌ ဖြစ်ခဲ့ဖူးသော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့သည် ကုန်ခဲ့ပြီး ဖြစ်၍ မရှိကြတော့သည်သာတည်း။ မရှိသော တရားတို့ကို ဝိပဿနာရှု၍မရ။ ရှုသော်လည်း ဝိပဿနာမဖြစ်။ တွေးဆမှု, ကြံစည်စိတ်ကူးမှုတို့သာ ဖြစ်ကြ၏။တွေးဆမှု, ကြံစည်စိတ်ကူးမှုတို့၌ များသောအားဖြင့် တဏှာဒိဋ္ဌိတို့သာ ဖြစ်ကြ၏။ သို့ဖြစ်သောကြောင့် လွန်ခဲ့ပြီးသောအတိတ် အချိန်ကာလ၌ ဖြစ်ခဲ့ပြီးသော တရားတို့ကို မှန်းဆ၍ ဝိပဿနာရှုလို့ မရခြင်း ဖြစ်ပေသည်။

လာလတ္တံ့သော အနာဂတ် အချိန်ကာလ၌ ဖြစ်လတ္တံ့သော ခန္ဓာငါးပါးရုပ်နာမ် တရားတို့သည် မရောက်သေး၍ မရှိကြသဖြင့် ဝိပဿနာရှုလို့မရ။ မရောက်သေး၍ မရှိသေးသော ရုပ်နာမ်တရားတို့ကိုမှန်းဆ၍ ဝိပဿနာ ရှုသော်လည်း ဝိပဿနာမဖြစ်။တွေးဆမှု, ကြံစည်စိတ်ကူးမှုတို့သာ ဖြစ်ကြ၏။ တွေးဆမှု ကြံစည်စိတ်ကူးမှုတို့၌ များသောအားဖြင့် တဏှာဒိဋ္ဌိတို့သာ ဖြစ်ကြ၏။ သို့ဖြစ်သောကြောင့် မရောက်သေးသော အနာဂတ်အချိန်ကာလ၌ ဖြစ်လတ္တံ့သော တရားတို့ကို မှန်းဆ၍ ဝိပဿနာရှုလို့မရခြင်းပင် ဖြစ်ပေသည်။

ယခုဖြစ်ဆဲ ပစ္စုပ္ပန်ကာလ၌ ပေါ်ရာ ပေါ်ရာ ရုပ်နာမ်တို့ကိုသာ ပေါ်ခိုက် ပေါ်ခိုက်မှာ စေ့စေ့စပ်စပ် မလစ်လပ် ရအောင်ရှုမှတ်ရပါသည်။ ဤကဲ့သို့ ပစ္စုပ္ပန်တည့်တည့် ရှုမှတ်မှသာ ရုပ်တရား နာမ်တရားတို့၏ သဘာဝလက္ခဏာနှင့် ဖြစ်

http://www.dhammadownload.com



ခြင်း၊ ပျက်ခြင်းလက္ခဏာတို့ကို သိနိုင်ကြပေမည်။ သို့ဖြစ်သော ကြောင့် ပစ္စုပ္ပန်ကာလ၌သာ ဝိပဿနာရှုရပါသည်။

ဤကဲ့သို့ အတိတ်ကာလနှင့် အနာဂတ်ကာလတို့၌ ဖြစ်သော တရားတို့ကို ဝိပဿနာမရှုရ, ပစ္စုပ္ပန်ကာလ၌ဖြစ်သော တရားတို့ကိုသာဝိပဿနာရှုရမည်ကို ဥပရိပဏ္ဏာသ-ဘဒ္ဒေကရတ္တ သုတ္တန်(၂၂၆)၌ ဟောကြားတော်မူခဲ့သည်မှာ....

"အတီတံ နာန္ဝာဂမေယျ၊ နပ္ပဋိကင်္ခေ အနာဂတံ။
ယဒတီတံ ပဟီနံ တံ၊ အပ္ပတ္တဉ္စ အနာဂတံ။
ပစ္စုပ္ပန္နဉ္စ ယံ ဓမ္မံ၊ တတ္ထ တတ္ထ ဝိပဿတိ။
အသံဟီရံ အသံကုပ္ပံ၊ တံ ဝိဒ္ဓါ မနုဗြူဟယေ"

ဟူ၍ ဟောကြားခဲ့ပါသည်။

ယဒတီတံ ပဟီနံ တံ .... အတိတ်ဖြစ်သော ခန္ဓာငါးပါး သည် ချုပ်ပျောက်ခဲ့လေပြီ။

အတီတံ နာန္ဝာဂမေယျ.... ထို့ကြောင့် အတိတ် ခန္ဓာငါး ပါးကို တဏှာဒိဋ္ဌိတို့ဖြင့် ပြန်၍ မစဉ်းစားနေရာ၊-

အပ္ပတ္တဉ္စ အနာဂတံ .... အနာဂတ် ခန္ဓာ ငါးပါးသည်လည်း မရောက်လာ, မဖြစ်လာသေး၊

နပ္ပဋိကင်္ခေ အနာဂတံ.... ထို့ကြောင့် အနာဂတ် ခန္ဓာ ငါးပါးကို တဏှာ, ဒိဋ္ဌိတို့ဖြင့် မမျှော်လင့်, မတောင့်တာရာ၊

http://www.dhammadownload.com



ပစ္စုပ္ပန္န ယံ ဓမ္မံ .... ပစ္စုပ္ပန် ခန္ဓာငါးပါးကိုလည်း၊

တတ္ထ တတ္ထ ဝိပဿတိ .... ထိုထိုဖြစ်ဆဲ ခဏခဏ၌သာလျှင် ရှုရာ၏။

အသံဟီရံ အသံကုပ္ပံ ....တဏှာဒိဋ္ဌိတို့ မဆွဲငင်နိုင်အောင်, တဏှာ, ဒိဋ္ဌိကြောင့် မပျက်စီးရအောင်၊

တံ ဝိဒ္ဓါ အနုဗြူဟယေ....ပညာရှိသည် ဝိပဿနာဉာဏ်ကို ဖြစ်ပွားစေရာ၏။

ကျေးဇူးတော်ရှင် မဟာစည်ဆရာတော်ဘုရားကြီးက မှတ်မိလွယ်ရအောင် မြတ်စွာဘုရား ဟောကြားတော်မူသော ဂါထာ ပါဠိတော်အတိုင်း ဆောင်ပုဒ် များ စီကုံးထားပါသည်။

**ဆောင်ပုဒ်။** ။"အတိတ်ဟောင်းကိုလည်းမပြန်နဲ့၊အနာဂတ် အသစ်ကိုလည်း မကြံနဲ့၊ ဖြစ်ခိုက် ရုပ်နာမ်၊ ပစ္စုပ္ပန်၊ အမှန်မလွတ်အောင် ရှုမှတ်ပွါ"

ဟူ၍ စီကုံးထားပါသည်။ မိမိတို့ဖြတ်ထားပြီး သုံးစွဲပြီးသော အဝတ် တန်ဆာတို့ကို အဟောင်း ဟူ၍ ခေါ်ဆိုကြရသလို အတိတ်က တွေ့ကြုံခံစားခဲ့ပြီးသော ခန္ဓာငါးပါး ရုပ်နာမ် တရားလိုကိုအဟောင်းလို့ သုံးနှုန်းတော်မူလိုက်ပါသည်။မိမိတို့ မဝတ်ဆင်ရသေးသော အဝတ် တန်ဆာတို့ကို အသစ်ဟူ၍ ခေါ်ဆိုကြသလို အနာဂတ်ဖြစ်၍ မရောက်လာသေးသော, မတွေ့ကြုံရသေးသောခန္ဓာငါးပါးရုပ်နာမ်တရားတို့ကို အသစ် ဟု သုံးနှုန်းတော်မူလိုက်ပါသည်။

http://www.dhammadownload.com



ဝိပဿနာရှုမှတ်သော ပုဂ္ဂိုလ်တို့သည် မိမိတို့ သန္တာန်၌ ဖြစ်ခိုက်, ပေါ်ခိုက် ရုပ်နာမ်တရားတို့ကို ပစ္စုပ္ပန်တည့်တည့် မလွတ်တမ်း စေ့စေ့စပ်စပ် ရှုမှတ်ရပါသည်။ ဝိပဿနာ ရှုမှတ်ရာ၌ ပစ္စုပ္ပန်တည့်ဖို့ရာမှာ အရေးကြီးဆုံးအချက် တစ်ခုပင် ဖြစ်ပေသည်။

## ပစ္စုပ္ပန်သုံးမျိုး

ပစ္စုပ္ပန်ကာလ၌ ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ဝိပဿနာရှုရမည်ဟု ဆိုရာ၌ ပစ္စုပ္ပန်ကာလသည်–

၁။ အဒ္ဓ ပစ္စုပ္ပန်ကာလ၊
၂။ သန္တတိ ပစ္စုပ္ပန်ကာလ၊
၃။ ခဏ ပစ္စုပ္ပန်ကာလ ဟူ၍ သုံးမျိုးရှိသည်။

## ထိုသုံးမျိုးတို့တွင်

၁။ ပဋိသန္ဓေအခါ လူဖြစ်လာသည်မှစ၍ ကွယ်လွန်စုတေသွားသည်အထိ ဘဝတစ်ခုလုံး၏ အချိန်ကာလသည် အဒ္ဓ ပစ္စုပ္ပန်ကာလ မည်၏။

၂။ ဝမ်းဗိုက်၏ ဖောင်းစမှ ဖောင်းဆုံးတိုင်အောင်, ခြေလှမ်း၏ လှမ်းစမှ လှမ်းဆုံးတိုင်အောင်, လက် စသည်တို့၏ ကွေးစမှ ကွေးဆုံးတိုင်အောင် စသည်ဖြင့် အမူအရာ တစ်ခုခု၏ အစမှ အဆုံးတိုင်အောင် အချိန်ကာလသည် သန္တတိ ပစ္စုပ္ပန်ကာလ မည်၏။

http://www.dhammadownload.com



၃။ ရုပ်နာမ်တရားတို့၏ ဖြစ်-တည်-ပျက်(ဥပါဒ်-ဌီ-ဘင်) ဟူသော ခဏအချိန်ကာလသည် ခဏပစ္စုပ္ပန်ကာလ မည်၏။

ဤပစ္စုပ္ပန်သုံးမျိုးတို့တွင် တစ်ဘဝလုံးဖြင့် ပိုင်းခြားအပ်သော အဒ္ဓ ပစ္စုပ္ပန်ကာလ၌ ဖြစ်သော ရုပ်နာမ်ရာရားတို့ကို မှန်းဆ၍ ဝိပဿနာ မရှုမှတ်အပ်။ ရှုမှတ်သော်လည်း ဝိပဿနာ စင်စစ် မဖြစ်၍ အချိန်ကုန် လူပန်းသာ ဖြစ်ပေမည်။

သန္တတိ ပစ္စုပ္ပန်နှင့် ခဏ ပစ္စုပ္ပန်ကာလတို့၌ ဖြစ်သော ရုပ်နာမ်တရားတို့ကို ဝိပဿနာ ရှုမှတ်ရမည်။ ထိုသို့ရှုမှတ်ရာ၌လည်း ဝိပဿနာရှုခါစ ပုဂ္ဂိုလ်တို့သည် သန္တတိပစ္စုပ္ပန်ကာလ၌ ဖြစ်သော ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကိုသာ မပြတ်မလပ် စေ့စေ့စပ်စပ် ရှုမှတ်ရ၏။ ဉာဏ်စဉ် အဆင့်ဆင့် တက်၍ လျင်မြန်စွာ အဖြစ်အပျက်ကို သိသော ဥဒယဗ္ဗယဉာဏ် အရင့်ပိုင်းသို့ ရောက်လာသောအခါ ခဏပစ္စုပ္ပန်ကာလ၌ ဖြစ်သော ရုပ်တရား, နာမ်တရားတို့ကို ရှုမှတ်ခြင်းကိစ္စလည်း ပြီးစီးသွားပါသည်၊ ခဏပစ္စုပ္ပန်ကာလ၌ ဖြစ်သော ရုပ်တရား, နာမ်တရား တို့ကို ရှုမှတ်ရာသို့ ရောက်ပါသည်။

အညွှန်း-ပစ္စုပ္ပန်ကာလ၌ ရှုမှတ်ပုံအကျယ်ကို ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ရေးသားအပ်သော ဝိပဿနာရှုနည်းကျမ်း ပဌမတွဲ (၂၁၅)၊ ဒုတိယတွဲ (၁၈၆-၇) တို့၌ ကြည့်ရှုပါလေ။

http://www.dhammadownload.com



## (၄) ဝိပဿနာရှုနည်း

ဝိပဿနာရှုနည်း ဟူသည်မှာ—

၁။ ကာယာနုပဿနာ သတိပဋ္ဌာန်၊

၂။ ဝေဒနာနုပဿနာ သတိပဋ္ဌာန်၊

၃။ စိတ္တာနုပဿနာ သတိပဋ္ဌာန်၊

၄။ ဓမ္မာနုပဿနာ သတိပဋ္ဌာန်—

တည်းဟူသော သတိပဋ္ဌာန်တရား လေးပါးတို့ဖြင့် ရှုပုံရှုနည်း ပင် ဖြစ်ပါသည်။

ဤ သတိပဋ္ဌာန်တရား လေးပါးတို့ဖြင့် ရှုပုံရှုနည်းကိုလည်း ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ကြားပြသ တော်မူသော နည်းသည် ကာယာနုပဿနာချည်းသက်သက်၊ ဝေဒနာနုပဿနာချည်း သက်သက်၊ စိတ္တာနုပဿနာချည်း သက်သက်၊ ဓမ္မာနုပဿနာချည်းသက်သက် တစ်ခုစီ တစ်ခုစီ ခွဲခြား၍ ပွားများနေရမည်ဟု မဆိုလိုပါ။ ဝိပဿနာရှုခါစ၌ ထင်ရှားသော ကာယာနုပဿနာ တစ်ခုကို လိုရင်း (အဓိက) ထား၍ ရှုမှတ်ရပါသည်။ ယင်းကဲ့သို့ ကာယာနုပဿနာကို လိုရင်းထား၍ ရှုမှတ်ရင်းဖြင့်ပင် ဝေဒနာနုပဿနာ၊ စိတ္တာ-နုပဿနာ၊ ဓမ္မာနုပဿနာတို့လည်း ပေါ်ရာ ပေါ်ရာ ပေါ်ခိုက် ပေါ်ခိုက်၌ ရှုမှတ်ခြင်းအားဖြင့် သတိပဋ္ဌာန်တရား လေးပါးလုံး ပါဝင်သွားသောနည်းပင် ဖြစ်ပါသည်။

ဤကဲ့သို့ သတိပဋ္ဌာန်တရား တစ်ခုကို လိုရင်း (အဓိက) ထား၍ လေးပါးလုံးပါဝင်အောင် ရှုသောနည်းသည် လိုရင်း

http://www.dhammadownload.com



(အခိက) ထား၍ ရှုမှတ်မြဲအာရုံ မထင်မရှားဖြစ်လာသော အခါ၌လည်းကောင်း၊ လိုရင်း (အခိက) ထား၍ ရှုမှတ်မြဲ အာရုံထက် ပိုမိုထင်ရှားသော အာရုံတစ်ခုခု ပေါ်လာရာ၌ လည်းကောင်း၊ စိတ်ပျံ့လွင့်သော အခါ၌ လည်းကောင်း မှတ်စရာအာရုံတို့ကို ရှာဖွေကြံစည်နေရခြင်းမရှိပါဘဲ ပေါ်ရာ ထင်ရှားရာ အာရုံတစ်ခုခုကို ဆက်လက်၍ ရှုမှတ်သွားရခြင်း ဖြင့် ရှုမှတ်မှုအစဉ်များ မပြတ်မလပ် ဆက်စပ်သွားသော ကြောင့် သမာဓိဉာဏ်များ လျင်မြန်စွာ ဖြစ်လာနိုင်ခြင်း၊ သမာဓိဉာဏ်များ လျင်မြန်စွာ အားမွေးရင့်ကျက်လာနိုင်ခြင်း အကျိုးတို့ကို ရနိုင်ပါသည်။

## ကာယာနုပဿနာ ရှုမှတ်ပုံ

ကာယာနုပဿနာသတိပဋ္ဌာန် ဟူသည်မှာ ကိုယ်ခန္ဓာ ကိုယ် အမူအရာ ဖြစ်ဟိုင်းဖြစ်တိုင်း အဖန်ဖန်သတိကပ်၍ ရှုမှတ် နေခြင်း ဖြစ်ပါသည်။

**ဆောင်ပုဒ်။** ။ကိုယ်အမူအရာ၊ ဖြစ်တိုင်းမှာ၊ မှန်စွာသိရမည်။ (စည်)

ကိုယ်အမူအရာဖြစ်တိုင်း မှန်စွာသိအောင် ရှုမှတ်ရမည်ဟု ဆိုရာ၌ အကျဉ်းအားဖြင့်–

၁။ တစ်နေရာတည်း ငြိမ်သက်စွာထိုင်၍မှတ်ရခြင်း၊

၂။ စင်္ကြံ(လမ်း) လျှောက်၍ မှတ်ရခြင်း၊

၃။ ထိုင်ခြင်း၊ ထခြင်း၊ လျှောင်းခြင်း၊ ကွေးခြင်း ဆန့်ခြင်း၊ စသော အသေးစိတ် အမူအရာတို့ကို မှတ် ရခြင်းဟု သုံးနည်းရှိပါသည်။

http://www.dhammadownload.com



## ၁။ ထိုင်မှတ်ပုံ

တစ်နေ့ရာတည်း ငြိမ်သက်စွာထိုင်၍ မှတ်ရာ၌ ကျေးဇူးရှင်မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ပြတော်မူသော နည်းမှာ ဆိတ်ငြိမ်ရာအရပ်တစ်ခု၌ တင်ပျဉ်ခွေ(တင်ပလ္လင်ခွေ) ဖြစ်စေ၊ ဒူးတုပ်၍ဖြစ်စေ မိမိတို့ ထိုင်တတ်သလို ကြာကြာ မလှုပ်မရှားထိုင်နိုင်မည့် ထိုင်ခြင်းမျိုးဖြင့် ထိုင်ရမါသည်။ ခါး-ခေါင်းခန္ဓာကိုယ်အစိတ်အပိုင်းတို့ကို တည့်တည့်မတ်မတ်ထား၍ ထိုင်ရပါသည်။ မျက်စိကို မှိတ်ထားရပါသည်။ စိတ်ကိုမိမိ၏ ဝမ်းဗိုက်မှာ တည်ငြိမ်အောင် စူးစိုက်၍ ကပ်ထားရပါသည်။

အသက်ရှူလိုက်သောအခါ ဝမ်းဗိုက် ဖောင်းကြွတက်လာခြင်းကို ဖောင်းစမှ ဖောင်းဆုံးတိုင်အောင် မှတ်စိတ် တခြားသယ်ကိုမျှ မထွက်သွားမရောက်သွားစေဘဲ ဝမ်းဗိုက်အဆင့်ဆင့် ဖောင်းကြွ တက်လာတာကို "ဖောင်းတယ်" လို့(စိတ်ထဲကဆို၍ )မှတ်ရပ့ါသည်။ အသက်ပြန်ရှူထုတ်လိုက်၍ ဝမ်းဗိုက်ပိန်ကျသွားသောအခါ ပိန်စမှ ပိန်ဆုံးတိုင်အောင် အဆင့်ဆင့်ပိန်ကျသွားတာကို "ပိန်တယ်" လို့ (စိတ်ထဲကဆို၍) မှတ်ရပါသည်။

ဆောင်ပုဒ်။ ။တင်ပလ္လင်ခွေကာ၊ ထိုင်နေပါ၊ ခါးမှာဖြောင့်ဖြောင့်ထား။
မလှုပ်ကလ္လန်ငြိမ်ငြိမ်နေ၊ စိတ်တွေမလွင့်ပါး။
မျက်စိ မှိတ်ကာ၊ ခေါင်းတွဲပါ၊ ဝမ်းမှာစိတ်ကိုထား။

http://www.dhammadownload.com



ဖောင်းတာပိန်တာ၊ စိတ်စိုက်ကာ၊ မှတ်ပါ ယောဂီများ။

ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ကြားပြသသော ဝမ်းဗိုက်၏ ဖောင်းမှု ပိန်မှုကို ဝိပဿနာ ရှုသောနည်းသည် မြတ်စွာဘုရား ဟောကြားတော်မူသော ဝင်လေထွက်လေ(အာနာပါန)ကို နှာခေါင်းဖျားစသည်တို့၌ ရှုမှတ်ရခြင်း အာနာပါန ဒေသနာတော်နှင့် ဆန့်ကျင်သည်၊ မြတ်စွာဘုရား ဟောကြားအပ်သော ဒေသနာတော်မှ နည်းတစ်ပါး အသစ်တီထွင်၍ ရှုမှတ်သော နည်းဖြစ်သည်ဟု အချို့အချို့သော ပုဂ္ဂိုလ်တို့က အပြစ်တင်လိုဟန် မနှစ်သက်လိုဟန် ရှိကြပါသည်။

## ဖောင်း-ပိန်ညွှန်ပြ သင့်မြတ်လှ

အမှန်အားဖြင့် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ညွှန်ပြထားသော ဝမ်းဗိုက်၏ဖောင်းမှုပိန်မှုကို ဝိပဿနာ ရှုသောနည်းသည် ဝင်လေထွက်လေ အာနာပါန ဒေသနာတော် အခန်းမှ ထုတ်နုတ်၍ ညွှန်ပြသော နည်းမဟုတ်သောကြောင့် အာနာပါန ဒေသနာတော်နှင့် ဆန့်ကျင်ခြင်းလည်း မရှိသည်သာတည်း။

ဣရိယာပထပိုင်း၌ ဟောကြားတော်မူအပ်သော "ယထာ ယထာ ဝါ ပနဿ ကာယော ပဏိဟိတော ဟောတိ။ အထာ တထာ နံ ပဇာနာတိ" ဟူသော ပါဠိတော်မှထုတ်နုတ်၍ညွှန်ပြ

http://www.dhammadownload.com



သော နည်း ဖြစ် သော ကြောင့် ဒေသနာတော်မှ အခြား တစ်ပါး အသစ် တီထွင်၍ ညွှန်ကြားပြသသော နည်းလည်း မဟုတ်သောကြောင့် အပြစ်တင်ဖွယ် မနှစ်သက်ဖွယ်မရှိ အပြစ် ကင်း၍ နှစ်သက်ဖွယ်သာ ဖြစ်ပါပေသည်။

ဝါ ပန၊ သိပုံတစ်နည်းကား။ အဿ၊ ဆိုယောဂီရဟန်း၏။ ကာယော၊ ရုပ်အပေါင်းကိုယ်သည်။ ယထာ ယထာ၊ အကြင် အကြင် အမူအရာဖြင့်။ ပဏိဟိတော၊ တည်နေသည်။ ဟောတိ၊ ဖြစ်၏။ နံ၊ ထိုရုပ်အပေါင်းကိုယ်ကို။ တထာ တထာ၊ တည်နေ တိုင်းသော ထိုထိုအမူအရာဖြင့်။ ပဇာနာတိ၊ သိ၏။

တရားရှုမှတ်နေသော ယောဂီပုဂ္ဂိုလ်၏ သွား, ရပ်, ထိုင်, လျောင်း က္လရိယာပုတ်ကြီး လေးပါးမှ ကြွင်းကျန်သော ကိုယ်အမူအရာတို့တွင် ဘယ် ကိုယ်အမူအရာမဆို ယောဂီ ပုဂ္ဂိုလ်သည် သိရမည်။ ဝါ-သိအောင် ရှုမှတ်ရမည်ဟု ဆိုလို ရင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဝမ်းဗိုက်၏ ဖောင်းမှုပိန်မှုကို ရှုမှတ်ရမည်ဟု ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ညွှန်ကြားပြသသော နည်းသည် မြတ်စွာဘုရား ဟောကြား တော်မူသော ဒေသနာတော်နှင့် ကိုက်ညီသောနည်းပင် ဖြစ် ပါပေသည်။

ထို့အပြင် မြတ်စွာဘုရား ဟောကြားတော် မူအပ်သော ဒေသနာတော်တို့နှင့် ကိုက်ညီပုံများမှာ– ဝမ်းဗိုက်၏ ဖောင်းမှု ပိန်မှုသည် တရားကိုယ်အားဖြင့် ဝါယော ဖောဋ္ဌဗ္ဗရုပ် ဖြစ်၍ ခန္ဓဒေသနာတော်တွင် ရူပက္ခန္ဓာ၌ ပါဝင်ပါသည်။ အာယတန

http://www.dhammadownload.com



ဒေသနာဝတော်တွင် ရှုပါသဘာနဒ္ဒ ပါဝင်ပါသည်။ ဓာတု ဒေသနာတော်တွင် ရှုပဓာတ်ဒ္ဒ ပါဝင်ပါသည်။ သို့ဖြစ်ပါ၍ ဝမ်းဗိုက်၏ ဖောင်းမှု ပိန်မှုကို ရှုမှတ်ရမည်ဟု ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး ညွှန်ကြားပြသသော နည်းသည် ဒေသနာတော်နှင့် ကိုက်ညီသော နည်းပင်ဖြစ်ပါပေသည်။

ကျမ်းညွှန်း။ ။ [ဖောင်း-ပိန် မှတ်သင့်ကြောင်းအကျယ်ကို ကျေးဇူးရှင် မဟာစည် ဆရာတော် ဘုရားကြီး ရေးသားအပ်သော ဝိပဿနာရှုနည်းကျမ်း ပထမတွဲစာမျက်နှာ (၃၅၈) ဒုတိယတွဲ စာမျက်နှာ (၄-၅-၆) တို့၌ ကြည့်ရှုပါလေ။]

### ဖောင်းပိန်မှတ်ခြင်း အကျိုးလေးမျိုး

၁။ ဖောင်းတာ ပိန်တာကို မှတ်ခြင်းသည် အသက်ရှူသွင်းခြင်းကြောင့် ဝမ်းဗိုက်၏ ဖောင်းတက်လာမှု အသက်ပြန်ရှူထုတ်ခြင်းကြောင့် ဝမ်းဗိုက်၏ပိန်မှုတို့သည် ပုဂ္ဂိုလ်တိုင်းမှာ များသောအားဖြင့် ထင်ရှားသောကြောင့် ရှုမှတ်ရ လွယ်ကူခြင်းအကျိုးလည်း ရရှိပါသည်။

၂။ မှတ်စရာအာရုံကို မရှာကြံနေရပါဘဲ မပြတ်မှုလပ် ရှုမှတ်နေရသောကြောင့် သမာဓိဖြစ်လွယ်ခြင်း အကျိုးလည်း ရရှိပါသည်။

၃။ ဖောင်းတာမှတ်ပြီးရင် ပိန်တာကို ဆက်မှတ်၍ ပိန်တာ မှတ်ပြီးရင် ဖောင်းတာကို ပြန်မှတ်၍ ပြောင်းလဲကာ

http://www.dhammadownload.com



ကြောင့်ကြစိုက်၍ ရှုမှတ်နေရသောကြောင့် သမာဓိ လွန်ကဲခြင်း မရှိ၍ ဝီရိယနှင့် သမာဓိ ညီမျှခြင်းအကျိုးလည်း ရရှိပါသည်။

၄။ ဝီရိယနှင့် သမာဓိ ညီမျှသောကြောင့် ရုပ်နာမ်ကို ပိုင်းခြားသိခြင်း စသော ဉာဏ်ဖြစ်လွယ်ခြင်း အကျိုးလည်း ရရှိပါသည်။ သို့ဖြစ်၍ ဖောင်းတာ ပိန်တာကို ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ညွှန်ကြားပြသသော နည်းအတိုင်း မှတ်သင့်ပေသည်။

ကျမ်းညွှန်–[အကျယ်ကို ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ဟောကြားတော်မူအပ်သော သီလဝ သုတ္တန် တရားတော် (၄၁၊ ၂) ၌ ကြည့်ရှုပါလေ။]

## အမှတ်တိုးပုံ

ဖောင်းတယ် ပိန်တယ်ဟု နှစ်ချက်မှတ်နေရာ၌ အမှတ်နှစ်ခုတို့၏ အကြား စိတ်အပြင်ထွက်၍ အမှတ် ကျဲနေပါလျှင် "ထိုင်တယ်"ဟု အမှတ်တစ်ခု ထပ်တိုးပေးရပါသည်။ခေါင်းမှစ၍ မှတ်စိတ်ကို အောက် ကိုယ်သို့ ခြုံချလျက် မိမိ ထိုင်နေပုံကို အာရုံပြု၍ "ထိုင်တယ်"လို့ စိတ်ထဲက ဆို၍ မှတ်ရပါသည်။ အမှတ်စဉ်အားဖြင့် "ဖောင်းတယ်" "ပိန်တယ်" "ထိုင်တယ်"လို့ မှတ်ရပါသည်။

"ဖောင်းတယ်" "ပိန်တယ်" "ထိုင်တယ်"လို့ သုံးချက်မှတ်သော်လည်း စိတ်အပြင်ထွက်၍ အမှတ်ကျဲသည်ဟု ထင်

http://www.dhammadownload.com



လျှင် "ထိတယ်"လို့ တစ်ချက်တိုး၍မှတ်ရပါသည်။ တင်ပါးနဲ့ ကြမ်းနဲ့ ထိနေတာကို စူးစိုက်ကာ အာရုံပြု၍ "ထိတယ်"လို့ မှတ်ရပါသည်။ အမှတ် အစဉ်အားဖြင့် "ဖောင်းတယ်" "ပိန်တယ်" "ထိုင်တယ်" "ထိတယ်"လို့ လေးချက်မှတ်ရပါသည်။

အချို့သော ပုဂ္ဂိုလ်တို့သည် တရားမှတ်ခါစ၌ ဖောင်းတာ ပိန်တာ မထင်ရှား၍ ဖောင်း ပိန်ကို မှတ်လို့မရ ဖြစ်နေတတ်ကြပါသည်။ ယင်းကဲ့သို့ဖြစ်နေလျှင် ဝမ်းဗိုက်မှာ လက်တင်ထား ကပ်ထား၍ ရှုမှတ်ကြည့်ရပါသည်။ ပက်လက်အိပ်၍ ရှုမှတ်ကြည့်ရပါသည်။ မကြာခင် ခဏအတွင်းပင် ဖောင်းတာ ပိန်တာကို မှတ်လို့ ရလာတတ်ပါသည်။

ဘယ်လိုမှတ်လို့မှ ဖောင်းတာ ပိန်တာ မထင်ရှားပါလျှင် မိမိတရားထိုင်နေသော ပုံသဏ္ဌာန်ကို ခေါင်းမှစ၍ မှတ်စိတ်ကို အောက် ကိုယ်သို့ ရှုံ့ချလျက် "ထိုင်တယ်"လို့ မှတ်ပြီး ထိုင်ထား၍ ကြမ်းနဲ့ တင်ပါးနဲ့ ထိနေတာကို စူးစူးစိုက်စိုက် အာရုံပြု၍ "ထိတယ်"လို့ မှတ်ရပါသည်။ "ထိုင်တယ်" "ထိတယ်"ဟု နှစ်ချက် မှတ်ရာ၌ စိတ်ထွက်၍ ကျဲသည်ဟု ထင်လျှင် ထိတာကို ငါးချက်လှည့်၍ မှတ်ရပါသည်။ "ထိုင်တယ်" ဘယ်ခြေထောက်က "ထိတယ်"၊ "ထိုင်တယ်" ဘယ်တင်ပါးက "ထိတယ်"၊ "ထိုင်တယ်" ညာခြေထောက်က "ထိတယ်"၊ "ထိုင်တယ်"၊ ညာတင်ပါးက "ထိတယ်"၊ "ထိုင်တယ်" လက်နှစ်ဖက် "ထိတယ်"လို့ ငါးချက် လှည့်၍ မှတ်ရပါသည်။

http://www.dhammadownload.com



ဤကဲ့သို့ "ထိုင်၊ ထိ" မှတ်၍ သမာဓိ ဖြစ်လာသောအခါ ဝမ်းဗိုက်မှ ဖောင်းတာ၊ ပိန်တာများလည်း ထင်ရှားလာတတ်ပါသည်။ ဖောင်း-ပိန် ထင်ရှားလာသောအခါ ဖောင်းတာ ပိန်တာကို ပြောင်းရွှေ့၍ မှတ်ရပါသည်။

## စင်္ကြံမှတ်ပုံ

စင်္ကြံ(လမ်း) လျှောက်တဲ့ မှတ်ခြင်းသည် ခြေတစ်လှမ်း၌ ၁-ချက်မှတ်၊ ခြေတစ်လှမ်း၌ ၂-ချက်မှတ်၊ ခြေတစ်လှမ်း၌ ၃-ချက်မှတ်၊ ခြေတစ်လှမ်း၌ ၆-ချက်မှတ် စသည်ဖြင့် မှတ်ရပါသည်။

ခြေတစ်လှမ်း တစ်ချက်မှတ်၌ ညာဘက်ခြေကို လှမ်းလိုက်သောအခါ ခြေလှမ်း အစမှ ခြေလှမ်း ဆုံးသည့်တိုင်အောင် ရှုးစိုက်၍ ရှေ့သို့ ရွေ့ရွေ့သွားသော ခြေထောက်၌ မှတ်စိတ် အစဉ်မပြတ်ကပ်ပါသွားရအောင် စူးစိုက်၍ "ညာလှမ်းတယ်" ဟု စိတ်ထဲက ဆို၍ မှတ်ရပါသည်။ ဘယ်ခြေကို လှမ်းသောအခါမှာလည်း ညာခြေကို မှတ်သည့်နည်းတူ မှတ်ရပါသည်။

ခြေတစ်လှမ်း ၂-ချက်မှတ်၌ ခြေထောက်အထက်သို့ ကြွတက်လာသောအခါ ကြွစမှ ကြွဆုံးတိုင်အောင် အထက်သို့ အဆင့်ဆင့် ရွေ့တက်လာသော ခြေထောက်၌ မှတ်စိတ် ကပ်ပါသွားအောင် စူးစိုက်၍ "ကြွတယ်" ဟု စိတ်ထဲက ဆို၍ မှတ်ရပါသည်။ အောက်သို့ နင်းချလိုက်သောအခါ ချစမှ ချဆုံးတိုင်အောင် အောက်သို့ အဆင့်ဆင့် ရွေ့ကျသွားသော ခြေထောက်၌ မှတ်စိတ် ကပ်ပါ သွားအောင် စူးစိုက်၍

http://www.dhammadownload.com



"ချတယ်"ဟု စိတ်ထဲက ဆို၍ မှတ်ရပါသည်။ ကြွခိုက်ချခိုက်တို့၌ ခြေထောက် ပေါ့မှု-လေးမှုတို့ကို အထူးသတိထား၍ မှတ်သင့်ပါသည်။

ခြေတစ်လှမ်း ၃-ချက်မှတ်၌ ခြေထောက်အထက်သို့ကြွတက်လာသောအခါ ကြွစမှ ကြွဆုံးတိုင်အောင် အထက်သို့ အဆင့်ဆင့် ရွေ့တက်လာသော ခြေထောက်၌ မှတ်စိတ် ကပ်ပါသွားအောင် စူးစိုက်၍ "ကြွတယ်"ဟု မှတ်ရပါသည်။

ရှေ့သို့ လှမ်းလိုက်သောအခါ လှမ်းစမှ လှမ်းဆုံးတိုင်အောင် အဆင့်ဆင့် ရှေ့သို့ ရွေ့ရွေ့သွားသော ခြေထောက်၌ မှတ်စိတ် ကပ်ပါသွားအောင် စူးစိုက်၍ "လှမ်းတယ်"ဟု မှတ်ရပါသည်။

အောက်သို့ နင်းချလိုက်သောအခါ ချစမှ ချဆုံးတိုင်အောင် အဆင့်ဆင့် အောက်သို့ ရွေ့ရွေ့ကျသွားသော ခြေထောက်၌ မှတ်စိတ် ကပ်ပါသွားအောင် စူးစိုက်၍ "ချတယ်"ဟု မှတ်ရပါသည်။

ကြွခိုက်၊ လှမ်းခိုက်၊ ချခိုက်တို့၌ ပေါ့မှု-လေးမှု-တွန်းမှု-ဆွဲမှုတို့ကို အထူးသတိထား၍ မှတ်သင့်ပါသည်။ သမာဓိဉာဏ်ရင့်သန်လာသောအခါ ပေါ့မှု-လေးမှု-တွန်းမှု-ဆွဲမှုတို့မှ စ၍ တရားသဘောများ ထင်ရှားစွာ တွေ့လာတတ်ပါသည်။

## ခြေတစ်လှမ်း၌ ခြောက်ချက်မှတ် သုံးမျိုး

ခြေတစ်လှမ်း ၆-ချက်မှတ်၌ အဌကထာ ညွှန်ပြသောအတိုင်း—ကြွ၊ ဆွဲ၊ လှမ်း၊ လွှတ်၊ ချ၊ နင်း ဟူ၍ ၆-ချက်လည်း မှတ်ရပါသည်။

http://www.dhammadownload.com



ခြေတစ်လှမ်း၌ ၆-ချက်လှယ်လှယ်မှတ်နိုင်ရန်ကြွ-စ၊ကြွ-ဆုံး၊ လှမ်း-စ၊ လှမ်း-ဆုံး၊ချ-စ။ ချ-ဆုံးဟူ၍လည်း မှတ်နိုင်ပါသည်။

ခြေတစ်လှမ်း၌ကြွ၊ မြှောက်။ လှမ်း၊ ချ၊ ထိ၊ဖိဟူ၍လည်း ၆-ချက်လည်းမှတ်နိုင်ပါသည်။

## အသေးစိတ် မှတ်ပုံ

အသေးစိတ် အမှတ်ဟူသည် ပါဠိတော်၌ ဟောကြားတော်မူအပ်သောသမ္ပဇည အမှတ်များပင်ဖြစ်ပါပေသည်။ခန္ဓာကိုယ်ကို ရှေ့သို့ ကုန်းလိုက် ညွှတ်လိုက်သောအခါ ကုန်းစ ညွှတ်စမှ စ၍ အဆုံးတိုင်အောင် ကုန်းညွှတ်လိုက်သော ကိုယ်အမူအရာကို မှတ်စိတ်က မီအောင်လိုက်၍ 'ကုန်းတယ်' 'ညွှတ်တယ်' ဟူ မှတ်ရပါသည်။

နောက်သို့ လှည့်လိုက်သောအခါ၌လည်း လှည့်သောကိုယ်အမူအရာကို မှတ်စိတ်က မီအောင်လိုက်၍ 'လှည့်တယ်' 'လှည့်တယ်' ဟုမှတ်ရပါသည်။ ဘေးသို့ယိမ်းလိုက်သောအခါမှာလည်း ယိမ်းစမှယိမ်းဆုံးတိုင်အောင် ယိမ်းသော ကိုယ်အမူအရာကို မှတ်စိတ်က မီအောင်လိုက်၍ 'ယိမ်းတယ်' 'ယိမ်းတယ်'ဟု မှတ်ရပါသည်။

မှတ်စိတ်က ကိုယ်အမူအရာများနှင့် မလွဲသွား နောက်မကျသွားစေရအောင် မှတ်ရပါသည်။ ကိုယ်အမူအရာကို မှတ်စိတ်မီ၍ ပစ္စုပ္ပန်တည့်သွားသောအခါ ပေါ့၊ လေး၊ တွန်း-ဆွဲစသော တရားသဘောများကို သိလာတတ်ပါသည်။

http://www.dhammadownload.com



တစ်စုံတစ်ခုကို ကြည့်သောအခါ အာရုံစိုက်၍ မျက်စိကို ဖွင့်ခြင်း၊ မျက်လုံးကို လှည့်ခြင်း၊ ခေါင်းမျက်နှာ ပြုပြင်ခြင်း အမှုအရာတို့ကို 'ကြည့်တယ်' 'ကြည့်တယ်'ဟု မှတ်ရပါသည်။ မြင်စရာ အဆင်းကို မြင်သောအခါ 'မြင်တယ်' 'မြင်တယ်'ဟု မှတ်ရပါသည်။ သမာဓိဉာဏ်ရင့်သန်လာသောအခါ ကြည့်ချင်သောစိတ်၊ ကြည့်သော အမှုအရာနှင့် မြင်သိစိတ်များ ဖြစ်ပေါ်လာပြီး ခဏမစဲ ပြောင်းလဲနေသော သဘောတရားများကို တွေ့သိနိုင်ပါသည်။

လက်ခြေလိုကို ကွေးဆန့်သောအခါ ကွေးစ၊ ဆန့်စမှ ကွေးဆုံး ဆန့်ဆုံးတိုင်အောင် မှတ်စိတ်ကို အစဉ်မပြတ် ကပ်ပါသွားစေလျက် 'ကွေးတယ်' 'ဆန့်တယ်'ဟု စူးစူးစိုက်စိုက် မှတ်ရပါသည်။ သမာဓိဉာဏ် ရင့်သန်လာသောအခါ ကွေးချင် ဆန့်ချင်သောစိတ်နှင့် ကွေးဆန့်သော အမှုအရာများ အဆင့်ဆင့် ဖြစ်ပေါ် ပြောင်းလဲနေတာကို တွေ့သိနိုင်ပါသည်။

အဝတ်သင်္ကန်းစသော ဝတ်စရာတို့ကို ဝတ်ရုံသောအခါ 'ကိုင်တယ်' 'ယူတယ်' 'ဝတ်တယ်' စသည်ဖြင့်မှတ်ရပါသည်။ သပိတ်၊ ခွက်၊ ပန်းကန်၊ ဇွန်း၊ ခက်ရင်း စသည်တို့ကို ကိုင်ယူဆောင်သောအခါ 'ထိတယ်' 'ကိုင်တယ်' 'ယူတယ်' 'ချတယ်' စသည်ဖြင့်မှတ်ရပါသည်။ သမာဓိဉာဏ် ရင့်သန်လာသောအခါ ဝတ်ချင်၊ ကိုင်ချင်၊ ယူချင်သော စိတ်နှင့် လှုပ်ရှားမှု အဆင့်ဆင့်တို့ ဖြစ်ပေါ် ပြောင်းလဲနေတာ ဆို တွေ့သိနိုင်ပါသည်။

http://www.dhammadownload.com



ဆွမ်း စသော စားဖွယ် သောက်ဖွယ်တို့ကို စားသောက်သောအခါ ဆွမ်းပန်းကန်သို့ လက်လှမ်းရင် 'လှမ်းတယ်'၊ 'လှမ်းတယ်'၊ ဆွမ်းနှင့်လက် ထိရင် 'ထိတယ်' 'ထိတယ်'၊ ဆွမ်းလုတ် ပြင်ရင် 'ပြင်တယ်' 'ပြင်တယ်'၊ ဆွမ်းလုတ်ကို ယူရင် 'ယူတယ်' 'ယူတယ်'၊ ခေါင်းငုံ့ရင် 'ငုံ့တယ်' 'ငုံ့တယ်'၊ ပါးစပ်ကဟာရင် 'ဟတယ်' 'ဟတယ်'၊ ဆွမ်းလုတ်ကို ခံ့ရင် 'ခံ့တယ်' 'ခံ့တယ်' ခေါင်းပြန်ထောင်ရင် 'ထောင်တယ်' 'ထောင်တယ်'၊ ဝါးရင် 'ဝါးတယ်' 'ဝါးတယ်'၊ အရသာကို သိရင် 'သိတယ်' 'သိတယ်'၊ မျိုချရင် 'မျိုတယ်' 'မျိုတယ်' ဟူ၍ မှတ်ရပါသည်။ သမာဓိဉာဏ် ရင့်သန်လာသောအခါ စားလိုသောစိတ်နှင့် စားသောအမူအရာတို့ အဆင့်ဆင့် ပြောင်းလဲနေတာကို တွေ့သိနိုင်ပါသည်။

ဝိပဿနာ ရှုမှတ်ရာ၌ အယုတ်အမြတ်ဟူ၍ မရွေးချယ်အပ်။ ပေါ်ရာ, ထင်ရှားရာတို့ကို ရှုမှတ်အပ်ကုန်၏။

သို့ဖြစ်၍ ကျင်ကြီး-ကျင်ငယ်စွန့်သောအခါ၌လည်း စွန့်လိုသော စိတ်ကြောင့်ဖြစ်သော ကိုယ်တွင်းမှ လေအဟုန်တို့က တွန်းထုတ်သောကြောင့် ကျင်ကြီး-ကျင်ငယ်တို့သည်ကိုယ်တွင်း တည်ရှိနေရာအရပ်မှ အဆင့်ဆင့် အပြင်ဘက်သို့ ရွေ့ထွက်လာသည်ကို 'ရွေ့တယ်' 'ရွေ့တယ်'၊ 'ထွက်တယ်' 'ထွက်တယ်' ဟူ၍ မှတ်ရပါသည်။ စွန့်ခြင်းကြောင့် နာကျင်မှု ထင်ရှားလျှင်လည်း 'နာတယ်' 'ကျင်တယ်'ဟု မှတ်ရပါသည်။ သမာဓိဉာဏ် ရင့်သန်လာသောအခါ စွန့်လိုသောစိတ်နှင့် စွန့်

http://www.dhammadownload.com



ထုတ်သော အမူအရာတို့ အဆင့်ဆင့် ပြောင်းလဲနေတာကို တွေ့သိနိုင်ပါသည်။

ရပ်သောအခါ တည့်တည့်မတ်မတ် ရပ်နေသော ခန္ဓာကိုယ်ကို ခြေထောက်မှ ခေါင်းတိုင်အောင် အာရုံပြု၍ 'ရပ်တယ်' 'ရပ်တယ်'ဟု မှတ်ရပါသည်။ သမာဓိဉာဏ် ရင့်သန်လာသောအခါ ရပ်ချင်သောစိတ်နှင့် ရပ်ချင်တဲ့စိတ်ကြောင့် ဖြစ်သောလေတို့သည် တစ်ကိုယ်လုံး၌ ပျံ့နှံ့၍ ထောက်ပံ့ထားသည်ကို တွေ့သိနိုင်ပါသည်။

ထိုင်သောအခါ ထိုင်ချလိုက်သော အစမှ အဆုံးတိုင်အောင် အောက်သို့ ခန္ဓာကိုယ်အဆင့်ဆင့် လျှော့ကျသွားသော အမူအရာ၌ မှတ်စိတ်ကပ်ပါသွားအောင် စူးစိုက်၍ 'ထိုင်တယ်' 'ထိုင်တယ်'ဟု မှတ်ရပါသည်။ သမာဓိဉာဏ် ရင့်သန်လာသောအခါ ထိုင်ချင်သောစိတ်နှင့် ထိုင်သော အမူအရာတို့ အဆင့်ဆင့် ပြောင်းလဲနေတာကို တွေ့သိနိုင်ပါသည်။

ထိုင်ရာမှ ထသောအခါ ထဖို့ရာ ရှေ့သို့ အားယူကာ လက်ထောက်၍ အားယူတာတို့ကိုသဲ ရှေ့သို့ 'ယိမ်းတယ်' 'ယိမ်းတယ်' 'လက်ထောက်တယ်' 'လက်ထောက်တယ်' ဟု မှတ်ရပါသည်။ အားပြည့်၍ ခန္ဓာကိုယ်အထက်သို့ အဆင့်ဆင့် ကြွတက်လာသောအခါ 'ကြွတယ်' 'ကြွတယ်'၊ 'ထတယ်' 'ထတယ်'ဟု မှတ်ရပါသည်။ သမာဓိဉာဏ် ရင့်သန် လာသောအခါ ထချင်သောစိတ်နှင့် ထသော ကိုယ်အမူအရာတို့ အဆင့်ဆင့် ပြောင်းလဲနေတာကို တွေ့သိနိုင်ပါသည်။

http://www.dhammadownload.com



လျှောင်းအိပ်သောအခါ ဖြည်းဖြည်းသာသာ လျှောင်းအိပ်ချ၍ လျှောင်းကျသွားသော ကိုယ်အမူအရာကို စူးစိုက်အာရုံပြု၍ "လျှောင်းတယ်" "လျှောင်းတယ်"၊ "အိပ်တယ်" "အိပ်တယ်"ဟု မှတ်ရပါသည်။ သမာဓိဉာဏ် ရင့်သန်လာသောအခါ လျှောင်းအိပ်ချင်သော စိတ်နှင့် လျှောင်းအိပ်သော အမူအရာတို့ အဆင့်ဆင့် ဖြစ်ပေါ်ပြောင်းလဲနေတာကို တွေ့သိနိုင်ပါသည်။

အိပ်ချိန် ရောက်၍ လျှောင်းအိပ်ပြီးသော အခါမှာ "ဖောင်းတယ်" "ပိန်တယ်" "လျှောင်းတယ်" "ထိတယ်" ဟု အိပ်ပျော်သွားသည့် တိုင်အောင်ပင် ရှုမှတ်၍ အိပ်ရပါသည်။ နိုးချိန်ရောက်၍ နိုးလာသောအခါ နိုးသောစိတ်ကို သိနိုင်ရင် "နိုးတယ်" "နိုးတယ်"ဟု မှတ်ရပါသည်။ ကြံစည်စိတ်ကူးမှု ပေါ်လာရင်လည်း "ကြံစည်တယ်" "စိတ်ကူးတယ်"ဟု မှတ်ရပါသည်။ အိပ်ရာမှ မထသေးရင်လဲ 'ဖောင်းတယ်' 'ပိန်တယ်' 'လျှောင်းတယ်' 'ထိတယ်'ဟု ပြန်မှတ်နေရပါသည်။

အိပ်ရာမှ ထထိုင်သောအခါ အားယူနေသည်မှစ၍ ထသော အမူအရာတို့ကို အားလုံး စေ့စေ့စပ်စပ်မှတ်၍ ထရပါသည်။ သမာဓိဉာဏ် ရင့်သန်လာသောအခါ ထချင်သောစိတ်နှင့် အိပ်ရာမှထသော အမူအရာတို့ အဆင့်ဆင့်ပြောင်းလဲနေတာကို တွေ့သိနိုင်ပါသည်။

http://www.dhammadownload.com



## ဝေဒနာနုပဿနာ ရှုမှတ်ပုံ

တရားထိုင်ခါစပုဂ္ဂိုလ်တို့သည် ဖြိမ်သက်စွာထိုင်၍ 'ဖောင်းတယ်' 'ပိန်တယ်' 'ထိုင်တယ်' 'ထိတယ်' စသည်ဖြင့် မှတ်နေရာတွင် နာရီဝက်ခန့် ကြာလာသောအခါ နာတာ၊ ကျင်တာ၊ အောင့်တာ အစရှိသော ဝေဒနာအမျိုးမျိုးတို့သည် ခါး, ရင်, ကျော စသည်တို့မှ ဖြစ်ပေါ်လာတတ်ကုန်၏။ ယင်းဝေဒနာတို့ကို ပေါ်ရာနေရာသို့ မှတ်စိတ်ကို ရောက်အောင်ပို့၍ 'နာတယ်' 'ကျင်တယ်' 'အောင့်တယ်' စသည်ဖြင့် မှတ်ရပါသည်။

ထိုကဲ့သို့ ဝေဒနာကို မှတ်ရာမှာလည်း ဝေဒနာ၏သဘောကို သိအောင်စူးစိုက်၍ မှတ်ရပါသည်။ ဝေဒနာ ပျောက်သွားရအောင် ရည်ရွယ်၍ မမှတ်အပ်။ ဝေဒနာ ပျောက်ရအောင် ရည်ရွယ်၍မှတ်သော ပုဂ္ဂိုလ်၏မှတ်စိတ်၌ ပျောက်ချင်သော လောဘပါဝင်နေသည်ဖြစ်၍ ဝေဒနာ၏သဘောကို တော်တော်နှင့် မသိနိုင်ပါဘဲ အချိန်ကြာနေတတ်ပါသည်။ ဉာဏ်အတက်လေးနေတတ်ပါသည်။

ဒီဝေဒနာကို ဒီတစ်ထိုင်မှာ အပြတ်တိုက်မည်ဟု စိတ်ကြမ်းကြီး ထူထောင်၍လည်း မမှတ်အပ်။ အပြတ်တိုက်မည်ဟု စိတ်ကြမ်းကြီးထူထောင်၍ မှတ်သောပုဂ္ဂိုလ်၏ မှတ်စိတ်၌ ဒေါသပါဝင်နေသည်ဖြစ်၍ ဝေဒနာ၏သဘောကို တော်တော်နှင့် မသိနိုင်ပါဘဲ အချိန်ကြာနေတတ်ပါသည်။ ဉာဏ်အတက်လေးနေတတ်ပါသည်။

http://www.dhammadownload.com



ထိုဖြစ်ပေါ်၍ ဝေဒနာပျောက်လိုသော ရည်ရွယ်ချက်နှင့် အပြုတ်တိုက်မည်ဟူသော ရည်ရွယ်ချက်ထို့ကို မထားပါဘဲ ဝေဒနာ၏သဘောကိုသာ သိအောင် စူးစိုက်၍ မှတ်ရပါသည်။ မှတ်ချက်တိုင်း မှတ်ချက်တိုင်းမှာ ဝေဒနာ၏ အတိုးအဆုတ် အပြောင်းအရွေ့ အစရှိသောသဘောကို သိအောင် မှတ်ရပါသည်။

သမာဓိဉာဏ် အားကောင်းလာသောအခါ နာတာကို မှတ်ရာ၌ တစ်ချက်မှတ် တစ်ချက်ပို၍နာ, တိုး၍နာလာသည်။ တစ်ချက်မှတ် တစ်ချက်လျော့ကျ သက်သာသွားသည်။ တစ်ချက်မှတ် တစ်ချက် အခြားနေရာသို့ အနည်းငယ်ရွေ့သွားသည်။ တစ်ချက်မှတ် တစ်ချက် ပြန့်ကျယ်သွားသည်။ ပူမှု အေးမှုလေးများ ပါဝင်လာသည်စသည်ဖြင့် ဝေဒနာ၏အပြောင်းအလဲ (အဖြစ်အပျက်)ကို သိလာနိုင်ပါသည်။ ယင်းကဲ့သို့ ဝေဒနာ၏အပြောင်းအလဲ (အဖြစ်အပျက်)ကို သိလာသောအခါ ဝေဒနာကြောင့် ခန္ဓာကိုယ် ပြုပြင်ပြောင်းလဲ၍ ထိုင်ရခြင်းနည်းပြီး ထိုင်လို့ မှတ်လို့ ကောင်းလာတတ်ပါသည်။ ဝေဒနာ၏ လျင်မြန်စွာ ဖြစ်ပျက်တာကိုလည်း သိသွားနိုင်ပါသည်။

## စိတ္တာနုပဿနာ ရှုမှတ်ပုံ

တရားထိုင်မှတ်နေရင်းပင် တစ်ခါတစ်ရံ စိတ်သည် အပြင်အာရုံများသို့ ရောက်သွား ထွက်သွားတတ်၏။ အိမ်ရောက်၊ ကျောင်းရောက်၊ ဘုရားရောက်၊ အလုပ်အကိုင်သို့ရောက်၊ အလုပ်ကိစ္စများသို့ ရောက်နေတတ်၏။ ဤကဲ့သို့ အခြားအာရုံများသို့

http://www.dhammadownload.com



ရောက်သွား ထွက်သွားသော စိတ်ကို နောက်မှတ်သိစိတ်က ရှေ့ကအာရုံတစ်ပါးသို့ ထွက်သွားသော စိတ်ကို 'စိတ်ထွက်တယ်' 'စိတ်ထွက်တယ်'၊ 'အိမ်ရောက်တယ်'၊ 'ကျောင်းရောက်တယ်'၊ 'စိတ်ကူးတယ်'၊ 'စဉ်းစားတယ်'၊ 'ကြံစည်တယ်' စသည်ဖြင့် လိုက်၍ မှတ်ပေးရပါသည်။

ဤကဲ့သို့ လိုက်မှတ်၍ မှတ်သိစိတ်က ပြင်ပအာရုံသို့ ထွက်နေသောစိတ်ကို မှတ်နိုင်သောအခါ စိတ်မထွက်တော့ပါဘဲ မှတ်မြဲတိုင်း ဖောင်း- ပိန်- ထိုင်- ထိ တို့ကို ပြန်မှတ်နိုင်ပါသည်။ သမာဓိဉာဏ် အားကောင်းလာသောအခါ အပြင်ထွက်တော့မည့် စိတ်ဦးကလေးကိုပင် ကြိုတင်၍ မှတ်သိလာနိုင်တတ်ပါသည်။

ဓမ္မာနုပဿနာ ရှုမှတ်ပုံ

တရားထိုင် မှတ်နေရင်းပင် ကြက်သံ၊ ငှက်သံ၊ ထရိုက်သောအသံ၊ ကားသံ စသည်များကို ကြားလာသောအခါ 'ကြားတယ်' 'ကြားတယ်'ဟု မှတ်ရပါသည်။ နှာခေါင်းက အနံ့တစ်ခုခုကို နံလာသောအခါမှာလည်း 'နံတယ်' 'နံတယ်'ဟု မှတ်ရပါသည်။ သမာဓိဉာဏ် အရှိန်တို့ကြောင့် တွေ့မြင်ရသော ကျောင်း၊ ဘုရား၊ စေတီ၊ နတ်သမီး၊ နတ်သား အရောင်အလင်း စသည်တို့ကိုလည်း 'မြင်တယ်' 'မြင်တယ်' ဟု မှတ်ရပါသည်။

တရားထိုင်မှတ်နေရင်းပင် လေးလံ ထိုင်းမှိုင်း ငိုက်မျဉ်းလာသောအခါ 'လေးတယ်' 'လေးတယ်'၊ 'ထိုင်းတယ်'

http://www.dhammadownload.com



'ထိုင်းတယ်' 'ငိုက်တယ်' 'ငိုက်တယ်' ဟု မှတ်ရပါသည်။ သမာဓိဉာဏ် အားကောင်းလာသောအခါ ကြားရသော အသံကိုမှတ်လိုက်ရင် အသံတွေ တစ်လုံးနှင့်တစ်လုံး မဆက်စပ် တော့ပါဘဲ တစ်လုံးချင်းသာ ပျက်ပျက်သွားတာကို တွေ့သိနိုင် ပါသည်။ မြင်ရသောအဆင်းကို မှတ်လိုက်ရင်လည်း ရိုပ်ကနဲ ရိုပ်ကနဲ ပျောက်ပျောက်သွားတာကို တွေ့မြင်ရတတ်ပါသည်။

## အမှတ်ဆက်၍ တရားတက်လွယ်ခြင်း

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ညွှန်ကြား ပြသသော သတိပဋ္ဌာန်တရား လေးပါးဖြင့် ဝိပဿနာရှုမှတ် ပွားများသောနည်းသည် 'ဖောင်းတယ်ပိန်တယ်' 'ထိုင်တယ်' 'ထိတယ်' စသည်ဖြင့် ကာယာနုပဿနာကို အဓိကအခြေခံ ထား၍ ရှုမှတ်ပွားများခြင်းဖြင့် နာကျင် ကိုက်ခဲမှု စသော ဝေဒနာများ ပေါ်လာသောအခါ ယင်း ဝေဒနာတို့ကို ဆက် လက်၍ မှတ်ရသောကြောင့် ဝေဒနာနုပဿနာလည်း ပါဝင် သွားပါသည်။

တရားထိုင်မှတ်နေရင်းပင် စိတ်တွေ အိမ်ရောက်၊ ကျောင်း ရောက်၊ ဈေးရောက်၊ အလုပ်အကိုင်သို့ ရောက်ခြင်း စသော အပြင်ပ အာရုံများသို့ ရောက်သွား ထွက်သွား သော အခါ 'စိတ်ထွက်တယ်' 'စိတ်ထွက်တယ်'၊ 'စိတ်ကူးတယ်' 'ကြံစည်တယ်' 'စဉ်းစားတယ်' စသည်ဖြင့် ထွက်တဲ့ စိတ် ကိုပင် ဆက်လက်၍ မှတ်ရသောကြောင့် စိတ္တာနုပဿနာ လည်း ပါဝင်သွားပါသည်။

http://www.dhammadownload.com



တရားထိုင်မှတ်နေရင်းပင် ကြက်သံ၊ ငှက်သံ၊ မော်တော်ကားသံ၊ လူသံ စသည်တို့ကို ကြားလာသောအခါ 'ကြားတယ်' 'ကြားတယ်'ဟု ကြားရတဲ့ သဘောကို မှတ်ရခြင်း၊ အနံ့နံလာသောအခါ 'နံတယ်' 'နံတယ်'ဟု အနံ့သဘောကို ရှုမှတ်ရခြင်း၊ သမာဓိဉာဏ်အရှိန်တို့ကြောင့် ထင်မြင်လာသော အရောင်အလင်း ကျောင်း-ဘုရား-စေတီ-နတ်သမီး-နတ်သား အစရှိသည်တို့ကို 'မြင်တယ်' 'မြင်တယ်'ဟု မြင်ရတဲ့သဘောကို ရှုမှတ်ရခြင်းတည်းဟူသော ပေါ်ရာ ပေါ်ရာ သဘောသဘာဝတရားကို ဆက်လက်၍ ရှုမှတ်ရသောကြောင့် ဓမ္မာနုပဿနာလည်း ပါဝင်သွားပါသည်။

ဤကဲ့သို့ တစ်ထိုင်တည်းအတွင်းမှာပင် သတိပဋ္ဌာန်တရားလေးပါးလုံးကို မပြတ်မလပ် ဆက်စပ်၍ ရှုမှတ်ရသောကြောင့် သမာဓိဉာဏ်များ အမြန် ဖြစ်ပေါ် ရင့်သန်လာပြီး အလိုရှိအပ်သောတရားထူး တရားမြတ်တို့ကို မကြာခဏ ရရှိနိုင်ကြပါသည်။

ဝိပဿနာ ရှုခန်း ပြီးပါပြီ။

http://www.dhammadownload.com

# ဝိပဿနာဉာဏ် ဖြစ်ပုံပြခန်း

## ၁–နာမရူပပရိစ္ဆေဒဉာဏ်

သမာဓိဉာဏ်များ ဖြစ်ပေါ်ရင့်သန်လာသောအခါ၊ မှတ်စရာတစ်ခု၊ မှတ်နေတာက တစ်ခုအားဖြင့် မှတ်ချက်တိုင်း မှတ်ချက်တိုင်းမှာ နှစ်ခုနှစ်ခု တွေ့လာတတ်၏။ ဖောင်းတာကတစ်ခု၊ မှတ်သိစိတ်ကတစ်ခု၊ ပိန်တာကတစ်ခု၊ မှတ်သိစိတ်ကတစ်ခု၊ ကြွတာက တစ်ခု၊ မှတ်သိစိတ်ကတစ်ခု၊ လှမ်းတာကတစ်ခု၊ မှတ်သိစိတ်ကတစ်ခု၊ ချတာကတစ်ခု၊ မှတ်သိစိတ်ကတစ်ခု၊ ကွေးတာကတစ်ခု၊ မှတ်သိစိတ်က တစ်ခု၊ ဆန့်တာကတစ်ခု၊ မှတ်သိစိတ်ကတစ်ခု စသည်ဖြင့် မှတ်စရာ ရုပ်တရားနှင့် မှတ်သိတဲ့နာမ်တရားတို့ကို ကွဲပြားပိုင်းခြား၍ သိလာတတ်၏။

ဤကဲ့သို့ ရုပ်တရားနှင့် နာမ်တရား နှစ်မျိုးအားဖြင့် ခွဲခြား၍ သိခြင်း တည်းဟူသော နာမရူပ ပရိစ္ဆေဒဉာဏ် ဖြစ်ပေါ်လာ၏။ ငါ့ကိုယ်ပဲ၊ ငါပဲ၊ ငါတစ်ယောက်ထဲလို့ မှတ်ထင်ခဲ့တာ မှားနေပါတကား။ မသိတတ်တဲ့ ရုပ်တရားနှင့် သိတတ်တဲ့နာမ်တရား နှစ်မျိုးရှိနေပါတကားဟု အသိအမြင် စင်ကြယ်လာတတ်၏။ အတ္တဒိဋ္ဌိ ကွာ၏။

http://www.dhammadownload.com



## ၂-ပစ္စယ ပရိဂ္ဂဟဉာဏ်

သမာဓိ-ဉာဏ်များ တစ်ဆင့် ရင့်သန်လာသောအခါ၌ တစ်ရံတစ်ခါ ဖောင်းတာ ပိန်တာများ သိမ်မွေ့ ပျောက်ကွယ်သွားတတ်၏။ ထိုအခါ ဖောင်းတာ ပိန်တာရှိလို့ မှတ်နေရတာပဲ။ ဖောင်းတာ ပိန်တာကြောင့် မှတ်စိတ်တွေ ဖြစ်ပေါ်ရတာပဲ။ ဖောင်းတာ ပိန်တာကအကြောင်း၊ မှတ်သိစိတ်က အကျိုးဖြစ်သည်ဟု သိလာတတ်၏။

လက်-ခြေ ကွေးတာဆန့်တာ စသည်တို့ကို မှတ်ရာမှာလည်း သိမ်မွေ့သော ရုပ်အမူအရာတို့ကို မှတ်လို့ ရလာပြီးသောအခါ ရုပ်ထက်သိမ်မွေ့သော ကွေးချင် ဆန့်ချင်တဲ့စိတ်ကိုပါ ရှုမှတ်လို့ ရလာတတ်၏။ ယင်းကဲ့သို့ စိတ်ကို ရှုမှတ်လို့ ရလာသောအခါ ကွေးချင် ဆန့်ချင်သော စိတ်ကြောင့် ကွေးတဲ့ ဆန့်တဲ့ ရုပ်အမူအရာတို့ ဖြစ်နေကြတာပဲ။ ကွေးချင် ဆန့်ချင်တဲ့ စိတ်ကအကြောင်း၊ ကွေးတဲ့ ဆန့်တဲ့ ရုပ်အမူအရာတို့က အကျိုးဟု သိလာတတ်၏။

ကွေးတဲ့ ဆန့်တဲ့ အမူအရာတို့ကို အဓိကထား၍ ကြည့်ရှုပြန်သောအခါ ကွေးတဲ့ ဆန့်တဲ့ ရုပ်အမူအရာတို့ ရှိနေလို့သာ မှတ်သိစိတ်တွေ ဖြစ်ပေါ်နေတာပဲ၊ ကွေးတဲ့ ဆန့်တဲ့ ရုပ်အမူအရာတို့ မရှိခဲ့သော် မှတ်သိစိတ်တို့ မဖြစ်နိုင်သောကြောင့် ကွေးတဲ့ဆန့်တဲ့ ရုပ်အမူအရာတို့က အကြောင်း၊ မှတ်သိစိတ်က အကျိုးဟု သိလာတတ်ပါသည်။

http://www.dhammadownload.com



မျက်စိအကြည်နှင့် အဆင်းရှိလို့ မြင်သိရသည်။ နားအကြည်နှင့် အသံရှိလို့ ကြားသိရသည်၊ နှာခေါင်းအကြည်နှင့် အနံ့ရှိလို့ နံသိရသည်။ လျှာအကြည်နှင့် အရသာရှိလို့ ချိုချဉ်စသည်ကို စားသိရသည်၊ ကိုယ်အကြည်နှင့် အတွေ့အထိရှိလို့ ထိသိရသည်။ မနောအကြည်နှင့် သဘောအာရုံ အမျိုးမျိုးရှိလို့ ကြံသိရသည်ဟု သိလာတတ်၏။

မျက်စိအကြည်, နားအကြည်, နှာခေါင်းအကြည်, လျှာအကြည်, ကိုယ်အကြည်, မနောအကြည်တို့နှင့် အဆင်း, အသံ, အနံ့, အရသာ, အတွေ့သဘော, အာရုံအမျိုးမျိုးတို့က အကြောင်း၊ မြင်သိစိတ်, ကြားသိစိတ်, နံသိစိတ်, စားသိစိတ်, ထိသိစိတ်, ကြံသိစိတ်တို့က အကျိုးဟု သိလာတတ်၏။ ဤကဲ့သို့ အကြောင်းနှင့် အကျိုးကို ကွဲပြား၍သိခြင်း ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်ပေါ်လာ၏။

ဤကဲ့သို့ အကြောင်းနှင့် အကျိုး ကွဲပြား၍ သိလာသောအခါ ဘယ်ဗြဟ္မာ, ဘယ်ပုဂ္ဂိုလ်, ဘယ်တန်ခိုးရှင်တို့ကမျှ ဖန်ဆင်းပေးထားလို့ မြင်သိရ, ကြားသိရ, စားသိရ, ထိသိရ, ကြံသိရသည်မဟုတ်။ သူ့အကြောင်း များကြောင့် သိနေခြင်းသာ ဖြစ်၏။ ထို့မှတစ်ဆင့် သတ္တဝါတွေဖြစ်နေကြတာလဲ ဘယ်ပုဂ္ဂိုလ်ကမျှ ဖန်ဆင်း ပေးထားတာ မဟုတ်။ သူ့အကြောင်း ကံကြောင့်သာ သတ္တဝါတွေ ဖြစ်နေတာပဲဟု ယုံမှားသံသယတွေ ကင်းပျောက်သွားတတ်၏။

http://www.dhammadownload.com



## ၃-သမ္မသနဉာဏ်

သမာဓိဉာဏ်များ ထို့ထက် တစ်ဆင့် ရင့်သန်လာသော အခါ ရှုမှတ်ရသော အာရုံ၏ အစ-အလယ်-အဆုံးတို့ကို ထင်ထင်ရှားရှား သိလာတတ်၏။ နာမရူပပရိစ္ဆေဒဉာဏ် ဖြစ်စဉ်က ရှုမှတ်ရသော အာရုံ၏ အလယ်ကိုသာ သိရ၏။ ပစ္စယပရိဂ္ဂဟဉာဏ် ဖြစ်စဉ်က ရှုမှတ်ရသော အာရုံ၏ အစနှင့် အလယ်ကိုသာ သိရ၏။ အသစ်အသစ် အာရုံတွေက ဆင့်ကာ ဆင့်ကာ ဖြစ်ပေါ်လာ၍ အာရုံသစ်များ ပေါ်ရာသို့လိုက်၍ မှတ်နေရသောကြောင့် မူလအာရုံ၏ ပျောက်သွားသော အဆုံးပိုင်းကို မသိနိုင်ခြင်းကြောင့် မမြဲခြင်း အနိစ္စဟု မသိနိုင်သေးခြင်း ဖြစ်၏။

ဤ သမ္မသနဉာဏ်သို့ ရောက်လာသောအခါ ဖောင်း ပိန်စသော အာရုံတို့၏ အစ ဖြစ်ပေါ်လာတာ၊ အလယ်တည်တံ့နေတာ၊ အဆုံးပျောက်ကွယ်သွားတာ သုံးပါးလုံးကို ထင်ထင်ရှားရှား တွေ့သိရသောကြောင့် မမြဲခြင်း အနိစ္စဟု သိလာ၏။ တဖောင်းပြီး တဖောင်း၊ တပိန်ပြီး တပိန် ကုန်ဆုံးပျောက်ကွယ်သွားတာပဲဟု ကိုယ်ပိုင်ဉာဏ်ဖြင့် သိလာတတ်၏။ ယင်း ဖောင်းပိန်မှစ၍ အဘယ်ဟာတစ်ခုမျှ မြဲခြင်းမရှိ၊ မမြဲခြင်း အနိစ္စချည်းပါတကားဟု ထင်မြင်လာတတ်၏။ သုံးသပ်ဆင်ခြင်မိတတ်၏။

ညောင်းတာ, ပူတာ, နာတာ, ကျင်တာတို့လည်း အများအပြား ဖြစ်ပေါ်လာတတ်ကုန်၏။ ယိမ်းတာ ယိုင်တာ, မူးတာ, အော့အန်ချင်တာ, လေးလံထိုင်းမှိုင်းတာ, တင်းကျပ်တာ, ဖိတာ, တွန်းတာ, ဆွဲတာ စသည်တို့လည်း အများအပြား

http://www.dhammadownload.com



ဖြစ်ပေါ်လာတတ်ကုန်၏။ ယင်းဝေဒနာတို့ကို ပေါ်လာသည့် အတိုင်း စူးစူးစိုက်စိုက် ၃-ချက်၊ ၄-ချက်၊ ၅-ချက် စသည် ဖြင့် မှတ်လိုက်သောအခါ ပျောက် ပျောက်သွားတတ်၏။ နောက်ထပ် အသစ်အသစ် မခံသာမှုဝေဒနာများ ဖြစ်ပေါ် လာပြန်၏။ ကိုယ်ပင်ပန်း၊ စိတ်ပင်ပန်း ဖြစ်နေတတ်၏။ ခန္ဓာ ကိုယ်ကြီး တစ်ခုလုံးသည် ဆင်းရဲဒုက္ခ အစုအပုံကြီးပါတကား ဟုလည်း ထင်မြင်လာတတ်၏။ ဆင်ခြင်သုံးသပ်မိတတ်၏။

နာကျင်မှု, ယားမှု လေးလံမှု, တင်းကျပ်မှု, တွန်းဆွဲမှု စသည်တို့သည်လည်း တစ်ခုပြီး တစ်ခုဖြစ်၊ တစ်နေရာမှ ပျောက်ပြီး တစ်နေရာသို့ရောက်၊ တစ်ချိန်နှင့် တစ်ချိန် မတူ အမျိုးမျိုးပြောင်းလဲပြီး သူဖြစ်ချင်သလို ဖြစ်နေကြသည်ကို ရှုမှတ်နေရတာကချည်း များနေသောကြောင့် ဒီခန္ဓာကိုယ် ကြီးဟာ သူဖြစ်ချင်သလို ဖြစ်နေပါတကား၊ ကိုယ်က ချမ်း ချမ်းသာသာဖြင့်သာရှုမှတ်လိုပါသော်လည်း ကိုယ်ဖြစ်ချင်သလို မဖြစ်ပါဘဲ ဆင်းရဲခြင်းအမျိုးမျိုးတို့ဖြင့် သူ့သဘောအတိုင်း ဖြစ်နေပါတကား၊ ကိုယ် အစိုးမရတဲ့ အနတ္တပါတကားဟု ထင်မြင်လာတတ်၏။ သုံးသပ် ဆင်ခြင်မိတတ်၏။ ဤကဲ့သို့ အနိစ္စ၊ ဒုက္ခ၊ အနတ္တ သဘောတို့ကို သုံးသပ်ဆင်ခြင်သော သမ္မသနဉာဏ် ဖြစ်ပေါ်လာ၏။

## ၄-ဥဒယဗ္ဗယဉာဏ်

သမ္မသနဉာဏ်များ ထို့ထက်တစ်ဆင့် ရင့်သန်လာသောအခါ ဖောင်းတာ, ပိန်တာ မှတ်တဲ့အခါမှာ ဖောင်းစ, ပိန်စနှင့်

http://www.dhammadownload.com



ဖောင်းဆုံး, ပိန်ဆုံးတို့ အထူးထင်ရှားလာ၏။ ဖောင်းလယ်, ပိန်လယ်တို့ မထင်ရှားတော့ပေ။ ပျောက်ကွယ် သွားကြ၏။ လက်-ခြေ ကွေးခြင်း ဆန့်ခြင်း စသော ကိုယ်အမူအရာတို့၌လည်း အစနှင့် အဆုံးသာ ထင်ရှား၍ အလယ်ပိုင်း မထင်ရှားတော့ဘဲ ဖြစ်လာ၏ ကွေးခြင်း ဆန့်ခြင်းစသော ကိုယ်အမူအရာတို့သည် တစ်ခုမှ တစ်ခုသို့ ဆက်စပ် လိုက်ပါသွားခြင်း မရှိ။ ပြတ်၍ ပြတ်၍ ကျန်ခဲ့သည်ဟု ထင်မြင်လာတတ်၏။

တရားထိုင်မှတ်နေသောအခါ လက်နှိပ်ဓာတ်မီး၊ ကားမီးများဖြင့် ထိုးထားသလို ထူးခြားသော အရောင် အလင်းများကိုလည်း တွေ့ရတတ်၏။ တစ်ကိုယ်လုံးမှ ပီတိတွေ၊ ဝမ်းမြောက်တက်ကြွမှုတွေ ဖြစ်ပေါ် လာတာကိုလည်း တွေ့ရတတ်၏။ တစ်ဘဝလုံးမှာ တစ်ခါမျှမတွေ့ခဲ့ရဖူးသော ကိုယ်ရောစိတ်ပါ အလွန်ငြိမ်းအေးမှုများ၊ တစ်ဘဝလုံးမှာ တစ်ခါမျှ မတွေ့ခဲ့ဖူးသော ကိုယ်ရောစိတ်ပါ ချမ်းသာမှုများ၊ ကိုယ်ရောစိတ်ပါ ပေါ့ပါးမှုများ၊ ကိုယ်ရောစိတ်ပါ ပျော့ပျောင်းမှုများ၊ ကိုယ်ရော စိတ်ပါ သန့်စွမ်း ခံ့ကျန်းမှုများ ပြုလုပ်ဖွယ်ရာ, ရှုမှတ်ဖွယ်များ၌ ကိုယ်ရောစိတ်ပါ အလွန်ကျေပွန် အလေ့အလာကောင်းမှုများ၊ ကိုယ်ရောစိတ်ပါ အလွန်ဖြောင့်မတ် မှန်ကန်မှုများ ထင်ထင်ရှားရှား ဖြစ်လာတာကို တွေ့ရတတ်၏။

သမာဓိဉာဏ် ထို့ထက်တစ်ဆင့် ရင့်သန်လာသောအခါ ဖောင်းတာကို မှတ်ရှုလိုက်ရင် ဖောင်းတာတွေ အဆင့်ဆင့်၊ ပိန်တာကို ရှုမှတ်လိုက်လျှင် ပိန်တာတွေ အဆင့်ဆင့် များစွာ

http://www.dhammadownload.com



ဖြစ်ပျက်သွားတာကို တွေ့ရ၏။ မှတ်သိရတဲ့ အာရုံတွေဟာ အသစ်အသစ် အမြန်ဖြစ်ပေါ်လာပြီး ချက်ချင်း လျင်မြန်စွာ ပျောက်ပျောက်သွားတာကို စောင့်ရှုကြည့်နေရသလို ထင်ထင်ရှားရှား တွေ့ရတတ်၏။ ဤကဲ့သို့ လျင်မြန်စွာ ဖြစ်ပျက်တာကို တွေ့မြင်ရသော ဥဒယဗ္ဗယဉာဏ် ဖြစ်ပေါ်လာ၏။

## ၅–ဘင်္ဂဉာဏ်

သမာဓိဉာဏ်များ ထို့ထက်တစ်ဆင့် ရင့်သန်လာသောအခါ မှတ်စရာအာရုံများ၏ အစဖြစ်ပေါ်မှုကို ထင်ရှားစွာ မတွေ့ရပါဘဲ အဆုံးကိုသာ တွေ့မြင်ရတတ်၏။ တွေ့ရသော အာရုံအားလုံး အပျောက်မြန်နေသည်ဟု ထင်ရ၏။ မှတ်စရာ အာရုံများသာ ကုန်ပျောက်သွား ကုန်ပျောက်သွားသည် မဟုတ်။ မှတ်သိစိတ်များလည်း ကုန်ပျောက် ကုန်ပျောက် သွားသည်ကို တွေ့မြင်လာတတ်၏။

ဖောင်းတယ်ဟု မှတ်လိုက်သောအခါ ဖောင်းမှု၏ ရုပ်ခန္ဓာ ပျောက်သွားတာကိုလည်း တွေ့မြင်ရပြီး နောက် ဖောင်းတယ်ဟု မှတ်သောစိတ်လည်း ကုန်ပျောက်သွားတာကို တွေ့မြင်လာတတ်၏။ ဖောင်းမှုနှင့် မှတ်သိစိတ်တို့သည် ရှေ့ဆင့်နောက်ဆင့် ကုန်ပျက်သွားတာကို တွေ့မြင်လာတတ်၏။ 'ပိန်တယ်' 'ထိုင်တယ်'၊ 'ထိတယ်' 'ကွေးတယ်'၊ 'ဆန့်တယ်'၊ 'ညောင်းတယ်' စသည်ဖြင့် ရှုမှတ်သောအခါ တို့၌လည်း နည်းတူပင် မှတ်စရာအာရုံနှင့်မှတ်သိစိတ်တို့ ရှေ့ဆင့်နောက်ဆင့် ကုန်ပျက်သွားတာကို တွေ့မြင်လာတတ်၏။

http://www.dhammadownload.com



ထိုင်မှတ်သောအခါ ခေါင်း- ကိုယ်- ခြေ- လက် စသော ပုံသဏ္ဍာန်တို့ကို မတွေ့ရတော့ပါဘဲ တရိပ်ရိပ် ပြောင်းလဲနေသော သဘောမျှကိုသာ မှတ်နေရသောကြောင့် အချို့သော ယောဂီတို့က မှတ်ရတာမကောင်းဘူး၊ ပေါ့ဟာဟာ ကျဲတဲတဲ ဖြစ်နေသည်ဟု ပြောတတ်ကြကုန်၏။

ဆက်လက်၍ စူးစူးစိုက်စိုက်ရှုမှတ်သောကြောင့် ဉာဏ်အား ပြည့်လာသောအခါ အထူး မှတ်လို့ ကောင်းလာတတ်၏။ ဤကဲ့သို့ အတူးမှတ်လို့ ကောင်းလာသောအခါ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ် ဟူသော ခြောက်ဌာနလုံး ဖြန့်မှတ်လို့ ရနိုင်၏။ ဖြန့်၍ မှတ်ကြည့်ရမည်။

## ဖြန့်မှတ်ပုံ

ဖောင်းတယ် ပိန်တယ် စသည်ဖြင့် မှတ်နေကြအတိုင်း မှတ်၍ ကောင်းလာသောအခါ ဖြန့်၍ မှတ်ကြည့်ရမည်။ နားက အသံတစ်ခုခု ကြားလာသောအခါ ဘာအသံလဲ၊ မည်သူ့အသံလဲဟု ကွဲကွဲပြားပြား သိလိုသော အာသာ မထားပါဘဲ 'ကြားတယ်' 'ကြားတယ်'ဟု မှတ်ကြည့်ရပါမည်။ ကြားရတဲ့အသံ ပိုကျယ်လာသည်ကိုလည်းကောင်း၊ အသံ မပီမသသလိုလို ဖြစ်လာသည်ကို လည်းကောင်း၊ အသံများ စကားလုံးများ တစ်ခုနှင့်တစ်ခု တစ်လုံးနှင့်တစ်လုံး မဆက်စပ်ပါဘဲ ပျောက်ပျောက်သွားသည်ကို လည်းကောင်း ကြားသိလာတတ်၏။

http://www.dhammadownload.com



ထို့နောက် မျက်စိဖြင့် အဆင်းကို မြင်သောအခါ 'မြင်တယ်', 'မြင်တယ်' ဟု မှတ်ကြည့်ရမည်။ မြင်ရသော အဆင်းနှင့် မြင်သိစိတ်လို တရိပ်ရိပ် ပျက်သွားတာကို တွေ့မြင်လာတတ်၏။ နားနှင့် မျက်စိတို့က ဤကဲ့သို မှတ်လို့ ရလာသောအခါ မှတ်အားများ ပိုကောင်းလာပြီး ခြောက်ဒွါရ၌ ဘယ်အမှုအရာကိုပင် မှတ်လိုက်, မှတ်လိုက် လွယ်လွယ်ဖြင့် မှတ်လို့ရလာတတ်၏။ မှတ်တိုင်း မှတ်တိုင်း အပျက်ကိုသာ ထင်ထင်ရှားရှား တွေ့မြင်ရသော ဘင်ဉာဏ် ဖြစ်ပေါ်လာ၏။

## ၆–ဘယဉာဏ်

မှတ်တိုင်း မှတ်တိုင်း အပျက်ကိုသာ တွေ့မြင်ရသောအခါ မသိလို့သာ ပျော်ရွှင်နေကြတာပဲ တပျက်တည်းပျက်နေတာပဲ ကြောက်စရာကြီးပါတကား၊ ပျက်တိုင်း ပျက်တိုင်း သေနိုင်တာချည်းပဲ၊ ကြောက်စရာကြီးပါတကားဟု ထင်မြင်ကာ ကြောက်ခြင်း ဘယဉာဏ် ဖြစ်ပေါ်လာ၏။

ထိုအခါ ယောဂီ၏စိတ်သည် အားကိုးရာမဲ့၍ အားငယ် ညှိုးနွမ်း နေသကဲ့သို့လည်း ဖြစ်နေတတ်၏။ လျင်မြန်စွာ ကုန်ပျက်နေသော ရုပ်နာမ်တို့ကို ကြောက်ရွံ့နေသကဲ့သို့လည်း ဖြစ်နေတတ်၏။ စမ်းနည်းနေသလိုလိုလည်း ဖြစ်နေတတ်၏။

## ၇–အာဒီနဝဉာဏ်

ရုပ်နာမ်တွေဟာ တပျက်တည်းပျက်၍ တစ်ခုမျှ မြဲတာ တွေ့မတွေ့ရ မမြဲတာတွေချည်းဘဲ၊ မကောင်းတာတွေချည်း

http://www.dhammadownload.com



ဘဲ၊ ဘာတစ်ခုမျှ အသုံးမကျ အဖိုးမတန်တာချည်းဘဲ၊ ရှိမှုန်းစရာတွေချည်းပဲ၊ ပုပ်ရိဆွေးမြည့်နေသလိုပဲ၊ ဘာတစ်ခုမျှမျှ ခိုင်မာတာမရှိ။ မနှစ်သက်ဖွယ်တွေချည်းပါ တကားဟု အပြစ်မြင်သော အာဒီနဝဉာဏ် ဖြစ်ပေါ်လာ၏။

## ၈–နိဗ္ဗိဒါဉာဏ်

မှတ်ချက်တိုင်း မှတ်ချက်တိုင်း၌ ရုပ်နာမ်တို့၏ ကုန်ပျက်မှုတို့ကို ပိုင်းပိုင်းခြားခြား တွေ့ရ၍ မှတ်သိမှု ကောင်းငြားသော်လည်း ယောဂီ၏စိတ်သည် ရွှေ့ကလို အားရ တက်ကြွခြင်း မရှိဘဲ မပျော်မွေ့ ငြီးငွေ့၍သာနေ၏။ မမှတ်ချင်သလိုလို၊ မှတ်ရမှာ ပျင်းသလိုလို ဖြစ်နေတတ်၏။ လူ့ဘုံ၊ နတ်ဘုံ၊ ဗြဟ္မာဘုံတို့သည် ဘယ်ဘုံမှ ပျော်မွေ့စရာမဟုတ်၊ ပျင်းရိ ငြီးငွေ့ဖွယ်ရာ ဘုံဘဝတွေချည်းပါတကားဟု ငြီးငွေ့သော နိဗ္ဗိဒါဉာဏ်ဖြစ်ပေါ်လာ၏။

## ၉–မုဉ္စိတုကမျတာဉာဏ်

မှတ်တိုင်း မှတ်တိုင်း မှတ်သိစိတ်သည် မှတ်အပ်သော ရုပ်နာမ် သင်္ခါရတို့မှ အတင်းရုန်းကန် ဖယ်ထွက်နေသကဲ့သို့ ထင်လာတတ်၏။ ထိုင်မှတ်နေရင်းပင် လက်ခြေ စသည်တို့ မငြိမ်မသက်၊ ဟိုနားရွှေ့ချင် ဒီနားရွှေ့ချင် ဖြစ်လာတတ်၏။ နာကျင်ခြင်း စသော မခံသာမှု ဝေဒနာများလည်း ဖြစ်ပေါ်လာတတ်၏။

http://www.dhammadownload.com



မြင်မှု, ကြားမှု, ထိုင်မှု, ကွေးမှု, ဆန့်မှု, ထိမှု, ကြံစည်မှု, ရှုမှတ်မှု စသည်တို့ အားလုံးမရှိလျှင် ကောင်းမှာပဲ၊ ယင်းတို့ မရှိရာသို့ ရောက်ရလျှင် ကောင်းမှာပဲ၊ ယင်းတို့ကို လွတ်၍ တခြားသို့ စွန့်ပစ်ရလျှင် ကောင်းမှာပဲဟု သင်္ခါရတို့မှ လွတ်မြောက်လိုခြင်း မုဉ္စိတုကမျတာဉာဏ် ဖြစ်ပေါ်လာ၏။

အထူးအားဖြင့် ဤဉာဏ်သို့ ရောက်လာသောအခါ မခံသာမှု ဝေဒနာများသည်လည်း ဖြစ်ပေါ်လာတတ်၏။ ခဏခဏ ပြောင်းချင်, ရွှေ့ချင်တဲ့စိတ်များလည်း ဖြစ်ပေါ်လာတတ်၏။ မပြောင်း မရွှေ့ပေးပါအဲ့ ဆက်လက်၍သာ စူးစူးစိုက်စိုက် ရှုမှတ်အပ်၏။

## ၁၀-ပဋိသင်္ခါဉာဏ်

မမှတ်ဘဲနေရတာ ကောင်းမည်ဟု စဉ်းစားမိသောအတိုင်း မမှတ်ဘဲလည်း ရပ်နားနေမိတတ်၏။ ထိုသို့ပင် ရပ်နား နေသော်လည်း မှတ်စရာ ရုပ်နာမ် အာရုံတွေက ထင်ထင်ရှားရှား ပေါ်မြဲပင် ပေါ်နေတတ်၏။ အောက်ဉာဏ်တွေက ရှုမှတ်ခဲ့သော ဝိပဿနာ အဟုန်ကြောင့် မှတ်သိစိတ်ကလည်း မှတ်စရာ ရုပ်နာမ် အာရုံတို့ကို အလိုလိုပင် သိလျက် သိလျက် ဖြစ်နေတတ်၏။

သို့ဖြစ်၍ မမှတ်ဘဲ နေရုံမျှဖြင့် ဤရုပ်နာမ် သင်္ခါရတို့မှ မလွတ်နိုင်၊ ရုပ်နာမ်တွေကို ပြန်မှတ်မှ ရုပ်နာမ်တို့ ချုပ်ငြိမ်းရာ နိဗ္ဗာန်သို့ ရောက်မည်ဟု၍ သဘောကျပြီး မှတ်မြဲတိုင်း ပြန်မှတ်သော ပဋိသင်္ခါဉာဏ်ဖြစ်ပေါ်လာ၏။

http://www.dhammadownload.com



ဤပဋိသင်္ခါဉာဏ်၌ ဝေဒနာများ အများအပြား အထူး ထင်ရှားစွာ ဖြစ်ပေါ်လာတတ်၏။ သို့ပါသော်လည်း သမ္မသန ဉာဏ်၌ကဲ့သို့ ဝေဒနာတွေက တစ်နေရာထဲ၌ အကြာကြီး ဆက်၍ နာကျင်နေခြင်း မဟုတ်ပါဘဲ မှတ်လိုက်သောအခါ ဝေဒနာရော မှတ်သိစိတ်ပါ တစ်ချက်မှတ် တစ်ချက် ပျောက် ပျောက် သွားတာကို တွေ့ရတတ်၏။

ရှုမှတ်လို့ မကောင်းဟုလည်း ထင်နေတတ်၏။ မှတ်စရာ အာရုံနှင့် မှတ်စိတ်တို့ မကပ်ပါဘဲ ဝေးနေသည်ဟု ထင်နေ တတ်၏။ မြင်ချင် ပြောင်းချင်တဲ့ စိတ်တွေ ဖြစ်ပြီး အမျိုးမျိုး မြင်မိ ပြောင်းမိတတ်၏။ ခဏခဏ ပြောင်းချင် မြင်ချင်တဲ့ စိတ်တွေ ဖြစ်ပေါ်လာတိုင်း မပြောင်းမမြင်ပါဘဲ ကြာကြာ ထိုင်နိုင်အောင် အထူးကြိုးစား၍ အားထုတ်အပ်၏။ သည်းခံ၍ မှတ်အပ်၏။

## ၁၁-သင်္ခါရုပေက္ခာဉာဏ်

တစ်ခုတည်းသော ဣရိယာပုထ်ဖြင့် ကြာကြာ ထိုင်နိုင် အောင် သည်းခံ၍ ကြိုးစားမှတ်ခြင်းဖြင့် သမာဓိဉာဏ်များ တစ်ဆင့်တက်၍ ရင့်သန်လာသောအခါ ရှုမှတ်ရတာ အထူး လွယ်ကူလာတတ်၏။ မှတ်စရာအာရုံများကလည်း အဆင်သင့် အဆင်သင့် ပေါ်လာတတ်၏။ မှတ်သိစိတ်ကလည်း ပေါ်လာ သမျှ အာရုံတို့ကို ကြောင့်ကြမစိုက်ရဘဲ အလိုလိုပင် မှတ်နေရ သကဲ့သို့ လွယ်လွယ်ကူကူ ရှုမှတ် နေရတတ်၏။

http://www.dhammadownload.com



ဥဒယဗ္ဗယဉာဏ်ကဲ့သို့နှစ်သက်စရာအာရုံတွေကိုလည်းနှစ်သက်ခြင်းမရှိ၊ ဘင်္ဂ-ဘယ စသော ဉာဏ်တို့ကဲ့သို့ ကြောက်ခြင်း။ ထိတ်လန့်ခြင်းမရှိပါဘဲ အညီအမျှ ရှုမှတ်နိုင်၏။ ချမ်းသာမှုတွေကိုလည်း ဂရုမစိုက်၊ ဆင်းရဲမှုတွေကိုလည်းဂရုမစိုက်ပါဘဲ အညီအမျှ ရှုနိုင်ခြင်းတည်းဟူသော သင်္ခါရုပေက္ခာဉာဏ် ဖြစ်ပေါ်လာ၏။

ဣရိယာပုထ် တစ်ခုတည်း၌ အချိန်ကြာမြင့်စွာ ရှုမှတ်လာနိုင်တတ်၏။ သက်သက်သာသာဖြင့် နှစ်နာရီ သုံးနာရီစသည်ဖြင့် ကြာအောင် ရှုမှတ်နိုင်တတ်၏။ မှတ်စရာ အာရုံများကလည်း မှတ်ရင်း မှတ်ရင်း သိမ်မွေ့ သိမ်မွေ့ သွားတတ်၏။ တစ်ရံတစ်ခါ ဖောင်းမှု ပိန်မှု စသည်တို့အားလုံး သိမ်မွေ့ကာ ပျောက်ကွယ်သွားကြပြီး သိမှုကလေး တစ်ခုကိုသာ မှတ်နေရတတ်၏။ တစ်ရံတစ်ခါ ဒွါရခြောက်ပါး ဖြန့်မှတ်လို၍ မှတ်စိတ်ကို ဖြန့်ကြည့်ပါသော်လည်း ဖြန့်လို့မရဘဲ အထူးငြိမ်သက်ပြီး ကပ်၍ တည်နေ၏။

သင်္ခါရုပေက္ခာဉာဏ် ရင့်သန်လာသောအခါ ရှေ့ကထက်ပို၍ တစ်ကြိမ်ထက် တစ်ကြိမ် သွက်လက်လျင်မြန် ကောင်းမွန်သော မှတ်ချက်များသည် အထူးထင်ရှားလာ၏။ နောက်ဆုံးမှတ်ချက်၏ အခြားမဲ့၌ မှတ်စရာ အာရုံမှင့် မှတ်သိစိတ်တို့ ပြတ်သွားပြီး ရုပ်နာမ်သင်္ခါရ အလုံးစုံတို့၏ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်သွား၏။

http://www.dhammadownload.com



## ၁၂-အနုလောမဉာဏ်

ရှေးကထက် ပို၍ တစ်ကြိမ်ထက် တစ်ကြိမ် သွက်လက်လျင်မြန် ကောင်းမွန်သော မှတ်ချက်များသည် ဝုဋ္ဌာနဂါမိနီ ဝိပဿနာမည်၏။ နောက်ဆုံး မှတ်ချက်သည်အနုလောမဉာဏ် မည်၏။

## ၁၃-ဂေါတြဘူဉာဏ်

ထို့နောက် ကိလေသာကို ပယ်သတ်ခြင်းကိစ္စ မပါဘဲ ပုထုဇဉ်အနွယ်ကို ဖြတ်လျက် ရှေးဦးစွာ ရုပ်နာမ် သင်္ခါရတို့ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်သွားသော အသိဉာဏ်သည် ဂေါတြဘူဉာဏ်မည်၏။

## ၁၄-သောတာပတ္တိမဂ်ဉာဏ်

ထို့နောက် ဒိဋ္ဌိ ဝိစိကိစ္ဆာနှင့် အပါယ်သို့ ကျရောက်စေနိုင်သော ကိလေသာတို့ကို အကြွင်းမဲ့ပယ်သတ်၍ ရုပ်နာမ် သင်္ခါရတို့ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ရောက်သွားသော အသိဉာဏ်သည် သောတာပတ္တိ မဂ်ဉာဏ်မည်၏။

## ၁၅-သောတာပတ္တိ ဖိုလ်ဉာဏ်

ထို့နောက် ကိလေသာတို့ကို ငြိမ်းအေးစေလျက် ရုပ်နာမ် သင်္ခါရတို့ ချုပ်ငြိမ်းရာ (နိဗ္ဗာန်)သို့ ဆက်ကာ ဆက်ကာ ရောက်သွားပြီး နှစ်ကြိမ် သုံးကြိမ်ဖြစ်သော အသိဉာဏ်သည် သောတာပတ္တိဖိုလ်ဉာဏ် မည်၏။ ဤသောတာပတ္တိ ဖိုလ်ဉာဏ် မိမိသန္တာန်၌ ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် သောတာပန် မည်၏။

http://www.dhammadownload.com



## ၁၆-ပစ္စဝေက္ခဏာဉာဏ်

ဤကဲ့သို့ ချုပ်ငြိမ်းရာသို့ ရောက်ပြီးသောအခါ ပြန်၍ဆင်ခြင်မိ၏။ အာရုံနှင့် မှတ်စိတ်ပါ ချုပ်ပြတ်သွားခြင်းသည် တရားထူးပဲ၊ မဂ်ဖိုလ်နိဗ္ဗာန်ပဲဟု ပြန်ဆင်ခြင်သော အသိဉာဏ်သည် ပစ္စဝေက္ခဏာဉာဏ် မည်၏။

### ယောဂီများ ပြောကြားပုံ

ဤဉာဏ်အဆင့်သို့ ရောက်လာကြသော ယောဂီတို့သည် လေးလံသော ဝန်ထုပ်ကြီးကို တွန်းချလိုက်သလို ဖြစ်သွားသည်။ အကျဉ်းအကျပ် အနှောင်အဖွဲ့ထဲမှ ရုတ်တရက် လွတ်သွားရသလို ဖြစ်သွားသည်။ အမှောင်ထဲမှ အလင်းထဲသို့ ရောက်သွားရသလို ဖြစ်သွားသည်။ အရှုပ်ထဲမှ အရှင်းထဲသို့ ဖြုတ်ခနဲ ရောက်သွားရသလို ဖြစ်သွားသည်။ အာရုံနှင့် မှတ်စိတ်တွေ လွတ်သွားသည်။ အာရုံနှင့် မှတ်စိတ် တိခနဲ ပြတ်သွားသည် စသည်ဖြင့် ပြောကြားတတ်ကုန်၏။

**ကျမ်းညွှန်း**- [ပြဆိုခဲ့ပြီးသော ဝိပဿနာဉာဏ်, မဂ်ဉာဏ်, ဖိုလ်ဉာဏ်တို့၏ အဆင့်ဆင့် ဖြစ်ပေါ်ပုံ အကျယ်ကို သိလိုပါလျှင် ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး ရေးသားတော်မူအပ်သော ဝိပဿနာရှုနည်း ဒုတိယတွဲတွင် ကြည့်ရှုပါ။]

မြတ်စွာဘုရား အစရှိသော သူတော်ကောင်းတို့နှင့် ပေါင်းသင်းရသော သူသည် ပြဆိုအပ်ခဲ့ပြီးသော အစဉ်

http://www.dhammadownload.com



အတိုင်း ဝိပဿနာဉာဏ် အဆင့်ဆင့်တို့ တက်၍ သောတာပန်အဖြစ်သို့ ရောက်ပြီးလျှင် အပါယ်ဘုံဘဝ ဆင်းရဲဒုက္ခအမျိုးမျိုးတို့မှ လုံးဝ လွတ်မြောက်သွားရပါသည်။

ထို့နောက် ပြဆိုခဲ့ပြီးသော ဝိပဿနာ ရှုနည်းမှတ်နည်းအတိုင်း ဥပါဒါနက္ခန္ဓာ ငါးပါး ရုပ်နာမ်တရားတို့ကို ဥဒယဗ္ဗယဉာဏ်မှစ၍ ဝိပဿနာဆက်၍ ရှုမှတ် သွားသော ပုဂ္ဂိုလ်သည် ဘင်္ဂ၊ ဘယ၊ အာဒီနဝ၊ နိဗ္ဗိဒါ အစရှိသော ဉာဏ်စဉ်တွေ အဆင့်ဆင့်တက်၍ ဝိပဿနာဉာဏ် ပြည့်စုံသောအခါ သကဒါဂါမိ မဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ ဖြစ်ပေါ်လာပြီး သကဒါဂါမိပုဂ္ဂိုလ် အဖြစ်သို့ ရောက်ရှိသွားပါသည်။

သကဒါဂါမိ ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် လူ နတ် နှစ်ဘဝမျှသာ သံသရာဝဋ်ဆင်းရဲ ဒုက္ခများကို ခံစားတွေ့ကြုံရမည် ဖြစ်၏။ ထို့နောက် ဤသဗ္ဗီသုတ်၌ 'သဗ္ဗာ ဒုက္ခာ ပမုစ္စတိ' ဟူ၍ မြတ်စွာဘုရား ဟောကြားတော်မူသည့်အတိုင်း အလုံးစုံသော ကာမဘုံ ဆင်းရဲဒုက္ခဟူသမျှမှ လုံးဝလွတ်မြောက်သွားရပါသည်။

ထို့နောက် ပြဆိုအပ်ခဲ့ပြီးသော ဝိပဿနာ ရှုနည်း မှတ်နည်းအတိုင်းပင် ဥပါဒါနက္ခန္ဓာငါးပါး ရုပ်နာမ်တရားတို့ကို ဥဒယဗ္ဗယဉာဏ်မှစ၍ ဝိပဿနာကို ဆက်လက်၍ ရှုမှတ်သွားသော ပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ် ပြည့်စုံသောအခါ အနာဂါမိမဂ်ဉာဏ် ဖိုလ်ဉာဏ်တို့ ဖြစ်ပေါ်လာပြီး အနာဂါမိ ပုဂ္ဂိုလ်အဖြစ်သို့ ရောက်သွားပါသည်။

http://www.dhammadownload.com



အနာဂါမ်ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် ကာမရာဂနှင့် ဗျာပါဒကို အကြွင်းမဲ့ပယ်ပြီး ဖြစ်သောကြောင့် ကာမဘုံဘဝမှ ဆင်းရဲဒုက္ခ ဟူသမျှတို့မှ လုံးဝ လွတ်မြောက်သွားရ ပါသည်။ ကာမဘုံမှ ကွယ်လွန်သွားပြီးနောက် သုဒ္ဓါဝါသ ဗြဟ္မပြည်သို့ ရောက်သွားရပါသည်။ ကာမဘုံသို့ တယ်အခါမှ ပြန်မလာတော့ပါဘဲ သုဒ္ဓါဝါသ ဗြဟ္မာဘုံ၌ပင် ရဟန္တာဖြစ်ပြီး နိဗ္ဗာန်သို့ ဝင်စံသွားရသည် ဖြစ်၍ ဆင်းရဲဒုက္ခ ဟူသမျှမှ လုံးဝ လွတ်မြောက်သွားရပါသည်။

ထို့နောက် ပြဆိုခဲ့ပြီးသော ဝိပဿနာ ရှုနည်း မှတ်နည်း အတိုင်းပင် ဥဒယဗ္ဗယဉာဏ်မှစ၍ ဝိပဿနာ ဆက်လက်၍ ရှုမှတ်သွားသော ပုဂ္ဂိုလ်သည် ဝိပဿနာဉာဏ် ပြည့်စုံသောအခါ အရဟတ္တမဂ်ဉာဏ် အရဟတ္တဖိုလ်ဉာဏ်တို့ ဖြစ်ပေါ်လာပြီး ရဟန္တာအဖြစ်သို့ ရောက်ရှိသွားပါသည်။

ရဟန္တာ ဖြစ်ပြီးသော ပုဂ္ဂိုလ်သည် ကိလေသာ မှန်သမျှကို အကုန်ပယ်သတ်ပြီး ဖြစ်သောကြောင့် ဤသတ္တဝါ၌ မြတ်စွာဘုရား ဟောကြားတော်မူသောအတိုင်း အလုံးစုံသော ဆင်းရဲဒုက္ခ ဟူသမျှမှ လွတ်မြောက်သွားရပါသည်။

သူတော်ကောင်းတို့နှင့် ပေါင်းသင်းရခြင်းသည် သင်နှတ်သား ခြောက်ယောက်တို့ လျှောက်ထားသော....

(၁) မြင့်မြတ်ခြင်း မယုတ်မာခြင်းအကျိုး၊
(၂) အသိအလိမ္မာ ဉာဏ်ပညာကို ရရှိခြင်းအကျိုး၊

http://www.dhammadownload.com



(၃) စိုးရိမ်ဖွယ်တို့၏ အလယ်မှာ မစိုးရိမ်ရခြင်းအကျိုး၊
(၄) ဆွေမျိုး ပရိတ်သတ်တို့၏ အလယ်မှာ တင့်တင့်တယ်တယ် နေရခြင်းအကျိုး၊
(၅) မြင့်မြတ်သော ဘုံဘဝသို့ ရောက်ရခြင်းအကျိုး၊
(၆) စည်းစိမ်ချမ်းသာ၌ ကြာမြင့်စွာ တည်တံ့နိုင်ခြင်းအကျိုး၊

ဤအကျိုးခြောက်မျိုးမျှကိုသာ ရရှိနိုင်သည် မဟုတ်ပါဘဲ အလုံးစုံသော ဆင်းရဲဒုက္ခ ဟူသမျှတို့မှ လွတ်မြောက်ရခြင်း အကျိုးကိုပင် ရရှိနိုင်၏ဟု မြတ်စွာဘုရား ဟောကြားတော်မူခြင်းသည် ပြဆိုအပ်ခဲ့ပြီးသောအတိုင်း ဝိပဿနာ တရားကို အဆင့်ဆင့် အားထုတ်၍ ရဟန္တာ အဖြစ်သို့ ရောက်လျက် ဆင်းရဲဒုက္ခ ဟူသမျှတို့မှ လွတ်မြောက်ရခြင်း အကျိုးကို ရည်ရွယ်၍ ဟောကြားတော်မူခြင်း ဖြစ်ပါသတည်း။

ဤသဗ္ဗာသဝသုတ္တန် တရားတော်ကို ဖတ်ရှုကြရသော အမျိုးကောင်းသား-အမျိုးကောင်းသမီး တို့သည် သူတော်ကောင်းတို့၏ လက္ခဏာကို ကောင်းစွာ သိကြရသည့် အားလျော်စွာ စစ်မှန်သော သူတော်ကောင်းတို့ကို ရွေးချယ် ပေါင်းသင်းနိုင်ကြပြီးလျှင် ယခုအချိန်မှစ၍ နိဗ္ဗာန်ချမ်းသာသို့ ရောက်သည့် တိုင်အောင် အလိုရှိအပ်သော ချမ်းသာအမျိုးမျိုးနှင့် ပြည့်စုံကြပါစေကုန် သတည်း။

သဗ္ဗာသဝသုတ္တန် တရားတော် ပြီးပါပြီ။

http://www.dhammadownload.com

# နိဂုံးချုပ်ကာ ဆုတောင်းပတ္ထနာ

၁။ ကမ္ဘာလောကထဲ၌ သူတော်ကောင်း တရားတို့သည် ကြာမြင့်စွာ ခိုင်မာတည်တံ့ နိုင်ကြပါစေ၊

၂။ ကမ္ဘာလောကထဲ၌ သူတော်ကောင်း တရားတို့သည် တနေ့တခြား တိုးတက်ကြီးပွား လာနိုင်ကြပါစေ၊

၃။ ကမ္ဘာလောကထဲ၌ သူတော်ကောင်း တရားတို့ကို လိုက်နာ ကျင့်သုံးကြသော ကမ္ဘာသူ ကမ္ဘာသား တို့သည် တနေ့တခြား တိုးတက် မြှားပြား လာနိုင် ကြပါစေ။

၄။ ကမ္ဘာသူ ကမ္ဘာသားတို့သည် သူတော်ကောင်းတရား တို့၏ အရသာဖြစ်သော ဆင်းရဲခပ်သိမ်းတို့ လွတ် ငြိမ်းရာ နိဗ္ဗာန်ချမ်းသာကို (မျက်မှောက် ပြုသော အားဖြင့်) ရောက်ရှိကာ ခံစားနိုင်ကြပါစေ ဟူသော (ဆန္ဒမွန်) ရည်ရွယ်ချက် လေးပါးဖြင့် ရေးသား အပ်သော ဤ ဒုက္ခကင်းဝေး ပေါင်းသင်းရေး သတ္တိ သုတ္တန် တရားတော် စာအုပ်သည် ရည်ရွယ်ချက် အတိုင်း ကမ္ဘာသူ ကမ္ဘာသားတို့အတွက် ဆောင်ရွက် နိုင်ပါစေသတည်း။ ။

စာရေးသူ

http://www.dhammadownload.com

ကျေးဇူးရှင် မဟာစည် ဆရာတော်ဘုရားကြီး၏

# ဩကာသ ကန်တော့ခန်း

## ကန်တော့ရွတ်ဆိုပုံ

ဩကာသ ဩကာသ ဩကာသ ကာယကံ ဝစီကံ မနောကံ တည်းဟူသော အပြစ်ခပ်သိမ်း ပပျောက်ငြိမ်း၍ အသက်ရှည်စွာ အနာမဲ့ရေး ရန်ဘေးကင်းကြောင်း ကောင်းမှုမင်္ဂလာ ဖြစ်ပါစေခြင်း အကျိုးငှာ ဘုရားရတနာ တရားရတနာ သံဃာရတနာ တည်းဟူသော ရတနာမြတ်သုံးပါး ဆရာသမားတို့ကို အရိုအသေ လက်အုပ်မိုး၍ ရှိခိုးပူဇော် ဖူးမြော်မာန်လျှော့ ကန်တော့ပါ၏ အရှင်ဘုရား။

မှတ်ချက်- (ဆုပေးမည့်ပုဂ္ဂိုလ် ရှိနေပါလျှင် ဤမျှကိုသာ ဆို၍ ကန်တော့ရပါမည်။ ဆုပေးသောပုဂ္ဂိုလ် မရှိခဲ့ပါလျှင် ဆက်လက်၍ သုံးသည့်တိုင်အောင် ဆိုရပါမည်။)

ကန်တော့ရသော ဤကောင်းမှုကံ စေတနာတို့ကြောင့် အပါယ်လေးပါး၊ ကပ်သုံးပါး၊ ရပ်ပြစ်ရှစ်ပါး၊ ရန်သူမျိုးငါးပါး၊ ဝိပတ္တိတရားလေးပါး၊ ဗျသနတရားငါးပါး၊ အနာမျိုး ကိုးဆယ့်ခြောက်ပါး မိစ္ဆာဒိဋ္ဌိ ခြောက်ဆယ့်နှစ်ပါးတို့မှ အခါခပ်သိမ်း ကင်းလွတ်ငြိမ်းသည်သာဖြစ်၍ မဂ်တရား ဖိုလ်တရား နိဗ္ဗာန် တရားတော်မြတ်ကို လျင်မြန်စွာ ရပါလို၏ အရှင်ဘုရား။

http://www.dhammadownload.com



## ငါးပါးသီလ ခံယူပုံ

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

### မြန်မာပြန်

အရှင်ဘုရား တပည့်တော်သည် သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလကို တောင်းပါသည်ဘုရား။ တပည့်တော်အား သနားချီးမြှောက်၍ သီလပေးသနားပါ အရှင်ဘုရား။

သီလပေးသောဆရာတော်က "ယမဟံ ဝဒါမိ တံ ဝဒေထ" ဟုဆိုသောအခါ "အာမ ဘန္တေ" ဟု ဆိုရမည်။

### မြန်မာပြန်

သီလပေးသော ဆရာတော်က "ဆရာတော် ဆိုတာကို လိုက်ဆိုကြရမည်" ဟု မိန့်ဆိုသောကြောင့် "လိုက်ဆိုပါမည် အရှင်ဘုရား" ဟု ဝန်ခံကြရပါသည်။

"နမော တဿ ဘဂဝတော အရဟတော သမ္မာ သမ္ဗုဒ္ဓဿ" ဟု ဆရာတော်က တစ်ခေါက် ဆိုသော အခါ သုံးခေါက် လိုက်ဆိုရပါမည်။

### မြန်မာပြန်

ပူဇော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဘုရားကိုလဲ စိတ်ဝယ်စွဲ၊ အမြဲဆည်းကပ်မည်။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
တရားကိုလဲ၊ စိတ်ဝယ်စွဲ၊ အမြဲဆည်းကပ်မည်။
သံဃံ သရဏံ ဂစ္ဆာမိ။
သံဃာကိုလဲ၊ စိတ်ဝယ်စွဲ၊ အမြဲဆည်းကပ်မည်။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

သီလပေးသောဆရာတော်က 'တိသရဏဂမနံ ပရိပုဏ္ဏံ' ဟု ဆိုသောအခါ သီလယူသူများက 'အာမ ဘန္တေ' ဟု ဆိုကြရပါသည်။

## မြန်မာမြန်

ဆရာတော်က 'သရဏဂုံသုံးပါး ဆောက်တည်တာ ပြည့်စုံပြီလား' ဟု မိန့်ဆိုမေးကြားသောကြောင့် 'ပြည့်စုံပါပြီ အရှင်ဘုရား' ဟု ဖြေကြရပါသည်။

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
သူ့အသက်လဲ၊ မသတ်ဘဲ၊ အမြဲရှောင်ကြဉ်မည်။
၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
သူ့ဉစ္စာလဲ။ မခိုးဘဲ၊ အမြဲရှောင်ကြဉ်မည်။

http://www.dhammadownload.com



## ငါးပါးသီလ ခံယူပုံ

အဟံ ဘန္တေ တိသရဏေန သဟ ပဉ္စသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

## မြန်မာပြန်

အရှင်ဘုရား တပည့်တော်သည် သရဏဂုံ သုံးပါးနှင့်တကွ ငါးပါးသီလကို တောင်းပါသည်ဘုရား။ တပည့်တော်အား သနားချီးမြှောက်၍ သီလပေးသနားပါ အရှင်ဘုရား။

သီလပေးသောဆရာတော်က "ယမဟံ ဝဒါမိ တံ ဝဒေထ" ဟုဆိုသောအခါ "အာမ ဘန္တေ" ဟု ဆိုရမည်။

## မြန်မာပြန်

သီလပေးသော ဆရာတော်က "ဆရာတော် ဆိုတာကို လိုက်ဆိုကြရမည်" ဟု မိန့်ဆိုသောကြောင့် "လိုက်ဆိုပါမည် အရှင်ဘုရား" ဟု ဝန်ခံကြရပါသည်။

"နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ" ဟု ဆရာတော်က တစ်ခေါက် ဆိုသောအခါ သုံးခေါက် လိုက်ဆိုရပါမည်။

## မြန်မာပြန်

ဂုဏ်တော်အထူးကို ခံတော်မူထိုက်သော အလုံးစုံသော တရားတို့ကို မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူသော ဘုန်းတော်ခြောက်ပါးနှင့် ပြည့်စုံတော်မူသော ထိုမြတ်စွာဘုရားအား ရှိခိုးပါ၏။

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဘုရားကိုလဲ စိတ်ဝယ်စွဲ၊ အမြဲဆည်းကပ်မည်။
ဓမ္မံ သရဏံ ဂစ္ဆာမိ။
တရားကိုလဲ၊ စိတ်ဝယ်စွဲ၊ အမြဲဆည်းကပ်မည်။
သံဃံ သရဏံ ဂစ္ဆာမိ။
သံဃာကိုလဲ၊ စိတ်ဝယ်စွဲ၊ အမြဲဆည်းကပ်မည်။

ဒုတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။ ဒုတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ ဓမ္မံ သရဏံ ဂစ္ဆာမိ။ တတိယမ္ပိ သံဃံ သရဏံ ဂစ္ဆာမိ။

သီလပေးသောဆရာတော်က 'တိသရဏဂမနံ ပရိပုဏ္ဏံ' ဟု ဆိုသောအခါ သီလယူသူများက 'အာမ ဘန္တေ' ဟု ဆိုကြရပါသည်။

## မြန်မာမြန်

ဆရာတော်က 'သရဏဂုံသုံးပါး ဆောက်တည်တာ ပြည့်စုံပြီလား' ဟု မိန့်ဆိုမေးကြားသောကြောင့် 'ပြည့်စုံပါပြီ အရှင်ဘုရား' ဟု ဖြေကြရပါသည်။

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
သူ့အသက်လဲ၊ မသတ်ဘဲ၊ အမြဲရှောင်ကြဉ်မည်။
၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
သူ့ဥစ္စာလဲ၊ မခိုးဘဲ၊ အမြဲရှောင်ကြဉ်မည်။

၃။ ကာမေသုမိစ္ဆာစာရာ ဝေရမဏိသိက္ခာပဒံသမာဒိယာမိ။
ကာမဂုဏ်မှု၊ ကျင့်ဖောက်လွှဲ၊ အမြဲရှောင်ကြဉ်မည်။
၄။ မုသာဝါဒါ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
လိမ်ညာ၍လဲ၊ မပြောဘဲ၊ အမြဲရှောင်ကြဉ်မည်။
၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
သေအရက်လဲ၊ မသောက်ဘဲ၊ အမြဲရှောင်ကြဉ်မည်။

## ရှစ်ပါး သီလ ခံယူပုံ

အဟံ ဘန္တေ တိသရဏေန သဟ အဋ္ဌင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ယမဟံ ဝဒါမိ တံ ဝဒေထ) သီလယူသူ မဆိုရပါ။

အာမ ဘန္တေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။
(၃-ခေါက်ဆိုပါ။)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ..................၊ တတိယမ္ပိ......................။

(တိသရဏဂမနံ ပရိပုဏ္ဏံ)

အာမ ဘန္တေ။

၁။ ပါဏာတိပါတာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။
သူ့အသက်လဲ၊ မသတ်ဘဲ၊ အမြဲရှောင်ကြဉ်မည်။
၂။ အဒိန္နာဒါနာ ဝေရမဏိသိက္ခာပဒံ သမာဒိယာမိ။

http://www.dhammadownload.com

 ကျေးဇူးရှင် မဟာစည်ဆရာတော်ဘုရားကြီး၏

သူ့ဥစ္စာလဲ၊ မခိုးဘဲ၊ အမြဲရှောင်ကြဉ်မည်။

၃။ အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

သူ့ကြင်ရာလဲ၊ မကျူးဘဲ၊ စိတ်စွဲရှောင်ကြဉ်မည်။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

လိမ်ညာချွဲလဲ၊ မပြောဘဲ၊ အမြဲရှောင်ကြဉ်မည်။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

သေအရက်လဲ၊ မသောက်ဘဲ၊ အမြဲရှောင်ကြဉ်မည်။

၆။ ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

နေမွန်းတိမ်းလွဲ၊ ညဘက်လဲ၊ မစားပါဘဲ ရှောင်ကြဉ်မည်။

၇။ နစ္စဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

ပွဲလမ်းသဘင်၊ အလှပြင်ရေး၊ မပြုဘဲ၊ စိတ်စွဲရှောင်ကြဉ်မည်။

၈။ ဥစ္စာသယန မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

မြင့်မြတ်ရာလဲ၊ မနေဘဲ၊ စိတ်စွဲရှောင်ကြဉ်မည်။

## ကိုးပါးသီလ ခံယူပုံ

အဟံ ဘန္တေ တိသရဏေန သဟ နဝင်္ဂသမန္နာဂတံ ဥပေါသထသီလံ ဓမ္မံ ယာစာမိ၊ အနုဂ္ဂဟံ ကတွာ သီလံ ဒေထ မေ ဘန္တေ။

(ယမဟံ ဝဒါမိ တံ ဝဒေထ)

အာမ ဘန္တေ။

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။

(၃-ခေါက် ဆိုပါ။)

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။ ဓမ္မံ သရဏံ ဂစ္ဆာမိ။ သံဃံ သရဏံ ဂစ္ဆာမိ။

ဒုတိယမ္ပိ ........။ တတိယမ္ပိ ........။

(တိသရဏဂမန် ပရိပုဏ္ဏံ)

အဋ္ဌမ ဘာဝန္တ။

၁။ ပါဏာတိပါတာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
သူ့အသက်လဲ၊ မသတ်ဘဲ၊ အမြဲရှောင်ကြဉ်မည်။

၂။ အဒိန္နာဒါနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
သူ့ဥစ္စာလဲ၊ မခိုးဘဲ၊ အမြဲရှောင်ကြဉ်မည်။

၃။ အဗြဟ္မစရိယာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
မမြတ်တာလဲ၊ မကျင့်ဘဲ၊ စိတ်ဖွဲ့ရှောင်ကြဉ်မည်။

၄။ မုသာဝါဒါ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
လိမ်ညာချွဲလဲ၊ မပြောဘဲ၊ အမြဲရှောင်ကြဉ်မည်။

၅။ သုရာမေရယ မဇ္ဇပမာဒဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ
သမာဒိယာမိ။
သေအရက်လဲ၊ မသောက်ဘဲ၊ အမြဲရှောင်ကြဉ်မည်။

၆။ ဝိကာလဘောဇနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။
နေ့မွန်းတိမ်းလွဲ၊ ညစာလည်းမစားပါဘဲရှောင်ကြဉ်မည်။

၇။ နစ္စ ဂီတ ဝါဒိတ ဝိသူက ဒဿန မာလာဂန္ဓ ဝိလေပန
ဓာရဏ မဏ္ဍန ဝိဘူသနဋ္ဌာနာ ဝေရမဏီသိက္ခာပဒံ
သမာဒိယာမိ။

http://www.dhammadownload.com

ပွဲလမ်းသဘင်၊ အလှူမြင်လဲ၊ မပြုံဘဲ၊ စိတ်စွဲရှောင်ကြဉ်မည်။

၈။ ဥစ္စာသယနာ မဟာသယနာ ဝေရမဏီသိက္ခာပဒံ သမာဒိယာမိ။

မြင့်မြတ်ရာလဲ၊ မနေဘဲ၊ စိတ်စွဲရှောင်ကြဉ်မည်။

၉။ မေတ္တာ သဟဂတေန စေတသာ သဗ္ဗပါဏဘူတေသု ဖရိတွာ ဝိဟရနံ သမာဒိယာမိ။

သတ္တဝါများ၊ မေတ္တာပွား၊ ဖြန့်ထားနေထိုင်မည်။

ဝိပဿနာ အကျင့်မြတ်ဖြင့်

## ရတနာသုံးပါးအား ပူဇော်ပုံ

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဗုဒ္ဓံ ပူဇေမိ။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ ဓမ္မံ ပူဇေမိ။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ သံဃံ ပူဇေမိ။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ- မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟု ဆိုအပ်သော ဤ လောကုတ္တရာတရား ကိုးပါး အားလျော်သော ဝိပဿနာ အကျင့်မြတ်ဖြင့်၊ ဗုဒ္ဓံ-မြတ်စွာဘုရားကို၊ ပူဇေမိ-ပူဇော်ပါ၏ အရှင်ဘုရား။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ-မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟုဆိုအပ်သော ဤ လောကုတ္တရာတရား ကိုးပါး အားလျော်သော ဝိပဿနာ အကျင့်မြတ်ဖြင့်၊ ဓမ္မံ-တရားတော်မြတ်ကို၊ ပူဇေမိ-ပူဇော်ပါ၏ အရှင်ဘုရား။

ဣမာယ ဓမ္မာနု ဓမ္မပဋိပတ္တိယာ- မဂ်လေးတန် ဖိုလ်လေးတန် နိဗ္ဗာန်ဟု ဆိုအပ်သော ဤ လောကုတ္တရာတရား ကိုးပါး အားလျော်သော ဝိပဿနာအကျင့်မြတ်ဖြင့်၊ သံဃံ-သံဃာတော်မြတ်အပေါင်းကို၊ ပူဇေမိ-ပူဇော်ပါ၏ အရှင်ဘုရား။

http://www.dhammadownload.com

# ပြင်ဆင်ဖတ်ရှုကြပါရန်

| နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ည | ၁၀ | ဦးသိရှိ | ဦးသိရှိစေမှု |
| ၁ | ၁၃ | ဆက်ဆံရဲမှုသာ | ဆက်ဆံရမှုသာ |
| ၁ | ၁၄ | စိတ်ဆင်းရ | စိတ်ဆင်းရဲ |
| ၆ | ၁ | ဗီဘန်မာန် | ဗီမာန် |
| ၆ | ၃ | တစ်ဆယ့်ယူဇနာ | တစ်ဆယ့်နှစ်ယူဇနာ |
| ၆ | ၁၇ | ရှိရှိုးဦးချ | ရှိခိုးဦးချ |
| ၇ | ၆ | သေယျော | သေယျော |
| ၈ | ၁၇ | သူတော်ကောင်းအရ | သူတော်ကောင်းတရား |
| ၆၀ | ၁၈ | စိုးရိပ်သောက | စိုးရိမ်သောက |
| ၆၂ | ၁၂ | မှုန်က | မှုန်ကို |
| ၇၂ | ၆ | သောက | လောက |

http://www.dhammadownload.com

| နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၈၁ | ၁၄ | တောအုပ်၏ | တောအုပ်၏ |
| ၈၂ | ၁၈ | အချည်းနှီးသုံးဖြာ သုံးမွှယ်ရာ | အချည်းအနှီးသုံးဖြာ သိမ္မယ်ရာ |
| ၈၆ | ၂၀ | စိုးစံလျက် | စိုးစံလျက် |
| ၈၈ | ၅ | အမျက်ထွက် | အမျက်ထွက် |
| ၈၉ | ၁၆ | မြက်စွာဘုရား | မြတ်စွာဘုရား |
| ၈၉ | ၁၇ | တာရှွှ်တွန် | တာရှည်တွန်း |
| ၈၉ | ၁၈ | ဆွပ်းခွက် | ဆွမ်းခွက် |
| ၉၀ | ၅ | လင်္ဘာ | လင်္ကာ |
| ၉၁ | ၁ | ဘာယယီနော | တာယဒယီနော |
| ၉၁ | ၆ | ဂုဒုတိ | ဒုဂ္ဂတိ |
| ၉၂ | ၆ | ယခုခေယ် | ယခုခေတ် |
| ၉၇ | ၁၆ | မြစ်သည် | ဖြစ်သည် |
| ၉၇ | ၂၁ | ကြီးမြက်သော | ကြီးမြတ်သော |
| ၁၀၂ | ၁၁ | သန္တိဝံ | သန္တဝံ |
| ၁၁၃ | ၃ | မပြောနှ့် | မပြောနဲ့ |
| ၁၁၃ | ၄ | ကလျာဏမိတ္တ | ကလျာဏမိတ္တ |
| ၁၂၂ | ၂၂ | စသည်တ်ကို | စသည်တို့ကို |
| ၁၂၆ | ၄ | ထိုလောက် | ထိုလောကီ |
| ၁၂၇ | ၅ | သူတ်မဋ္ဌာန် | သတိပဋ္ဌာန် |
| ၁၂၈ | ၃ | ပူဆွေးမှု | ပူဆွေးမှု |
| ၁၃၂ | ၇ | ကောင်မှုသည် | တော်မှုသည် |
| ၁၃၅ | ၂၀ | ဂန္ဓာစာရီ | ပဋ္ဌာစာရီ |

http://www.dhammadownload.com

| နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၄၁ | ၁၄ | ဟောကြားတော် မူ၏အဆုံး၌ | ဟောကြားတော် မူသည်၏အဆုံး၌ |
| ၁၄၁ | ၁၆ | ရဟန္တာမအဖြစ်လို့ | ရဟန္တာမအဖြစ်သို့ |
| ၁၅၂ | ၁ | ပစ္စုပ္ပန္နယံမမ္မ | ပစ္စုပ္ပန္နဥယံမမ္မ |
| ၁၅၂ | ၁၂ | အတိတ်ဟောင်း | အတိတ်ဟောင်း |
| ၁၅၂ | ၁၈ | တရားလို့ကို | တရားတို့ကို |
| ၁၅၃ | ၆ | ပစ္စုမ္ပန် | ပစ္စုပ္ပန် |
| ၁၅၃ | ၁၃ | လူဖြစ်သော | လူဖြစ်လာ |
| ၁၅၄ | ၅ | ရုပ်နာမ်ရာရား | ရုပ်နာမ်တရား |
| ၁၅၄ | ၁၀ | လွာလ | ကာလ၌ |
| ၁၅၄ | ၁၃ | အပျက်က် | အပျက်ကို |
| ၁၅၆ | ၂ | ရှုမှတ်ဖြ | ရှုမှတ်ဆဲ |
| ၁၅၈ | ၈ | ဒေသနာကော် | ဒေသနာတော် |
| ၁၅၉ | ၅ | ဆိုယောဂီ | ထိုယောဂီ |
| ၁၆၁ | ၉ | ကျမ်းညွှန် | ကျမ်းညွှန်း |
| ၁၆၁ | ၉ | ဆရာတောန္တိ | ဆရာတော် |
| ၁၆၁ | ၁၀ | သီလတ် | သီလဝန္တ် |
| ၁၆၁ | ၂၀ | သုံးချယ | သုံးချက် |
| ၁၆၃ | ၆ | လျှောက်တဲ့ | လျှောက်၍ |
| ၁၆၆ | ၉ | လက်ခြေလို့ကို | လက်ခြေတို့ကို |
| ၁၆၆ | ၂၁ | နေ့တာသို့ | နေ့တာကို |
| ၁၆၇ | ၁၉ | အပြင်တက် | အပြင်ဘက် |
| ၁၆၈ | ၉ | အဆုံး | ထိုင်ဆုံး |

http://www.dhammadownload.com

| နှာ | ကြောင်းရေ | အမှား | အမှန် |
|---|---|---|---|
| ၁၄၂ | ၁၄ | စသိည်များ | တသိည်များ |
| ၁၄၇ | ၁၃ | ဒေဒနာ | ဝေဒနာ |
| ၁၈၃ | ၃ | မြင်သိစိတ်လို | မြင်သိစိတ်တို |
| ၁၈၄ | ၂ | ဉာဏ်တို့ကဲ့သို့ | ဉာဏ်တို့ဦကဲ့သို့ |
| ၁၈၇ | ၁၆ | အာရုံမှင့် | အာရုံနှင့် |
| ၁၈၈ | ၁၃ | ပယ်တတ်၍ | ပယ်သတ်၍ |
| ၁၉၁ | ၅ | နိဗ္ဗာသို့ | နိဗ္ဗာန်သို့ |
| ၁၉၁ | ၁၂ | ဖြန်ပေါ် | ဖြစ်ပေါ် |